www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၁၅၁၁/၂၀၀၃ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၄၁၉/၂၀၀၃ (၁၂)

□

ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ - ၁၀၀၀

□

မျက်နှာဖုံးပန်းချီ
သန်းလှ

□

အတွင်းစာသားနှင့် မျက်နှာဖုံးပုံနှိပ်
ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲဝင့်ပုံနှိပ်တိုက်
၁၊ ဗိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်။

□

ထုတ်ဝေသူ
ဦးလှတိုး (၀၃၇၇၂)၊ ရန်အောင်စာပေ၊
၃၄၃/၁၈ အနောက်ရန်ကင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

□

တန်ဖိုး - ၆၀၀ ကျပ်

# မာတိကာ

၁။ စုံထောက်ကြီးဦးစံထားနှင့် မီးအိမ်ရှင် ၁
၂။ စုံထောက်ကြီးဦးစံထားနှင့် သင်္ကေတဦးထုပ်နှစ်လုံး ၂၂
၃။ စုံထောက်ကြီးဦးစံထားနှင့် တစ်ဦးတည်းသောသား
သေဆုံးမှု ၄၅
၄။ စုံထောက်ကြီးဦးစံထားနှင့် မာစတာကီးဝိဇ္ဇာမောင် ၇၁
၅။ စုံထောက်ကြီးဦးစံထားနှင့်
လေးလက်မသံတစ်ချောင်းအမှု ၉၉
၆။ စုံထောက်ကြီးဦးစံထားနှင့် ထင်မိယောင်မှား ၁၂၀
၇။ စုံထောက်ကြီးဦးစံထားနှင့် တစ္ဆေသရဲများအမှု ၁၄၁
၈။ စုံထောက်ကြီးဦးစံထားနှင့် ရွှေမင်းသမီးလေးကချေသည် ၁၇၃

www.burmeseclassic.com

www.burmeseclassic.com




စာမူခွင့်ပြုချက်
၇၃၇/၂၀၀၃ (၆)

မျက်နှာဖုံးခွင့်ပြုချက်
၇၁၃/၂၀၀၃ (၆)

# စုံထောက်ကြီးဦးစံထား

# သည်းထိတ်ရင်ဖိုမှုခင်းများ

**ပါဝင်သော အမှုဇာတ်လမ်းများ**

စုံထောက်ကြီးဦးစံထားနှင့် စပ်းရေအိုင်လူသတ်မှု
စုံထောက်ကြီးဦးစံထားနှင့် ကြိုးဟပ်မွေတဲ့စိန်
စုံထောက်ကြီးဦးစံထားနှင့် ချစ်မှုရေးရာအမှု
စုံထောက်ကြီးဦးစံထားနှင့် ထူးဆန်းသော ဖဲကြိုးမှု
စုံထောက်ကြီးဦးစံထားနှင့် ဂျော်ကီဘာကွန်းအမှု
စုံထောက်ကြီးဦးစံထားနှင့် တစ်ချက်ခုတ် နှစ်ချက်ပြတ်

**စာအုပ်လက်ကျန် အနည်းငယ်ရှိပါသေးသဖြင့် မှာယူနိုင်ပါသည်။**

ရန်အောင်စာပေ ၃၄၃/၁၈ အနောက်ရန်ကင်း ဖုန်း-၇၂၂၅၇၂

## စုံထောက်ကြီးဦးစံထားနှင့် မီးအိမ်ရှင်

### အခန်း (၁)

ကွမ်းခြံဘူတာကြီးမှ နံနက်ဆယ်နာရီတွင် ထွက်ခွာလာခဲ့သော ပြည်စာပို့ရထားသည် တိုက်ကြီးဘူတာသို့ ညနေသုံးနာရီသာသာခန့်တွင် ဆိုက်ရောက်လာလေရာ ကျွန်ုပ်နှင့် စုံထောက်ကြီးဦးစံထားတို့နှစ်ယောက်မှာ အထုပ်အပိုးဝန်စည်စလယ်များနှင့်အတူ ပလက်ဖောင်းပေါ်သို့ ဆင်းသက်လိုက်ကြပေသည်။

ကျွန်ုပ်တို့ သွားရောက်ရမည့်နေရာမှာ တိုက်ကြီးမြို့နှင့် မလှမ်းမကမ်းလောက်ရှိသည့် ဂျိုးဖြူပိုက်လုံးစုဟု ခေါ်ဆိုသည့် တောင်ယာခင်းများ စိုက်ပျိုးလုပ်ကိုင်ကြသော ဒေသလေးဆီသို့ပင် ဖြစ်သည်။

ကျွန်ုပ်တို့ ယခုကဲ့သို့ ရောက်ရှိလာကြခြင်းမှာ အမှုတစ်ခုနှင့် ဆက်နွယ်ပတ်သက်နေသည်ကိုမူ ကျွန်ုပ်က အထူးတလည် ပြောပြဖို့ လိုမည်ပင် မဟုတ်ပါချေ။

ပြည်စာပို့ရထားကြီးမှာ ဥသြသံတတူတူပေးကာ ဆက်လက်ထွက်ခွာသွားပြီဖြစ်၏။ ပလက်ဖောင်းပေါ်တွင် ထိုဘူတာတွင် ဆင်းသက်ကြသည့် ခရီးသည်များသာလျှင် ကျန်ရစ်ခဲ့ကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစံထားက သူ၏ဆေးတံကို မီးညှိလိုက်ပြီးလျှင် ...

"ကိုလှမောင်ရေ... မနေ့က ကျုပ်တို့ကို အမှုလာအပ်တဲ့ မောင်ကျော်စွာဆိုတဲ့ လူငယ်လေးလည်း မမြင်မိပါလားဗျ"

"နောက်ကျနေတာ ဖြစ်မှာပေါ့ ဦးစံထားရယ်...သူ အသေအချာ ပြောပြသွားခဲ့တာပဲဟာ..."

"လာဗျာ၊ ဘူတာထဲ ဝင်ထိုင်ရင်း စောင့်ကြည့်ကြတာပေါ့"

ကျွန်ုပ်တို့၏ အထုပ်အပိုးများကို သယ်ဆောင်ကာ တိုက်ကြီးဘူတာရုံလေးအတွင်းရှိ ခုံတန်းရှည်ပေါ်တွင် ကျွန်ုပ်တို့နှစ်ယောက် ဝင်ထိုင်လိုက်ကြ၏။ ပြီးတော့ စကားမပြောဖြစ်ကြဘဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်၍နေကြလေသည်။

မနေ့ နေ့ခင်းပိုင်းလောက်က ကျွန်ုပ်မှာ ဦးစံထားနှင့်အတူ ရှိနေစဉ် လူငယ်လေးတစ်ဦး ရောက်ရှိလာခဲ့ပြီးလျှင် ဦးစံထားအား အလွန်ရိုကျိုးစွာဖြင့်...

"စုံထောက်ကြီးခင်ဗျား၊ ကျွန်တော့်နာမည် မောင်ကျော်စွာပါ။ မက်ထရစ်ကူလေးရှင်း ကျောင်းသားတစ်ယောက်ပါ ခင်ဗျာ။ ကျွန်တော့် အဘိုးကိစ္စနဲ့ပတ်သက်ပြီး အကူအညီ တောင်းချင်လို့ပါခင်ဗျာ"

ဦးစံထားက ရဲတင်းသွက်လက်ဟန်ရှိသည့် ထိုလူငယ်လေးကို တစ်ချက်စူးစိုက်ကြည့်လိုက်ကာ...

"ဟုတ်ပါပြီ မောင်ကျော်စွာရယ်။ အကြောင်းခြင်းရာကို သေသေချာချာ ဂဃနဏ ပြောပြပါဦးလား။ ဒါမှလည်း ဦးအနေနဲ့ ချင့်ချိန်ဆုံးဖြတ်နိုင်မယ် မဟုတ်လားကွဲ့"

"ဟုတ်ကဲ့ပါခင်ဗျာ။ ကျွန်တော်နဲ့ ကျွန်တော့်အမေက တိုက်ကြီးမှာနေထိုင်ကြပြီး ကျွန်တော်တို့အဘိုးက ဂျုံးဖြူပိုက်လုံးစုရွာလေးမှာ စိုက်ပျိုးရေးလုပ်ကိုင်ရင်း တစ်ယောက်တည်းနေတာပါ။ အဲဒါ ဒီမနက် ကျမှ ခြံနီးချင်းတွေက အဘိုးတော်တော်နဲ့ ထမလာတာကို တွေ့ရတာ





ကြောင့် တဲလေးထဲ ဝင်ကြည့်ကြတဲ့အခါ ဒဏ်ရာတွေ ဗရပွနဲ့ သေဆုံးနေတာကို တွေ့ကြရတော့တာပဲ။ လူသတ်သမားဟာ အဘိုးကိုသတ်ပြီး အဘိုးစုထားတဲ့ငွေတွေကို လှန်လှောရှာဖွေ ယူငင်သွားပါတယ်ဦး"

"အင်း"

စုံထောက်ကြီးဦးစံထားက လူငယ်လေးပြောပြသည်များကို နားထောင်ကာ ဆေးတံကိုဖွာရှိုက်နေပေသည်။ ပြီးတော့မှ...

"ဦးကို အမှုအပ်ဖို့ပါခင်ဗျာ။ အမေက ဦးရဲ့အကြောင်းတွေကို သတင်းစာဖတ်ရင်းနဲ့ သိနေခဲ့ပါတယ်။ ဒါကြောင့် အားကိုးတကြီးနဲ့ ကျွန်တော့်ကို လွှတ်လိုက်တာခင်ဗျ။ ကူညီပါဦးခင်ဗျာ။ ဟောဒီမှာလည်း အမေက ဦးအတွက် အမှုလိုက်ခဆိုပြီး တစ်ခါတည်း ပေးလိုက်ပါတယ်ခင်ဗျ"

ပြောပြီး လူငယ်လေးက စာအိတ်လေးတစ်အိတ်ကို ရိုသေစွာဖြင့် ဦးစံထားအား ကမ်းပေးလိုက်၏။ ဦးစံထားက လက်ကာတားလိုက်ပြီးလျှင်...

"နေဦး မောင်ကျော်စွာ၊ ကျုပ်အတွက်က အဲဒါ အဓိကမကျပါဘူးကွယ်။ တို့တိုက်ကြီးဂါတ်က ပုလိပ်တွေရှိတယ် မဟုတ်လားကွဲ့"

"အမေက အားမကိုးဘူးလို့ ပြောပါတယ် ဦး။ ဒီအမှုမျိုးက ဦးစံထားမှ နိုင်မှာလို့လည်း ပြောပါတယ်ခင်ဗျာ"

ကျွန်ုပ်တို့၏ စုံထောက်ကြီးမျက်နှာ အနည်းငယ်ပြုံးယောင်သမ်းသွားသည်ကို ကျွန်ုပ် လှစ်ခနဲ မြင်တွေ့လိုက်ရ၏။ လူငယ်လေးကို ကြည့်ကာ ကရုဏာသက်သွားဟန်လည်း ရှိလေ၏။

ဦးစံထားက ကျွန်ုပ်ဘက်သို့ လှမ်းကြည့်လိုက်ကာ...

"ကဲ...ကိုလှမောင် စောစောက အမှုမရှိတော့ ပျင်းနေတယ်ဆို။ ကျုပ်တို့ မနက်ဖြန်ထွက်မယ့် ပြည်စာပို့ရထားနဲ့ လိုက်သွားကြမယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



အားရဲ့မဟုတ်လား ကိုလှမောင်"

"ထုံးစံအတိုင်းပေါ့ စုံထောက်ကြီးရယ်။ ကျုပ်ရဲ့ လက်ထောက်ဆရာဝန်နဲ့ပဲ လွှဲခဲ့ရမှာပေါ့။ ခင်ခင်ကြီးကတော့ မျက်ထားတော်ညှိတော်မူပေမပေါ့ဗျာ"

"ဒါလည်း ထုံးစံအတိုင်းပေါ့ဗျာ၊ ဟဲ... ဟဲ"

ဦးစံထားမှာ ကျွန်ုပ်တို့လင်မယားနှစ်ယောက်၏ အကြောင်းကို သိနေလေရာ နောက်ပြောင်ရယ်မောနေပေသေးသည်။ နောက်မှ...

"ကဲ... မောင်ကျော်စွာလေး၊ စိတ်ချလက်ချသာ ပြန်ပေတော့၊ ကျုပ်တို့ မနက်ဖြန် ပြည်စာပို့ရထားနဲ့ လိုက်လာခဲ့မယ်"

"ဝမ်းသာလိုက်တာ ခင်ဗျာ။ ကျွန်တော် တိုက်ကြီးဘူတာက ကြိုနေပါ့မယ် ခင်ဗျာ"

"ဟုတ်ပြီ မောင်ကျော်စွာ"

ကျွန်ုပ် ထိုကဲ့သို့ အတွေးလွန်နေစဉ် ကျွန်ုပ်အား ဦးစံထားက ပခုံးတစ်ဖက်ကို လှမ်းပုတ်လိုက်ရင်း...

"အိုင်ဆေးရ... ဘာတွေများ အတွေးလွန်နေတာလဲ။ ဟိုမှာ မောင်ကျော်စွာ လာနေပြီဗျ။ သူ့ဘေးကပါလာတာ သူ့အမေ ဖြစ်တန်ကောင်းရဲ့"

သည်တော့မှပင် ကျွန်ုပ်လည်း သတိဝင်သွားရာမှာ လှမ်း၍ အကြည့် မောင်ကျော်စွာနှင့်အတူ ယှဉ်၍လျှောက်လာသည့် အသက်သုံးဆယ့်ငါးနှစ်ရှိမည့် အသားဖြူဖြူ ကိုယ်နေဟန်ထားလှလှ အမျိုးသမီးတစ်ဦးကို မြင်တွေ့လိုက်ရပေသည်။

"အားနာလိုက်တာ ဦးတို့ရယ်။ အမေ့ကို ဝင်ခေါ်ရတာနဲ့ နည်းနည်းနောက်ကျသွားတာကို ခွင့်လွှတ်ကြပါခင်ဗျာ။ အမေ၊ ဟောဒါ စုံထောက်ကြီး ဦးစံထားလေ အမေရဲ့။ ဦး... ဒါ ကျွန်တော့်အမေ ဒေါ်ထားထားနု"





ဦးစံထားက လှိုက်လှိုက်လှဲလှဲ ပြုံးပြနှုတ်ဆက်သည်ကို ကျွန်ုပ် မြင်တွေ့ရ၏။ မောင်ကျော်စွာ၏မိခင် ဒေါ်ထားထားနုမှာ မျက်နှာလေး ညှိုးငယ်နေရှာသည်။ သို့ရာတွင် သူမက လူမှုရေးကို ငဲ့ကွက်ကာ နှုတ်ခမ်းတွန့်သည် ဆိုရုံမျှလေး ပြုံးရယ်လိုက်ပြီးလျှင်...

"အခုလို တကူးတက လိုက်ပါလာတာကို ကျေးဇူးအထူးတင်ရှိပါတယ် စုံထောက်ကြီး ဦးစံထားရယ်။ ကျွန်မလေ သားလေးကို မရဲတရဲနဲ့ လွှတ်လိုက်ရတာပါရှင်"

ဦးစံထားက စကားပြန်မပြောဘဲ ခေါင်းတညိတ်ညိတ်နှင့် လုပ်နေရာမှ...

"သြော်... မထားထားနု၊ ဟောဒါ ဒေါက်တာလှမောင်တဲ့။ ကျုပ်ရဲ့ ပါတနာဆိုပါတော့ဗျာ"

သူမက ကျွန်ုပ်အား မျက်လုံးတစ်ချက် ဝင့်၍ကြည့်ကာ...

"ကျွန်မလည်း ထင်တော့ အထင်သားရှင့်။ ဝတ္ထုတွေထဲမှာ ဖတ်ရလို့ နာမည်တွေကိုတော့ ရင်းနှီးပြီးသားပါရှင်"

"ကဲ... စာရေးဆရာ 'လှတိုးမောင်'ရေ။ ခင်ဗျား နာမည်ကြီးနေပြီပဲဗျ"

ကျွန်ုပ်သည် ကျွန်ုပ်နှင့်ဦးစံထားတို့ အမှုလိုက်ခဲ့ကြပုံများအား စာစီသီကုံး ရေးဖွဲ့ကာ 'လှတိုးမောင်' ကလောင်အမည်ဖြင့် ဂန္ထလောက၊ ဒဂုန်၊ သူရိယစသည့်မဂ္ဂဇင်းများတွင် ရေးသားနေသူ ဖြစ်လေသည်။

"ကျွန်မဖြင့် ဆရာတို့ရောက်လာတာ အားတက်မိပါရဲ့ရှင်၊ အိမ်ရောက်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့နော်။ ကြွကြပါရှင်... ကြွကြပါ"

ထားထားနုသည် ပြောပြောဆိုဆိုဖြင့် ကျွန်ုပ်တို့၏ ပစ္စည်းပစ္စယများကို မောင်ကျော်စွာနှင့်အတူ သယ်ဆောင်ကာ ဘူတာရုံဆေးထဲက ထွက်လာခဲ့ကြ၏။ ဘူတာရှေ့တွင် မြင်းရထားတစ်စီးက အဆင်သင့်



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်နေလေ၏။ ကျွန်ုပ်တို့မြင်းရထားပေါ် တက်ထိုင်လိုက်ပြီးကြသည်တွင် မြင်းလှည်းဆရာက သူ၏မြင်းကို စတင်၍မောင်းနှင်လိုက်သည်။

သူမတို့အိမ်မှာ တိုက်ကြီးမြို့အထွက်တွင် တည်ရှိလေသည်။ ခြံဝင်းကျယ်ကျယ်ကြီးထဲမှ ဆင်ဝင်နှစ်လုံးတပ် အိမ်ကြီးတစ်လုံးပင်ဖြစ်ပါ၏။ အိမ်ရှေ့တွင် ပန်းခင်းများစိုက်ပျိုးထားသည်ကို မြင်တွေ့ရင်း...။

အိမ်သို့ရောက်သည်နှင့် ကျွန်ုပ်နှင့်ဦးစံထားတို့မှာ ခေတ္တနားကြပြီးလျှင် ရေချိုး၊ အဝတ်အစားလဲလိုက်ကြလေသည်။ ထို့နောက် သူမတို့နှင့်အတူ ထမင်းစားသောက်ရင်း စကားပြောဖြစ်ကြလေသည်။

"မောင်ကျော်စွာ အဖေက သူငယ်ငယ်လေးကတည်းက ကွယ်လွန်သွားခဲ့တာ။ အဲဒီကစပြီး ကျွန်မတစ်ကိုယ်တည်း ရှန်းကန်ခဲ့ရတာပေါ့နော်"

"ဪ..."

ကျွန်ုပ်က ဘဝကို ကြံ့ကြံ့ခိုင်ရင်ဆိုင်ရဲသည့် ထားထားနုအား စိတ်ထဲမှကျိတ်၍ ချီးကျူးမိလိုက်ပေသည်။

"ဦးတို့ စားကြနော်"

မောင်ကျော်စွာက ကျွန်ုပ်နှင့်ဦးစံထားတို့၏ ထမင်းပန်းကန်များထဲသို့ ဟင်းများ ခပ်ထည့်ပေးနေ၏။

"ရတယ် မောင်ကျော်စွာ။ ရတယ်"

ထားထားနုမှာ လက်ရာကောင်းကောင်းဖြင့် ဖွယ်ဖွယ်ရာရာလေး ချက်ထားလေရာ ကျွန်ုပ်တို့နှစ်ယောက်သား မြိန်ရေရှက်ရေ စားသောက်နိုင်ခဲ့ကြလေသည်။

"ကျွန်မက သားလေးမျက်နှာကိုငဲ့ပြီး အရွယ်ကျန်သေးပေမယ့်လည်း တစ်ပင်မထူဖြစ်တော့ပါဘူး။ ပထွေးဆိုတာ ကောင်းခဲတယ်မဟုတ်လား"





"ဟုတ်တာပေါ့"

"အခု ပိုက်လုံးစုမှာ ဆုံးသွားခဲ့တာ ကျွန်မရဲ့အဖေပါ။ နာမည်က ဦးလွန်းမောင်တဲ့။ အေးအေးဆေးဆေး စိုက်ပျိုးစားချင်တယ်ဆိုတာကြောင့် လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက ပိုက်လုံးစုဘက်မှာ မြေ ဝယ်ပြီး သွားနေနေတာပါ။ အမေ ကွယ်လွန်ခဲ့တာက အတော်လေးကို ကြာခဲ့ပြီပေါ့။ အဖေ့ဆီကို ကျွန်မတို့ သားမိနှစ်ယောက် တစ်ပတ်တစ်ခါဆိုသလိုတော့ ရောက်ဖြစ်ခဲ့ကြပါတယ်ရှင်။ အဲဒါ ခုလို ကျွန်မအဖေ ရက်ရက်စက်စက် အသတ်ခံလိုက်ရတယ်ဆိုတော့ ကျွန်မ ဖြေမဆည်နိုင်အောင် ခံစားနေရပါတယ် ဆရာတို့ရယ်"

ထားထားနုမှာ ပြောရင်းဖြင့်ပင် မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျဆင်းလာ၏။ အင့်ခနဲဖြင့်လည်း တစ်ချက်ရှိုက်လိုက်သေး၏။

"အဖေ စိုက်ပျိုးလို့ရတဲ့ငွေကို ကျွန်မက မလိုအပ်တာကြောင့် တစ်ပြားမှ ယူခဲ့တာမဟုတ်ဘူးလေ။ အခုတော့ အဖေဟာ အဲဒီငွေတွေအတွက် အသတ်ခံခဲ့ရသလို ဖြစ်သွားခဲ့ရပါပြီ"

ဦးစံထားက စားသောက်ခြင်းကို လက်စသတ်လိုက်ကာ...

"ကျုပ် ကိုယ်ချင်းစာနာမိပါတယ် မထားထားနု။ စိတ်ချပါ။ ဒီတရားခံကို အမြန်ဆုံးမိစေရပါ့မယ်"

"ဝမ်းသာလိုက်တာ စုံထောက်ကြီးရယ်။ ပိုက်လုံးစုရွာကိုတော့ မနက်ဖြန်မနက်စောစောကျမှ ကျွန်မလိုက်ပို့ပေးပါ့မယ်။ ခုတော့ အချိန်လည်း နည်းနေပါပြီလေ"

ကျွန်ုပ်တို့ ထမင်းစားသောက်၍ ပြီးစီးကြသည်တွင် ထားထားနုက အချိုပွဲဖြင့် ဧည့်ခံပြန်ပါလေ၏။ သုံးဆယ် ကရေကရာ၊ ပေါက်ပေါက်ဆုပ်၊ သာယာဝတီ ပဲခြမ်းကြော်စသည်များ ဖြစ်၏။

ဦးစံထားမှာ တစ်ဖွန်းနှစ်ဖွန်း မြည်းစမ်းကြည့်ပြီးလျှင် မတ်တတ် ထရပ်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကျုပ် တိုက်ကြီးဂါတ်ကို သွားလိုက်ဦးမယ် ကိုလှမောင်"

"ဟုတ်ကဲ့ပါ ဦးစံထား"

စုံထောက်ကြီးဦးစံထား ထွက်သွားပြီးနောက် ကျွန်ုပ်မှာ ထားထားနှင့် ရောက်တတ်ရာရာတွေကို ပြောဆိုနေသေးလေသည်။ အတန်ကြာတော့မှ အိမ်အပြင်သို့ထွက်လာကာ ဦးစံထားအား စောင့်မျှော်နေမိပါတော့သည်။

*　*　*

## အခန်း (၂)

'ပိုက်လုံးစု'ဆိုသော ရွာကလေးကို ကျွန်ုပ်က ကန္တာရထဲမှ အိုအေစစ်လေးတစ်ခုဟု တင်စားလိုက်ပါ၏။ ထိုဒေသလေးကို လူတို့က လိမ္မော်ခြံဟုလည်း ခေါ်ဆိုကြပါ၏။

ကုန်းကမူများ၊ မြေမြင့်မြင့်များဖြင့် တောင်ပေါ်ဒေသလေးတစ်ခု သဖွယ်ဖြစ်ပါ၏။ ဝင်းခြံကျယ်ကြီးများထဲတွင် ကျွဲကောသီးများ၊ သံပရာသီးများကို စိုက်ပျိုးထားကြသည်။

သစ္စာပန်းခင်း၊ ဂန္ဓမာပန်းခင်း၊ မေမြို့ပန်းခင်းများက ရောင်စုံသွေးကြွ လှပဝေဆာလျက် ရှိနေပါလေ၏။ ကျွန်ုပ်တို့မှာ သည်နံနက်စောစောတွင် လိမ္မော်ခြံပိုက်လုံးစုသို့ လမ်းလျှောက်၍ လာကြခြင်းဖြစ်၏။ ထားထားနှင့် မောင်ကျော်စွာတို့ သားအမိလည်းပါရှိသည်။ အချိန်တစ်နာရီခန့် လျှောက်မိသည်တွင် သည်နယ်ဒေသလေးအတွင်းသို့ ကျွန်ုပ်တို့ ရောက်ရှိခဲ့ကြလေ၏။

စုံထောက်ကြီးဦးစံထားမှာ သက္ကလတ် ဘောင်းဘီရှည်အညိုရောင်နှင့် ကုတ်အင်္ကျီဖားဖားကြီးကို ဝတ်ဆင်ထား၏။ ခေါင်းထက်ဝယ် သံပရာခွံလျှာထိုးဦးထုပ်လေးကို ဆောင်းထား၏။ လည်ပင်းတွင်က မာဖလာတစ်ထည်က တန်းလန်းပါလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဖြင့် ဆရာတို့ကို အားတောင်နာတယ်။ လမ်းလျှောက်ရတာ အတော်ညောင်းရောပေါ့"

ထားထားနက ဦးစံထားအား ငဲ့ကြည့်လိုက်ရင်းဖြင့် ပြောလိုက်လေရာ ဦးစံထားက...

"လမ်းလျှောက်တာ ကျန်းမာရေးညီညွတ်တယ်။ ရောဂါဘယတွေ မဝင်ရောက်နိုင်အောင် တားဆီးကာကွယ်နိုင်တယ်တဲ့ မထားထားနရဲ့။ လူတစ်ယောက်ဟာ တစ်နေ့ကို အနည်းဆုံးတစ်မိုင်လောက် လျှောက်ပေးသင့်သတဲ့"

စကားတပြောပြော လာခဲ့ကြသည်တွင် ပိုက်လုံးစုရွာလေးထဲမှ လူအများသည် ကျွန်ုပ်တို့အား အထူးအဆန်းသဖွယ် လှမ်းကြည့်ရှုနေကြသည်ကို တွေ့ရှိရ၏။

သူတို့တစ်တွေ ကြည့်ကြရှုကြသည်မှာ အထူးသဖြင့် ဦးစံထားကို သာလျှင် ဖြစ်ကြပေ၏။

"ကုတ်အင်္ကျီနဲ့ပုဂ္ဂိုလ်ကြီးက စုံထောက်ကြီးဦးစံထားတဲ့တော့"

"စုံချောကြီးနော်"

"ဦးလွန်းမောင် အသတ်ခံရတဲ့အမှုကို လာစုံစမ်းတာနေမှာပေါ့"

"ဟုတ်မယ်၊ ဟိုဟာက ဦးလွန်းမောင်ရဲ့ သမီးနဲ့မြေးလေ"

ရိုးသားပွင့်လင်းသူများပီပီ အော်ကြီးဟစ်ကျယ်ဖြင့် ပြောဆိုနေကြသည့် အသံများကို ကြားလိုက်ကြရသည်။

"အိုကြီးအိုမကိုမှ အနိုင်ကျင့် သတ်ဖြတ်သွားတဲ့သူတွေ မြန်မြန်မိပါစေတော်။ ကြိုးစင်ပေါ် မြန်မြန်ရောက်ကြပါစေ"

ရွာလူထုမှာ ဦးလွန်းမောင်သေဆုံးရမှုအပေါ်တွင် အတော်ပင် မကျေမနပ် ဖြစ်နေကြပုံရ၏။

"ရှေ့ဆိုရင် ရောက်ပါပြီ။ အဖေ့ခြံက အစွန်ဘက်မှာရှိတာဆိုတော့ ရွာနဲ့က နည်းနည်းလှမ်းနေသလို ဖြစ်နေတာပေါ့"





"ခြံနီးချင်းတွေကော ရှိကြရဲ့လား"

"သုံးလေးဦးလောက်တော့ ရှိပါတယ်"

"ဩော်"

ကျွန်ုပ်တို့မှာ လျှောက်လာကြရင်းဖြင့် ဦးလွန်းမောင်၏ စိုက်ပျိုးရေးခြံသို့ ရောက်ရှိလာကြတော့သည်။ ခြံမှာ ငါးဧကခန့်ကျယ်ဝန်းကာ သီးပင်စားပင် ပန်းပင်များ၊ နှစ်ရှည်သီးနှံပင်များ၊ အရိပ်ရအပင်များကို စိမ်းစိုမှိုင်းညို့စွာဖြင့် လှမ်းမြင်တွေ့ရ၏။

ခြံ၏ အလယ်ကောင်လောက်တွင် တဲအိမ်ငယ်လေးတစ်လုံးကို တွေ့ရ၏။ တဲနှင့်မလှမ်းမကမ်းတွင် ရေတွင်းတစ်တွင်း တူးဖော်ထားသည်ကို တွေ့ရ၏။ စိုက်ခင်းများကို ရေပေးဝေနိုင်ရန်အတွက် မြောင်းငယ်လေးများကိုလည်း တူးဖော်ထားလေသည်။

တဲလေးမှာ ပေနှစ်ဆယ်ပတ်လည်လောက် ကျယ်ဝန်းကာ သပ်သပ်ရပ်ရပ်လေးရှိ၏။ တဲလေးအတွင်းသို့ ကျွန်ုပ်တို့ ဝင်ရောက်လာခဲ့ကြ၏။

"ဟောဒီ အိပ်ရာပေါ်မှာ အဖေ အသတ်ခံခဲ့ရတာ ဦးစံထား"

"ဩော်"

ဦးစံထားက မှန်ဘီလူးလေးကိုထုတ်ကာ ဒူးထောက်ထိုင်ချလိုက်ပြီးလျှင် ထို 'အိပ်ရာ'နေရာအား သေသေချာချာ စစ်ဆေးကြည့်ရှုနေလေ၏။ အိပ်ရာခင်းမှာ တွန့်ကြေမှုလျက်ရှိကာ သွေးစသွေးနလေးများအား ဟိုတစ်စက်၊ သည်တစ်စက် မြင်တွေ့ရ၏။

ဦးစံထားမှာ သူ၏ထုံးစံအတိုင်းပင် စကားပြောဆိုခြင်းမရှိဘဲ မျက်မှောင်ကြုတ်လိုက်၊ ပြုံးယောင်သမ်းလိုက်ဖြင့် မျက်နှာအမူအရာမှာ လိုက်လံစစ်ဆေးကြည့်ရှုရင်း ပြောင်းလဲလျက်ရှိသည်။

ကျွန်ုပ်တို့ရောက်ရှိကြသည်ကို တွေ့မြင်ကြသည့်ကြောင့် ခြံနီးချင်းများ ရောက်ရှိလာကြ၏။ ဦးစံထားမှာ သူ၏ စစ်ဆေးကြည့်ရှုခြင်းကို စိတ်ကျေနပ်သည်အထိ ဆောင်ရွက်ပြီးသည်နှင့် ထ၍လာကာ [illegible]ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသူများထဲမှ တစ်ယောက်အား လှမ်းမေးလိုက်၏။

"မိတ်ဆွေက သေဆုံးသူဦးလွန်းမောင်နဲ့ ခြံနီးချင်းထင်ရဲ့။ဟုတ်ရဲ့လား"

"ဟုတ်... ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော့်နာမည်က ကိုချစ်ဆောင်လို့ ခေါ်ပါတယ်။ ဟိုဘက်ကခြံဟာ ကျွန်တော့်ခြံပါ။ ကျွန်တော်နဲ့ ဦးလွန်းမောင်တို့က အတော်ရင်းနှီးကြတဲ့သူတွေပါ"

"ဒါဖြင့် အပြည့်အစုံလေး ပြောပြစမ်းပါဦး ကိုချစ်ဆောင်"

ကိုချစ်ဆောင်မှာ အသက်အရွယ် ငါးဆယ်ခန့်ရှိကာ ကျန်းမာသန်စွမ်း၍ နေပေသေးသည်။ ကိုယ်ခန္ဓာမှာ တောင့်တင်းကြံ့ခိုင်ဆဲပင် ဖြစ်ပေသည်။

"အခင်းမဖြစ်မီညက ဦးလွန်းမောင်ဟာ အလုပ်ပင်ပန်းသွားတာကြောင့် စောစောအိပ်ရာဝင်သွားခဲ့ပါတယ်။ နောက်တစ်နေ့မနက် အရောက်မှာ မနက်ဆယ်နာရီ ထိုးနေတဲ့အထိ ဦးလွန်းမောင်ရဲ့ လှုပ်ရှားမှုအရိပ်အယောင်ကို မတွေ့ရတာကြောင့် ကျွန်တော် ဦးလွန်းမောင် ခြံဘက် ကူးလာခဲ့ပါတယ်။ ခါတိုင်းနေ့တွေဆို တလှုပ်လှုပ်နဲ့ အလုပ်လုပ်နေတာကို တွေ့နေကျဆိုတော့ သူ နေမကောင်းလို့များလား ဆိုတဲ့ အတွေးနဲ့ ကျွန်တော် တဲလေးထဲ တံခါးဖွင့်အဝင်လိုက်မှာ သူ့ကိုအိပ်ရာထက်မှာ သွေးအလိမ်းလိမ်းနဲ့ သေဆုံးနေတာကို တွေ့ရတာပဲ။ ဒါနဲ့ ကျွန်တော်လည်း တဲနီးချင်းတွေ၊ ရွာလူကြီးတွေကို အသိပေး၊ တိုက်ကြီးဂါတ်ကို သွားသတင်းပေး စတာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"

"တခြားထူးခြားမှုတွေကော တွေ့ခဲ့ရသေးလား ကိုချစ်ဆောင်"

"နေဦး စုံထောက်ကြီးရဲ့၊ ဟုတ်ပြီ။ အဲဒီနေ့ညနေ မှောင်စပြုတဲ့အချိန်လောက်မှာ လူနှစ်ယောက်ကို ဦးလွန်းမောင်ခြံရှေ့ ယောင်လည်လည်လုပ်နေတာတော့ တွေ့လိုက်ရသဗျ"

ဦးစံထားက ကိုချစ်ဆောင်အား စူးစိုက်၍ကြည့်လိုက်ကာ...

"ပုံသဏ္ဌာန်တွေကရောဗျ။ မှတ်မိသလောက်ပေါ့"





"ညစ်ထည်းထည်း၊ စုတ်ပြတ်ပြတ်တွေပဲ။ ထူးခြားတာတစ်ခုကတော့ သူတို့နှစ်ယောက်စလုံးဟာ အရပ်မြင့်မြင့်၊ ခပ်ထွားထွားတွေဆိုတဲ့အချက်ပဲ"

"နောက်တော့ကော ကိုချစ်ဆောင်"

"ကျွန်တော်လည်း ပန်းခင်းရေလောင်းနေတာနဲ့ သတိမထားမိလိုက်ဘူး"

ဦးစံထားက ကျွန်ုပ်ဘက်သို့လှည့်၍ မျက်လုံးဝေ့၍ကြည့်ရင်း...

"အရင်ရက်တွေမှာ ဘာမှမဖြစ်ခဲ့ဘဲ ဒီလူနှစ်ယောက်ကို တွေ့ရတဲ့နေ့ကျမှ ဦးလွန်းမောင် အသတ်ခံရတယ်ဆိုတော့ ဒီအချက်ဟာ စဉ်းစားစရာပဲ ကိုလှမောင်။ ပေါ်ပေါ်တင်တင်ဆိုတော့ ထောင်ကလွတ်လာကြတဲ့ လူတွေများ ဖြစ်မလာဘဲဗျ"

ထို့နောက် ကျွန်ုပ်နှင့် ဦးစံထားတို့နှစ်ယောက်မှာ တဲ[illegible]န်းကျင်အနှံ့ မိုက်စိပ်တိုက်ကာ ရှာဖွေကြည့်ကြသည့်တွင် ရေတွင်းလေး၏ဘေးတွင်ရှိသည့် ချုံပုတ်တစ်ခုထဲမှ မှန်မီးအိမ်ငယ်တစ်ခုကို တွေ့ရှိရလေ၏။

ထိုမှန်မီးအိမ်ငယ်လေးအား ယူဆောင်လာ၍ ထားထားနအားပြကြည့်သည်တွင် ဦးလွန်းမောင်၏ ပစ္စည်းမဟုတ်ကြောင်း သိရှိရလေ၏။

စုံထောက်ကြီးဦးစံထားက မီးအိမ်ကလေးကို ကိုင်ကာ လှည့်ပတ်ကြည့်ရှုနေရာမှ...

"ဟောဒီမှာတွေ့လား ကိုလှမောင်။ ကိုသင်းထုံလို့ ရေးထိုးထားတာ တွေ့တယ်မဟုတ်လား"

"ဟုတ်ကဲ့ ဦးစံထား"

"ဒါဟာ ကျုပ်တို့အတွက် သက်သေခံပစ္စည်းကောင်းတစ်ခုဖြစ်လာနိုင်တယ်ဗျ။ ကဲ... ကိုလှမောင်၊ ကျုပ်တော့ သာယာ[illegible]တီထောင်ပိုင်နဲ့ သွားတွေ့လိုက်ဦးမယ်ဗျာ။ ခင်ဗျားက မထား[illegible]နတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကပဲ ကျုပ်ကိုစောင့်ပေတော့"

"ကောင်းပါပြီ ဦးစံထား"

ဦးစံထားမှာ ထိုသို့ပြောလိုက်ပြီးနောက် ခြံဝင်းထဲမှ အေးအေးဆေးဆေးပင် ထွက်ခွာသွားလေတော့သည်။ ကျွန်ုပ်နှင့် ထားထားနတို့သားအမိမှာလည်း ခေတ္တအမောအပန်းဖြေ၍ ပြီးသည့်တွင် တိုက်ကြီးသို့ ပြန်လာခဲ့ကြ၏။

ဦးစံထားမှာမူ ညမိုးချုပ်သည်အထိ ပြန်ရောက်၍မလာသေး။ ကျွန်ုပ်မှာ ဦးစံထားအား အိမ်ခြံ၏ရှေ့မှထွက်ကာ ဆေးပြင်းလိပ်ဖွာရင်း စောင့်မျှော်နေလိုက်တော့သည်။

ဦးစံထားမှာ အလုပ်တစ်ခုကို ခွဲနုပဲကြီးစွာဖြင့် ရေဆုံးရေဖျားလုပ်ကိုင်တတ်သူဖြစ်ပေရာ သူသည် ထိုနေ့ညက အတော်လေး ညဉ့်နက်မှပင် ပြန်လည်ရောက်ရှိလာလေ၏။ ။

* * *

## အခန်း (၃)

"တေးပြမှုနဲ့ ထောင်ကျနေတဲ့ ကျော်ကြီးဆိုတဲ့ကောင်ဟာ တစ်နေ့က၊ ထောင်ကလွတ်သွားတယ်တဲ့ ကိုလှမောင်။ အဲဒီနေ့ဟာ ဦးလွန်းမောင်ရဲ့ခြံရှေ့မှာ လူနှစ်ယောက်ကို တွေ့လိုက်ရတယ်ဆိုတဲ့နေ့ပဲ။ ကျော်ကြီးရဲ့အဖော်မြအုန်းက သုံးလေးလစောပြီး လွတ်သွားခဲ့သတဲ့။ ကျုပ်စုံစမ်းသိခဲ့ရသလောက် ကျော်ကြီးဟာ မြအုန်းရှိတဲ့ သုံးဆယ်နယ်ထဲက ငဖြူလေးရွာကို သွားနိုင်သတဲ့။ ဘာကြောင့်လဲဆိုတော့ ဒီနှစ်ကောင်က အမြဲတမ်း အမှုတွဲတွေလို့ဆိုကိုး"

ကျွန်ုပ်နှင့်ဦးစံထားတို့မှာ အိမ်ဝင်းထဲရှိ ကွပ်ပျစ်လေးတစ်ခုပေါ်တွင်ထိုင်၍ စကားပြောနေကြခြင်းဖြစ်၏။ ဦးစံထားက ဆေးတံကို တရစပ်ဖွာကာ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိ၏။

"ဒီကျော်ကြီးနဲ့ မြအုန်းတို့ဟာလည်း ခပ်ထွားထွားကောင်တွေတဲ့ဗျ။ အရပ်လည်းမြင့်သတဲ့။ ဗလလည်း တောင့်သတဲ့။ ကျုပ်တို့နှစ်ယောက် မနက်ဖြန်မနက် ငဖြူလေးရွာကို လိုက်သွားကြရအောင် ကိုလှမောင်"

"မြအုန်းအိမ်ကိုလား ဦးစံထား"

"ဒါပေါ့ဗျာ"

"ဒီကောင်တွေ ကိုယ်ယောင်ဖျောက်ပြီးကြရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ထိုသို့ပြောလိုက်သည်တွင် ဦးစံထားက ခေါင်းကို ယမ်းခါပြလိုက်ရာမှ…

"မဟုတ်ဘူးဗျ ကိုလှမောင်။ ကျုပ်တို့အလုပ်က ကြိုတင်စိတ်မာတတ် မကျရဘူးဗျ။ လုပ်သင့်တာမှန်သမျှ ဘယ်လိုအဖြေထွက်ထွက် လုပ်ကြည့်ကြရမှာပဲ။ ဩော်… ဒါနဲ့ ခင်ဗျားမီးအိမ်လေး ယူခဲ့တယ်နော်"

"ဟုတ်ကဲ့ ဦးစံထား"

"မနက်ဖြန် အဲဒီမီးအိမ်လေးလည်း ယူလာဗျ။ လိုလိုမည်မည်ပေါ့။ ကဲ… ညဥ့်လည်းနက်ပြီ။ အိပ်ကြစို့ရဲ့"

ကျွန်ုပ်တို့နှစ်ယောက်သား အိမ်ထဲသို့ပြန်ဝင်သွားကာ အိပ်ရာများဆီသို့ လျှောက်သွားကြလေ၏။

နောက်တစ်နေ့ နံနက်စောစောတွင် ထားထားနု တည်ခင်းကျွေးခဲ့သည့် နံနက်အဆာပြေစာကို စားသောက်ကြပြီးလျှင် တိုက်ကြီးကားဂိုဟ်မှနေ၍ ဖြူလေးရွာဘက်ဆီသို့ လိုက်ပါလာခဲ့ကြသည်။ ဥက္ကံမြို့ကိုဖြတ်ကျော်ပြီး မကြာမီမှာပင် ဖြူလေးဆိုသော ရွာလေးသို့ ကျွန်ုပ်တို့ရောက်ရှိလာခဲ့ကြ၏။ ထိုရွာထဲတွင် မေးစမ်းရင်းဖြင့် မြအုန်းအိမ်သို့ရောက်ရှိလာခဲ့ကြ၏။

"မြအုန်း… မြအုန်းရှိလားဟေ့"

ဦးစံထားက အသံပြုလိုက်၏။ အိမ်အတွင်းမှ လူရွယ်တစ်ဦး အင်္ကျီကိုယ်တုံးလုံးချွတ်ဖြင့် ထွက်လာကာ…

"မြအုန်းမရှိဘူး။ ဘာကိစ္စလဲဗျ"

"သူနဲ့တွေ့မှ ဖြစ်မှာပါ"

"ဟာင်"

ထိုလူရွယ်သည် ကျွန်ုပ်၏လက်ထဲတွင် ဆွဲကိုင်ထားသည့် ဖန်မီးအိမ်လေးကို လှမ်းကြည့်ရာမှ အံ့အားသင့်၍သွားကာ ပျာယီးပျာယာဖြင့်…





"အဲဒါ ကျွန်တော့်မီးအိမ်လေးပဲ"

"ဘာ"

ဦးစံထား၏ မျက်ခုံးတစ်ဖက် မြင့်တက်၍သွား၏။

"ဟုတ်ပါတယ် ဦးရဲ့။ ကျွန်တော့်နာမည်က သင်းထုံပါ။ အဲဒီမှန်အိမ်လေးရဲ့ အောက်မှာတောင် သင်းထုံလို့ ရေးထားပါသေးတယ်"

"နေပါဦး။ မင်းရဲ့မီးအိမ်မှန်ရင် ဘာဖြစ်လို့ အိမ်မှာရှိမနေရတာလဲ"

ဦးစံထားက သင်းထုံဆိုသောလူရွယ်အား မျက်တောင်မခတ်ဘဲ စေ့စေ့ကြည့်လိုက်ကာ မေးလိုက်ခြင်းဖြစ်၏။

သင်းထုံ ကပျာကယာဖြင့်…

"ကျွန်တော့်ယောက်ဖ မြအုန်း ယူသွားခဲ့တာပါ"

"သေချာရဲ့လား သင်းထုံ"

ဦးစံထား ဆေးတံကို တစ်ချက်ဖွာလိုက်သည်။

"သေချာပါတယ်ခင်ဗျ။ မယုံရင် မီးစာကိုဖွင့်ပြီး စစ်ဆေးကြည့်လိုက်ပါ။ မီးစာကို ခေါင်းစအပြာနဲ့ လုပ်ထားခဲ့တာပါ"

"ဒီမယ် သင်းထုံ"

မာကျောခက်ထန်စွာဖြင့် ရုတ်တရက်ခေါ်လိုက်သံကြောင့် သင်းထုံ အံ့အားသင့်သွားပုံရ၏။

"ကျုပ်ဟာ စုံထောက်ကြီးဦးစံထားပဲ"

"ဗျာ… ခင်ဗျာ"

သင်းထုံ၏ တစ်ကိုယ်လုံးတုန်တုန်ယင်ယင် ဖြစ်လာသည်။

"မြအုန်းထွက်သွားတော့ အဖော်တစ်ယောက် ပါသွားတယ် မဟုတ်လား သင်းထုံ"

"ဟုတ်… ဟုတ်ကဲ့၊ မြအုန်းရဲ့မိတ်ဆွေ ကိုကျော်ကြီးဆိုတာပါ"

"အဲဒီ ကျော်ကြီးဆိုတာ ဘယ်မှာနေလဲ သင်းထုံ"



www.burmeseclassic.com

www.burmeseclassic.com



"အသရော်၊ အသရော်ဘက်ကလို့တော့ ပြောသံကြားရဖူးတယ် ခင်ဗျ"

"ကျေးဇူးတင်တယ် သင်းထုံ။ ဒီမီးအိမ်လေးကိုတော့ အမှုပြီးတော့မှ ပြန်ပေးနိုင်တော့မယ်နော်"

"ရပါတယ် ဦးစံထား"

"ဒါဖြင့် ကျုပ်တို့သွားမယ်။ ကိုလှမောင်ရေ... စောစောကပြောလိုက်တဲ့ အသရော်ဆိုတာ သုံးဆယ်မြို့ကတစ်ဆင့် သွားကြရတာ"

"ဟုတ်ကဲ့ ဦးစံထား"

"ကျုပ်တို့ အခုကိစ္စကို ဆက်လိုက်သွားကြမယ် ကိုလှမောင်။ အချိန်ဆွဲနေလို့ မဖြစ်ဘူး။ တရားခံတွေ လွတ်မြောက်သွားနိုင်တယ်"

"ဟုတ်ကဲ့"

ထို့နောက်တွင်တော့ ကျွန်ုပ်နှင့်ဦးစံထားတို့မှာ အသရော်ဆိုသောရွာလေးဆီသို့ ဦးတည်ကာ ထွက်လာခဲ့ကြပါတော့သတည်း။ ။

* * *

## အခန်း (၄)

"ဟုတ်ပါတယ် ဦးစံထား။ ကျွန်တော်တို့ ဦးလွန်းမောင်ဆိုတဲ့ လူကြီးကို သတ်ဖြတ်မိခဲ့ကြပါတယ်။ ဒါကလည်း ကျွန်တော်တို့ တောင်းတဲ့ငွေကို အလွယ်တကူမပေးဘဲ ခုခံမယ်လုပ်လို့ပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့။ အသက်ခုနစ်ဆယ်ကျော် အဘိုးအိုတစ်ယောက်ဆိုတာလည်း စိတ်မှာ သတိရကြဦးမှပေါ့ကွ။ ခုတော့ မင်းတို့ဟာက သတ္တဝါနဲ့လက်နက်နဲ့တောင် မမျှတော့ဘူး"

"ကျွန်တော်တို့ မှားခဲ့မိကြပါတယ်။ စုံထောက်ကြီးခင်ဗျား။ ခွင့်လွှတ်တော်မူပါ"

စုံထောက်ကြီးဦးစံထားနှင့် ကျွန်ုပ်တို့နှစ်ယောက်မှာ ထိုနေ့ညနေစောင်းစအချိန်တွင် အသရော်သို့ ရောက်ရှိခဲ့ကြကာ မြအုန်းနှင့် ကျော်ကြီးတို့အား ဖမ်းဆီးခေါ်ဆောင်နိုင်ခဲ့ကြပြီး တိုက်ကြီးဂါတ်တဲသို့ လွှဲအပ်နိုင်ခဲ့ကြ၏။

ကျော်ကြီးက ဦးစံထားစစ်မေးသမျှတို့ကို ဖွင့်ဟ၍ပြောဆိုနေလေသည်။

"ကျုပ်ကတော့ ခွင့်လွှတ်နိုင်ပါတယ်ဗျာ။ ဒါပေမဲ့ ဒီအမှုကို အင်္ဂလန်ပို့ပြီး စစ်မေးမှာဖြစ်တာကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ခင်ဗျာ"

လူမိုက်နှစ်ယောက်စလုံး အချုပ်ခန်းထဲတွင် ခေါင်းငိုက်စိုက်ကျသွားရင်း ကျန်ရစ်ခဲ့ကြတော့သည်။ စုံထောက်ကြီးဦးစံထားမှာ ထိုအမှုအခင်းအား သုံးရက်တည်းနှင့် ဖော်ထုတ်နိုင်ခြင်းဖြစ်ပေရာ ကျွန်ုပ်က ဦးစံထားအား ချီးကျူးစကားဆို၍ မဆုံးနိုင်ပါလေတော့။

ကျွန်ုပ်မိတ်ဆွေကြီး ဦးစံထားမျက်နှာမှာ ပြုံးယောင်များ ယှက်သန်းနေလေတော့သည်။

ကျွန်ုပ်နည်းတူ ထားထားနှင့်တို့ သားအမိကလည်း ဝမ်းသာအယ်လဲဖြင့် စုံထောက်ကြီး ဦးစံထားအား ဂုဏ်ပြုစကားတွေ ဆိုခဲ့ကြလေသည်။

"ကျွန်မဖြင့်လေ ဦးစံထားရဲ့ ကျေးဇူးတရားကြောင့် ကောင်းကောင်းအိပ်စက်နိုင်တော့မှာပါ"

"ဗျာ"

ဦးစံထား ဆေးတံကိုဖွာရာမှ မျက်လုံးဖွေ၍ ထားထားနှင့်ကို ကြည့်လိုက်၏။

"ဟုတ်ပါတယ် ဦးစံထား။ ကျွန်မအဖေကို သတ်ခဲ့ကြတဲ့ တရားခံတွေကို ဦးစံထားကြောင့် အပြစ်ပေးနိုင်တော့မှာမို့ ကျွန်မ ဖြေသာသွားပြီဆိုတော့ အိပ်လို့ ပျော်နိုင်ပြီပေါ့ရှင်။ ကျေးဇူးကြီးလှပါပေတယ် စုံထောက်ကြီးရယ်"

"ဦးရဲ့စွမ်းဆောင်မှုကတော့ အံ့မခန်းနိုင်အောင်ပါပဲ ခင်ဗျာ"

မောင်ကျော်စွာကလည်း ဦးစံထားအား ချီးမွမ်းလိုက်ပြန်လေရာ ကျွန်ုပ်တို့၏ ဓာတ်လိုက်ကျော်ကြီးမှာ မနေတတ်၊ မထိုင်တတ်အောင် ဖြစ်သွားရလေတော့သည်။

ထိုစဉ် တိုက်ကြီးဘူတာရုံသို့ သာရဝေါ်ရထား ဝင်ရောက်လာပြီဖြစ်ခြင်းကြောင့် ခရီးသည်များ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြလေသည်။





"ကဲ… သွားမယ်နော် မထားထားနှင့်"

"မောင်ကျော်စွာ တာ့တာ"

နှုတ်ဆက်စကားဆိုနေသည့် ဦးစံထားအား သားအမိနှစ်ယောက်စလုံးက ရှိရှိသေသေ ထိုင်ကန်တော့လိုက်ကြ၏။

"ဦးရဲ့ကျေးဇူးကို ကျွန်မတစ်သက် မေ့မှာမဟုတ်တော့ပါဘူးရှင်"

ဦးစံထား ဘာမှပြန်မပြောနိုင်ဘဲ နှုတ်ဆွံ့၍ နေလေတော့သည်။ ကျွန်ုပ်တို့နှစ်ယောက် ရထားပေါ်သို့ တက်ရောက်နေစဉ်မှာပင် သာရဝေါ်ရထားသည် ရန်ကုန်ဘက်ဆီသို့ ဦးတည်ကာ ထွက်ခွာလာခဲ့ပါတော့သတည်း။

ဦးစံထား၏ရင်တွင် မည်သို့ရှိလေမည်နည်းဆိုသည်ကို ကျွန်ုပ်မှာ ပဟေဠိတစ်ပုဒ်သဖွယ် တွေးတောရင်း လိုက်ပါလာခဲ့လေတော့သည်။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# စုံထောက်ကြီးဦးစံထားနှင့် သက္ကလတ် ဦးထုပ်နှစ်လုံး

## အခန်း (၁)

'မကြားဝံ့ရှေ့နေ၊ မမြင်ဝံ့ဆေးဆရာ'ဟူသော ဆိုရိုးစကား ရှိလေသည်တွင် ကျွန်ုပ်က ထိုပုံနှိုင်းစကားတွင် 'မမြင်ဝံ့စုံထောက်'ဟူသော စကားကို ဖြည့်စွက်လိုလှပေသည်။

အကြောင်းမူ ...

ကျွန်ုပ်နှင့် စုံထောက်ကြီးဦးစံထားတို့၏ မျက်မှောက်တွင် ရှိနေသည့်မြင်ကွင်းမှာ လွန်စွာမှပင် ကြည့်ရက်၊ မြင်ရက်စရာ မရှိသည့် မြင်ကွင်းတစ်ခု (အနိဋ္ဌာရုံ) ဖြစ်နေသောကြောင့်ပါတည်း။

ကြည့်ပါ။

လူတစ်ယောက် လဲကျသေဆုံးလျက်ရှိနေ၏။ ထိုသေဆုံးသူ၏ မျက်နှာတွင် သူမသေဆုံးခင်လေးက အဘယ်မျှအထိ နာကျင်ခံစားခဲ့ရသည်ကို ဖော်ပြနေသည်သို့ ရှိလေသည်။ ထိုသူ၏ မျက်နှာတစ်ပြင်လုံး အကြောဆွဲသကဲ့သို့ ရှုံ့တွ၍နေကာ မျက်လုံးအစုံမှာမူ ပြူးကြောင်လျက် ဖြင့်ရှိ၏။

သူ၏နောက်စေ့တွင် စိစိညက်ညက် ကြေမွလျက်ရှိ၏။ ဦးခေါင်း





တစ်ခုလုံးမှာ ဥသျှစ်သီးတစ်လုံးကို ရိုက်ခွဲလိုက်သည့်နှယ် ဟိုတစ်စ၊ သည်တစ်စ ကြေပြန့်ထွက်လျက် ရှိနေပေသည်။

ထိုသူသည် မီးရထား၏ အတက်အဆင်းပြုလုပ်သည့် တံခါးအဝတွင် လဲကျသေဆုံးနေခြင်းပင်။ ထိုသူအား တစ်စုံတစ်ယောက် (သို့မဟုတ် တစ်ယောက်ထက် ပိုချင်လည်းပိုနိုင်ပေသည်။)က ရက်ရက်စက်စက် ထုနှက်သတ်ဖြတ်သွားခြင်း ဖြစ်သည်။

ထိုသူ၏ဘေးနားတွင် သက္ကလတ် ဦးထုပ်တစ်လုံးကို တွေ့ရလေရာ စုံထောက်ကြီးဦးစံထားက အသာအယာ ကောက်ယူကြည့်လိုက်ပြီးလျှင် ထိုလူ၏ဦးခေါင်းအနေအထားနှင့် ဦးထုပ်၏အကျယ်အဝန်းကို အသေးစိတ် မှန်းဆကြည့်ရှုနေရာမှ ...

"အိုင်ဆေး ကိုလှမောင်"

"ဟုတ်ကဲ့ ဦးစံထား"

"ဒီဦးထုပ်ဟာ သေဆုံးနေတဲ့သူရဲ့ ဦးထုပ် မဟုတ်ဘူးဗျ။ ခင်ဗျား ကြည့်လေဗျာ။ ဦးထုပ်ရဲ့ခွင်က အတော်လေးသေးနေတယ်ဗျ။ လူသတ်သမားဟာ လုံးထွေးသတ်ပုတ်ရင်းနဲ့ ဦးထုပ်ကျွတ်ကျပါလိမ့်မယ်။ သူဟာ ကမန်းကတန်းနဲ့ဆိုတော့ သေဆုံးသူရဲ့ဦးထုပ်ကို သူ့ဟာ အမှတ်နဲ့ ဆောင်းသွားပုံရသဗျ။ ကိုလှမောင်"

"ဟုတ်လား... ဦးစံထား"

စုံထောက်ကြီးဦးစံထားသည် သေဆုံးလျက်ရှိနေသော ထိုလူ၏ ရုပ်ကလာပ်အား ချစ်သူရည်းစားမျက်နှာကို တစိမ့်စိမ့်ကြည့်ရှုနေသည့် အလား မမိုတ်မသုန်ဖြင့် ကြည့်ရှု၍နေပေသည်။ သူသည် မှန်ဘီလူးလေးကို ညာဘက်လက်မှ ကိုင်တွယ်ထားရင်းဖြင့် ရှူးရှူးစိုက်စိုက်လေး ကြည့်လျက် ရှိ၏။

ကျွန်ုပ်မှာလည်း သည်လိုဖြစ်ရပ်မျိုးတွေနှင့် ကြုံတွေ့ခဲ့ရသည်မှာ ဆန်းလှသည်ဟု မဆိုနိုင်တော့သဖြင့် ထိုရုပ်ပျက်ဆင်းပျက်ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကောင်အား 'မမြင်ဝံ့ဆေးဆရာ'ဟူသောစကားနှယ် မလွဲမရှောင်သာတော့ဘဲ ဂဃနဏ ကြည့်ရှုနေမိလေတော့သည်။

အခင်းဖြစ်သည့်နေရာမှာ မလွှကုန်းဘူတာနှင့် ဘောက်ထော်ဘူတာအကြားတွင် ဖြစ်သည်။ လယ်ကွင်းပြင်များကို လော်ကယ်ရထားဖြတ်ကျော်နေစဉ် လူသတ်သမားက ထိုသေဆုံးနေသူထံမှ ပစ္စည်းများကို လုယက်ယူငင်ပြီးလျှင် လူကိုပါသတ်ဖြတ်၍ သွားခြင်းဖြစ်၏။

သေဆုံးသူ၏ အလုံးအဖန်၊ အရုပ်အမောင်းမှာ ကောင်းမွန်ပြီးဇလလည်းသေးလှသည် မဟုတ်သောကြောင့် သည်လိုလူမျိုးကို တုံးခနဲလဲကျသေဆုံးသွားအောင် ရိုက်နှက်နိုင်သူသည် တော်ရုံတန်ရုံ လူမျိုးတော့ မဟုတ်နိုင်ပါပေ။ လက်စလက်နရှိသူ၊ အသတ်အပုတ် ကျွမ်းကျင်သူတစ်ဦးပင် ဖြစ်နိုင်လောက်ပေသည်။

စုံထောက်ကြီးဦးစံထား အား အပိုင်ပုလိပ်ဌာနာမှ လှမ်း၍ အကူအညီတောင်းသည်ကြောင့် ယခုလို ကျွန်ပ်နှင့်အတူ အခင်းဖြစ်နေရာသို့ ရောက်ရှိနေခြင်းဖြစ်၏။

ကျွန်ုပ်တို့နှစ်ယောက် ရောက်ရှိသွားချိန်တွင် လူသတ်မှုဖြစ်ပေါ်သည့် ထိုရထားတွဲအား ဘောက်ထော်ဘူတာတွင် ဖြုတ်ချထားခဲ့ကာ မြို့ပတ်လော်ကယ်ရထားမှာ မောင်းနှင်သွားပြီ ဖြစ်လေသည်။

ရန်ကုန်နေလူတို့၏ ထုံးစံအတိုင်းပင် ထိုရထားတွဲ၏ ဘေးပတ်ပတ်လည်တွင် လူအုပ်စုကြီးက ဝိုင်းအုံခဲလျက်ရှိနေကြ၏။ သူတို့အား ပုလိပ်စာသင်လေးတစ်ယောက်က နံပါတ်တုတ် တမြှောက်မြှောက်ဖြင့် ဟန့်တားထိန်းကျောင်းနေသည်ကို တွေ့ရှိရ၏။

ဦးစံထား အခင်းဖြစ်နေရာသို့ ရောက်ရှိသွားစဉ် ပရိသတ်မှာ မီးကိုရေဖြင့် ငြိမ်းသတ်လိုက်သည့်နှယ် ငြိမ်သက်တိတ်ဆိတ်စွာဖြင့် စုံထောက်ကြီးဦးစံထားအား ငေးစိုက်ကြည့်ရှုနေကြပေ၏။

ဦးစံထားမှာ အေးအေးဆေးဆေးပင် သူ၏ ဆေးတံကို ဖွာရှိုက်





ရင်းဖြင့် ထိုအလောင်းအား စောင့်ကြပ်လျက်ရှိသည့် ရာဇဝတ်အုပ်လေးအား လှမ်းမေးလိုက်သည်။

"အိုင်ဆေးရေ၊ အသတ်ခံရတဲ့သူ ဘယ်သူဘယ်ဝါဆိုတာတော့ ခံစမ်းလို့ ပြီးလောက်ပြီထင်ရဲ့ ဟုတ်စ"

"မှန်ပါတယ် စုံထောက်ကြီးခင်ဗျား။ အခု သေဆုံးနေတဲ့သူဟာ ကျော်ခင်မြင့်လို့ သိရပါတယ်။ သူဟာ စိန်ရွှေရတနာပွဲစားတစ်ဦး ဖြစ်ပြီး မဂိုလမ်း (ရွှေဘုံသာလမ်း) တစ်လျှောက် ကျင်လည်ကျက်စားနေတဲ့သူဖြစ်ပါတယ်။ အရချောင်တဲ့အခါမှာ ဝယ်ရောင်းသဘောမျိုးလည်း လုပ်တတ်တယ်လို့ ဆိုပါတယ်။ သူနေတာက ကန်ဘဲ့မှာလို့ သိရတာကြောင့် သူ့အိမ်ကိုလဲ လှမ်းအကြောင်းကြားထားပါတယ်"

စုံထောက်ကြီးဦးစံထားက ရာဇဝတ်အုပ်လေး ရှင်းပြပြောဆိုနေသည်ကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်လျက်ရှိနေ၏။

"လူသတ်သမားဟာ ကျော်ခင်မြင့်ဆီမှာပါတဲ့ ရတနာထည့်တဲ့သေတ္တာများကို လုယက်ယူငင်သွားပုံ ရခဲ့ပါတယ်။ ကျော်ခင်မြင့်ဟာ ခုခံရင်းနဲ့ သေဆုံးသွားတဲ့ပုံပါပဲ"

ဦးစံထားက မည်သို့မျှ မှတ်ချက်ပြန်မပြုဘဲ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိ၏။

"နေ့လယ်နေ့ခင်း မြို့ပတ်ရထားပေါ်မှာ လူပြတ်တာကို အခွင့်ကောင်းယူပြီး လုပ်သွားတာပေါ့ခင်ဗျာ"

"အမယ်လေး ကိုကျော်ခင်မြင့်ရဲ့ အဖြစ်ဆိုးလှချည်လားရှင်ရဲ့။ ကျွန်မ ဘယ်လိုဖြေရမှာလဲ ရှင်ရဲ့။ ဟီး... ဟီး... အီး... အင့်"

ထိုသို့ပြောဆိုနေကြဆဲ ခပ်ရွယ်ရွယ်၊ ခပ်သန့်သန့် မိန်းကလေးတစ်ဦး ပျာယီးပျာယာဖြင့် ရောက်ရှိလာကာ သေဆုံးနေသည့် ကျော်ခင်မြင့်အလောင်းကို လှမ်းကြည့်ကာကြည့်ကာ ဖွဲ့နွဲ့ရှိုက်ငင် ငိုကြွေးလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်လေးက သူမအား ဆွဲ၍ထားရလေသည်။

လင် ရုတ်တရက်သေဆုံးသွားခဲ့ရသည့် မိန်းမတစ်ယောက်၏ သောကအပူလောင်မြိုက်ခြင်းကို ကျွန်ုပ် ကိုယ်ချင်းစာနာမိရချေသည်။

လွန်စွာ အသည်းမာလွန်းလှသည့် ကျွန်ုပ်၏မိတ်ဆွေကြီး ဦးစံထားပင်လျှင် စိတ်မကောင်းဟန်ဖြင့် မျက်လုံးတစ်ချက်စွေ၍ ကြည့်လိုက်သည်ကို ကျွန်ုပ်သတိထားမိလိုက်ပါ၏။

"ရပါပြီ အိုင်ပီ။ အလောင်းကို ဆေးရုံပို့ဖို့ စီစဉ်လိုက်ပါတော့"

ဦးစံထားက ထိုသို့လှမ်းပြောလိုက်ပြီးလျှင် ဦးထုပ်ကိုယူဆောင်ကာ ကျွန်ုပ်ဘက်သို့လှည့်၍...

"လာ... ကိုလှမောင် ကျုပ်တို့သွားကြစို့ရဲ့"

"ဟုတ်ကဲ့ ဦးစံထား"

ကျွန်ုပ်တို့မှာ ထိုအနိဋ္ဌာရုံမြင်ကွင်း ဖြစ်ရပ်နေရာမှ ကျောခိုင်းကာ ထွက်ခွာလာခဲ့ကြ၏။ နောက်ဘက်ဆီတွင် ဟစ်အော်၍ ငိုလိုက်သံတို့ကို သဲ့သဲ့မျှ ကျွန်ုပ်ကြားမိ၏။

"ငိုပေဦးတော့ မိန်းကလေးရယ်"

ကျွန်ုပ်မှာ ဆရာဝန်တစ်ပိုင်း၊ စာရေးဆရာတစ်ပိုင်း ဖြစ်ရကား တစ်ခါတစ်ရံတွင်မူ ကျွန်ုပ် ကဗျာဆန်နေမိသည်ကို ဝန်ခံရမည် ဖြစ်ပေသည်။

အထူးသဖြင့် ကျွန်ုပ်၏နှလုံးသားမှာ လွန်စွာထိခတ်လွယ်ကူခြင်းပင် ဖြစ်ပါသတည်း။

ဦးစံထားမှာ သူ၏ထုံးစံအတိုင်းပင် ဘာစကားမျှမဆိုဘဲ ကျွန်ုပ်၏ရှေ့မှ ခပ်သုတ်သုတ် လျှောက်၍နေလေသည်။ သူသည် ဆေးတံကိုလည်း ထောင်းထောင်းထမျှ ဖွာရှိုက်လျက် ရှိနေ၏။

အမှုအကြောင်းခြင်းရာကို လမ်းလျှောက်ရင်း တွေးတောလာပုံရ၏။ ကျွန်ုပ်တို့နှစ်ယောက်မှာ 'ဆောက်ထော်'ဘူတာတစ်ဝိုက်တွင်





ရှိသည့် စိုက်ခင်းပြင်များအား ဖြတ်သန်းကာ မီးရထားသံလမ်းအတိုင်း ကန်ဘဲ့အရပ်ဆီသို့ဦးတည်ကာ လျှောက်လာကြလေသည်။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"အိုင်ဆေးရေ့...ဗိုက်ထဲဆာသလိုလို ရှိသဗျ။ ဒီကန်ဘဲ့ ဘူတာမှာ တိုရှည်နာမည်ကြီးနေလေတော့ ကြုံတုန်း မြည်းစမ်းကြည့်ကြသေးတာပေါ့ဗျာ"

"တိုင်းရက်တဲ့ ပက္ကလာ မိုးရွာတာနဲ့ အခန့်သင့်ဆိုတာလိုပါပဲ ဦးစံထားရယ်"

ကျွန်ုပ်မှာလည်း အတော်လေးလျှောက်လာခဲ့ရခြင်းကြောင့် ဆာလောင်နေရကား ထိုကဲ့သို့ ပြန်ပြောလိုက်ရပေတော့သည်။

"ဒါဖြင့် လာဗျာ"

"ဟုတ်ကဲ့ ဦးစံထား"

ကျွန်ုပ်တို့နှစ်ယောက် ဆိုင်ကလေးထဲသို့ ဝင်လာခဲ့ကြပြီး တိုရှည်နှစ်ပွဲကို မှာယူစားသောက်လိုက်ကြသည်။ ဦးစံထားပြောခဲ့သလိုပင် တိုရှည်မှာ နာမည်ကြီးထိုက်ပါပေ၏။ စားလို့အရသာ တွေ့လွန်းလှပေသည်။

စားသောက်ပြီးတော့မှ ဦးစံထားက ဆေးတံဖွာ၊ ကျွန်ုပ်က ဆေးပြင်းလိပ်ခဲရင်း အမှုအကြောင်း ပြောဖြစ်ကြတော့သည်။

"အိုင်ဆေး ဦးစံထား။ ဒီအမှုနဲ့ပတ်သက်ပြီး ကျုပ်ကို သိသင့်သိ





ထိုက်တာလေးတွေ ရှင်းပြပါဦးလားခင်ဗျာ"

ကျွန်ုပ်၏စကားကြောင့် ဦးစံထားက ဆေးတံကိုချွတ်လိုက်ပြီးလျှင်...

"ကိုလှမောင်နှယ် ... အခု ခင်ဗျားနဲ့ကျုပ် အတူတူပဲ တွေ့ကြမြင်ကြခဲ့တာ မဟုတ်လား။ အတူတူချင်း ဘယ်လိုလုပ်ပြီး ကျုပ်က ခင်ဗျားထက် ပိုသိနိုင်မလဲ ကိုလှမောင်ရဲ့"

"မတူတာတွေက အများသားလား စုံထောက်ကြီးရဲ့"

"ဘာတွေလဲ ကိုလှမောင်"

"ဦးစံထားပြောဖူးခဲ့တဲ့ တွေးခေါ်မြော်မြင်ပုံ"

"ဟဲ... ဟဲ... ဟဲ"

စုံထောက်ကြီး ဦးစံထားက ကျွန်ုပ်ဘက်သို့လှည့်ကာ ရယ်မောလိုက်သည်။

"ကောင်းပြီလေ။ ဒါဆိုရင် ကျုပ် မြင်တွေ့ထားတာပြောမယ် ကိုလှမောင်။ ဒီလိုဗျ..."

"ဟုတ်ကဲ့ ဦးစံထား"

လက်ဖက်ရည်ဆိုင်လေးမှာ လူသူရှင်းလင်းရကား ကျွန်ုပ်တို့နှစ်ယောက်သား လွတ်လပ်စွာ စကားပြောဆိုနိုင်ကြလေ၏။

"တစ်အချက်မှာ လူသတ်သမားဟာ ဗလတောင့်တောင့်၊ ထောင်ထောင်မောင်းမောင်း ဖြစ်မယ်ဗျာ။ ကိုယ်အလေးချိန်က ပေါင်တစ်ရာခြောက်ဆယ် အထက်လောက်မှာရှိလိမ့်မယ် ကိုလှမောင်"

"ဘာ့ကြောင့် အဲ့ဒီလိုပြောနိုင်ရတာလဲ ဦးစံထား"

"ခင်ဗျားမြင်တဲ့အတိုင်းပဲလေ။ သူသတ်ဖြတ်သွားခဲ့တဲ့ ကျော်ခင်မြင့်ဆိုတဲ့ လူရွယ်ရဲ့ အဆစ်အပေါက်က သေးတာမှမဟုတ်တာ။ ဒီလိုလူမျိုးတစ်ယောက်ရဲ့ ဦးဆက်ကို ရိုက်ခွဲဖြစ်နိုင်ဖို့ဆိုတာ သူ့ထက်ဗလတောင့်မှ၊ အင်အားကြီးမားမှ ဖြစ်နိုင်မယ်မဟုတ်လားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အလစ်အငိုက်မှာ နောက်ကနေ ဝင်ရိုက်သွားတာရော မဖြစ်နိုင်ဘူးလားဗျ"

ကျွန်ုပ်ကလှမ်း၍ အတွန့်တက်လိုက်သည်တွင် ဦးစံထားက...

"မဖြစ်နိုင်ဘူးဗျ၊ ရန်းရင်းဆန်ခတ်ဖြစ်ခဲ့ကြတဲ့ လက္ခဏာကို တွေ့ရတာကြောင့် သူတင်ကိုယ်တင် ယှဉ်ပြိုင်ခွင့်ရခဲ့တယ်လို့ ကျုပ်က ပြောတာ။ သဘောကတော့ ကျော်ခင်မြင့်နဲ့ အဲဒီလူသတ်သမားဟာ သိပြီးသားလူတွေပဲဗျ"

"ဟုတ်ပါပြီလေ။ ဒါတော့... နောက်ကော ပြောပါဦး"

"လူသတ်သမားက ဦးထုပ်ဆောင်းထားတယ်ဗျ။ သူဆောင်းတဲ့ ဦးထုပ်ကလည်း သက္ကလတ်စအညိုရောင်ကို ချုပ်ထားတဲ့ဦးထုပ်။ ကျော်ခင်မြင့်ကလဲ သက္ကလတ်ဦးထုပ် အညိုရောင်ကို ဆောင်းထားတာ။ သူတို့ နှစ်ယောက် လုံးလားထွေးလားဖြစ်ကြရင်းနဲ့ ဦးထုပ်တွေကျသွား ကြပါလိမ့်မယ်။ ကိစ္စပြီးတော့ ကျနေတဲ့ ဦးထုပ်နှစ်လုံးအနက် တစ်လုံးကိုဆွဲပြီး ဆင်းသွားခဲ့တာ။ ဒါပေမဲ့ သူယူသွားတဲ့ ဦးထုပ်ဟာ ကျော်ခင်မြင့်ရဲ့ ဦးထုပ်ဖြစ်နေပြီး သူ့ဦးထုပ်ကကျန်ရစ်ခဲ့တာပါ။ အဲဒီတော့ဗျာ။ လူသတ်သမားရဲ့ ဦးခေါင်းဟာသေးတယ်ဗျ။ ပြီးတော့ ဆံပင်ညှပ်ထားတာလည်း မကြာလှသေးဘူး"

"ဗျာ..."

"ဟုတ်တယ် ကိုလှမောင်။ အခု ကျုပ်ယူခဲ့တဲ့ ဦးထုပ်ဟာ လူသတ်သမားရဲ့ ဦးထုပ်ပဲ။ ဒီဦးထုပ်က ကျော်ခင်မြင့်ခေါင်းနဲ့ ဘယ်လိုမှ မတော်နိုင်ဘူး။ ခွင်ကကျဉ်းကျဉ်းလေးရယ်။ တစ်ခါ ဦးထုပ်အတွင်းဘက်က ပိုးလိုင်နင်စမှာလည်း ဆံပင်တိုနဲ့နဲ့လေးတွေ တွေ့ရသဗျ။ ဒါကြောင့် ဒီလူဟာ ဦးခေါင်းသေးမယ်။ ဆံပင်ညှပ်ထားတာမကြာသေးဘူး။ ကျုပ်က အဲဒီလိုတွေးခေါ်ပြီး ပြောခဲ့တာကိုလှမောင်"

ကျွန်ုပ်မှာ ဦးစံထား၏ သဘာဝနှင့် ကိုက်ညီလှသည့် အတွေးအခေါ်





ကြောင့် ဦးစံထားအပေါ် အံ့မခန်းပင် ဖြစ်သွားရကာ...

"တော်ပါပေတယ်ဗျာ။ ဒါကြောင့်လည်း စုံထောက်ကြီးဦးစံထားရယ်လို့ မြန်မာပြည်တစ်ဝန်း နာမည်ကျော်နေတာပဲပေါ့"

"ခင်ဗျားရဲ့ကျေးဇူးလည်း ပါပါတယ် ကိုလှမောင်ရဲ့၊ တချို့ကလည်း ခင်ဗျားရေးတဲ့ ဝတ္ထုတွေကိုဖတ်ပြီးမှ ကျုပ်ကိုသိကြတာပါဗျာ၊ ကိုယ့်လူမလျှို့နဲ့လေဗျာ"

"ထားပါတော့ဗျာ... ထားပါတော့။ ဒါပေမဲ့ အမှုနဲ့ပတ်သက်ပြီး ကျုပ် မေးချင်တာလေးတွေ ရှိသေးသဗျ ဦးစံထား"

"မှန်း... ဘာများလဲ ကိုလှမောင်"

"ဪ... အခုလောက် သိရရုံနဲ့ လူသတ်သမားကို ဖမ်းဆီးနိုင်ပါ့မလား ဆိုတာပါ"

ဦးစံထားက ဆေးတံကိုမီးညှို၍ ဖွာလိုက်ပြီးမှ...

"ဒီလောက်နဲ့တော့ မရဘူးလေဗျာ။ အတွေးရဲ့နောက်မှာ လက်တွေ့ပါမှ ဖြစ်မှာပေါ့။ ကျုပ်အထင်ပြောရရင် ဒီလူဟာ ကျော်ခင်မြင့်တို့ အဝန်းအဝိုင်းကလူ၊ ပွဲစားလောကကလူပဲ ဖြစ်ဖို့များတယ်။ ဒီနေ့မှာလည်း ကျော်ခင်မြင့် ထဲမှာ ရတနာရွှေထည်ပစ္စည်းတွေ မြိုးမြိုးမြက်မြက် ပါလာတာကို သိပုံရတယ်ဗျ။ ဒါကြောင့် သူဟာ ကျော်ခင်မြင့်အပြန်မှာ တိတ်တိတ်ခိုးလိုက်လာပြီး လူလစ်တာနဲ့ အပိုင်ကြံသွားတာ ကိုလှမောင်"

"ဟုတ်ကဲ့"

"အဲဒီတော့ဗျာ။ သူ့လက်ထဲ ရွှေတွေရတနာတွေ ရောက်သွားပြီဆိုပါတော့။ ဒါတွေက ကိုက်စားလို့ရတာ မဟုတ်ဘူးဗျ ကိုလှမောင်။ သူဟာ ဒီပစ္စည်းတွေကို ငွေအဖြစ်ရရှိဖို့ ထုတ်ရဦးမှာလေ"

ဦးစံထားမှာ ဆေးတံကိုဖွာလိုက်၊ ပြောလိုက်ဖြင့် ရှိနေ၏။

"ဒီလို ခိုးရာပါ၊ တိုက်ရာပါပစ္စည်းမျိုးတွေကို ဈေးချောင်ချောင်နဲ့ ပြန်ဝယ်တတ်တဲ့ တာမွေတစ်ဝိုက်၊ လမ်းမတော်တစ်ဝိုက်နဲ့ ကီလီ



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းဘက်တစ်ဝိုက်မှာ ကျုပ်တို့လူတွေ ပိုက်စိပ်တိုက်ပြီး ချထားလိုက်ရင် အလုပ်ဖြစ်သွားနိုင်တာပေါ့ဗျာ"

"ခင်ဗျားပြောတော့လည်း အလွယ်လေးပါလား ဆရာကြီးရဲ့"

"ဒါပေါ့ဗျာ။ ကျုပ်တို့အလုပ်က ယုန်ကမတိုး၊ ပိုက်ကတိုးပဲဗျ။ ထိုင်နေလို့တော့ မဖြစ်ဘူးကိုလှမောင်ရေ... ထကြစို့ရဲ့။ မစိုးရိမ်ပါနဲ့ အိုင်ဆေးရာ။ ဒီထက်မက ခက်ခဲနက်နဲလှတဲ့ အမှုတွေတောင်မှ ကျုပ်လိုက်ခဲ့သေးတာပဲဟာ"

ကျွန်ုပ်တို့နှစ်ဦးသားမှာ စကားတပြောပြောဖြင့် ကန်ဘဲ့ဘူတာရှဲ လမ်းလေးအတိုင်း လိုက်လာခဲ့ကြ၏။ လမ်းလေးပေါ်တွင် ခရီးသွားလာသူများဖြင့် စည်ကားရှုပ်ထွေးလျက် ရှိနေလေ၏။

"ကိုလှမောင်"

"ဗျာ... ဦးစံထား"

"ကျုပ်တို့ ကျော်ခင်မြင့်တို့အိမ်ကို သွားကြမယ်"

"ဟုတ်ကဲ့"

ဦးစံထားမှာ ကန်ဘဲ့တွင် ကျော်ခင်မြင့် နေထိုင်သည်ဟူသော သတင်းအနံ့လေးနှင့်ပင် ဟိုသည်မေးစမ်းရင်းဖြင့် နောက်ဆုံးတွင် လမ်းသွယ်လေးတစ်ခု၏ အဆုံးတွင်ရှိသော ကျော်ခင်မြင့်၏ အိမ်လေးသို့ ရောက်ရှိလာခဲ့တော့သည်။

အိမ်ရှေ့တွင် ကနားဖျင်းထိုး၍ထားကာ အောက်လင်းဓာတ်မီးသုံးလုံးကို ထွန်းညှိဖို့ပြင်ဆင်နေကြ၏။ စားပွဲကုလားထိုင်များကိုလည်း ခင်းကျင်း၍ထားသည်။

"လာဗျို့ ကိုလှမောင်"

ဦးစံထားက နောက်သို့လှည့်ပြောလိုက်ရင်း နာရေးအိမ်အတွင်းသို့ ဦးဆောင်ကာဝင်ရောက်သွားလေ၏။

* * *

## အခန်း (၃)

"ကျွန်မနာမည်က ခင်မာကြည်ပါ။ အသတ်ခံခဲ့ရတဲ့ ကိုကျော်ခင်မြင့်ရဲ့ဇနီးပါ"

"ဪ..."

ကျွန်ုပ်တို့နှစ်ယောက် ထိုင်ခုံများတွင် အသီးသီးဝင်ထိုင်လိုက်ကြ၏။ သေဆုံးသူကျော်ခင်မြင့်၏ ဇနီးဖြစ်သူခင်မာကြည်မှာ ဆံပင် ကပိုကရို၊ မျက်နှာနွမ်းနွမ်း၊ မျက်လုံးမို့အစ်အစ်ဖြင့် အပူရုပ်ပေါက်၍နေလေသည်။ ကလေးနှစ်ယောက်မှာ ချောင်တစ်ချောင်တွင် ညှိုးငယ်စွာဖြင့် ထိုင်နေကြ၏။

ကျော်ခင်မြင့်၏အိမ်မှာ သိပ်မကျယ်ဝန်းလှသော်လည်း ပစ္စည်းပစ္စယများမှာ သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ်လေး ရှိနေလေသည်။ အိမ်၏အပြင်အဆင်အရ စီးပွားရေးမှာ မဆိုးလှကြောင်းကို ကျွန်ုပ်က ရိပ်စားမိလိုက်၏။

"ကျုပ်က စုံထောက်ကြီး ဦးစံထားတဲ့။ ကျော်ခင်မြင့်နဲ့ ပတ်သက်တာလေးတွေ နည်းနည်းမေးကြည့်ချင်လို့ ကလေးမ။ အားတော့နာပါတယ်ကွယ်။ ဒါပေမဲ့ အမှုမြန်မြန်ပေါ်ပေါက်ဖို့အတွက် အကူအညီပေးစေချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မာကြည်မှာ စုံထောက်ကြီးဦးစံထားဟူသော နာမည်ကို ကြားလိုက်သည်နှင့်ပင် သူမ၏ မျက်နှာတွင် အားတက်သရော အရိပ်အယောင်များကို ကျွန်ုပ်မြင်တွေ့လိုက်ရ၏။ သူမက တရိုတသေဖြင့်...

"အားကိုးပါတယ် စုံထောက်ကြီးရယ်။ ကျွန်မရဲ့ယောက်ျား ကိုကျော်ခင်မြင့်ဟာ လူကောင်းတစ်ယောက်ပါရှင်။ ခုလို အသတ်ခံလိုက်ရတယ်လို့ သတင်းကြားစက မယုံနိုင်အောင်ပါဘဲ စုံထောက်ကြီးရယ်..."

"ဒါပေါ့ ကလေးမရယ်။ ဝဋ်ကြွေးရှိလို့ ခံရတယ်လို့ပဲ အောက်မေ့လိုက်ပေါ့။ ဦးတို့လည်း စိတ်မကောင်းပါဘူး။ တရားနဲ့ဖြေပါ ကလေးမ"

ခင်မာကြည်က မျက်လုံးလေးတွေတွေဖြင့် ဦးစံထားအား ငေးကြည့်နေလေ၏။ ဦးစံထားက ဆေးတံကို တစ်ဖွာနှစ်ဖွာ ဖွာလိုက်ပြီး...

"ကျော်ခင်မြင့် ဒီနေ့ အိမ်ကထွက်သွားတော့ ဘာပစ္စည်းတွေ ပါသွားတယ်ဆိုတာ သိသလား ကလေးမ"

"ဟုတ်ကဲ့ရှင်။ သူများတွေ ရောင်းဖို့အပ်ထားတဲ့ စိန်လက်စွပ်တစ်ကွင်းရယ်၊ စိန်ဆံထိုးတစ်ချောင်းရယ်၊ ပတ္တမြားနားကပ်တစ်ရန်ရယ်၊ ပြီးတော့ ကျွန်မတို့ရဲ့ ကိုယ်ပိုင်ရွှေထည်ပစ္စည်းလေးတွေ သုံးလေးထောင်ဖိုးလောက် ပါသွားပါတယ်"

"ဟုတ်ပြီကလေးမ။ ဒါဆိုရင် လူသတ်သမားဟာ ဒီပစ္စည်းတွေကို လိုချင်လို့ ကျော်ခင်မြင့်ကိုသတ်ပြီး ယူသွားခဲ့တယ်ဆိုတာ သေချာနေပြီ"

"အဟင့်... အင့်"

ခင်မာကြည် ရှိုက်ငိုပါလေ၏။ ကျွန်ုပ်မှာ ဘေးမှကြည့်နေရင်းဖြင့် စိတ်မကောင်း ဖြစ်မိရလေသည်။

"ကျော်ခင်မြင့်ရဲ့ အပေါင်းအသင်းတွေကို ပြောပြပါလား ကလေးမ"

ဦးစံထားက ခင်မာကြည်လေးအား စူးစိုက်၍ တစ်ချက်ကြည့်လိုက်၏။





ခင်မာကြည် ခေတ္တစဉ်းစားနေပြီးမှ...

"အကုန်တော့ ကျွန်မ မသိဘူးရှင့်။ အိမ်ကို အလာများတာတွေကတော့ ပွဲစားကိုတင်ဝင်းတို့၊ ကိုသက်ဝေတို့၊ ကိုမြင့်ဦးမောင်တို့တော့ ရှိတယ်"

"ဟုတ်ပြီ ကလေးမ။ သူတို့တွေထဲမှာ ဗလတောင့်တောင့်၊ ခပ်ဝဝ လူပါရဲ့ မဟုတ်လား"

ခင်မာကြည်မှာ ခေါင်းကိုယမ်းခါလိုက်ပြီးမှ...

"မပါဘူးရှင်။ သူတို့တစ်တွေက အားလုံးပိန်ပိန်လေးတွေ"

"ဪ"

စုံထောက်ကြီးဦးစံထား၏ ပစ်မှတ်က လွဲချော်သွားခဲ့ချေပြီ။

"ဟုတ်ပြီလေ။ အကြောင်းထူးတာနဲ့ ကလေးမကို အကြောင်းကြားလိုက်ပါ့မယ်။ ကိုလှမောင်ရေ သွားကြစို့ရဲ့"

ကျွန်ုပ်တို့သည် ခင်မာကြည်အား နှုတ်ဆက်ကာ အိမ်လေးထဲမှ ထွက်လာခဲ့ကြလေသည်။

"ကဲ... ကိုလှမောင်ရေ၊ ခင်ဗျားပြန်နှင့်ပေတော့။ ကျုပ်တော့ ရေဆုံးရေဖျား လိုက်ရပေဦးမယ်"

"ဟုတ်ကဲ့ ဦးစံထား"

ကျွန်ုပ်နှင့် စုံထောက်ကြီးဦးစံထားမှာ မိုးကောင်းဘုရားရှေ့တွင် လမ်းခွဲလိုက်ကြလေသည်။ ကျွန်ုပ်က ကျွန်ုပ်၏အိမ်သို့ ပြန်လာခဲ့ပြီးလျှင် ဦးစံထားမှာ တောင်ဥက္ကလာပဘက်ဆီသို့ လျှောက်သွားသည်ကို ကျွန်ုပ် မြင်တွေ့လိုက်ရလေသည်။

ဦးစံထားမှာ အမှုလိုက်သည့်အခါများတွင် ထမင်းမေ့ဟင်းမေ့ ဖွဲနပဲကြီးလှကြောင်းကို ကျွန်ုပ်က သိရှိထားခဲ့သည်ကြောင့် အပိုစကားတွေ မမေးမြန်းတော့ဘဲ တက္ကစီတစ်စီးကို ငှားရမ်းကာဖြင့် ကျွန်ုပ်အိမ်သို့ ပြန်လာခဲ့တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဒီကောင့်နာမည်က စိန်ဝင်းမောင်တဲ့ဗျ ကိုလှမောင်။ ဒီကောင် ငယ်ငယ်က မြန်မာ့လက်ဝှေ့ ထိုးသတ်ခဲ့ဖူးသေးတယ်လို့ သိရတယ်"

"ဟုတ်ကဲ့ ဦးစံထား"

ပြည်စာပို့ရထားသည် အမြန်နှုန်းမြှင့်၍ ရိုးပြတ်တောများကို အတင်းဖြတ်ကျော်နေဟန်ရှိ၏။ ကျွန်ုပ်နှင့် စုံထောက်ကြီးဦးစံထားတို့မှာ ပထမတန်းတွဲမှ ပြည်ဘက်သို့ လိုက်ပါလာကြခြင်း ဖြစ်ပေသည်။

နောက်တစ်နေ့တွင် ဦးစံထားမှာ ကျွန်ုပ်၏ဆေးခန်းသို့ ကပျာကယာဖြင့် ရောက်ရှိလာပြီးလျှင် 'ကိုလှမောင်ရေ... ပြင်ဗျ။ ကျုပ်တို့ ခရီးထွက်ကြရလိမ့်မယ်'ဟု ပြောဆိုသည်ကြောင့် ကျွန်ုပ်မှာ စကားအတွန့်မတက်ဘဲ ဦးစံထားနောက်သို့ လိုက်ပါလာခဲ့ခြင်းဖြစ်လေသည်။

ပြည်စာပို့ရထား စတင်ထွက်ခွာသည်နှင့် ဦးစံထားက အမှုနှင့် ပတ်သက်ရာပတ်သက်ကြောင်းများကို ကျွန်ုပ်အား အသိပေးပြောဆိုလာခဲ့၏။

"ကျော်ခင်မြင့်နဲ့ စိန်ဝင်းမောင်တို့ဟာ မဂိုလမ်း (ယခု ရွှေဘုံသာလမ်း)ရဲ့ နာမည်ပေါက် ပွဲစားတွေတဲ့ဗျ။ ပြီးတော့ ကျော်ခင်မြင့်ကလည်း စိန်ဝင်းမောင်နဲ့ အတွဲများသတဲ့။ ဒါနဲ့ ကျုပ်က စိန်ဝင်းမောင်ရဲ့ပုံသဏ္ဌာန်ကို မေးကြည့်တဲ့အခါ အရပ်မြင့်မြင့်၊ ထွားထွား





ကျိုင်းကျိုင်းဆိုတာ သိရတာကြောင့် ဒီကောင်နေတဲ့ စမ်းချောင်းဘက်ကို ဆက်လိုက်သွားခဲ့တယ်"

ဦးစံထားက စကားစကိုဖြတ်၍ ဆေးတံဖွာရှိုက်နေသေး၏။ ပြည်စာပို့ရထားသည် ဘူတာတစ်ခုသို့ ဝင်ရောက်တော့မည်ဖြစ်ကြောင်းကို ဥသြသံရှည်ဆွဲ၍ အချက်ပြ၍နေလေသည်။

"စမ်းချောင်းအိမ်ရောက်တော့ ဒီကောင်၊ မနေ့ညနေပိုင်းက မော်တင်ဆိပ်ကမ်းကထွက်တဲ့ ပြည်ကူးတို့သင်္ဘောနဲ့ လိုက်သွားခဲ့တယ်ဆိုတာ သိခဲ့ရတယ် ကိုလှမောင်။ ရော့... ဟောဒါ ဒီကောင့်ရဲ့ဓာတ်ပုံ ကျုပ် ဖြုတ်ယူလာခဲ့တာ"

ကျွန်ုပ်က ဦးစံထားလှမ်းပေးသည့် ဓာတ်ပုံကိုယူ၍ ကြည့်လိုက်၏။ စိန်ဝင်းမောင်ကို ကျွန်ုပ်တွေ့မြင်ရပေပြီ။

သူသည် အသက်လေးဆယ်ဝန်းကျင်ခန့်ရှိကာ ကိုယ်နေဟန်ထား တောင့်တင်းသည်ကို တွေ့ရှိရ၏။ မျက်နှာတွင် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများက ထင်း၍နေသည်။ သူ၏မျက်လုံးအကြည့်က မထီတထိ နိုင်လှပေသည်။

"ကျုပ် ကျောက်လောကထဲဆင်းပြီး စုံစမ်းတဲ့အခါ စိန်ဝင်းမောင်ဟာ အခုတလော ဂျင်သိပ်ရှုံးနေတယ်။ အကြွေးတွေဝိုင်းနေတယ်၊ အခု စမ်းချောင်းကနေအိမ်ကိုလည်း ပေါင်နှံထားရတယ်ဆိုတာ သိလာရတယ် ကိုလှမောင်"

"ဟုတ်ကဲ့ ဦးစံထား"

"အဲဒီတော့ ကြွေးထူကြွေးပူ၊ ဂျင်ရှုံးနေတဲ့ စိန်ဝင်းမောင်ဟာ ဓာတ်တူသားစားပြီပေါ့ဗျာ။ ကျုပ်အထင်တော့ ဒီကောင်က ရွှေတောင်ကျိုးသဲဘက်ကဆိုတော့ ပြည်ကူးတို့သင်္ဘောပေါ်က ဆင်းတာနဲ့ ဒီကောင် ဆိပ်ကမ်းကို ရောက်လာလိမ့်မယ်ဗျ။ သူရရှိထားတဲ့ပစ္စည်းတွေကို ကြမ်းခင်းဘက်မှာ ထုခွဲမယ့်သဘော ကိုလှမောင်"



www.burmeseclassic.com

www.burmeseclassic.com



"သေချာလှချည်လား စုံထောက်ကြီးရဲ့"

"အတွေးအခေါ်ပေါ့ဗျာ။ ဘာတဲ့ ပညာရှိများ တွေးကြည့်တာက ပြေးကြည့်တာထက် မှန်သရိုးဗျ"

"ဟုတ်ပါလေရဲ့ဗျာ။ ဟုတ်ပါလေရဲ့"

ကျွန်ုပ်တို့စကားအဆုံးတွင် ပြည်စာပို့ရထားသည် အုတ်ဖိုဘူတာသို့ ဆိုက်ရောက်လာသည်ကြောင့် နံနက်စာ စားသောက်ရန်အတွက် ကျွန်ုပ်က ထမင်းထုပ်များကို ဆင်း၍ဝယ်ယူရလေသည်။

"ကိုလှမောင် အုတ်ဖိုကြက်သားကြော် ကောင်းသဗျ"

"ပါပါတယ် ဦးစံထား။ အုန်းထမင်းနဲ့ကြက်သားကြော် လွေးကြတာပေါ့"

"ကောင်းတယ် ကိုလှမောင်ရေ"

ကျွန်ုပ်တို့နှစ်ယောက်မှာ အုန်းထမင်းနှင့် ကြက်သားကြော်တို့ကို မြိန်ရှက်စွာ စားသောက်ကြပြီးနောက် အသီးသီး ဆေးတံ၊ ဆေးပြင်းလိပ်များကိုဖွာကာ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြတော့သည်။

ရထားသည်ကား တဂျုံးဂျုံး ခုတ်မောင်း၍ကောင်းနေသည်။ ဇီးကုန်း၊ နတ်တလင်း၊ ပေါင်းတည်ဘူတာများကို ဖြတ်သန်း၍ပြီးသည်တွင် စာပို့ရထားကြီးသည် ခရီးဆုံးဖြစ်သည့် ပြည်ဘူတာသို့ နေဝင်မိုးချုပ်စအချိန်တွင် ရောက်ရှိလာခဲ့ပါတော့သတည်း။

* * *

## အခန်း (၅)

ရန်ကုန်ပြည် မီးသင်္ဘောသည် တရွေ့ရွေ့ဖြင့် ပြည်ဆိပ်ကမ်းကို ကပ်လာနေပြီဖြစ်၏။ နှစ်ထပ်သင်္ဘောပေါ်တွင် လိုက်ပါလာကြသည့် ခရီးသည်တို့ကလည်း ဆိပ်ကမ်းတွင် ဆင်းသက်ကြရန်အတွက် အထုပ်အပိုးပြင်သူပြင်၊ ပစ္စည်းပစ္စယများကို သိမ်းဆည်းသူသိမ်းဆည်းဖြင့် လှုပ်လှုပ်ရွရွ ဖြစ်၍နေကြလေ၏။

ပြည်ကမ်းနားတစ်လျှောက်တွင်လည်း ပြည်ကူးတို့သင်္ဘောကို လာရောက်ကြိုဆိုကြသူများဖြင့် စည်ကားရှုပ်ထွေး၍ နေပေသည်။ ထိုလူအုပ်ကြားတွင် ကျွန်ုပ်နှင့်ဦးစံထားတို့က ရပ်လျက်ရှိနေကြလေ၏။

စုံထောက်ကြီးဦးစံထားက သူ၏လက်ထဲမှ အဝေးကြည့်မှန်ပြောင်းဖြင့် သင်္ဘောဆီသို့ လှမ်းကြည့်နေလေသည်။

"ကိုလှမောင်ရေ... ကျုပ်တို့လူတော့ ပါလာသဗျ"

"ဟုတ်လား ဦးစံထား"

"ရော့... ရော့ ခင်ဗျား ကြည့်... ကြည့်စမ်း"

ကျွန်ုပ်၏လက်သို့ မှန်ပြောင်းကို ထိုးထည့်ပေးသည်ကြောင့် ကျွန်ုပ်က သင်္ဘောဆီသို့ လှမ်းမျှော်ကြည့်လိုက်၏။

"သင်္ဘောလက်ရမ်းကိုကိုင်ပြီး ဘောင်းဘီရှည်၊ ကုတ်အင်္ကျီနဲ့



www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်နေတာ စိန်ဝင်းမောင်ပေါ့။ တွေ့လား ကိုလှမောင်"

စိန်ဝင်းမောင်သည် ကမ်းနားဆီသို့ ဝမ်းပန်းတသာပုံစံမျိုးဖြင့် ငေးကြည့်နေသည်ကို ကျွန်ုပ် ထင်းခနဲမြင်တွေ့ရ၏။ သူ၏လက်ထဲတွင် ဦးထုပ်တစ်လုံးကို ကိုင်ဆောင်ထား၏။

"တွေ့တယ် ဦးစံထား။ ဒီကောင် တော်တော်ထွားပါလားဗျ"

ထိုစဉ် သင်္ဘောမှာ ကမ်းသို့ကပ်နေပြီဖြစ်ကာ စက်ရှိန်သတ်လိုက်ပြီဖြစ်၏။ သင်္ဘောလုပ်သားတို့က ခရီးသည်များဆင်းသက်နိုင်ရန် ကုန်းပေါင်များကို ခင်းလျက်ရှိကြ၏။

"လာဗျို့... ကျုပ်တို့ ရှေ့ကိုတိုးကပ်သွားကြရအောင်"

ဦးစံထား၏ လက်ထဲတွင်လည်း သက္ကလတ်ဦးထုပ်တစ်လုံးကို ကိုင်ဆောင်ထားရှိလေသည်။

"သတိထားဗျို့ ဦးစံထား"

"စိတ်ချ ကိုလှမောင်"

ခရီးသည်တို့ ကုန်းပေါင်ပေါ်မှတစ်ဆင့် ဆိပ်ကမ်းသို့ ဆင်းသက်၍ လာနေကြပေပြီ။

ထိုခရီးသည်များကြားထဲတွင် ခရီးဆောင်အိတ်တစ်လုံးကို သိုင်းလွယ်ကာဖြင့် မားမားမတ်မတ်ကြီး ပေါ်လွင်လျက်ရှိသည့် စိန်ဝင်းမောင်မှာ လေကလေးတချွန်ချွန်ဖြင့် ဆင်းလာနေလေသည်။

သူ ကမ်းပေါ်သို့တက်လိုက်သည်နှင့် ဦးစံထားက သူ၏ရှေ့မှ ပိတ်ဆို့ရပ်လိုက်ကာ...

"ဟိတ်ကောင် စိန်ဝင်းမောင်"

"ဗျာ"

သူ၏နှုတ်မှ လွှတ်ခနဲထွက်သွားပြီးလျှင် ဦးစံထားအား တအံ့တသြဖြင့် စိုက်ကြည့်နေရာမှ ရှောင်ထွက်သွားဖို့ ဟန်အပြင်တွင် ဦးစံထားက သူ့လက်ကိုဖမ်းကိုင်လိုက်ရာ ...





"ဒါ ဘာလုပ်တာလဲဗျ"

"မင်းရဲ့ဦးထုပ်၊ ရထားတွဲပေါ်မှာ ကျန်နေရစ်လို့ လိုက်ပေးတာ။ ရော့ ..."

"ဟင်"

"ဒီ ဦးထုပ်က မင်းဟာမှမဟုတ်တာကွာ။ ဘယ်တော်မှာလဲ အချောင်ကြီး"

ဦးစံထားက ဆိုးဆိုးဆတ်ဆတ်ဖြင့် သူ့လက်ထဲမှဦးထုပ်ကို ဖျတ်ခနဲဆွဲယူကာ သူ့ခေါင်းထက်သို့ ဆောင်းပေးလိုက်ခြင်းဖြစ်၏။

ဦးထုပ်မှာ မျက်ခုံးအထိ ဖုံးအုပ်သွားလေသည်။

"ဖယ်စမ်း ... ဖယ်စမ်း"

"ခင်ဗျား ဘယ်သူလဲ"

"ဟား... ဟား... ဟား... ဟား"

ဦးစံထားက ရယ်မောနေလေသည်။ ထိုစဉ် စိန်ဝင်းမောင်က ရုတ်တရက်ဖြင့်...

"ဟာ ... အလကား လာရှုပ်နေတယ်။ ကဲ"

"ဝုန်း"

"ဝှစ်"

"ဖုပ်"

ညာဝိုက်လက်သီးတစ်လုံးဖြင့် ဦးစံထားထံသို့ အရှိန်ပြင်းစွာ ထိုးလိုက်ခြင်း ဖြစ်သည်။

ထိုလက်သီးချက် မိသွားပါလျှင် နောက်ကောက်ကျသွားမည် ဖြစ်၏။

"ဦးစံထား"

ကျွန်ုပ်၏နှုတ်မှ လွှတ်ခနဲထွက်သွားပေရာ ဦးစံထားသည်လည်း မြန်မာ့သိုင်းပညာကို တတ်ကျွမ်းထားသူ ဖြစ်ခြင်းကြောင့် သူ၏ညာ



www.burmeseclassic.com

www.burmeseclassic.com



ဝိုက်လက်သီးအား ဘယ်ဘက်သို့ ကိုယ်ကိုငုံ့၍ တိမ်းရှောင်လိုက်ပြီးလျှင် ဦးစံထားက ဘယ်ထောက်လက်သီးဖြင့် အရှိန်လွန်လာသည့် စိန်ဝင်းမောင်၏ ဝမ်းဗိုက်တည့်တည့်သို့ ဆတ်ခနဲပင့်၍ ထိုးချလိုက်၏။

"ဝှစ်"

"အင့်"

"အား"

ဦးစံထား၏ လက်သီးမှာ ပြင်းထန်လွန်းလှပေရာ စိန်ဝင်းမောင်မှာ တောင့်မခံနိုင်တော့ဘဲ သူ၏ကိုယ်ခန္ဓာကြီး ရှေ့သို့ငိုက်၍ ကျလာသည်တွင် စုံထောက်ကြီးဦးစံထားက ညာဒူးကိုပင့်၍ အရှိက်နေရာကို ထပ်ဆင့်၍တိုက်ချလိုက်လေရာ...

"အွတ်"

"အင့်"

စိန်ဝင်းမောင်၏ ကိုယ်ခန္ဓာကြီး ဖွဲအိတ်တစ်အိတ်ကဲ့သို့ မြေပြင်တွင် ပျော့ခွေ၍ကျသွားရတော့သည်။

စိန်ဝင်းမောင် လောကကြီးနှင့် ခေတ္တအဆက်အသွယ် ပြတ်တောက်၍သွားပြီဖြစ်၏။ လူတွေဝိုင်းအုံ၍ လာကြလေ၏။

"စံထားကို လာစမ်းလို့ ဘာရမှာလဲ။ စိန်ဝင်းမောင်ရယ်။ မှတ်ပြီလားကွ"

ဦးစံထားမှာ မြန်မာ့လက်ဝှေ့သမားတစ်ယောက်နှယ် လက်ဝှေ့ရေးပြသ၍ နေပါတော့သတည်း။

ကျွန်ပ်မှာ ကြဲတုန်းကြဲခိုက် ကြည့်ကောင်းကောင်းဖြင့် ကြည့်နေမိပါလေ၏။

*   *   *

## အခန်း (၆)

"အစပထမတော့ ကျွန်တော် ကျော်ခင်မြင့်ကို သတ်ဖို့အထိ မရည်ရွယ်ခဲ့ပါဘူး။ သူနဲ့ကျွန်တော်က အပေါင်းအသင်းတွေမို့ ငွေသုံးထောင်လောက် ခဏလှည့်ဖို့ ပြောတာပါ။ အဲ့ဒါကို သူက ခါးခါးသီးသီး ငြင်းဆန်ရုံတင်မကဘဲ ကျွန်တော့်ကိုလည်း 'မင်းလို ကစားသမားလက်ထဲ ရောက်တဲ့ငွေဟာ ကြက်သောက်ရေလို ပြန်လမ်းမရှိ ဖြစ်မှာပေါ့၊ စိန်ဝင်းမောင်ရ။ ငါ ဒီလောက်ထိ မိုက်တွင်းမနက်သေးပါဘူးကွလို့ နာလိုခံခက်၊ အမျက်ထွက်အောင် ပြောတာကြောင့် ကျွန်တော်လည်း စိတ်မထိန်းနိုင်တော့ဘဲ သူ့ကိုစထိုးမိလိုက်ပါတယ်"

ကျွန်ုပ်တို့က စိန်ဝင်းမောင်အား ပြည်ဂါတ်တဲသို့ ခေါ်ဆောင်လာခဲ့ကြကာ စစ်ချက်ယူခဲ့ကြသည်တွင် စိန်ဝင်းမောင်က ပြန်လည်ပြောပြနေခြင်း ဖြစ်ပေသည်။ ဦးစံထားမှာ ဆေးတံကြီးကိုခဲလျက်ဖြင့် နားထောင်လျက်ရှိ၏။

"သူကလည်း ပြန်ထိုးနဲ့ ကျွန်တော်တို့နှစ်ယောက် ရထားတွဲဝမှာ လုံးလားထွေးလား ဖြစ်နေကြပါတယ်။ ဖြစ်ချင်လာတော့ တွဲဝအနားမှာ ခဲလုံးတစ်လုံးကို ကျွန်တော်တွေ့ရတာကြောင့် သူ့ကို အားကုန်တစ်ချက် ထုလိုက်မိတယ်။ သူရဲ့နောက်စေ့ဟာ ခွပ်ခနဲမြည်ရာက ပြီးနောက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကျလာတာ တွေ့ရတာကြောင့် ကျွန်တော် လက်လွှန်သွားပြီဆိုတာကိုသိရပြီး သူ့ဆီက ရတနာသေတ္တာလေးကိုယူ၊ ကျွန်တော့်ဦးထုပ်ကို ဆွဲယူပြီး တွဲပေါ်က ခုန်ဆင်းပြေးခဲ့ပါတယ်။ နောက် အခုလို ဇာတိရပ်ရွာအပြန်မှာ အဖမ်းခံခဲ့ရတာပါ။ အမှန်တကယ်တော့ ဦးထုပ်နှစ်လုံးဟာ ကျွန်တော့်အမှုအတွက် သဲလွန်စတစ်ခု ဖြစ်ခဲ့တယ်ဆိုတာကို ခုမှ ကျွန်တော်သဘောပေါက်ခဲ့ပါတယ်"

စိန်ဝင်းမောင်အား အချုပ်ခန်းထဲသို့ ပြန်ထည့်ထားလိုက်ကြပြီးလျှင် ဦးစံထားနှင့်ကျွန်ုပ်တို့မှာ ဂါတ်တဲအပြင်သို့ ထွက်လာခဲ့ကြပေသည်။

"လူတစ်ကိုယ် ဝါသနာတစ်မျိုး ရှိတတ်ကြသဗျ ကိုလှမောင်။ အခုလည်း ဦးထုပ်ကို အစွဲအလမ်းရှိတဲ့ စိန်ဝင်းမောင်ဟာ သူ့ဦးထုပ်မဟုတ်မှန်း သိတာတောင် ဖျောက်ဖျက်မပစ်ဘဲ ကိုယ်နဲ့မကွဲမကွာဆောင်ထားခဲ့တယ်မဟုတ်လားဗျ။ တချို့ကမျက်မှန်၊ တချို့က ဖောင်တိန်လှလှလေးတွေ၊ တချို့ကတံဆိပ်ခေါင်း စသဖြင့်ပေါ့ဗျာ ကိုလှမောင်ရဲ့။ ဟုတ်စ"

"ဟုတ်ပါတယ် ဦးစံထား"

"ကဲ... ကိုလှမောင်ရေ။ ကြုံတုန်းကြုံခိုက်လေး ကျုပ်တို့ ပြည်ရွှေဆံတော်ရှင်မြတ်ဘုရားကို ဖူးမြော်ကန်တော့ပြီး ဘူတာဆင်းကြစို့ရဲ့"

"ကောင်းပါလေရဲ့ ဦးစံထားရယ်"

ထိုအမှုနှင့်ပတ်သက်သည့် သဲလွန်စဖြစ်သော သက္ကလတ်ဦးထုပ်နှစ်လုံးကိုမူ ဦးစံထားက အမှတ်တရအဖြစ် သိမ်းဆည်း၍ ထားခဲ့ပါတော့သတည်း။ ။

* * *

## စုံထောက်ကြီးဦးစံထားနှင့် တစ်ဦးတည်းသောသား သေဆုံးမှု

### အခန်း (၁)

"ဟော..., ကိုလှမောင် လာဗျာ။ စောစောကတင် ကျုပ်ခင်ဗျားကို သတိရနေမိသေးရဲ့"

"အကြောင်းထူးရှိလို့လား ဦးစံထားရဲ့"

"ဆိုပါတော့ ကိုလှမောင်ရယ်"

တစ်နေ့သ၌ ကျွန်ုပ်သည် စုံထောက်ကြီးဦးစံထား နေထိုင်လျက်ရှိသည့် ဆူးလေဘုရားလမ်း အမှတ် (၃၄၃) ပထမထပ်သို့ ရောက်ရှိသွားသည်တွင် စုံထောက်ကြီးက ကျွန်ုပ်အား အထက်ပါအတိုင်း စကားဦးသန်းလိုက်ခြင်း ဖြစ်ပေသည်။

ကျွန်ုပ်က ဦးစံထားအား မျက်လုံးတစ်ချက် ဝေ့၍ကြည့်မိလိုက်သည်တွင် ဦးစံထားမှာ ခရီးတစ်ခုခုကို ထွက်ခွာသွားတော့မည့် ပုံစံမျိုးဖြင့် အကျအန ဝတ်ဆင်ထားသည်ကို သတိပြုမိလိုက်၏။

"အိုင်ဆေး ဦးစံထားရဲ့။ ဘယ်လိုလဲ ရှိုးနဲ့မိုးနဲ့ပါလားဗျ။ ဘယ်ကိုများ ခြေဦးလှည့်ဖို့ရှိနေလို့လဲ မိတ်ဆွေကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုဖြင့် ကျွန်ုပ်က ဦးစံထားအနီးရှိ ကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လိုက်သည်။ ဦးစံထားက ဆေးတံကို သုံးလေးကြိမ် ဆက်တိုက်ဖွာလိုက်ပြီးနောက်...

"အင်း ကိုလှမောင်လည်း အတော်လေးကို တိုးတက်လာပြီဗျနော်။ ခင်ဗျားပြောတာ မှန်တယ်ဗျ ကိုလှမောင်။ ကျုပ်တို့ ခရီးထွက်ရလိမ့်မယ်"

"ခင်ဗျာ"

ဦးစံထားမှာ ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး ...

"ခင်ဗျား ရောက်မလာရင် ကျုပ် ခုပဲလိုက်လာတော့မလို့ ခုတော့ အတော်ပဲပေါ့ဗျာ။ ဘယ့်နှယ်လဲ ကျုပ်နဲ့လိုက်မယ်မဟုတ်လား ကိုလှမောင်"

"အင်း... လိုက်တော့လိုက်ရမှာပေါ့ဗျာ။ ဒါပေမဲ့ ခင်ခင်ကြီးကတော့ အလိုကျမယ်မထင်ဘူး ဦးစံထားရေ။ ဘာကြောင့်လဲဆိုတော့ ခုတလော ကျုပ်လည်း အိမ်မကပ်တာတွေက အတော်များနေသဗျ"

ဦးစံထားက ကျွန်ုပ်အား ပြုံးစစဖြင့် လှမ်းကြည့်လိုက်ပြီးလျှင်...

"ဒါတော့ ကိုလှမောင်ရယ်။ ခင်ဗျားက တစ်ချိန်မှာ စာရေးဆရာလုပ်မယ့်သူပဲဟာ။ ဒေသန္တရ ဗဟုသုတ ရှာမှီးရပေမပေါ့။ ဒါကိုလည်း ခင်ဗျားဇနီးချော ခင်ခင်ကြီး နားလည်ရှာမှာပါဗျာ"

ဦးစံထား၏ပြောစကားကြောင့် ကျွန်ုပ်လည်း အားတက်၍ သွားကာ...

"ဟုတ်တယ်ဗျ ဦးစံထား။ ခင်ဟာ ခင်ဗျားနဲ့ဆို စိတ်ချလက်ချ ထည့်လိုက်တာချည့်ပဲဗျ။ အခုလည်း ကျုပ် ခင့်ကို နှစ်ခါ မပြောရပါဘူးဗျာ ခွင့်ပြုမှာပါ။ ဩော်... ဒါနဲ့ ဦးစံထား၊ ဒီတစ်ခါ ကျုပ်တို့သွားရမယ့် ခရီးက ဘယ်ကိုလဲဗျ။ အမှုကိစ္စကကော"

ဝင်စစ် ကျွန်ုပ်က အောင့်အည်းသည်းခံစိတ် နည်းပါးလှခြင်း





ကြောင့် မေးမြန်းလိုက်ရသော်လည်း ဦးစံထား၏ဝသီမှာ ထိုသို့ကြိုတင်မေးမြန်းခြင်းကို ဘယ်သောအခါမျှ ဖြေကြားခဲ့ခြင်းမရှိကြောင်းကိုလည်း ကျွန်ုပ် သိရှိခဲ့ပြီးသားပင်။

"ဒီလိုဗျ ကိုလှမောင်။ ဒီမနက်ပိုင်းလောက်က ကျုပ်ဆီကို အမှုတစ်ခုနဲ့ပတ်သက်ပြီး လူတစ်စုရောက်ရှိလာကြတယ်"

ဆေးတံကို စားပွဲပေါ်သို့ လှမ်းတင်လိုက်ရင်းဖြင့် ဦးစံထားက ကျွန်ုပ်အား အမှုနှင့်ပတ်သက်ပြီး နိဒါန်းပျိုးလိုက်ခြင်းဖြစ်၏။

"လူတစ်စုဆိုတာ အတိအကျပြောရရင်တော့ စုစုပေါင်း လေးယောက်ဗျ"

"ဟုတ်ကဲ့"

"ပုရိသက သုံးယောက်၊ ဣတ္ထိယကတစ်ယောက် ဆိုပါတော့ ကိုလှမောင်"

ကျွန်ုပ်ကလည်း ဦးစံထားပြောစကားကို နားစိုက်နေရင်းဖြင့် ခံတွင်းချဉ်လာသလိုလို ဖြစ်လာသည်ကြောင့် ကျွန်ုပ်လက်ဖွဲ့တော် ဆေးပြင်းလိပ်ကိုထုတ်ကာ မီးညှိ၍ဖွာရှိုက်နေလိုက်၏။ ဦးစံထားက စကားဆက်၍ ပြောနေလေသည်။

"ခင်ဗျား မိဘမေတ္တာ ဘယ်လောက်ကြီးမားတယ်ဆိုတာ သိမှာပေါ့ ကိုလှမောင်"

"ခင်ဗျာ"

ရုတ်တရက် ကောက်ခါငင်ခါဖြင့် မေးလိုက်သော အဆက်အစပ်မရှိလှသည့် ဦးစံထား၏မေးခွန်းကြောင့် ကျွန်ုပ်၏နှုတ်မှ အာမေဋိတ်တစ်ခွန်း ထွက်သွားလေသည်။

ဦးစံထားက ကျွန်ုပ်၏ မျက်နှာရိပ်၊ မျက်နှာကဲကို လှမ်း၍ ဖျတ်ခနဲကြည့်လိုက်ကာ...

"ဘယ်လိုလဲ စာရေးဆရာရဲ့။ မိဘမေတ္တာနဲ့ပတ်သက်ပြီး နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းလောက် ပြောပြပါလား အိုင်ဆေး"

ထို့ကြောင့် ကျွန်ုပ်မှာ မနေသာတော့ဘဲ တတ်သမျှ မှတ်သမျှ နှုတ်မှရွတ်ဖတ်လိုက်ရပေသည်။

"သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျသား၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းတဲ့ ဦးစံထားရဲ့"

"မှန်လိုက်လေ ကိုလှမောင်ရယ်။ မိဘတို့ရဲ့ သားသမီးအပေါ်မှာ ထားရှိတဲ့ မေတ္တာရေအလျဉ်ဟာ စိမ့်စမ်းရေပမာ အင်မတန်မှအေးမြ သန့်စင်လှတယ်တဲ့ ကိုလှမောင်ရဲ့"

ကျွန်ုပ်သည် မပြောစဖူး၊ အပြောထူးနေသည့် မိတ်ဆွေကြီး ဦးစံထားအား တအံ့တသြဖြင့် လှမ်းကြည့်ဖြစ်လိုက်၏။

"ကိုလှမောင် ကြည့်ရတာ အံ့အားသင့်နေပုံရရဲ့ ဟုတ်စ။ ဒီလိုဗျ ကိုလှမောင်ရဲ့။ အခု ကျုပ် လက်ခံလိုက်တဲ့အမှုက 'မိဘမေတ္တာ' နဲ့ ပတ်သက်ဆက်နွှယ်နေတယ်ဗျ"

"ဩော်"

ကျွန်ုပ်က ကျွန်ုပ်၏ မီးသေနေသည့်ဆေးပြင်းလိပ်ကို မီးညှိလိုက်သည်။ ဆေးလိပ်ဖွာရှိုက်ရင်းဖြင့် ဦးစံထား ဆက်လက်ပြောပြမည့် စကားတွေကို ငံ့လင့်နေမိသည်။

"တစ်ဦးတည်းသောသားလေး ပျောက်ဆုံးနေတဲ့ မိခင်ဖြစ်သူရဲ့ သောကကို ခင်ဗျားမြင်စမ်းစေချင်တယ်ဗျာ"

စုံထောက်ကြီးဦးစံထား၏ မျက်လုံးအစုံတို့မှာ မှုန်မှိုင်းဝေသီ၍ သွားချေသည်။

"ကဲပါလေ။ ခင်ဗျားလည်း နားထောင်ရတာ ဆန့်တငင်ငင် ဖြစ်နေရော့မယ်။ ရထားပေါ်ကျမှ ကျုပ် အေးအေးဆေးဆေး ပြောပြတော့မယ် ကိုလှမောင်။ ခင်ဗျားလည်း အိမ်ပြန်ပြီး စီစဉ်စရာရှိတာလေးတွေ စီစဉ်လိုက်ဦးပေါ့။ မနက်ဖြန်မနက်ငါးနာရီ ကွမ်းခြံဘူတာကြီးကိုသာ





အရောက်လာခဲ့ပေတော့ဗျာ"

"ကောင်းပါပြီ ဦးစံထား"

"ကျုပ်တို့ မနက်ငါးနာရီတိတိမှာ ထွက်မယ့် မုတ္တမရထားနဲ့ လိုက်သွားကြမယ် ကိုလှမောင်"

"စိတ်ချ ဦးစံထား။ ကျုပ် အချိန်မီ အရောက်လာခဲ့ပါ့မယ်"

"ဟုတ်ပြီ ကိုလှမောင်ရေ... ဟုတ်ပြီ"

ကျွန်ုပ်သည် စုံထောက်ကြီးဦးစံထား၏အခန်းမှ ပြန်လည်ထွက်ခွာ၍ လာခဲ့တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မြူနှင်းတို့က ဇာပဝါ ပါးပါးလေး ကာခြားထားသည့်နှယ် ဝိတ်ဆိုင်း၍နေလေသည်။ ရန်ကုန် – မုတ္တမ အမြန်ရထားသည် ပြေးလမ်းပေါ်ဝယ် အရှိန်ပြင်းပြင်း ခုတ်မောင်းလျက်ရှိ၏။

ဆောင်း၏ လက်ကျန်ငွေနှင်းတို့ တဖွဲဖွဲကျဆင်းနေသည်ကို လှမ်းမြင်တွေ့ရသည်။ ကျွန်ုပ်နှင့်ဦးစံထားတို့မှာ ပထမတန်းတွဲ၌ပါတွင် ဖိမ်ကျကျထိုင်လျက်သားဖြင့် လိုက်ပါလာခဲ့ကြ၏။ ကျွန်ုပ်က ရထားပြတင်းဝမှတစ်ဆင့် ပြင်ပမြင်ကွင်းတွေကို လှမ်းမျှော်ကြည့်နေမိသည်။

သို့ရာတွင်...

နှင်းထုပါးပါးက ကာဆီးထားသည့်ကြောင့် သဲကွဲစွာ မြင်တွေ့ရခြင်း မရှိပါပေ။ ရထားသည် လေးထောင့်ကန်ကို ကျော်လာပြီဖြစ်၏။

အချိန်မှာ နံနက်ငါးနာရီခွဲမျှပင် ရှိနေသေးသည်။ ကျွန်ုပ်က ကျွန်ုပ်၏ဘေးတွင် ရှိနေသည့် စုံထောက်ကြီးဦးစံထားအား အမှတ်မထင် ကြည့်ဖြစ်လိုက်၏။

ဦးစံထားမှာ ဆေးတံကိုခဲထားလျက် ရှိနေလေသည်။ သူ၏ မျက်လုံးများက မှိတ်လျက်သားဖြင့် တစ်စုံတစ်ရာကို တွေးတောနေဟန် ရှိသည်။





ဦးစံထားမှာ ခရီးသွားလာလေတိုင်းပင် ထိုကဲ့သို့ပုံစံမျိုးဖြင့် စိတ်လွတ်ကိုယ်လွတ် နေထိုင်တတ်သူဖြစ်၏။

“သိမ်ဇရပ်ဘူတာရုံမှာ သူတို့လာကြိုကြလိမ့်မယ် ကိုလှမောင်”

ဦးစံထားက မျက်လုံးမဖွင့်ဘဲ ကျွန်ုပ်အား လှမ်းပြောလိုက်၏။ ရထားမှာ ဥသြသံတတူတူပေးကာ တဂျုံးဂျုံးခုတ်မောင်း၍ နေလေသည်။ မကြာမီမှာပင် ပဲခူးဘူတာသို့ ဝင်ရောက်တော့မည်ဖြစ်၏။

နေပွင့်လာပြီ ဖြစ်သောကြောင့် နှင်းတို့လွင့်ပြယ်သွားကြပြီဖြစ်သည်။ ဝင်းဝင်းမှည့်လျက်ရှိသော စပါးခင်းများကို တစ်မျှော်တစ်ခေါ်ကြီး မြင်တွေ့ရလေသည်။

“ကိုလှမောင်ရေ၊ ပဲခူးဘူတာမှာ လက်ဖက်ရည်လေး၊ စမူဆာလေး အဆာပြေ လွေးလိုက်ကြဦးစို့ရဲ့”

“ကျုပ်လည်း အတော်ဆာနေပြီ ဦးစံထားရေ”

ကျွန်ုပ်၏စကားအဆုံးတွင် မုတ္တမရထားသည် ပဲခူးဘူတာရုံသို့ ဝင်ရောက်နေပြီ ဖြစ်တော့သည်။

“ရေ... ရမယ်၊ ရေကူသိုလ်”

“လက်ဖက်ရည်ရမယ်၊ ထမင်းကြော်ရမယ်၊ ဒံပေါက်ရမယ်”

ရထားရပ်လိုက်သည်နှင့်ပင် အောက်ပလက်ဖောင်းပေါ်မှ ဈေးသည်များ၏ သူ့ထက်ငါ အလုအယက် ဟစ်အော်ရောင်းချနေကြသံများကို ကြားလိုက်ရ၏။

ဦးစံထားမှာ သည်တော့မှပင် မျက်လုံးပွင့်လာပြီးလျှင် ရထားပြတင်းဝမှာ ကိုယ်ကိုကိုင်း၍ ရပ်လိုက်ရင်း လက်ဖက်ရည်နှင့်မုန့်များကို မှာယူ၍နေလေတော့သည်။

မကြာမီမှာပင် ပလတ်စတစ်ခွက်ဖြင့်ထည့်ထားသော အငွေ့တထောင်းထောင်းထလျက်ရှိသည့် လက်ဖက်ရည်နှစ်ခွက်နှင့် စမူဆာလေးငါးခု ထည့်ထားသည့် ပန်းကန်တစ်ချပ် ရောက်ရှိလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစံထားက ကျွန်ုပ်အား လက်ဖက်ရည်ခွက်ကို ထိုးပေးရင်း...

"ကိုလှမောင်ရေ... မြန်မြန်လေးဗျို့။ စမူဆာလည်း စားဗျာ ကြည့်ရတာကောင်းပုံရရဲ့"

"ဟုတ်ကဲ့ ဦးစံထား"

ကျွန်ုပ်မှာ လက်ဖက်ရည် တစ်ကျိုက်သောက်လိုက်၊ စမူဆာ ကြွပ်ကြွပ်လေးကိုစားလိုက်ဖြင့် စားသောက်လျက်ရှိသည်။

ဦးစံထားမှာ တစ်ခဏအတွင်းမှာပင် လက်ဖက်ရည်နှင့်စမူဆာ နှစ်ခုတို့ကို စားသောက်၍ပြီးသွားသည်ကို မြင်တွေ့လိုက်ရ၏။

"ခရီးသွားတဲ့အခါမှာ ဒီလိုပဲ ခပ်သွက်သွက်စားသောက်တတ်တဲ့ အလေ့အကျင့်ကို လုပ်ထားရတယ်ဗျ ကိုလှမောင်။ သိလား"

ကျွန်ုပ်မှာ စုံထောက်ကြီးအား အသာခေါင်းညိတ်၍ ပြလိုက်သော် လည်း စမူဆာတစ်ခုနှင့် လက်ဖက်ရည်တစ်ဝက်ပင် ကုန်သေးသည် မဟုတ်။

"တူ... တူ... တူ"

ရထားမှာ ပဲခူးဘူတာမှ ထွက်ခွာတော့မည်ဖြစ်ကြောင်းကို အချက်ပေးဥသြဆွဲ၍နေချေပြီ။ ကျွန်ုပ်မှာ အစာနင်နေသောကြောင့် ဆက်လက်၍ စားသောက်နိုင်ခြင်းမရှိတော့ဘဲ အောက်မှာအဆင်သင့် စောင့်ဆိုင်းလျက်ရှိသည့် ဈေးသည်ကောင်လေးအား လက်ဖက်ရည်ခွက် နှင့် စမူဆာနှစ်ခုကျန်သည်ကို ပြန်ပေးလိုက်ရသည်။

ဦးစံထားက ကျွန်ုပ်အား ပြုံးစစဖြင့် ကြည့်လိုက်ကာ...

"သိမ်ဇရပ်ကျတော့မှ အေးအေးဆေးဆေး ဆက်စားပေတော့ ကိုလှမောင်ရေ။ စစ်တောင်းတံတားကျော်တာနဲ့ သိမ်ဇရပ်ပဲလေ သိပ်မကြာလှတော့ပါဘူး။ သည်းညည်းခံပေတော့ ကိုလှမောင်ရေ"

"ရပါတယ် ဦးစံထားရဲ့။ ခုနဲ့ဝါရီပါ အိုင်ဆေးရာ"

ဦးစံထားမှာ ဖလေဇာကုတ်အင်္ကျီ အညိုရင့်ရင့်၊ မြောက်ပြင်





ပိုးပုဆိုး ရွှေဖလားရောင်၊ စတစ်ကော်လံအင်္ကျီအဖြူလက်ရှည်တို့ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်၍ထားလေရာ မြန်မာဆန်လွန်းလှသည့် သူ၏ ရုပ်သွင်နှင့် လွန်စွာမှပင် ပနံရလျက် ရှိနေပေတော့သည်။

"အိုင်ဆေးရေ... ကျုပ်ကိုလဲ အမှုအကြောင်းလေး၊ ဘာလေး အနည်းအပါး ပြောပြပါဦးလားဗျ"

"ကျုပ်လည်း အခုပဲ ပြောပြတော့မလို့ပါ ကိုလှမောင်ရဲ့။ ဒီလို ဗျ ဒီလို..."

ရထားသည် စက်ရှိန်မြှင့်၍ ခုတ်မောင်းနေခြင်းကြောင့် တဂျုံးဂျုံး သံများဖြင့် ဆူညံလျက်ရှိ၏။ လူမှာလည်း ပုခက်စီးနေသလိုမျိုး ဘယ်ညာ လှုပ်ခါ၍ နေလေသည်။

ဦးစံထားက လေသံကိုမြှင့်၍ ကျွန်ုပ်အား ပြောပြနေလေသည်။

"သိမ်ဇရပ်အပိုင်ထဲက စစ်တောင်းမြစ်ကမ်းနံဘေးက ရွာကြီး တစ်ရွာမှာပေါ့ဗျာ။ ကိုလှမောင်"

"ဟုတ်ကဲ့... ဦးစံထား"

"အဲဒီရွာကြီးမှာ ဒေါ်မြနွယ်ဆိုတဲ့ အမျိုးသမီးကြီးတစ်ယောက် ရှိတယ်။ အဲ... သူ့အသက်က လေးဆယ်ကျော်၊ ငါးဆယ်ဆိုပါတော့။ ဒေါ်မြနွယ်မှာ 'ဝင်းမောင်'ဆိုတဲ့ သားတစ်ယောက် ရှိတယ်။ ဝင်းမောင် ဟာ လူပျိုအရွယ်ပေါ့ဗျာ။ ဒေါ်မြနွယ်ရဲ့ခင်ပွန်းဖြစ်သူဟာ ဝင်းမောင်လေး ငယ်ငယ်ကတည်းက ဆုံးပါးခဲ့တာကြောင့် ဒေါ်မြနွယ်ဟာ တစ်ဦးတည်း သောသားလေး ဝင်းမောင်ကိုဆက်ပြီး အချစ်ပိုခဲ့ရတာပေါ့။ ဒါပေမဲ့ ဝင်းမောင်ဟာ သားလိမ္မာလေးဗျ။ ဆယ်တန်းအောင်ပြီးခဲ့ပြီ ကိုလှမောင်။ ဒေါ်မြနွယ်တို့ဟာ သူတို့ရွာမှာ အတော်ချောင်ချောင်လည်လည် ရှိကြ တယ်တဲ့။ လယ်ယာချောင်းမြောင်းတွေ အတော်ပိုင်ဆိုပဲဗျ"

ရထားသည် 'ဝေါ'မြို့ကို ဖြတ်ကျော်နေပြီဖြစ်၏။ ဦးစံထားမှာ ဆေးတံဖွာလိုက်၊ ပြောလိုက်ဖြင့် ရှိနေလေသည်။ ကျွန်ုပ်ကလည်း အမှု



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို စိတ်ဝင်တစား နားထောင်နေဖြစ်သည်။

"အခု ဒေါ်မြနွယ် ကျုပ်ဆီ အမှုလာအပ်ထားတာ သူ့သားလေး ဝင်းမောင် ပျောက်ဆုံးနေလို့ဗျ"

"ဗျာ"

"ဟုတ်တယ် ကိုလှမောင်။ ဝင်းမောင်ကို သိမ်ဇရပ်ဈေးကို အလွှတ်မှာ ပျောက်ဆုံးသွားခဲ့တာပဲ။ ဘယ်လိုမှရှာဖွေစုံစမ်းလို့မရတာကြောင့် ကျုပ်ဆီ အားကိုးတကြီးနဲ့ ရောက်လာခဲ့ကြတာ"

"ဩော်"

"ဒေါ်မြနွယ်ရဲ့အဖြစ်က မပဏ္ဍာမြေမှာ လူးသလိုပါပဲ ကိုလှမောင်ရယ်။ ကျုပ်ဖြင့် စိတ်ထဲမချိအောင်ပါပဲ"

"အခု ကောင်လေးပျောက်နေတာ ဘယ်နှရက်ရှိပြီလဲဗျ။ ဦးစံထား"

"ဒီနေ့နဲ့ဆို ငါးရက်ရှိပြီဗျ"

"ဘုရားသိကြားမလို့ ကောင်လေး ဘေးမသီရန်မခပါစေနဲ့ ဦးစံထားရယ်"

"အင်းပေါ့လေ။ သဗ္ဗေသတ္တာကမ္မသကာ ဆိုတာလိုပဲပေါ့ ကိုလှမောင်ရယ်။ ကံစီမံရာ ခံကြရမှာပေါ့"

ကျွန်ုပ်တို့ စကားကောင်းနေကြခဲမှာပင် ရထားသည် စစ်တောင်းတံတားကို ကျော်ဖြတ်၍နေချေပြီ။ စစ်တောင်းကမ်းခြေတစ်လျှောက်သည် ညို့ညို့မှိုင်းမှိုင်းဖြင့် သာယာလှပသည်ကို ရထားပေါ်မှ ကျွန်ုပ် လှမ်းမြင်တွေ့ရ၏။

"ကိုလှမောင်ရေ... ဒီနယ်ဒီဒေသဟာ အတော့်ကို နေပျော်တဲ့ ဒေသဗျ။ ငါးပိ၊ ဆားများ၊ ဆန်ရေစပါးကလည်း ပေါကြွယ်ဝပါဘိသနဲ့"

"ဟုတ်တယ် ဦးစံထား။ နေချင့်စဖွယ်ရွာကြီးတွေပဲဗျာ"

"ကဲ... ကဲ ကျုပ်တို့လည်း အထုပ်အပိုးတွေ ပြင်ဆင်ကြစို့ရဲ့ဗျို့။





သိမ်ဇရပ်ကို လှမ်းမြင်နေရပြီ"

"ဟုတ်ကဲ့ ဦးစံထား"

ကျွန်ုပ်တို့နှစ်ဦးသား အထုပ်အပိုးများကို ပြင်ဆင်ယူငင်၍ အပြီးတွင် မုတ္တမရထားသည် သိမ်ဇရပ်ဘူတာရုံလေးထဲသို့ စက်ရှိန်သတ်ကာ ဝင်ရောက်လာခဲ့လေတော့သည်။

"ခင်ဗျားလူတွေကော ဦးစံထား"

"ဟိုမှာလေဗျာ။ တွေ့လား ကိုလှမောင်"

ကျွန်ုပ်တို့တွဲပေါ်မှာ ဆင်းသက်လိုက်သည်နှင့် ကြည့်ပျော်ရှုပျော် ရုပ်ဆင်းကြန်အင်ရှိသည့် အမျိုးသမီးကြီးနှင့်အတူ လူသုံးဦးတို့က လာရောက်၍ ကြိုဆိုကြပါသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"အိပ်မက်တွေလည်း မကောင်းဘူး ဆရာကြီးရယ်...။ ကျွန်မ သားလေး အသက်ရှင်လျက်မှ ရှိပါသေးရဲ့လား မသိဘူး"

နံနက်စာ စားသောက်၍အပြီး လက်ဖက်ရည်ကြမ်းဝိုင်းတွင် စုဝေး၍ထိုင်နေကြစဉ် ဒေါ်မြနွယ်က ကောက်ခါငင်ခါဖြင့် ပြောလိုက်ခြင်းဖြစ်၏။ သူမ၏မျက်နှာသည် 'ပြုံတော့မည့်မိုးနှယ်' ဖြစ်၍ နေသည်ကို ကျွန်ုပ်သတိပြုမိလိုက်၏။ ဦးစံထားက သူမအား ကရုဏာသက်စွာဖြင့် လှမ်းကြည့်လိုက်ပြီးလျှင်...

"ဥပါဒါန်ကြောင့် ဥပါဒ်ရောက်သတဲ့ဗျ ဒေါ်မြနွယ်။ ကျေးဇူးပြုပြီး မဟုတ်တာတွေကို မတွေးပါနဲ့လားဗျာ"

"ဟုတ်သားပဲ မြနွယ်ရယ်။ ဒီက ဆရာကြီးတွေလည်း ရောက်လာကြပြီပဲဟာ။ မကြာခင်မှာ ရှင့်သားလေးဝင်းမောင်ကို ပြန်တွေ့တော့မှာပါရှင်"

ဒေါ်မြနွယ်အား အိမ်နီးချင်း မိန်းမတစ်ဦးက ဖျောင်းဖျနှစ်သိမ့်နေ၏။ သို့ရာတွင် ဒေါ်မြနွယ်၏ပါးပြင်ထက်ဝယ် မျက်ရည်ဥတို့ စီးဆင်းကျလာကြသည်။

စုံထောက်ကြီးဦးစံထားက ဆေးတံကိုဖွာရှိုက်လိုက်ပြီး...





"စိတ်တင်းထားပြီး ကျုပ်မေးတာကို စဉ်းစားဖြေပါ ဒေါ်မြနွယ်"

"ဟုတ်ကဲ့...ဆရာကြီး"

"အဲဒီနေ့က မောင်ဝင်းမောင် သိမ်ဇရပ်ကို ဘာနဲ့သွားလဲ ဒေါ်မြနွယ်။ နောက်ပြီး သူနဲ့အတူ ဘယ်သူပါသွားသေးလဲ"

"ရွာနဲ့သိမ်ဇရပ်နဲ့က သိပ်မဝေးလှတော့ သားလေးဟာ စက်ဘီးနဲ့သွားနေကျပါ။ အိမ်ကထွက်သွားတာတော့ တစ်ယောက်တည်းပါပဲ ဆရာကြီး"

"ဘယ်အချိန်လောက်လို့ထင်လဲ ခန့်မှန်းခြေပေါ့"

ဒေါ်မြနွယ် စဉ်းစားသလို လုပ်လိုက်ပြီးနောက်...

"ဆွမ်းခံပြန်ချိန်ဆိုတော့ ဆယ်နာရီလောက်လို့ ထင်ပါတယ်"

ဦးစံထားက ခေါင်းညိတ်လိုက်ပြီးလျှင်...

"မောင်ဝင်းမောင်ကို လွှတ်တဲ့အကြောင်းကိစ္စက"

"ဈေးထဲမှာ ကျွန်မရစရာလေးတွေရှိတာကြောင့် သူ့ကိုတောင်းခိုင်းလိုက်တာရှင့်"

"ဟုတ်ပြီ ဒေါ်မြနွယ်။ ဘယ်သူ့ဆီကလဲ။ ဘယ်လောက်လဲဆိုတာ ပြောပါဦး"

"ကိုဘကျော်နဲ့ မလှလှတို့ရဲ့ ကုန်စုံဆိုင်ကြီးမှာ ကျွန်မငွေ တစ်သောင်း ရစရာရှိပါတယ်"

"ဒါဖြင့် သူတို့က မောင်ဝင်းမောင်ကို ငွေပေးလိုက်တယ်၊ မပေးလိုက်ဘူးဆိုတာ ဒေါ်မြနွယ်သိပါသလား"

"ကျွန်မလည်း ထူပူနေတာကြောင့် မမေးမြန်းမိသေးဘူး ဆရာကြီး"

"ဪ... ဟုတ်ပြီလေ။ မောင်ဝင်းမောင် ပျောက်ဆုံးတယ်ဆိုတာ ဘယ်အချိန်လောက်ကျမှသိလဲ ဒေါ်မြနွယ်"

ကျွန်ုပ်က စုံထောက်ကြီးဦးစံထား၏ မေးမြန်းနေမှုများကို ...ပါ



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားစွာဖြင့် နားစွင့်နေမိလေသည်။

"သားလေး ပြန်မလာ… ပြန်မလာနဲ့ နေဝင်မိုးချုပ်တော့မှပဲ ဟိုရွာသည်ရွာ ဖြစ်တော့တယ်။ ညဘက်ရောက်တော့ သိမ်ဇရပ်ဂါတ်တဲကို လူပျောက်သွားတိုင်ချက်ဖွင့်ပါတယ်။ ဒါပေမဲ့ ပုလိပ်တွေကို အားကိုးလို့မရဘူးဆိုတာ ရိပ်မိတာကြောင့် သုံးရက်မြောက်နေ့မှာ ဆရာကြီးဆီကို ရောက်လာခဲ့ကြတာပါ"

"ဟုတ်ပြီ ဒေါ်မြနွယ် ဟုတ်ပြီ။ နို့နေပါဦး မောင်ဝင်းမောင် စီးသွားတဲ့ စက်ဘီးကရော"

"နောက်တစ်နေ့မနက်မှာ ကျွန်မတို့ ရွာအဝင်ဝက ကုက္ကိုပင်ကြီးရဲ့အောက်မှာ ထောင်ထားတာကို တွေ့ရပါတယ်"

"ဟုတ်ပြီလေ။ ကျုပ် အဲဒီနေရာကို သွားကြည့်ချင်ပါတယ်"

"ကောင်းပါပြီ ဆရာကြီးရှင့်။ ကျွန်မ လိုက်ပြပေးပါ့မယ်"

"လာဗျာ ကိုလှမောင်။ ကျုပ်တို့ ခြေညောင်းလက်ဆန့် လုပ်လိုက်ကြရအောင်"

ဦးစံထားက ကျွန်ုပ်အား လှမ်းပြောလိုက်သည်ကြောင့် ကျွန်ုပ်ကလည်း မတ်တတ်ထ၍ရပ်ရင်း…

"ဟုတ်ကဲ့ ဦးစံထား၊ သွားကြတာပေါ့"

ကျွန်ုပ်တို့နှစ်ယောက်က ဒေါ်မြနွယ်နှင့် အဖော်သုံးယောက်တို့၏ နောက်မှ လိုက်ပါလာကြ၏။ ရွာလယ်လမ်းမသို့ အရောက်တွင် ကျွန်ုပ်နှင့် ဦးစံထားတို့အား လှမ်း၍အကဲခတ်ကြည့်ရှုနေကြသည့် ရွာသူရွာသားများအား မြင်တွေ့ရလေသည်။ သူတို့တစ်တွေက လွန်စွာဆိုက်ဂိုက်ကောင်းကာ ဥပမိရုပ်သန့်ပြန့်လှသည့် စုံထောက်ကြီးဦးစံထားအား ကွက်ကြည့်၊ ကွက်ကြည့် လုပ်လျက်ရှိနေကြ၏။

"အိုင်ဆေးရေ၊ လူတွေကတော့ အိုင်ဆေးကို အတော်လေး စိတ်ဝင်စားနေကြသဗျ"





"တောသူတောင်သားတွေဆိုတာ ဒီလိုပါပဲပေါ့၊ ကိုလှမောင်ရယ်။ ကျုပ်တို့လို 'စုံထောက်'ဆိုတာ သူတို့အတွက် အထူးအဆန်းသဖွယ် ဖြစ်နေတာ မဟုတ်လားဗျ"

"ဟုတ်ပါတယ် ဦးစံထား"

ကျွန်ုပ်တို့မှာ လျှောက်ရင်း၊ လျှောက်ရင်းဖြင့် ရွာအဝင်လမ်းမထိပ်သို့ ရောက်ရှိလာကြ၏။

"ဟောဟိုနေရာက စက်ဘီးပြန်တွေ့တာပေါ့ ဆရာကြီး"

လွန်စွာအရိပ်အာဝါသကောင်းလှသည့် ကုက္ကိုပင်ကြီး၏ အောက်သို့ ရောက်ရှိလာကြသည်တွင် ဒေါ်မြနွယ်က တစ်နေရာကို လက်ညွှန်ပြကာ ပြောလိုက်ခြင်းဖြစ်၏။

ဦးစံထားမှာ ထိုနေရာတစ်ဝိုက်ကို မှန်ဘီလူးထုတ်၍ အသေအချာ အကျအန ကြည့်ရှု၍နေလေသည်။

"ဒီအနားမှာ လူသုံးလေးယောက်လောက် ရှန်းရင်းဆန်ခတ် ဖြစ်ခဲ့ပုံရသဗျ။ ကိုလှမောင်တွေ့လား။ ခြေရာတွေ ရှုပ်ထွေးနေတာပဲ"

ကျွန်ုပ်က ဦးစံထားပြသရာသို့ အသေအချာကြည့်သော်လည်း သဲကွဲခြားနားစွာဖြင့် ခြေရာများကို မြင်တွေ့ရခြင်းမရှိပါပေ။

"တစ်ယောက်က ခြေနင်းကြီး စီးထားတယ်ဗျ၊ တစ်ယောက်ကတော့ ရာဘာဖိနပ်နဲ့။ ကျန်တစ်ယောက်က သားရေဖိနပ် စီးထားသဗျ"

"ဟုတ်လား ဦးစံထား"

ဦးစံထားသည် စူးစမ်းလေ့လာသည့်အရာ၌ သူမတူအောင် အစွမ်းထက်မြက်ရကား အမှုနှင့်ပတ်သက်သည့် သဲလွန်စများအား မမျှော်လင့်ဘဲ ရရှိတတ်ပေသည်။

"ဟုတ်ပါတယ် ဆရာကြီးရှင့်။ အဲဒီနေ့က ကျွန်မရဲ့သားလေး ဝင်းမောင်ဟာ ဘောင်းဘီရှည်နဲ့ ဂျာကင်ကိုဝတ်ထားပြီး အောက်မှာ ခြေနင်းစီးပြီး သွားတာပါ"

"သြော်"



www.burmeseclassic.com

www.burmeseclassic.com



ဦးစံထားက ဆေးတံကိုဖိ၍ဖွာကာ မျက်မှောင်ကြုတ်လိုက် တစ်စုံတစ်ခုကို စဉ်းစားနေပုံရ၏။ ကျွန်ုပ်ကန်ဘေးမှနေ၍ ဦးစံ ၏ အရိပ်အကဲကို စောင့်ကြည့်နေမိလေသည်။ ထိုစဉ်…

"ဟော…အင်္ကျီကြယ်သီးလေးတစ်လုံးပါလားဗျ"

ပြောပြောဆိုဆိုဖြင့် ဦးစံထားက သူမြင်တွေ့ရသည့် ကြယ် လေးကို ကောက်ယူကာ မှန်ဘီလူးဖြင့် အသေအချာကြည့်ရှုနေသ

"အင်း…ဒါဟာ သာမန်ရှပ်အင်္ကျီတွေက ကြယ်သီးမဟုတ် ကိုလှမောင်။ ဂျင်းအင်္ကျီက ပြုတ်ကျကျန်ရစ်ခဲ့တဲ့ ကြယ်သီးဗျ။ ကြယ် ဟာ ကော်တို့၊ ပလတ်စတစ်တို့ မဟုတ်ဘူးဗျ။ သံကြယ်သီးတံ ရိုက်ထားတဲ့ အမှတ်အသားက PJ (ပီဂျေ)တဲ့ဗျ။ ကဲ… ဒေါ်မြနွယ် ခင်ဗျားတို့ရွာထဲမှာ ဂျင်းအင်္ကျီဝတ်တတ်တဲ့ လူငယ်လေးတွေ ရှိ ပေါ့။ ဘယ်သူတွေ ဝတ်လေ့ရှိတယ်ဆိုတာ သတိထားမိမှာပေါ့"

ထိုအင်္ကျီကြယ်သီးလေးကို သိမ်းဆည်းလိုက်ရာမှ ဦးစံထား လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"သတိထားမိဆို ဝင်းမောင်ရဲ့ သူငယ်ချင်းဖြစ်တဲ့ အောင်ကျေ ဆိုတဲ့ ကောင်လေးကတော့ ဂျင်းရှပ်အပြာရောင်လက်တို အင်္ကျီလေး အမြဲလိုလိုဝတ်တာ တွေ့မိပါတယ် ဆရာကြီး"

ဦးစံထားက လက်ဖျောက်တစ်ချက် တီးလိုက်ပြီးလျှင်…

"ဟုတ်ပြီဗျာ။ ဒါဖြင့် ကျုပ်တို့ အဲဒီအောင်ကျော်ဆိုတဲ့ ကလေး အိမ်ကို လိုက်သွားမယ်ဗျာ။ အောင်ကျော့်အိမ်ကို ဘယ်လိုသွားရမလဲ တာ ပြောပြပါဒေါ်မြနွယ်"

"ဒီကောင်လေးအိမ်က ရွာမြောက်ဖျားမှာပါ ဆရာကြီး။ သူ့ ဖအေက ဦးလှဘူးတဲ့။ မေးရင်ရပါတယ်"

"ကောင်းပြီလေ၊ ကျုပ်တို့ အဲဒီကို ခုပဲသွားကြမယ်။ ဒေါ်မြနွယ် အိမ်မှာပြန်စောင့်၊ ဟုတ်ပြီလား"

"ကောင်းပါပြီ ဆရာကြီး"





"လာဗျို့ ကိုလှမောင်။ ကျုပ်တို့သွားကြစို့ရဲ့"

ကျွန်ုပ်နှင့်ဦးစံထားတို့ ထိုနေရာမှ ထွက်ခွာလာခဲ့ကြ၏။ လမ်းတွင် ဦးစံထားက ကျွန်ုပ်အား…

"အင်း အခုရတဲ့ ကွင်းဆက်လေး မဆိုးဘူးဗျ။ ကျုပ်တို့ တစ်စုံ တစ်ရာကို မျှော်လင့်နိုင်ပါတယ်"

ဦးစံထားကို ကြည့်ရသည်မှာ စိတ်ဓာတ်တက်ကြွနေပုံရ၏။ အချိန်မှာ နေ့ခင်းတစ်နာရီခန့် ရှိပေတော့မည်။ ကျွန်ုပ်တို့နှစ်ဦးသား ရွာမြောက်ပိုင်းသို့မေးစမ်းရင်း လျှောက်လာခဲ့ကြစဉ် ရွာသူရွာသားများ ဟိုပြေးသည်လွှားဖြင့် အုတ်အော်သောင်းတင်းဖြစ်နေကြသည်ကို မြင်တွေ့ ကြရသည်။

"ဘာလဲမသိဘူး ကိုလှမောင်။ မေးစမ်းကြည့်ဦးမှ"

"ဟုတ်ကဲ့ ဦးစံထား"

ဦးစံထားက အပြေးအလွှားလာနေသည့် ရွာသားတစ်ဦးအား လှမ်း၍…

"ဘာဖြစ်ကြတာလဲ မောင်ရင်ရဲ့"

"အလောင်းတော်လို့"

"ဘာ"

"ဟုတ်တယ် ဦးလေး။ စစ်တောင်းမြစ်ကမ်းနံဘေးမှာ အလောင်း တစ်လောင်း ပေါ်လာတာတွေ့လို့ဆိုပြီး တစ်ရွာလုံး အဲဒီနေရာကို ပြေးလွှားကြည့်ရှုနေကြတာ"

"ဒါဖြင့် နေပါဦး မောင်ရင်ရယ်။ ကျုပ်တို့လည်း လိုက်လာစမ်းပါ ရစေဦး"

"လာလေဗျာ"

ထိုသို့ဖြင့်ပင် ကျွန်ုပ်နှင့်ဦးစံထားတို့မှာ စစ်တောင်းမြစ်ကမ်းနံဘေး တစ်နေရာသို့ ရောက်ရှိလာခဲ့ကြပါသတည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ထိုနေရာသည် ရွာကြီး၏တောင်ဘက်စူးစူး လေးဖာလုံခန့် ဝေးကွာသည့်နေရာ။

မြစ်ကမ်းနဖူးပေါ်တွင် လူတွေဖွေးဖွေးလှုပ်လျက် ရှိသည်။ တစ်ယောက်တစ်ပေါက် ပြောသံတွေဖြင့်လည်း ပွက်လောရိုက်နေလေသည်။

"ကိုလှမောင်ရေ… ကျုပ်အထင်တော့ ပျောက်နေတယ်ဆိုတဲ့ ကောင်လေးရဲ့အလောင်းထင်ရဲ့။ ဖွဟဲ့ လွဲပါစေဖယ်ပါစေဗျာ"

ကျွန်ုပ်ကိုယ်တိုင်လည်း ဦးစံထားနှယ် စိတ်ထဲမှဆုတောင်း ဖြစ်လိုက်သည်။ သို့ရာတွင် ကျွန်ုပ်တို့ဆုတောင်းမပြည့်ခဲ့ပါလေ။

"အမယ်လေး သားလေးရဲ့… အဖြစ်ဆိုးလှချည်လား။ သားလေးရဲ့။ အမေရင်ကျိုးပါပြီ သားလေးရယ်။ အီး… ဟီး… ဟီး"

ဒေါ်မြနွယ်၏ အော်ဟစ်ငိုယိုသံကြီးကို ကျွန်ုပ်စိတ်မကောင်းစွာဖြင့် ကြားလိုက်ရသည်။ ဝင်းမောင်လေးကား သေဆုံးသွားခဲ့ချေပြီ။

"ဘယ်လိုအငြိုးနဲ့များ ခုလို ရက်ရက်စက်စက် သတ်ဖြတ်လိုက်ကြတာလဲ။ သားရယ်… ဝင်းမောင်၊ အမေ ဘယ်လိုဖြေရမလဲကွယ်"

ဒေါ်မြနွယ်မှာ ငိုရင်းဖြင့်ပင် တစ်ချက်တစ်ချက် တက်…တက်





သွားသောကြောင့် ဝိုင်းဝန်း ပြုစုပေးနေကြရသည်။

ကျွန်ုပ်တို့နှစ်ယောက်မှာ လူအုပ်ကြားမှတိုးဝှေ့ကာ အလောင်းရှိရာ ကမ်းစပ်သို့ရောက်လာခဲ့ကြ၏။

မြင်ကွင်းက ဘယ်လိုမှ ကြည့်လို့မကောင်းနိုင်တော့။ တကယ့်ကို အနိဌာရုံ မြင်ကွင်း။

ဝင်းမောင်၏အလောင်းမှာ ပုပ်ပွဖောရောင်လျက်ရှိသည်။ အင်္ကျီ တုံးလုံးချွတ်၊ ဘောင်းဘီရှည်အညိုရောင် ဝတ်ထားသည်ကို တွေ့ရ၏။ ဓားဒဏ်ရာများက တစ်ကိုယ်လုံးဗရပွ။

ဦးစံထားသည် စူးရှတောက်ပြောင်သည့် မျက်လုံးများဖြင့် အလောင်းကို စူးစိုက်ကြည့်လျက်ရှိ၏။ နှုတ်ခမ်းကိုတင်းတင်းစေ့၍ ထားသည်။

"ဆရာကြီးရဲ့၊ ကျွန်မသားလေးအဖြစ်ကို ကြည့်ပါဦး။ မမြင်ဝံ့စရာပါလား ဆရာကြီးရယ်။ အီး… ဟီး… ဟီး"

"စိတ်ကိုထိန်းပါ ဒေါ်မြနွယ်။ ကျုပ်တို့လည်း စိတ်မကောင်းကြပါဘူး၊ ဒါပေမဲ့ ခုဟာက လူပျောက်မှုကနေ လူသတ်မှုဖြစ်သွားပြီဆိုတော့ 'တရားခံ'ကို ကျုပ်တို့ ရှာဖွေပေးခဲ့ပါ့မယ်"

ဒေါ်မြနွယ် စကားမဆိုနိုင်ဘဲ တွေတွေလေးငေးစိုက်ကြည့်နေ၏။ ဦးစံထားက ဝင်းမောင်၏အလောင်းအား ဂဃနဏ ကြည့်ရှုစစ်ဆေးပြီးနောက် အနားတွင်ရပ်လျက်ရှိသည့် စာသင်ပုလိပ်လေးအား…

"ရပါပြီ မောင်ရင်၊ အလောင်းကို ဆေးရုံသယ်ဖို့ စီစဉ်ပါတော့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကဲ… ဒေါ်မြနွယ်၊ ကျုပ်တို့သွားကြရအောင်"

ဦးစံထားက ဒေါ်မြနွယ်အား ဖျောင်းဖျပြောဆိုကာ အိမ်သို့ ပြန်လည်ခေါ်ဆောင်လာခဲ့၏။

အိမ်သို့ရောက်သည်နှင့် ချက်ချင်းပင်ဦးစံထားက…



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ကိုလှမောင်ရေ၊ ကျုပ်တော့ အချိန်ရှိခိုက်၊ လုံ့လစိုက်လိုက်ဦးမှ။ ခင်ဗျား ဒီမှာပဲစောင့်ဗျာ။ ကျုပ်ပြန်လာမှ ညနေစာ စားသောက်ကြတာပေါ့"

"ဟုတ်ကဲ့ပါ ဦးစံထား"

"ဒါဖြင့် ကျုပ်သွားပြီ"

ဦးစံထား ထွက်ခွာသွားချိန်မှာ ညနေသုံးနာရီ ထိုးခါနီးနေပြီဖြစ်တော့သည်။

* * *

"ဘယ်လိုလဲ ကိုလှမောင်။ ကျုပ်ကိုမျှော်ရတာနဲ့ လည်ပင်းညောင်ရေအိုး ဖြစ်လောက်ရောပေါ့"

မိုးစုံးစုံးချုပ်ခါနီးမှပင် ဦးစံထား ပြန်ရောက်လာသည်။ ကျွန်ုပ်မှာ အပူသည်အိမ်တွင် နေထိုင်ခဲ့ရခြင်းဖြစ်၍ အစစအရာရာ၌ စိတ်လေးလံရင်းကျန်ရစ်ခဲ့သည်ဖြစ်ရာ ယခု ဦးစံထားပြန်ရောက်လာမှပင် အသက်ကို ဝဝလင်လင် ရှူရှိုက်နိုင်ပေတော့သည်။

"ဆရာကြီးတို့ ထမင်းစားကြမယ်တဲ့။ အားလုံးပြင်ဆင်ပြီးနေပါပြီ၊ ကြွကြပါရှင်"

ခေါ်မြန္တယ်၏ ညီမဖြစ်ဟန်တူသည့် ကလေးမလေးက တရိုတသေဖြင့် လာရောက်ပြောဆိုသည်။

"ကောင်းပြီ ကလေးမ။ ကျုပ်တို့အဝတ်အစားလဲပြီး လာခဲ့ကြပါ့မယ်"

"ဟုတ်ကဲ့ရှင့်"

ကျွန်ုပ်နှင့်ဦးစံထားတို့မှာ အဝတ်ကပျာကယာလဲပြီး ထမင်းပွဲပြင်ထားရာနေရာသို့ ရောက်ရှိလာကြ၏။ ကျွန်ုပ်က ဦးစံထားအား တိုးတိုးလေးကပ်၍…





"အင်း… အားတော့ အားနာစရာပါပဲလား။ ဦးစံထားရယ်"

"ဒါတော့ ဒါပေါ့ ကိုလှမောင်ရာ။ ဒါပေမဲ့ အခြေအနေပေးလာသလိုပဲပေါ့ဗျာ"

ကျွန်ုပ်တို့နှစ်ယောက် စားပွဲမှာဝင်ထိုင်ပြီး ခပ်သွက်သွက် စားသောက်လိုက်ကြ၏။ ရွာမှလူကြီးတချို့နှင့် လူငယ်အဖွဲ့တို့ ရောက်ရှိလာကာ အိမ်အောက်ထပ်တွင် အောက်လင်းဓာတ်မီး သုံးလေးလုံးထွန်းကာ ဝိုင်းဖွဲ့စကားပြောလျက် ရှိနေကြသည်ကို မြင်တွေ့ရသည်။

"လာဗျာ ကိုလှမောင်။ အိမ်ရှေ့ထွက်ထိုင်ကြရအောင်"

အိမ်ရှေ့ရှိ ပိန္နဲပင်ကိုပတ်၍ ရိုက်ထားသည့် ကွပ်ပျစ်လေးပေါ်ကျွန်ုပ်တို့နှစ်ယောက် ထိုင်လိုက်ကြသည်။ ထို့နောက် ကိုယ်စီကိုယ်ငဆေးတံနှင့်ဆေးပြင်းလိပ်ထုတ်ကာ မီးညှိဖွာရှိုက်လိုက်ကြလေသည်။

အတန်ငယ်ကြာတော့မှ ဦးစံထားက ကျွန်ုပ်အား…

"အမှုအခြေအနေကတော့ လယ်ပြင် ဆင်သွားသလို၊ အတော်လေးရှင်းနေသဗျ ကိုလှမောင်"

"ဟုတ်ကဲ့"

"ကျုပ် သိမ်ဇရပ်ဈေးထဲက ကိုဘကျော်ရဲ့ဆိုင်ကို ရောက်ခဲ့တယ်ဗျ။ သူတို့ပေးစရာရှိတဲ့ ငွေတစ်သောင်းကို မောင်ဝင်းမောင်နဲ့ ပေးလိုက်သတဲ့ဗျ။ အချိန်က ဆယ့်နှစ်နာရီလောက်မှာတဲ့။ မောင်ဝင်းမောင်နဲ့အတူ လူငယ်လေးတစ်ယောက်လည်း ပါလာသတဲ့။ ဂျင်းအင်္ကျီ အပြာလက်တို ဝတ်ထားသတဲ့ဗျ"

"ဒါဆို အဲဒီကောင်လေးဟာ တရားခံဖြစ်နိုင်ခြေ ရှိနေပြီပေါ့"

"ခုတော့ အဲဒီအတိုင်း ယူဆရတော့မလိုဘဲ ကိုလှမောင်"

"ဘာ့ကြောင့်များ ခုလို ရက်ရက်စက်စက် သတ်လိုက်ရတာလဲ ဦးစံထားရယ်။ လူ့အသက်တစ်ချောင်းဆိုတာ ရခဲလှတယ် မဟုတ်လားဗျ"

"လောဘဖက်လာရင် လူတွေဟာ ဘာကိုမှ မမြင်ကြတော့ဘူးဗျ



www.burmeseclassic.com

www.burmeseclassic.com



ကိုလှမောင်ရဲ့။ ကောင်လေးမှာက ရွှေဆွဲကြိုး၊ ရွှေလက်စွပ်၊ ရွှေလက်ပတ်ကြိုးတွေအပြင် ငွေသားကလည်း တစ်သောင်းတောင်ပါနေတော့ ဖောက်ပြန်ချင်စိတ်ရှိတဲ့သူ ဖောက်ပြန်ပြီပေါ့ဗျာ"

"ဒါဆို ဦးစံထား ဘယ်လိုစီစဉ်ထားလဲဗျ"

"ရွာက သူကြီးနဲ့အဖွဲ့ကို ကျုပ်မှာထားပြီးသားပါ။ မကြာခင် သူတို့ရောက်လာကြမှာပါ။ ကျုပ်တို့ အောင်ကျော့်အိမ်ကို သွားကြတာပေါ့"

"ကောင်းပါလေရဲ့။ စုံထောက်ကြီးရယ်။ အကွက်စေ့ပါဘိ"

ကျွန်ုပ်ပြောလို့မှ မဆုံးခင်မှာပင် ရွာသူကြီးမင်းနှင့် နောက်လိုက်နောက်ပါသုံးယောက်တို့ ရောက်ရှိလာကြကာ...

"ကျုပ်တို့ရောက်လာပါပြီ ဦးစံထား"

"ဒါဖြင့် အောင်ကျော့်အိမ် သွားကြတာပေါ့ဗျာ"

ကျွန်ုပ်တို့မှာ ရွာ၏မြောက်ဖျားတွင်ရှိသည့် အောင်ကျော့်အိမ်သို့ လျှောက်လာကြ၏။ အောင်ကျော်၏အိမ်ဝိုင်းမှာ အတော်လေးကျယ်ဝန်းသည်ကို ကျွန်ုပ်တွေ့ရ၏။

အိမ်က ခြေတံရှည်နှစ်ထပ်အိမ်၊ သွပ်မိုးပျဉ်ခင်းပျဉ်ကာ။

"ဗျို့... ဦးလှဘူး"

"ဦးလှဘူး"

"ဘယ်သူတွေလဲ"

"သူကြီးမင်း ဦးဒီပါနဲ့အဖွဲ့ပါ"

"လာ... လာ... ဝင်ခဲ့... ဝင်ခဲ့"

ကျွန်ုပ်တို့ အိမ်အပေါ်ထပ်သို့ တက်ရောက်လာကြသည်။ အိမ်ပေါ်တွင် အောက်လင်းမီးထွန်းထားသည်ကြောင့် လင်းထိန်လျက်ရှိနေပေသည်။

ထို အလင်းရောင်ဖြင့် စားပွဲတစ်လုံး၏ဘေးတွင် လူငယ်လေး





တစ်ယောက် ထိုင်နေသည်ကို လှမ်းမြင်ရ၏

ဆံပင်တိုတို၊ မျက်နှာလုံးလုံး၊ အသားညိုညို။

ဂျင်းအင်္ကျီအပြာရောင်လေးကို ဝတ်ဆင်ထား၏။ ထိုလူငယ်လေးမှာ အသက်ဆယ့်ရှစ်နှစ်ခန့် ရှိပုံရပြီး ကျွန်ုပ်တို့အား မြင်တွေ့သွားရာမှ မျက်နှာတစ်ချက် ပျက်သွားသည်ကို ကျွန်ုပ်သတိထားမိလိုက်၏။

ကျွန်ုပ်၏စိတ်တွင် ထိုလူငယ်လေးမှာ အောင်ကျော်ဖြစ်ရမည်ဟု ကျိန်းသေတွက်ဆနိုင်လေသည်။

"ဘာကိစ္စများပါလိမ့် သူကြီးမင်း"

ဦးလှဘူး ပြူးပြူးပျာပျာနှင့် လှမ်းမေး၏။

"ဟောဒီက စုံထောက်ကြီးဦးစံထားက ခင်ဗျားသား အောင်ကျော်ကို တွေ့ချင်တယ်ဆိုတာကြောင့်"

"ဘာကိစ္စများပါလိမ့်"

ဦးစံထားမှာ အောင်ကျော်၏မျက်နှာအား စူးစိုက်၍ကြည့်လိုက်ကာ...

"ကိစ္စက တခြားတော့မဟုတ်ပါဘူး။ ဒီကောင်လေးကို ပစ္စည်းတစ်ခု ပေးချင်လို့ပါ"

"ဗျာ"

"ကဲ... ရော့ဟော့ မောင်အောင်ကျော်။ မင်းရဲ့ ပီကျေဂျင်းရှပ်အင်္ကျီကြယ်သီး ပြုတ်နေတယ် မဟုတ်လား။ အဲဒါ ကျုပ်တွေ့လို့ ပြန်လာပေးတာ၊ ရော့..."

"ဟင်"

"အို... ဟို..."

အောင်ကျော်မှာ ထိုင်ရမလို၊ ထရမလို ဟန်ပန်မျိုးဖြင့် စကားတွေ ထစ်ထစ်ငေါ့ငေါ့ ထွက်၍လာသည်။

သူ၏မျက်နှာ မည်းညစ်၍သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ရဲရင် ခံရဲရမှာပေါ့ကွာ။ ယောကျ်ားပဲဟာ။ ဒီမယ် အောင်ကျော်၊ မင်း ဝင်းမောင်ကိုသတ်ပြီး သူ့ပစ္စည်းတွေ ယူခဲ့တယ် မဟုတ်လား"

"အို… မဟုတ်ဘူး။ မသတ်ဘူး"

"ဘာကွ"

"ဟုတ်… ဟုတ်ပါတယ်။ ကျွန်တော် မသတ်…မသတ်ဘူး၊ ဝင်းမောင်ကိုသတ်တာ ကျွန်တော် မဟုတ်ဘူး"

အောင်ကျော်မှာ လက်တကာကာဖြင့် ငြင်းဆန်လျက်ရှိသည်။ ဦးစံထားက ဆေးတံကို စားပွဲပေါ်သို့ပြန်ချလိုက်ကာ…

"ဒါဖြင့် ဝင်းမောင်ကိုသတ်တာ ဘယ်သူလဲ"

"ဦးလေး စိန်မောင်း"

"ဟင်"

"အို"

"ဟာ"

သူကြီးမင်းအပါအဝင် ရောက်ရှိနေသူအားလုံး တအံ့တသြ ဖြစ်၍ သွားကြ၏။

"ဦးလေးစိန်မောင်း ဆိုတာက… "

"ကျွန်တော့်အဖေ ဦးလှဘူးရဲ့ညီအရင်းပါ"

"ဒါဆို အဲဒီနေ့က အဖြစ်အပျက်ကို အမှန်အတိုင်း ပြောပြစမ်း မောင်အောင်ကျော်"

အောင်ကျော်သည် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီးလျှင်…

"ဟုတ်ကဲ့ ကျွန်တော် အဲဒီနေ့က ဝင်းမောင်ခေါ်တာကြောင့် သိမ်ဇရပ်ကို လိုက်သွားခဲ့ပါတယ်။ ဝင်းမောင်က အကြွေးတောင်းပြီးတာနဲ့ ဆိုင်တစ်ဆိုင်ဝင်ပြီး စားသောက်ပါတယ်။ ကျွန်တော့်ကိုလည်း အရက်တိုက်တာကြောင့် သောက်ဖြစ်ခဲ့တယ်။ အဲဒီလို သောက်ရင်းစား





ရင်းနဲ့ အချိန်ကုန်သွားပြီး သိမ်ဇရပ်ကနေ ရွာကိုမှောင်ရီပျိုးစလောက်မှာ ပြန်ခဲ့ကြပါတယ်။ ရွာအဝင် ကုက္ကိုပင်ကြီးအရောက် ကျွန်တော် ဗိုက်တအား နာလာတာကြောင့် ချုံစပ်ကို တောထိုင်သွားရပါတယ်။ ဝင်းမောင်စက်ဘီး ထောင်ပြီး ကျွန်တော့်ကို စောင့်နေတာပေါ့"

ကျွန်ုပ်တို့အားလုံးမှာ အောင်ကျော်၏ ပြောစကားထဲတွင် နစ်မျော နေကြလေသည်။

"ကျွန်တော့်ကိစ္စမပြီးခင်မှာ ဝင်းမောင်ဆီက ဆူညံသံတွေ ကြားရပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ပြောနေကြ တာပါ။ ဘယ်သူလဲဆိုတာ သိချင်ဇောနဲ့ ကျွန်တော် ကမန်းကတန်း ကိစ္စဖြတ်လိုက်ပြီး လျှောက်အလာမှာ ကျွန်တော့်ဦးလေးစိန်မောင်းဟာ ဝင်းမောင်ကို ကိုင်းခုတ်ဓားနဲ့ပိုင်းလိုက်ကာ တွေ့လိုက်ရပါတယ်"

"မလုပ်နဲ့ ဦးလေးစိန်မောင်း မလုပ်နဲ့"

"ဟာ… ဒီကောင် ဘာဝင်ရှုပ်တာလဲ။ အဆစ်ပါသွားချင်တယ် ထင်တယ်"

ကျွန်တော် ဆွဲပေမယ့်လည်း ဦးလေးစိန်မောင်းက ကျွန်တော့်ကို ခွတ်အတင်းတွန်းထုတ်ပြီး ဝင်းမောင်ကို ဓားနဲ့ဆက်ခုတ်ပါတယ်။ ဝင်းမောင်မှာ ပါသမျှတွေ ချွတ်ယူပေါ့။ ဦးလေးစိန်မောင်းက ကျွန်တော့် ကို…

"ဟောကောင် မင်းဒီကိစ္စကို မေ့ထားလိုက်။ ကြားလား သွား… သွား မင်းသွားတော့။ ငါ ဒီကောင်လေးအလောင်းကို ဖျောက်ဖျက်လိုက် ဦးမယ်"

အောင်ကျော်မှာ ပြော၍အပြီးတွင် အင့်ခနဲရှိုက်ငိုချလိုက်ပေ သည်။ သူကြီးမင်းဦးဒီပါနှင့် အဖွဲ့ဝင်များသည် လူသတ်မှုတရားခံ 'စိန်မောင်း'အား သိမ်ဇရပ်ဂါတ်တဲသို့ ညတွင်းချင်းပင် ဖမ်းဆီးပို့ဆောင် ပေးခဲ့ပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် စုံထောက်ကြီးဦးစံထားတို့မှာ မောင်ဝင်းမောင်၏ ရက်လည်ဆွမ်းသွတ်ပြီးမြောက်သည့်နေ့တွင် ရန်ကုန်သို့ ပြန်ခဲ့ကြလေသည်။

ရထားပေါ်တွင် ဦးစံထားက ကျွန်ုပ်အား...

"ဒီလိုပဲ ကိုလှမောင်ရေ။ တို့အလုပ်ကလည်း တစ်ခါတလေ ခုလို ရင်နင့်စရာလေးတွေနဲ့လည်း ကြုံရတတ်သဗျ။ စိတ်ပန်းလူပန်းဆိုတာ ဒါကိုခေါ်တာဖြစ်မယ် ကိုလှမောင်ရေ... "

ဟူ၍ ပြောချလိုက်ပါတော့သတည်း။ ။

* * *

## စုံထောက်ကြီးဦးစံထားနှင့် မာစတာကီးဝိဇ္ဇာမောင်

### အခန်း (၁)

တစ်နေ့သ၌ ကျွန်ုပ်၏မိတ်ဆွေ စုံထောက်ကြီးဦးစံထားသည် လန်ချားတစ်စီးပေါ်တွင် အကျအနထိုင်လျက်သားဖြင့် ကျွန်ုပ်၏ ဆေးခန်းရှေ့သို့ ရောက်ရှိလာသည်။

အချိန်မှာ နေ့လယ်နေ့ခင်းဖြစ်ရကား ကျွန်ုပ်နှင့် ခင်ခင်ကြီးတို့မှာ လက်ဖက်သုပ်တစ်ပန်းကန်၊ အကြမ်းအိုးတစ်အိုးဖြင့် ကျွန်ုပ်၏ ဆေးခန်းရှေ့တွင် ထိုင်နေကြလေ၏။

ကျွန်ုပ်မှာ ဦးစံထားအား မမျှော်လင့်သည့်အချိန်တွင် မြင်တွေ့လိုက်ရသည်ကြောင့် အံ့အားသင့်သွားရလေသည်။ အများအားဖြင့်လည်း ဦးစံထားမှာ ကျွန်ုပ်ထံသို့လာခဲကာ ကျွန်ုပ်ကသာ ဦးစံထား၏အခန်းသို့ သွားရောက်သည်က များလှပေ၏။

ဦးစံထား ယခုကဲ့သို့ မလာစဖူး၊ အလာထူးနေသည်ကြောင့် အမှုကိစ္စ အရေးကြီးနေပုံရ၏။

ဦးစံထားမှာ ရွှေဖလားရောင် ဘန်ကောက်ပုဆိုး မရမ်းစေ့ရောင်၊ ရင်စေ့အင်္ကျီနှင့် ပန့်ရှူးအညိုရောင်တို့ကို ဆင်ယင်ထား၏။ ခေါင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် လျှာထိုးဦးထုပ် အပြာလေးတစ်လုံးကို ဆောင်း၍ထားလေသည် ဆေးတံကိုလည်း အကျအနပင် ခဲ၍ထားလေရာ သူ၏အရုပ်အမော သူ၏ဥပဓိရုပ်နှင့် လွန်စွာမှပင် ကြည့်၍ကောင်းနေပေတော့သည်။

ကျွန်ုပ်၏ ဇနီးချော ခင်ခင်ကြီးက ကျွန်ုပ်အား အသာလက် လိုက်ကာ...

"ကိုကိုလှရေ... ဦးစံထားကြီး"

"ကိုယ်လည်းတွေ့ပါတယ် ခင်ရဲ့။ ဒီလူကြီး ဘာများ အရေးကြ လာတယ် မဆိုနိုင်ဘူး"

"အမှုကိစ္စ တစ်ခုခုအတွက် ခရီးထွက်စရာရှိလို့ ကိုကိုလှ လာခေါ်တာပဲ ဖြစ်မှာပေါ့"

"ဘာပဲဖြစ်ဖြစ်ပေါ့ ခင်ရယ်။ ကိုယ်, ဦးစံထားကို ထွက်ကြ ဆိုလိုက်ဦးမယ်"

"အိုင်ဆေးရေ...ဘယ့်နှယ်လဲ။ ဆိုင်းမဆင့်၊ ဘုံမဆင့်ပါပဲလားဗျ လာမယ်ဆိုလည်း နေ့လေးအေးမှလာရောပေါ့ဗျာ။ ကြည့်ပါဦး၊ နေပူ ထဲမှာ ခင်ဗျားမို့ လန်ချားစီးလာတယ် ဦးစံထားရယ်"

ဦးစံထားက လန်ချားခထုတ်ပေးလိုက်ပြီးလျှင် ကျွန်ုပ်၏ ဆေးခ လေးသို့ လျှောက်လာကြရင်း...

"ကိုလှမောင်ရယ်၊ နေပူတာ ဆန်းသလားဗျ။ သူ့အလုပ်သူ လုပ်တာလေဗျာ။ ကျုပ်ကလည်း ကျုပ်အလုပ် ကျုပ်လုပ်ရုံပဲပေါ့ ခင်ဗျားလည်း ကြားဖူးမှာပေါ့။ ပျင်းရိခြင်းခြောက်ပါးဆိုတာ နေပူတာတွေ မိုးရွာတာတွေကို ရမယ်ရှာမယ်ဆိုရင် ကျုပ်တို့အလုပ်တောင် လုပ်ကြရမ မထင်ဘူး ကိုလှမောင်"

"ဟုတ်တော့လည်း ဟုတ်ပါတယ် ဦးစံထား"

လျှောက်လာကြရင်း ကျွန်ုပ်၏ဆေးခန်းရှေ့သို့ ရောက်သည့်တွင် ခင်ခင်ကြီးက မတ်တတ်ထရပ်လိုက်ရာမှ...





"ဦးစံထား... ကြွပါရှင်။ ထိုင်ပါ လက်ဖက်မြည်းပါဦး။ ရေနွေး ကြမ်း သောက်ပါဦးရှင်"

"ထိုင်ဗျာ စုံထောက်ကြီး"

ကျွန်ုပ်၏ဇနီးဖြစ်သော ခင်ခင်ကြီးအား ဦးစံထားက ပြုံးရွှင်စွာ ဖြင့် နှုတ်ဆက်လိုက်၏။

"မခင်ခင်ကြီး နေကောင်းတယ်နော်"

"ဟုတ်ကဲ့ရှင့်"

ကျွန်ုပ်က ဦးစံထားအတွက် ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့၍ပေး လိုက်၏။ ဦးစံထားက လှမ်းယူလိုက်ရင်း...

"ခုလို နေပူပူမှာ ရေနွေးကြမ်းဟာ အလိုက်ဖက်ဆုံးပေါ့ဗျာ။ ကောင်းသဗျ"

"ဩော်...ခင်ရေ၊ ဦးစံထားအတွက် ကော်ဖီနဲ့ပေါင်မုန့်ယိုသုတ် သွားစီစဉ်လိုက်ပါဦးကွယ်"

"ကောင်းတယ် ကိုလှမောင်။ ကောင်းတယ်။ ကျုပ်တောင် ဆာလာသလိုလိုပဲ ဟင်း... ဟင်း"

ဦးစံထားမှာဆိုကဲ့သို့သော ပွင့်ပွင့်လင်းလင်း ရှိလှသူ ဖြစ်ပေ၏။ ခင်ခင်ကြီး ထွက်သွားတော့မှ ဦးစံထားက...

"ခင်ဗျားကတော့ ဒိမ်ပါပဲလား။ ကိုလှမောင်ရယ်"

"ဗျာ"

"ဟုတ်တယ်လေဗျာ။ ခုလို နေပူပူမှာ၊ အရိပ်အာဝါသအောက်မှာ ချစ်ကြင်သူလေးနဲ့ အေးအေးချမ်းချမ်း စားသောက်နေနိုင်တာဟာ နည်း နည်းနောနော ကုသိုလ်ထူးတာမှ မဟုတ်တာဘဲဗျာ"

"သိပ်လည်း ချီးကျူးမနေပါနဲ့ ကိုယ့်လူကြီးရယ်။ လူမှန်း နတ်မတာ ဖြစ်ပါလိမ့်မယ်ဗျာ"

ကျွန်ုပ်၏စကားအဆုံးတွင် နှစ်ယောက်သား ရယ်မောမိလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ထိုစဉ် ခင်ခင်ကြီး ငွေလင်ပန်းလေးကိုကိုင်ကာ ပြန်ရောက်လာပြီး...

"သုံးဆောင်လိုက်ပါဦး ရှင်"

"ဟုတ်ကဲ့ ခင်ခင်ကြီး"

စုံထောက်ကြီးဦးစံထားမှာ ကော်ဖီနှင့်ပေါင်မုန့်ယိုသုတ်ကို မြိန်မြိန်ရှက်ရှက် စားသောက်၍နေ၏။ ပြီးတော့ ဆေးတံကို မီးညှိ၍ ဖွာသည်။ ကျွန်ုပ်အား လာရင်းကိစ္စကိုမူ ပြောမပြသေး။ ထို့ကြောင့် ကျွန်ုပ်က မအောင့်အည်းနိုင်တော့ဘဲ...

"ဦးစံထား ကျုပ်ဆီရောက်လာခဲ့တာ အရေးကြီးတဲ့ အမှုကိစ္စရှိလို့လား ဦးစံထား"

ဦးစံထားမှ ခေါင်းကို ယမ်းခါ၍ ပြလိုက်ပြီးလျှင်...

"မှားလိုက်လေ ကိုလှမောင်ရယ်"

"ခင်ဗျာ"

"ဟုတ်တယ်ဗျ ကိုလှမောင်။ အခု ကျုပ်လာခဲ့တာဟာ ဘာအကြောင်းမှမရှိဘဲ တမင်သက်သက် လာခဲ့တာပါ။ ခင်ဗျားလည်း ပျောက်ချက်သားကောင်းနေတာ ကြာပြီမဟုတ်လားဗျ။ ခုရက်ပိုင်းမှာ အမှုလေးတွေကလည်း ပါးရှားနေလေတော့ ကျုပ်လည်း စိတ်ကူးပေါက်ပြီး ထွက်လာခဲ့တာဗျ။ ခင်ဗျားတို့တစ်တွေဟာ ကိစ္စရှိမှ သွားလာရမယ့်သူတွေမှ မဟုတ်ကြတာဘဲဗျာ"

"ဒါဆို စုံထောက်စာရေးဆရာကြီး မှားသွားပြီပေါ့ရှင်"

ကျွန်ုပ်အားကြည့်ကာ ခင်ခင်ကြီးက ခပ်သောသောလေး ဝင်၍ပြောလိုက်လေရာ ကျွန်ုပ်မှ ရှက်ပြုံး ပြုံးမိရချေသည်။

"ဒီလိုပဲပေါ့ ကိုလှမောင်ရယ်။ ကျုပ်တို့တစ်တွေဟာ တစ်ခါတလေမှာတော့ ထင်မြင်ယူဆချက်တွေ မှားတတ်ကြတာပဲပေါ့ဗျာ"

ဦးစံထားကကျွန်ုပ်အား ဖြေပြော၊ ပြောလိုက်ခြင်းဖြစ်၏။ ထို့





ကြောင့် ကျွန်ုပ်ကလည်း ရယ်ရယ်မောမောဖြင့်...

"မှားတဲ့အခါလည်း မှားပေမပေါ့ ဦးစံထားရယ်။ မဟုတ်ဘူးလား။ ဟဲ... ဟဲ... ဟဲ"

"ဟုတ်ပါ့ဗျာ။ ဟုတ်ပါ့"

ဦးစံထားရော ခင်ခင်ကြီးပါ ဝိုင်း၍ ရယ်မောလိုက်ကြခြင်းကြောင့် ကျွန်ုပ်တို့ဝိုင်းမှာ စိုစိုပြည်ပြည်လေးဖြစ်သွားလေသည်။

ထိုစဉ် ကျွန်ုပ်၏ဆေးခန်းရှေ့သို့ 'အော်စတင် အေဖော်တီး' ကားအနက်လေး ဂူးခနဲထိုးဆိုက်လာသည်ကို တွေ့လိုက်ကြရ၏။

"ဒါ စီအိုင်ဒီကကားပဲ ကိုလှမောင်။ စောစောက ခင်ဗျားပြောတဲ့အမှုကိစ္စက အခုမှပေါ်တော့မှာဗျ"

"ဟုတ်လား ဦးစံထား"

ကားပေါ်မှ လူရွယ်တစ်ဦး ဆင်းချလာသည်။ ထိုလူရွယ်မှာ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ လှိုင်းတွန့်ဆံပင်၊ ဥပဓိရုပ်ကောင်းကောင်းနှင့်ဖြစ်၏။ မီးခိုးနုရောင် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်၍ထား၏။

ထိုသူမှာ အင်းစိန်စီအိုင်ဒီမှ စုံထောက်ရန်ပိုင် ဖြစ်သည်ကို ကျွန်ုပ်သိရှိထားပြီးသား ဖြစ်၏။ စုံထောက်ကြီး ဦးစံထားအား ဘုရားတစ်ဆူ ဂူတစ်လုံးသဖွယ် ကိုးကွယ်နေသူဖြစ်ကာ အမှုကိစ္စများ လိုက်ပါရာတွင်လည်း ဦးစံထားနှင့်ပူးပေါင်းတတ်သူ ဖြစ်ပေသည်။

*(ကျွန်ုပ် ရေးသားပြီးခဲ့သည့် ဝတ္ထုဇာတ်လမ်းတချို့တွင် ဦးစံထားနှင့် စုံထောက်ရန်ပိုင်တို့ ပူးပေါင်းလျက် အမှုအခင်းများ လိုက်လံ ဖော်ထုတ်ပုံကို ရေးသားဖော်ပြပြီး ဖြစ်ပါသည်။ ထို့အပြင် စုံထောက်ရန်ပိုင်ကို အဓိက ဇာတ်ကောင်အဖြစ်ထားကာ လျှို့ဝှက်ဆန်းကြယ်ရုံထောက် လုံးချင်းဝတ္ထုများကိုလည်း ထုတ်ဝေတော့မည်ဖြစ်ကြောင်းကို၊ စာဖတ်ပရိသတ်ကြီးအား အလျဉ်းသင့်သောကြောင့် သတင်းပေးအပ်လိုက်ပါသည်။)*

**စာရေးသူ**



www.burmeseclassic.com

www.burmeseclassic.com



"ဟော... မောင်ရန်ပိုင်... လာ... လာ"

စုံထောက်ရန်ပိုင် ကျွန်ုပ်တို့ဆီသို့ လျှောက်လာဟန်မှာ လွန်စွာ အချိုးကျနကာ ကြည့်လို့ကောင်းလှပေသည်။ သူသည် ပြုံးရယ်လိုက်ရင်း...

"ဦးရဲ့အခန်းကို ရောက်ခဲ့သေးတယ်။ သော့ချိတ်ထားတာကြောင့် အန်ကယ်ဦးလှမောင်ဆီမှာ ရောက်နေလောက်တယ်ဆိုပြီး လိုက်လာခဲ့တာ ခင်ဗျ"

"တော်ပါပေတယ်၊ မောင်ရန်ပိုင်ရယ်"

ဦးစံထား ချီးကျူးလိုက်သည့်တွင် ရယ်မောနေလေ၏။

"နေကောင်းတယ်နော် ဒေါက်တာ"

ကျွန်ုပ်ဘက်သို့လှည့်၍လည်း နှုတ်ဆက်လိုက်သည်ကြောင့် ကျွန်ုပ်ကပြုံး၍ ခေါင်းညိတ်ပြလိုက်ရသည်။ တစ်ဆက်တည်းပင် ကျွန်ုပ်က ခင်ခင်ကြီးအား လက်ညွှန်၍ပြလိုက်ကာ...

"မောင်ရန်ပိုင် ဒါကျုပ်ရဲ့ဇနီး၊ ခင်ခင်ကြီးတဲ့။ ခင်ခင်ကြီး သူက စီအိုင်ဒီစုံထောက်ကလေး မောင်ရန်ပိုင်"

"ဟုတ်ကဲ့ခင်ဗျာ။ သိရတာ ဝမ်းသာပါတယ်"

"ကျွန်မကလည်း ဝမ်းသာပါတယ်ရှင်"

ကျွန်ုပ်တို့မှာ အာလွှာပ သလ္လာပ စကားများကို ပြောဆိုကြပြီးနောက် ဦးစံထားက ဆေးတံကိုလက်တစ်ဖက်ဖြင့် တစ်ခေါက်ခေါက်ခေါက်နေရာမှ...

"မောင်ရန်ပိုင်"

"ခင်ဗျာ"

"အမှုကိစ္စတစ်ခု ပေါ်နေပြီထင်ရဲ့၊ ဟုတ်စ"

"မှန်ပါတယ် ခင်ဗျာ။ အမှုကြီးလို့ခေါ်ရမယ့် သေမှုသေခင်းအမှုပါ ဦး..."





ကျွန်ုပ်က အသာနားထောင်လျက်ရှိပြီး ခင်ခင်ကြီးမှာ ထိုနေရာမှ အလိုက်တသိ ထ၍သွားလေ၏။

"အသေအချာ ပြောပြစမ်းပါဦး မောင်ရန်ပိုင်"

"ဒီလိုပါဦး။ ၃၂ လမ်း၊ အပေါ်ဘလောက်မှာရှိတဲ့ 'သီလသွင်းကုန်ထုတ်ကုန်ကုမ္ပဏီ'မှာ ကုမ္ပဏီပိုင်ရှင် ဦးသီလဟာ သူ့ရဲ့အလုပ်စားပွဲပေါ်မှာ မှောက်လျက်အနေအထားနဲ့ သေဆုံးနေပါတယ်။ ဦးသီလရဲ့ ဘယ်ဘက်နားတင်မှာကပ်ပြီး သေနတ်နဲ့ပစ်သွားတဲ့ အနေအထားမျိုးနဲ့ပါ။ ဒါကို မနက်ပိုင်း အလုပ်ဆင်းတဲ့ ဦးသီလရဲ့အတွင်းရေးမှူး မိန်းကလေးဖြစ်တဲ့ ခင်လှကြည်ကတွေ့ပြီး ပန်းဘဲတန်းဂါတ်ကို အကြောင်းကြားပါတယ်။ ဂါတ်တဲက ကျွန်တော်တို့ စီအိုင်ဒီကိုလှမ်းပြီး အကူအညီကောင်းတာကြောင့် ကျွန်တော်ရောက်ရှိသွားခဲ့တာပါ"

"ဟုတ်ပြီ မောင်ရန်ပိုင်"

ဦးစံထားက ဆေးတံကို ဆေးထပ်ဖြည့်ကာ မီးညှိ၍ဖွာရင်း ဆက်လက်နားထောင်နေလေသည်။ စုံထောက်ရန်ပိုင်က ခပ်ဖြည်းဖြည်းချင်း ပြောပြနေသည်။

"ကျွန်တော် သီလကုမ္ပဏီကိုရောက်သွားပြီး အခင်းဖြစ်နေရာကို အသေအချာ ကြည့်ရှုစစ်ဆေးခဲ့ပါတယ် ဦး။ ဦးသီလရဲ့ ဘယ်ဘက်လက်ထဲမှာ ၂၅ မမ ပစ္စတိုတစ်လက်ကို ကိုင်ထားလျက်သား တွေ့ရှိရပါတယ် ဦး။ စားပွဲပေါ်မှာလည်း စာတစ်စောင်ရေးထားတာကို တွေ့ရတာကြောင့် ကျွန်တော် သိမ်းလာခဲ့ပါတယ်။ ဟောဒီမှာ ပါ ဆရာကြီး"

စုံထောက်ရန်ပိုင်က စာရွက်လေးတစ်ရွက်ကို ထိုး၍ပေးလိုက်၏။ ဦးစံထားက သူ့အရင်ဖွင့်၍ ဖတ်လိုက်ပြီးနောက် ကျွန်ုပ်ဘက်သို့ လှမ်းပေးလိုက်၏။ ကျွန်ုပ်သိချင်ဇောဖြင့် ဖွင့်ဖတ်ကြည့်လိုက်၏။

**'သက်ဆိုင်ရာသို့'**

ဘေးကျပ်နံကျပ် အခက်အခဲပေါင်းစုံကို ဖြေရှင်းခြင်းငှာ မစွမ်း



www.burmeseclassic.com

www.burmeseclassic.com



သာတော့သောကြောင့် ကျွန်ုပ် လိုင်စင်ဖြင့်ကိုင်ဆောင်သော သေနတ်ဖြ ကျွန်ုပ်ကိုယ်ကျွန်ုပ် အသေပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း လက်မှတ်ရေ ထိုးထားခဲ့ပါသည်။

**'သီလ'**

သီလကုမ္ပဏီ၊ ၃၂လမ်း၊ ရန်ကုန်မြို

ကျွန်ုပ်က စာကို ဦးစံထားလက်သို့ ပြန်ထည့်ပေးလိုက်၏။

"သူ့အခန်းထဲမှာထားတဲ့ မီးခံသေတ္တာဟာ သော့ပွင့်လျက်ရှိပြ ငွေတွေအတော်များများ ပျောက်ဆုံးနေတဲ့အကြောင်းကို သူ့အတွင် ရေးမှူးမလေး ခင်လှကြည်က ပြောတာကြောင့် ကျွန်တော် သံသယ ဝင်သွားမိပါတယ် ဆရာကြီး။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ကိုယ်က 'ဆူဆိုက်'လုပ်သွားတာမှန်ရင် မီးခံသေတ္တာထဲကငွေတွေ ပျောက်ဆုံးမ အကြောင်းမရှိဘူးဆိုတာ တွေးမိလို့ပါဦး"

"ဒါဆို မောင်ရန်ပိုင်က မားဒါးကေ့စ် (လူသတ်မှု)လို့ ဆိုချင် တာပေါ့ ဟုတ်စ"

"မှန်ပါတယ် ဆရာကြီး"

ဦးစံထားမှာ ခေါင်းတညိတ်ညိတ်ဖြင့် လုပ်နေရာမှ...

"မောင်ရန်ပိုင် တွေးတာဖြစ်နိုင်ပါတယ်လေ"

"ဟုတ်ကဲ့ခင်ဗျ။ ဒါ့ကြောင့် ကျွန်တော် မင်းကြီးကိုတင်ပြပြ ဦးရဲ့အကူအညီကို လာရောက်တောင်းခံတာပါ"

"ကောင်းပြီလေ မောင်ရန်ပိုင်ဆိုတော့လည်း ကျုပ်က မငြင်းသာ ပေဘူးပေါ့။ ဒါဖြင့် ကျုပ်တို့ အခင်းဖြစ်နေရာကို သွားကြစို့ရဲ့"

"ဟုတ်ကဲ့ပါ ဦး"

"ကိုလှမောင် ခင်ဗျားလည်း လိုက်ခဲ့ပေါ့ဗျာ"

"ဟုတ်ကဲ့ပါ ဦးစံထား"

ထို့နောက် ကျွန်ုပ်တို့နှစ်ယောက်မှာ စုံထောက်ရန်ပိုင် မောင်းနှင် သည့် ကားကလေးဖြင့် ထွက်ခွာလာခဲ့ကြပါသတည်း။

*  *  *



## အခန်း (၂)

အလောင်းမှာ အတော်ပင် ရုပ်ပျက်ဆင်းပျက်ဖြစ်၍နေလေသည်။ ဦးနှောက်ဖြူဖြူတချို့မှာ စားပွဲပေါ်တွင် ဟိုတစ်စသည်တစ်စဖြင့် ကြဲပြန့် လျက်ရှိ၏။

ဦးသီလဆိုသူမှာ အသက်အရွယ်ငါးဆယ်ခန့်ဟု ခန့်မှန်းရမည် ဖြစ်ပြီး ခန္ဓာကိုယ်အချိုးအဆက် တောင့်တင်းကြံ့ခိုင်ပုံလည်း ရလေသည်။

ပိုးပုဆိုးအဝါနုနှင့် ကော်လံကတုံးရှပ်အင်္ကျီအဖြူကို ဝတ်ဆင်ထား သည်။ အင်္ကျီအဖြူမှာ သွေးတွေဖြင့် ရွှဲရွှဲစိုနေတော့သည်။

"ကျွန်တော် ဦးတို့ကြည့်ရှုခွင့်ရအောင်လို့ အလောင်းကို မသယ် နိုင်းသေးတာပါ ဦး"

"ကောင်းတယ် မောင်ရန်ပိုင်"

အခန်းထဲတွင် ပုလိပ်စာသင်သားလေးနှစ်ယောက် စောင့်ကြပ် လျက်ရှိသည်ကို တွေ့ရှိရ၏။ စုံထောက်ကြီးဦးစံထားမှာ မှန်ဘီလူးကို လက်တစ်ဖက်မှကိုင်ရင်းဖြင့် ဦးသီလ၏အလောင်းကို ချစ်သူရည်းစား အား မမိုတ်မသုန် ကြည့်ရှုသကဲ့သို့ အသေအချာ ကြည့်ရှုနေလေသည်။

အတန်ငယ်ကြာတော့မှ အခန်းထောင့်တွင်ရှိသည့်မီးခံသေတ္တာ ကြီးကို ဦးစံထား သွားရောက်၍ကြည့်ရှုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒီအထဲမှာတော့ စာချုပ်စာတမ်းတွေ၊ ငွေစုလက်မှတ်တွေ ပါလား မောင်ရန်ပိုင်ရဲ့။ ငွေတွေကလည်း ဖရိုဖရဲ ဖြစ်နေတယ်။ ကြည့်ရတာ မသယ်နိုင်တော့လို့ ကျန်နေခဲ့တဲ့ပုံပဲဗျ"

"ဟုတ်ကဲ့ဆရာကြီး"

"ရပါပြီ မောင်ရန်ပိုင်။ အလောင်းကို သယ်နိုင်းလိုက်ပါတော့"

ကျွန်ုပ်တို့သည် ထိုအခင်းဖြစ် အခန်းထဲမှထွက်လာခဲ့ကြ၏။ ကျွန်ုပ်၏စိတ်ထဲတွင် အနိဋ္ဌာရုံမြင်ကွင်းကို ကြည့်ရှုခဲ့ရသည်ကြောင့် စိတ်နှလုံးမသာမယာ ဖြစ်၍နေလေသည်။

"မောင်ရန်ပိုင်ရေ၊ ကျုပ်ကို ခင်လှကြည်နဲ့ တွေ့ပေးဖို့လုပ်ပါဦး"

"ဟုတ်ကဲ့ပါ ဦး"

"သီလ ကုမ္ပဏီမှာ နည်းနည်းနှင့်ကျဲကျဲ နိုင်းထားပုံရ၏။ ဝန်ထမ်းဟူ၍ မည်မည်ရရ မတွေ့ရှိရဘဲ အခန်းအပြင်ဘက်တွင် စားပွဲ တစ်လုံးတွင်ထိုင်၍ အလုပ်လုပ်လျက်ရှိသည့် မိန်းကလေးတစ်ဦးသာလျှင် မြင်တွေ့ရပေသည်။

"အဲဒါ ခင်လှကြည်ပဲ ဦး"

စုံထောက်ရန်ပိုင်က ထိုစားပွဲသို့ ဦးဆောင်၍သွားကာ ကျွန်ုပ်တို့နှင့် မိတ်ဆက်၍ပေးလိုက်ပေသည်။

"မခင်လှကြည်၊ ဒါ နာမည်ကျော် စုံထောက်ကြီးဦးစံထားပဲ။ မခင်လှကြည်ကို အမှုနဲ့ပတ်သက်ပြီး နည်းနည်းပါးပါး မေးချင်လို့ မခင်လှကြည်"

"ဟုတ်ကဲ့ပါရှင်။ မေးနိုင်ပါတယ်။ ကျွန်မ သိသမျှ ဖြေပါ့မယ်ရှင်"

"ကောင်းပြီလေ"

ဦးစံထားက ခင်လှကြည်၏ စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး…

"ကလေးမ ဒီမှာ အလုပ်ဝင်တာ ကြာပြီလား"





"ဟုတ်ကဲ့ရှင့်။ တစ်နှစ်တော့ ကျော်ခဲ့ပြီရှင့်"

ခင်လှကြည်မှာ ရုပ်ရည်အသင့်အတင့်၊ ကိုယ်ခန္ဓာအချိုးအဆက် ကျကျဖြင့်ဖြစ်ပြီး ပြင်တတ်ဆင်တတ်သည်ကြောင့် လှပကြော့ရှင်း၍ နေသည်ကို ကျွန်ုပ်မြင်တွေ့ရ၏။

ကျွန်ုပ်နှင့်စုံထောက်ရန်ပိုင်တို့က ဘေးမှာရပ်လျက် ရှိနေကြ၏။ ဦးစံထားက မေးခွန်းများကို တရစပ် မေး၍နေလေသည်။

"ဒါဆို ဦးသီလနဲ့ အတော်လေးရင်းနှီးမှု ရှိခဲ့မှာပေါ့နော်။ မခင်လှကြည်"

ထိုမေးခွန်းကို သူမက ချက်ချင်းမဖြေသေးဘဲ ခေတ္တတုန့်ဆိုင်းနေပြီးမှ…

"ဟုတ်ကဲ့ဦး၊ ရင်းနှီးမှုရှိတယ်လို့တော့ ဆိုနိုင်ပါတယ်"

"ကောင်းပြီလေ၊ ဦးသီလရဲ့အကြောင်း မိန်းကလေးသိသလောက် ပြောပြပေးပါဦး"

ဦးစံထား ဆေးတံကိုကောက်ဖွာသည်။

"ကျွန်မသိသလောက် ပြောရမယ်ဆိုရင် ဦးသီလဟာ စည်းကမ်း ကလနားရှိတဲ့ သူတစ်ယောက်ပါ။ ကျွန်မကိုပေးတဲ့ လခကလည်း မနည်းလှပါဘူးရှင့်။ ဒီအပြင် ဘောနပ်စ်တွေ၊ ဘာတွေလဲအပိုဆောင်းပေး ပါသေးတယ်"

"သူ့မှာ အိမ်ထောင်တွေ၊ ဘာတွေကော ရှိလား"

"ကျွန်မ ဒီကုမ္ပဏီကို ရောက်ကတည်းက သူဟာ သူ့ရုံးခန်းထဲမှာပဲ နေတာ တွေ့ရပါတယ်"

"ဟုတ်ပြီ မိန်းကလေး။ ဦးသီလရဲ့လုပ်ငန်းကကော ပြောပါဦး"

"သူက နိုင်ငံခြားက အဝတ်အထည်တွေ ဆေးပစ္စည်းတွေကို တင်သွင်းပြီး ဒီမှာပြန်ရောင်းတဲ့အလုပ်ပါ။ တစ်ခါတလေလည်း ဒီမှာပဲ အချိုအချောင်ပစ္စည်းတွေ လိုက်ဝယ်ပြီး အမြတ်နဲ့ပြန်ရောင်းတတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"အချိုအချောင်ပစ္စည်းဆိုတာကရော မိန်းကလေး"

"ရှေးဟောင်းပစ္စည်းတို့၊ လေလံပစ္စည်းတို့တွေပါ။ အဲဒီအလုပ်ကိုတော့ ဦးသီလက သူရဲ့မိတ်ဆွေတစ်ယောက်ကို နိုင်းတတ်ပါတယ်"

"ဟုတ်လား၊ ဒီလူက ဘယ်သူတဲ့လဲ"

"ကိုမြင့်စိန်တဲ့ ရှင့်"

"မခင်လှကြည်နဲ့ ကိုမြင့်စိန်တို့ကရော ရင်းနှီးကြပါသလား"

"တစ်ကုမ္ပဏီထဲမှာ အတူလုပ်ကြတာဆိုတော့ ရင်းနှီးတယ်လို့ ပြောနိုင်ပါတယ် ဦး။ ပြီးတော့ ကိုမြင့်စိန်က သဘောလည်း အင်မတန်ပြည့်တဲ့သူပါ။ သူလခထုတ်တဲ့နေ့တို့၊ ဦးသီလဆီက ဘောက်ဆူးရတဲ့နေ့တွေမှာဆိုရင် ကျွန်မကို လိုက်ကျွေးတာတို့၊ ရုပ်ရှင်ပြတာတို့တွေလည်း လုပ်တတ်တယ်ရှင့်။ ဩော်...မေ့လို့ ကျွန်မနဲ့ကိုမြင့်စိန်တို့ မနေ့ညက တောင် ဂလုပ်ရုံမှာ ရုပ်ရှင်ကြည့်ကြသေးတယ်"

"ဟုတ်လား ခင်လှကြည်"

ဦးစံထားက စုံထောက်ရန်ပိုင်အား ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်ကို ကျွန်ုပ်တွေ့လိုက်ရ၏။

"ဘယ်နှနာရီပွဲ လဲ မိန်းကလေး"

"ည ကိုးနာရီခွဲပါ"

"ဩော်"

"ဟော"

ထိုစဉ် တံခါးပေါက်ဝမှာ လူတစ်ယောက်ဝင်လာသည်ကို ကြည့်ပြီး ခင်လှကြည်ထံမှ အာမေဋိတ်တစ်ခွန်း ထွက်ပေါ်လာသည်ကို ကြားလိုက်ရပေသည်။

"ဦးရှင့်၊ အဲဒီလူဟာ ကိုမြင့်စိန်ဆိုတာပါပဲ"

ထိုသူသည် ကုမ္ပဏီရုံးခန်းသို့ ဝင်ရောက်လာရာမှ ကျွန်ုပ်တို့





အုပ်စုအား ရုတ်တရက်မြင်တွေ့သွားရာ ဖျတ်ခနဲ ခြေလှမ်းတုံ့ သွားသည်ကို သတိထားမိလိုက်၏။

စုံထောက်ကြီးဦးစံထားက အသံသြဇာပြည့်ဝစွာဖြင့်....

"ဝင်သာဝင်လာခဲ့ပါ ကိုမြင့်စိန်။ ကျုပ်တို့ ခင်ဗျားကိုစောင့်မျှော်နေကြပါတယ်ဗျာ"

ထိုကဲ့သို့ ရုတ်တရက်ပြောလိုက်သည့် ဦးစံထား၏ ဉာဏ်ရည်ဉာဏ်သွေးကို ကျွန်ုပ်၏စိတ်မှာ ကျိတ်၍ချီးကျူးမိလိုက်၏။

ထိုသူသည် ပျက်ယွင်းမလိုလို ဖြစ်သွားသည့်မျက်နှာကို ပြင်လိုက်ပြီးလျှင် ခင်လှကြည်စားပွဲရှိရာသို့ ဣန္ဒြေမပျက် လျှောက်၍လာလေသည်။

ကိုမြင့်စိန်ဆိုသူမှာ အသားခပ်ညိုညို၊ အရုပ်အမောင်း ကောင်းကောင်းနှင့် ဖြစ်၏။ မျက်နှာတွင် ကျောက်ပေါက်မာသဲ့သဲ့ရှိပြီး ရုပ်ရည်မှာ မိုက်တီးမိုက်ကန်းနိုင်လှသည်ဟု ကျွန်ုပ်မှတ်ချက်ပြုလိုက်ပေသည်။

သူသည် ကျွန်ုပ်တို့အား လုံးဝအရေးမစိုက်ဟန်ဖြင့် ခင်လှကြည်ထံ တန်းတန်းမတ်မတ် လျှောက်၍လာကာ...

"မခင်လှကြည်၊ ဘာတွေဖြစ်နေကြတာလဲ ဟင်"

"အစ်ကိုကြီး ဦးသီလရော၊ သူ့အခန်းထဲမှာပဲလား"

"အစ်ကိုမြင့်စိန် ဘာမှမသိသေးဘူးလား"

"ဟင်"

"ဦးသီလ သူ့ကိုယ်သူ သတ်သေသွားပြီ"

"ဦးသီလ သတ်သေသွားပြီ ဟုတ်လား"

"ဟုတ်တယ် အစ်ကိုမြင့်စိန်။ ဟောဒီကပုဂ္ဂိုလ်တွေဟာ စုံထောက်ကြီးတွေပဲ။ အမှုကိစ္စနဲ့ပတ်သက်ပြီး ရောက်လာကြတာ အစ်ကိုမြင့်စိန်"

"ဩော်... အဖြစ်ဆိုးလှချည်လား အစ်ကိုကြီးရယ်"

ကိုမြင့်စိန်က ခေါင်းတခါခါ၊ လည်တခါခါဖြင့် ပြောလိုက်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကြီးဦးစံထားက မြင့်စိန်၏မျက်နှာအား စေ့စေ့ကြည့်လိုက်ကာ...

"ဟောကောင် မြင့်စိန်"

"ဗျာ"

"မင်း ငါ့ကို သိလား"

မြင့်စိန်က ခေါင်းကိုခါယမ်း၍ ပြလိုက်၏။

"မသိရင် မှတ်ထား။ ကျုပ်က စုံထောက်ကြီးဦးစံထားပဲ"

"ဗျာ"

မြင့်စိန်၏မျက်နှာ ချက်ချင်းပင်ပျက်ယွင်း၍သွား၏။ ဦးစံထားမှာ ခေါင်းတညိတ်ညိတ်ဖြင့်...

"သြော်... မြင့်စိန်... မြင့်စိန် ငါဘယ်သူများလဲလို့ကွာ။ တကယ်တော့ မင်းကနာမည်တွေ၊ ဘာတွေ ပြောင်းထားတာကိုးကွ။ ဟား... ဟား ... ဟား၊ တကယ်တော့ မင်းဟာ မာစတာကီးစိန်မောင်ပဲကွ။ ဟား... ဟား... ဟား"

စုံထောက်ရန်ပိုင်ရော၊ ကျွန်ုပ်ပါ ဦးစံထားပြောစကားကြောင့် လွန်စွာ အံ့အားသင့်၍ သွားကြ၏။ ခင်လှကြည်မှာ ပါးစပ်လေးဟောင်းလောင်းပွင့်၍ သွားလေ၏။

"ဟုတ်ပါတယ် ခင်ဗျာ။ ကျွန်တော် စိန်မောင်ပါ။ မြေအောက်လောကမှာတော့ ဝိဇ္ဇာမောင်လို့ ခေါ်ကြတယ် ဆရာကြီး"

"ငါ သိထားပြီးသားပါကွ။ နို့ နေပါဦး။ မင်း ဟိုတစ်လောက မဂိုလမ်း (ယခု ရွှေဘုံသာလမ်း)က စိန်ဘာဘူတိုက် ဖောက်ထွင်းမှုနဲ့ အထဲဝင်သွားခဲ့သေးတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး။ အခု ရက်မစေ့သေးဘဲနဲ့ ဆဌသင်္ဂါယနာတင်ပွဲ အထိမ်းအမှတ်နဲ့ လွတ်လာခဲ့တာပါ"

"သြော်..."





ဦးစံထားမှာ ဆေးတံကို ကောက်ဖွာရှိုက်လိုက်ပြီးမှ...

"မင်း ဒီကိုရောက်တာ ကြာပြီလား"

"လပိုင်းလောက် ရှိပါသေးတယ်"

"ဦးသီလနဲ့က ဘယ်တုန်းက သိကျွမ်းခဲ့ကြတာလဲ"

မြင့်စိန်ခေါ်၊ စိန်မောင်ခေါ် ဝိဇ္ဇာမောင်သည် စဉ်းစားသလို တစ်ချက်လုပ်လိုက်ပြီးမှ...

"လေးငါးနှစ်တော့ ရှိခဲ့ပြီဆိုပါတော့ ခင်ဗျာ။ ဦးသီလဟာလည်း တစ်ချိန်တုန်းကတော့ ကျွန်တော်တို့လို မြေအောက်လောကသားတစ်ဦးပါပဲ"

"ဟန်ကျသကွာ။ သူတော်ချင်းချင်း၊ သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြတာပေါ့၊ ဟုတ်စ"

"ဟုတ်ကဲ့၊ ဆိုနိုင်ပါတယ် ဆရာကြီး"

"မနေ့က ဦးသီလနဲ့တွေ့သေးလား ဝိဇ္ဇာမောင်"

"ဟုတ်ကဲ့၊ မနေ့က တစ်မနက်ခင်းလုံး လေလံကိစ္စနဲ့ ကျွန်တော်သွားနေရတာကြောင့် ညနေဘက်မှ ကုမ္ပဏီကိုပြန်ရောက်ပါတယ်။ ဦးသီလကို သူ့ရဲ့ရုံးခန်းထဲမှာ ကျွန်တော်တွေ့ရပါတယ်။ သူ့ကို လုပ်ငန်းကိစ္စ ပြောပြအစီရင်ခံပြီး ကျွန်တော်ထွက်လာခဲ့ပါတယ်"

"အဲဒါ ဘယ်အချိန်လောက်လဲ ဝိဇ္ဇာမောင်"

"ညနေ ငါးနာရီသာသာလောက်မှာပါ"

ဦးစံထားက ဝိဇ္ဇာမောင်၏မျက်နှာကို တစ်ချက်စူးစိုက်၍ ကြည့်လိုက်ပြီး...

"ဒါဖြင့် မင်း အိမ်ပြန်သွားခဲ့တယ်ပေါ့"

မြင့်စိန်ခေါ်၊ စိန်မောင်ခေါ် ဝိဇ္ဇာမောင်သည် အနည်းငယ် [illegible] ဆိုင်းတုံ့ဆိုင်း ဖြစ်သွားပြီးမှ...

"မ... မဟုတ်ဘူး ဆရာကြီး။ ကျွန်တော် ခင်လှကြည်ကို



www.burmeseclassic.com

www.burmeseclassic.com



တရုတ်တန်းဘက် ထမင်းလိုက်ကျွေးပါတယ်"

"ဪ"

"ပြီးတော့ကော စိန်မောင်"

"ဂလုပ်ရုံက ကားကို ည ကိုးနာရီခွဲပွဲ ကြည့်ကြပါတယ်"

"ခင်လှကြည်နဲ့ပဲလား"

"ဟုတ်ကဲ့၊ ဪ... ဟောဒီမှာ လက်မှတ်တွေတောင် ပါလာပါသေးတယ်"

စိန်မောင်က ရုပ်ရှင်ဖြတ်ပိုင်းနှစ်စောင်ကို ဦးစံထားသို့လှမ်းပေးလိုက်၏။

ဦးစံထားက အရေးမပါဟန်ဖြင့် လှမ်းယူလိုက်ကာ လက်မှာ အသာကိုင်ထားရင်း...

"အားလပ်ချိန်ပေးတော့ မင်းဘယ်သွားသေးလဲ ဝိဇ္ဇာမောင်"

"ဗျာ"

*(ထိုစဉ်ကာလက ရုပ်ရှင်ကားများပြသရာတွင် 'အားလပ်ချိန် ENTERVALအဖြစ် ဆယ်မိနစ်ခန့် အနားပေးသည့်အလေ့ ရှိခဲ့ပါသည်။* **စာရေးသူ***)*

ဝိဇ္ဇာမောင်က ခင်လှကြည်အား ဖျတ်ခနဲလှမ်းကြည့်လိုက်သည်ကို ကျွန်ုပ်တွေ့လိုက်ရသည်။

စုံထောက်ရန်ပိုင်မှာမူ ဂလေစီယာစီးကရက်ကို တစ်လိပ်ပြီး တစ်လိပ် ထုတ်ဖွာရင်း ဦးစံထား၏စစ်ဆေးမှုများကို အသေအချာ ကြည့်ရှုလျက် ရှိနေပေသည်။

"ကျုပ်မေးတာကို ဖြေပါ။ ဝိဇ္ဇာမောင်"

"အားလပ်ချိန်ပေးတဲ့အခိုက်မှာ ခင်လှကြည်ကို ခဏထားခဲ့ပြီး ကျွန်တော် အိုးရီးရင့်ဟိုတယ်မှာ ဝီစကီသုံးလေးပက် သွားသောက်လိုက်ပါတယ်"





"ပြန်ရောက်တော့ကော"

"ရုပ်ရှင် စပြခါစပဲ ရှိပါသေးတယ် ခင်ဗျ"

အိုးရီးရင့်ဟိုတယ်မှာ ဂလုပ်ရုံနှင့် မလှမ်းမကမ်းတွင် ရှိလေသည်။

"မင်းက ကြာလှချည်လား ဝိဇ္ဇာမောင်ရဲ့။ အရက်လေး လေးပက်လောက်သောက်တာ ဆယ်မိနစ်တောင် ကြာရသလားကွာ"

"ကျွန်တော်က အချိန်နည်းနည်း ဆွဲသောက်တဲ့အကျင့်ရှိပါတယ် ဆရာကြီး"

"ထားပါလေ"

ဦးစံထားမှာ မျက်လုံးအစုံကို မှေးစင်းလျက်သားဖြင့် ဆေးတံကို ဖိ၍ဖွာကာ တစ်စုံတစ်ခုအား အလေးအနက် စဉ်းစားနေဟန်ရှိလေ၏။

ပါးစပ်မှလည်း 'ဟုတ်ပြီ' 'အင်း' 'ဒါပေါ့' စသဖြင့် အသံထွက်ပေါ်လျက် ရှိနေ၏။ အတော်လေးကြာတော့မှ မျက်လုံးပြန်၍ဖွင့်လိုက်ပြီးလျှင်...

"မောင်ရန်ပိုင်"

"ခင်ဗျာ ဆရာကြီး"

"ကျုပ် စောစောလေးက စိတ်ကူးထဲမှာတင် ဂလုပ်ရုံကနေ ဟောဒီ 'သီလကုမ္ပဏီ'ကို ခပ်သွက်သွက် လျှောက်လာတယ်။ ပြီးတော့ ဂလုပ်ရုံကို ပြန်လျှောက်ကြည့်တယ် မောင်ရန်ပိုင်။ အဲဒါ ကြာသောင်းချိန် ဘယ်လောက်ရှိနိုင်မယ်လို့ မောင်ရန်ပိုင်ယူဆလဲ၊ တွက်ဆလဲ"

စုံထောက်ရန်ပိုင်သည် အတွေးအခေါ်ရှိသော လူရွယ်တစ်ယောက် ဖြစ်ပေရာ ဦးစံထား၏ ပြောလိုက်သည့်စကားအပေါ်တွင် အရိပ်ပြ အကောင်မြင်သွားပုံရပြီး မျက်နှာချက်ချင်းဝင်းလက်၍ သွားရာမှ...

"ဟာ... ဆရာကြီး။ ကျွန်တော် သိပြီ။ ကျွန်တော် သိပြီ"

ဟု ပြန်ပြောလိုက်ပေသည်။

"ကျုပ် မေးတာကို ဖြေပါဦး မောင်ရန်ပိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာကြီး။ ဂလုပ်ရုံနဲ့ ဒီသီလကုမ္ပဏီဟာ ဘာဆေးလို့လဲ ခင်ဗျာ။ ခြေလှမ်းသွက်သွက်လှမ်းရင် အလွန်ဆုံးကြာမှ အသွားအပြန်ကို ခြောက်မိနစ်၊ ခုနစ်မိနစ်လောက်ပေါ့"

"ဟုတ်ပြီ မောင်ရန်ပိုင်။ ဟုတ်ပြီ"

ဦးစံထားက လက်ဖျောက်တစ်ချက် တီးလိုက်ပြီး မာစတာကီး ဝိဇ္ဇာမောင်အား စေ့စေ့ကြည့်ကာ...

"ကဲ...မင်း ဝန်ခံပေတော့ ဝိဇ္ဇာမောင်ရေ"

"ဗျာ"

မြင့်စိန်ခေါ်၊ စိန်မောင်ခေါ်၊ ဝိဇ္ဇာမောင် ပြူးပြူးပျာပျာ ဖြစ်၍ သွားဏ်။

စုံထောက်ကြီးဦးစံထားက သူ့အား ပြောင်လှောင်သောအပြုံးမျိုးဖြင့် ကြည့်၍နေလေသည်။ ပြီးတော့မှ...

"မောင်ရန်ပိုင်"

"ခင်ဗျာ"

"ဝိဇ္ဇာမောင်ကို လက်ကောက်ဝတ်ပေးလိုက်ပါကွာ"

"ဟုတ်ကဲ့ ဆရာကြီး"

စုံထောက်ရန်ပိုင်က သွက်လက်စွာဖြင့် ဝိဇ္ဇာမောင်အား လက်ထိတ်ခတ်လိုက်လေတော့သည်။

ကျွန်ုပ်မှာ ဃဂနဏ နားမလည်နိုင်သေး...။

သို့ရာတွင် စုံထောက်ကြီး ဦးစံထားကတော့ ဝိဇ္ဇာမောင်အား တရားခံအဖြစ် သတ်မှတ်ကာ ဖမ်းဆီးလိုက်ပြီဖြစ်တော့သည်။

* * *

## အခန်း (၃)

"ခင်ဗျားတို့ ဒီလိုတော့ မတရားမလုပ်ကြနဲ့။ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ လက်ထိတ်ခတ်ရတာလဲ။ ခုချက်ချင်းဖြုတ်ပေး။ ကျွန်တော် သည်းညည်းမခံနိုင်တော့ဘူး"

"ဟား... ဟား... ဟား... ဟား ဝိဇ္ဇာမောင်... ဝိဇ္ဇာမောင်။ ဒါမျိုးတွေ ရိုးနေပါပြီကွာ။ ဟား... ဟား... ဟား"

စုံထောက်ကြီး ဦးစံထားက ရယ်မောရင်းဖြင့် ပြောဆိုနေလေသည်။

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ။ ဦးစံထားရဲ့"

"လူသတ်မှုလေကွာ"

"ဗျာ"

"ဟုတ်တယ် ဝိဇ္ဇာမောင်။ ဦးသီလကို သေနတ်နဲ့ပစ်သတ်ပြီး မီးခံသေတ္တာထဲကငွေတွေ မသွားတဲ့ အမှုနဲ့၊ လူသတ်၊ လုယက်မှု၊ ဖောက်ထွင်းမှုပေါ့ကွာ။ ဒီမယ် ဝိဇ္ဇာမောင် မင်းဟာ အကွက်ချ ကြံစည်တတ်တယ် ...ဆော့လာသိရှိထားပြီးသား။ ပြီးတော့ ဒီ မီးခံသေတ္တာမျိုးဟာ ...ည်း အင်မတန်ဖွင့်ရခက်ခဲလှတဲ့ အင်္ဂလန်အာမခံသေတ္တာကွ။ ဖွင့်နိုင် ...တဲ့သူဟာ ဝိဇ္ဇာမောင်ဆိုတဲ့ မာစတာကီးကလွဲလို့ ဘယ်သူဖြစ်ရဦး... လဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးစံထား၏စကားကြောင့် ဝိဇ္ဇာမောင်၏ မျက်နှာကွက်ခန် ပျက်ယွင်းသွားကာ ခေါင်းငိုက်စိုက်ကျ၍ သွားပေသည်။

စုံထောက်ရန်ပိုင်က ဂလေစီယာစီးကရက်ကို ဖွာရှိုက်လျက် ဖြင့်...

"အမှန်အတိုင်း ဝန်ခံပါ ဝိဇ္ဇာမောင်။ စုံထောက်ကြီးဦးစံထား က တရားခံဖော်ထုတ်တဲ့နေရာမှာ လွဲချော်သွားတယ်ဆိုတာ မရှိခဲ့ဖူး ပါဘူး။ တကယ်တော့ ခင်ဗျားဟာ ဦးသီလကို ကိုယ့်ကိုယ်ကို သတ်သေ သွားတဲ့ပုံမျိုးဖြစ်အောင် ဖန်တီးထားခဲ့တာပဲ မဟုတ်လား"

"အစစ်ပေါ့ မောင်ရန်ပိုင်။ ကျုပ်ဟာ ဦးသီလထားခဲ့တယ်ဆို တဲ့ လက်ရေးနဲ့စာကို အသေအချာ ကြည့်ရှုစစ်ဆေးပြီးပါပြီ။ တကယ်တော့ အဲဒီလက်ရေးဟာ ခင်လှကြည်ရဲ့လက်ရေးနဲ့ တထေရာတည်း တူနေ တာ ကျုပ်မြင်ထားပြီးသား"

"ဟင်"

ဦးစံထားက အတွင်းရေးမှူး ခင်လှကြည်အား လှမ်းကြည့်ကာ...

"မိန်းကလေး၊ ဦးသီလဟာ စာမတတ်ဘူးမဟုတ်လား။ စာတွေ လက်မှတ်တွေကို မင်းပဲရေးပေးရတာပဲ။ မဟုတ်လား"

ခင်လှကြည်မှာ ခေါင်းကလေးညိတ်ပြလိုက်ရာမှ...

"ဟုတ်ပါတယ် စုံထောက်ကြီးရှင့်"

"ဒါဖြင့် ဒီစာကို ဘယ်သူရေးပေးခဲ့တာလဲ။ မခင်လှကြည် မင်းလား"

ခင်လှကြည် ခေါင်းကိုယမ်းခါလိုက်ပြီးလျှင်...

"မဟုတ်ဘူးရှင့်။ ကျွန်မလက်ရေးနဲ့တော့ အတော်လေးကိုတူပါ တယ်"

"ကဲ... ဝိဇ္ဇာမောင်၊ အဲဒီစာကို မင်းရဲ့မိတ်ဆွေ လတ်မှတ်တု ထွန်းခိုင်ကို ရေးခိုင်းခဲ့တာ မဟုတ်လား"





ဝိဇ္ဇာမောင်မှာ စိတ်လျော့သွားပုံရ၏။ ဦးစံထား၏ အမေးစကားကို ခေါင်းညိတ်ပြလိုက်ရင်း...

"ကျွန်တော် ဘယ်လိုမှ ညာလို့မရတော့ဘူးဆိုတာ သိပါပြီ ဦးစံထား။ ကျွန်တော် အမှန်အတိုင်း ဖွင့်ဟဝန်ခံပါတော့မယ်"

"ဒီလိုမှပေါ့ ဝိဇ္ဇာမောင်ရယ်။ ယောက်ျားဆိုတာ မှန်သောသစ္စာ၊ မှန်သောစကားကို ဝန်ခံရဲရမှာပေါ့"

"ကျွန်တော်သဘောပေါက်ပါပြီ။ ဦးစံထား"

ဦးစံထားမှာ ဆေးတံကို မီးညှိ၍ဖွာလိုက်ရာမှ...

"ကိုလှမောင်ရေ၊ သူ့ရဲ့ဖြောင့်ချက်ကို အသေအချာ လိုက်မှတ် ထားပေတော့။ စာရေးဆရာလုပ်မယ့်သူဟာ အမြဲမျက်စိဖွင့်၊ နားစွင့်ထား ရတယ်ဗျ"

"ကောင်းပါပြီ စုံထောက်ကြီးရယ်"

"ကဲ... ဝိဇ္ဇာမောင် ဖြစ်ကြောင်းကုန်စင်ကို ပြောပြပေတော့ဗျာ"

"ဒီလိုပါ ဦးစံထား"

ဝိဇ္ဇာမောင်က စတင်၍ ပြောတော့မည်ဖြစ်သောကြောင့် ကျွန်ုပ် အသေအချာ နားစွင့်နေမိတော့သည်။

* * *

"ကျွန်တော် အပြင်ရောက်လာတော့ အလုပ်လက်မဲ့ ဖြစ်နေတာ ကြောင့် အလုပ်အကိုင်ရှာဖွေရင်း ဦးသီလနဲ့သွားတွေ့ခဲ့တာပါ။ ကျွန်တော် တွေ့တဲ့အချိန်မှာ ဦးသီလဟာ အရင်ဦးသီလ မဟုတ်တော့ပါဘူး။ သွင်းကုန်ထုတ်ကုန် လိုင်စင်ရတဲ့ ကုမ္ပဏီပိုင်ရှင်ကြီး ဖြစ်နေပါပြီ"

ဝိဇ္ဇာမောင်က ဖြည်းလေးစွာဖြင့် ပြောပြနေလေရာ ဦးစံထား က ဆေးတံဖွာရှိုက်လျက်၊ စုံထောက်ရန်ပိုင်က ဂလေစီရာစီးကရက် ခဲလျက်၊ ကျွန်ုပ်က ဆေးပြင်းလိပ်ဖွာလျက် စသဖြင့် ရှုးစိုက်နားထောင် လျက် ရှိနေကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးသီလဟာ တစ်ချိန်တုန်းက ကျွန်တော့်ကို လေးစားခဲ့ပေမယ့် အခုပြန်တွေ့တဲ့အခါမှာ ခပ်ရင့်ရင့်ဆက်ဆံခဲ့တယ်။ အင်းလေ ကျွန်တော်က သူ့ရဲ့မှီခိုသူ ဖြစ်သွားပြီကိုး။ ဒီလိုနဲ့ တစ်နေ့မှာဦးသီလ က ကျွန်တော့်ကို သူ့ရုံးခန်းထဲခေါ်ပြီး 'ကိုစိန်မောင်ရေ ကျုပ်နဲ့ အလုပ်လုပ်ရင် တိကျမှ ကြိုက်တယ်နော်။ ခုရှုပ်မှနောင်ရှင်းဆိုတာလို ခင်ဗျား ကျုပ်အပေါ် ကတုံးပေါ်ထိပ်ကွက်မယ်လို့ စိတ်မကူးလေနဲ့။ ဟောဒီမှာ တွေ့လား။ ကျုပ် လိုင်စင်နဲ့ကိုင်တဲ့သေနတ်"

ဆိုပြီး သူ့ရဲ့ စားပွဲအံဆွဲထဲက ပစ္စတိုသေနတ်နဲ့ကို ထုတ်ပြပြီး ခြိမ်းခြောက်ပါတယ်။ ကျွန်တော့်စိတ်ထဲ ခံပြင်းသွားမိပေမဲ့ နေသေးသပ ရှိထဲက ချိုသွေးသပ တမြမြပေါ့ဗျာ"

ဝိဇ္ဇာမောင်မှာ ပြောရင်းနှင့်ပင် မျက်နှာထား တင်းမာခက်ထန်၍ လာသည်ကို မြင်တွေ့ရ၏။

"နေပါဦး ဝိဇ္ဇာမောင်။ ခင်ဗျားက သူ့ဆီမှာ ဘာလုပ်ရတာလဲ။ လခကော ဘယ်လိုရတာလဲ"

ဦးစံထား လှမ်းထောက်လိုက်သည်တွင် ဝိဇ္ဇာမောင်က...

"လုပ်ခအနေနဲ့က တစ်ပတ်ကို သုံးဆယ်ရတယ်ခင်ဗျ။ ကျွန်တော် လုပ်ရတဲ့အလုပ်က အချိုအချောင်ပစ္စည်းတို့၊ ဥပဒေမဲ့ပစ္စည်းကို ရောင်းမယ့် လူကိုလိုက်ရှာပြီး ဝယ်ရတဲ့အလုပ်ပါ။ ဦးသီလက ကျွန်တော့်ကို ရတဲ့ အမြတ်ပေါ်ကနေပြီး ဆယ်ရာခိုင်နှုန်း ပေးထားပါတယ်။ ဒါက ရတဲ့လခအပြင် အပိုဝင်ငွေဆိုပါတော့"

"ဟုတ်ပြီ ဝိဇ္ဇာမောင်"

"ဒါပေမဲ့ ကျွန်တော်က အမြဲကြံစည်နေတာကလား ဦးစံထား ရယ်။ အခွင့်အရေးသာမယ့်တစ်နေ့ကို စောင့်မျှော်ရင်း တစ်ဖက်ကလည်း ခင်လှကြည်ကို ကျွေးပေးပြီး စည်းရုံးနိုင်ခဲ့တယ်။ ဒီလိုနဲ့ တစ်နေ့မှာပေါ့"

"ပြောပါ ဝိဇ္ဇာမောင်"





ဇာတ်မှာ ကောင်းခန်းသို့ ရောက်လာချေပြီ။

"အဲဒီနေ့က ဦးသီလ အပြင်ထွက်သွားသဗျ။ ဒါနဲ့ ကျွန်တော်က လည်း အကြံနဲ့လူဆိုတော့ ခင်လှကြည်ကို အပြင်မှာ စားစရာတစ်ခုခု ဝယ်ခိုင်းတဲ့အနေနဲ့ ပထုတ်လိုက်တယ်။ ခင်လှကြည်သွားတုန်း ကျွန်တော် က ဦးသီလအခန်းထဲ အမြန်ပြေးဝင်ပြီး အံဆွဲထဲက သေနတ်ကို ယူထားလိုက်တယ်။ ခင်လှကြည် ပြန်ရောက်လာတော့ ကိစ္စကပြီးနေပြီ လေ၊ ဒါနဲ့ ခင်လှကြည်ကို ညနေမှာ တရုတ်တန်းဘက် လိုက်ကျွေးမယ့် အကြောင်း၊ ဂလုပ်ရုံမှာညပွဲကြည့်ကြမယ့်အကြောင်း ချိန်းဆိုပြီး ကျွန်တော် အလုပ်ကိစ္စ အကြောင်းပြပြီး ထွက်လာခဲ့တယ်"

ကျွန်ုပ်တို့အားလုံးမှာ ဝိဇ္ဇာမောင်၏ ဇာတ်ကွက်ထဲတွင် နစ်မျော နေကြပြီဖြစ်၏။

"တိုတိုပြောရရင်တော့ ဆရာကြီးရယ်။ ညနေပိုင်းမှာ ခင်လှကြည် နဲ့ တွေ့ဆုံပြီး တရုတ်တန်းသွားစားကြတယ်။ ဂလုပ်ရုံမှာ ကိုးနာရီခွဲပွဲ ဝင်ကြည့်ကြတယ်ပေါ့။ ကျွန်တော်ဟာ ရုပ်ရှင်ဘာကားပြလို့၊ ပြမှန်းမသိ အောင်ကို စိတ်တွေလှုပ်ရှားနေတယ်။ ဒီလိုနဲ့ အင်တာဗယ်လည်း ပေး ရော ခင်လှကြည်ကို အိုးရိုးရင့်မှာ အရက်နည်းနည်း သွားသောက်မယ်လို့ ပြောပြီး ၃၂ လမ်းဘက်ကို ခပ်သွက်သွက်ထွက်လာခဲ့တယ်။ သီလကုမ္ပဏီ ဟာ တံခါးတွေပိတ်ထားပေမယ့် ကျွန်တော့်လို သော့ဝိဇ္ဇာအတွက်က မဆန်းလှဘူးလေ။ ဦးသီလအခန်းကို တန်းတန်းမတ်မတ် လျှောက်သွားပြီး အခန်းထဲဝင်လိုက်တယ် ဆိုရင်ပဲ"

ဝိဇ္ဇာမောင်က စကားကို ခေတ္တဖြတ်ထားလိုက်ကာ အသက် ပြင်းပြင်း တစ်ချက် ရှူလိုက်၏။ ပြီးမှ...

"ဦးသီလ ကျွန်တော့်ကိုမြင်ပြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားရာက စားပွဲနောက်မှာ ထိုင်နေရာက ဖျတ်ခနဲထရပ်လိုက်တယ်။ ကျွန်တော် အချိန်ဆွဲမနေတော့ဘဲ သူ့အနားတိုးကပ်သွားလိုက်ပြီး ဘယ်ဘက်နားထင်



www.burmeseclassic.com

www.burmeseclassic.com



ကို ပစ္စတိုသေနတ်နဲ့ ကပ်ပြီး တေ့ဖြုတ်လိုက်တယ်။ ဦးသိလ အရုပ်ကြိုး ပြတ် လဲကျသွားပြီး တစ်ချက်တွန့်ခနဲဖြစ်ရာက အသက်ထွက်သွားတယ်။ ကျွန်တော်က အသင့်ရေးယူလာခဲ့တဲ့ စာရွက်ကို စားပွဲပေါ်တင်တယ်။ သေနတ်ကို သူ့လက်ထဲ ထည့်ပေးလိုက်တယ်။ ပြီးတော့ ဦးသိလရဲ့ မီးခံသေတ္တာကို ပညာကုန်အသုံးချပြီးဖွင့်၊ တွေ့သမျှငွေထုပ်တွေကို အိတ်တစ်လုံးရှာပြီး ထည့်တော့တာပေါ့။ ငွေတွေဟာ များလွန်းတာကြောင့် အိတ်တောင် မဆံ့တော့ဘူးခင်ဗျ။ ဒါနဲ့ ကျန်တာတွေကို ဒီအတိုင်းထားပစ်ခဲ့ပြီး ကျွန်တော် ပြန်ထွက်လာခဲ့တယ်။ ငွေအိတ်ကိုတော့ တစ်နေရာမှာ ဖွက်ထားခဲ့ပြီး ဂလုပ်ရုံဘက်ပြန်လျှောက်၊ ခပ်တည်တည်နဲ့ ရုံထဲဝင်လာခဲ့တော့တာပါပဲ။ ကျွန်တော်ရောက်တော့ ရုပ်ရှင်စပြစရှိပါသေးတယ်"

"အင်း... အကြံပိုင်တာပါလား ဝိဇ္ဇာမောင်ရယ်။ ဒါပေမဲ့ မကောင်းမှုဒုစရိုက်တို့မည်သည် စိတ်ကွယ်ရာမရှိဘူးတဲ့ဗျ။ သိလား"

ဝိဇ္ဇာမောင် ဘာမှပြန်မပြောဘဲ မျက်လွှာချသွား၏။ သူ့တွင် ပြောရောစကား ကုန်သွားပုံရလေသည်။

ဦးစံထားက စုံထောက်ရန်ပိုင်အား တစ်ချက်ကြည့်၍...

"မောင်ရန်ပိုင်"

"ဆရာကြီး"

"ရာဇဝတ်မှုတိုင်းမှာ ဘယ်လောက်ပဲ အကွက်ကျအောင် ကြံစည် ကြံစည်၊ အနည်းနဲ့အများ ဆိုတာလို ဟာကွက်ပေါ့ကွက်ကလေးတွေ ရှိနေတတ်တယ်ကွဲ့။ ဒါကို ကိုယ်ကရှာတတ်ဖွေတတ်ဖို့၊ ကြည့်တတ် မြင်တတ်ဖို့ လိုအပ်တယ်ကွ။ သိလား"

"ဟုတ်ကဲ့ ခင်ဗျ"

"အခုလည်း ဝိဇ္ဇာမောင်ဟာ ဘယ်လိုပဲ၊ ပိပိရိရိ ကြံစည်ခဲ့ပေမယ့် လည်း ဟာကွက်ကလေးတွေ ရှိနေခဲ့လေတော့ ကွိခနဲမိတော့တာပေါ့။ မောင်ရန်ပိုင်ရယ်"





"ဒါဟာလည်း ဆရာကြီးရဲ့ ကြည့်တတ်မြင်တတ်၊ တွေးခေါ်တတ် မှုကြောင့်ပါခင်ဗျာ"

"ဒါဟာ စုံထောက်ကောင်းတွေရဲ့ လိုအပ်ချက်တွေပဲ မောင်ရန်ပိုင်"

"ဆရာကြီး ကျေးဇူးကြီးမားလှပါပေတယ် ခင်ဗျာ"

ထို့နောက် ကျွန်ုပ်တို့နှင့်အတူ မာစတာကီးဝိဇ္ဇာမောင်အား တင်ဆောင်ကာ စုံထောက်ရန်ပိုင်က သူ၏ကားလေးကို အင်းစိန်ဘက် သို့ဦးတည်ကာ မောင်းနှင်လာခဲ့လေသည်။

စုံထောက်ရန်ပိုင်သည် ဂလေစီယာစီးကရက်ကို ပါးစပ်မှာခဲထား ရင်းဖြင့်...

"သူ့ကို စီအိုင်ဒီက အချုပ်ခန်းထဲ ထည့်ပြီးတာနဲ့ ကျွန်တော် ဦးတို့နဲ့ ပြန်လိုက်ခဲ့မှာပါ ဦး"

"ရပါတယ် မောင်ရန်ပိုင်။ ကျုပ်တို့ တက္ကစီငှားပြီးပြန်ရင် ဖြစ် ပါတယ်"

"မဟုတ်တာ ဦးရယ်။ ကျွန်တော် ဦးတို့ကို ဒင်နာလိုက်ပြီး ကျွေးမွေးခွင့်ပြုပါခင်ဗျာ"

"ဟား... ဟား... ဟား... မောင်ရန်ပိုင်...၊ မောင်ရန်ပိုင် သိပ်ကို သိတတ်တဲ့ လူကလေးပါလားကွာ။ မင်း တစ်နေ့ ကြီးပွားဦးမယ်။ ဟား... ဟား... ဟား"

စုံထောက်ကြီး ဦးစံထားမှာ ရယ်မော၍ မဆုံးပါလေတော့။

စုံထောက်ရန်ပိုင်သည် သူ့စကားအတိုင်းပင် တရားခံအား စီအိုင်ဒီတွင်ထားခဲ့ပြီးနောက် သူ၏ကားလေးပေါ်တွင် ကျွန်ုပ်နှင့် ဦးစံ ထားတို့အား တင်ဆောင်၍လာကာ မြို့ထဲဘက်သို့ ပြန်လည် မောင်းနှင်၍ လာခဲ့လေသည်။

"ဆရာကြီး"

"ဘာလဲ မောင်ရန်ပိုင်"



www.burmeseclassic.com

www.burmeseclassic.com



"စောစောက ကျွန်တော် မင်းကြီးဆီ ဖုန်းနဲ့လှမ်းပြီး သတင်းပို့လိုက်တယ် ခင်ဗျ။ မင်းကြီးက ဆရာကြီးဦးစံထားကို ချီးမွမ်းခန်းဖွင့်တာ မဆုံးတော့အောင်ပါပဲ ခင်ဗျာ"

"ရပါတယ် မောင်ရန်ပိုင်ရယ်။ တကယ်တော့ ကျုပ် အခုလို အကူအညီတွေ ပေးနေတာဟာ မျက်နှာဖြူပုလိပ်မင်းကြီးကြောင့် မဟုတ်ပါဘူး။ မောင်ရင့်အပေါ် ချစ်ခင်စိတ်နဲ့ပါ"

"ကျွန်တော် နားလည်ပါတယ် ဦးရယ်၊ ဦးရဲ့ ကျေးဇူးတွေက ကျွန်တော့်အပေါ်မှာ များလှပါပြီ။ ဩော်... ဒါနဲ့ ဦးတို့ဘယ်မှာ သုံးဆောင်ကြမလဲ ခင်ဗျ"

ဦးစံထားမှာ နှုတ်နှေးနေသောကြောင့် ကျွန်ုပ်က...

"အစားအစာကောင်းပြီး အေးဆေးတဲ့နေရာတစ်ခုခုပေါ့၊ မောင်ရန်ပိုင်"

"ဒါဖြင့် 'မင်းတိုမင်းရှင်'ဟိုတယ်ကို သွားကြတာပေါ့ ခင်ဗျာ"

"ကောင်းပါတယ် မောင်ရန်ပိုင်"

သို့နှင့် ကျွန်ုပ်တို့သည် ယခု ဗိုဆွန်ပက်လမ်းတွင်ရှိသည့် 'မင်းတိုမင်းရှင်' ဟိုတယ်၏ သီးသန့်အခန်းထဲသို့ ရောက်ရှိခဲ့ကြတော့သည်။

"ဦး... ဒီဆိုင်က ငါးရှဥ့်ခြောက်စပ် သိပ်ကောင်းတယ်။ ပြီးတော့ ဆိတ်သားနှပ်ကလည်း စပယ်ရှယ်ပဲ"

စုံထောက်ရန်ပိုင်က နှုတ်မှပြောလိုက်ရင်း ဟိုတယ်စားပွဲထိုးအား အစားအစာများကို မှာကြားနေလေသည်။

မောင်ရန်ပိုင်မှာသည့် ဟင်းအမည်တွေမှာ များလွန်းလှသဖြင့် ဦးစံထားက လက်ကာပြလိုက်ပြီးလျှင်...

"တော်လောက်ပြီ မောင်ရန်ပိုင်။ မောင်ရင်က ကျုပ်တို့ကို ဟင်းခွက်ရာကျော်မှ ပွဲတော်တည်တော်မူတဲ့ နရသီဟပတေ့လို့ခေါ်တဲ့ တရုတ်ပြေးမင်းရဲ့ အနွယ်တော်တွေလို့ ထင်နေသလား မသိဘူး"





"ဟာ... မဟုတ်ပါဘူး ဦးရယ်။ ကျွန်တော်က စေတနာအပြည့်နဲ့ပါ ခင်ဗျာ"

"နောက်တာပါ စုံထောက်လေးမောင်ရန်ပိုင်ရယ်။ မောင်ရင် ဘီယာလေး ဘာလေးမသောက်ဘူးလားကွဲ့။ မှာပါ ရပါတယ်"

"သေရည်အရက်၊ စီးပွားပျက်ကို၊ တစ်စက်ကယ်မျှ မသောက်ကြနှင့်၊ ရှင်တော်ဟောသည့်၊ အဆိပ်ရည်လို့ စာဆိုရှိတာပဲ ဦးရယ်။ ကျွန်တော် အရက်ကို လုံးဝမသောက်ဘူးခင်ဗျ"

"ကောင်းလိုက်လေကွယ်။ ဒီနေ့လူငယ်လူရွယ်တွေ မောင်ရင့်လို ဖြစ်စေချင်လိုက်တာကွယ်"

ကျွန်ုပ်တို့ စကားကောင်းနေကြစဉ် စားပွဲထိုးများက ဟင်းခွက်များ၊ ထမင်းများကို လာ၍ချပေးကြ၏။

"ကဲ... သုံးဆောင်ပေတော့ ဦးတို့"

မောင်ရန်ပိုင်က ကျွန်ုပ်နှင့်ဦးစံထားတို့၏ ထမင်းပန်းကန်များထဲသို့ ဟင်းများကို တရိုတသေဖြင့် ခပ်ထည့်ပေးနေလေသည်။

ကျွန်ုပ်မှာမူ ထမင်းစားဖို့တွင် စိတ်မရောက်သေးဘဲ ယခု လောလောလတ်လတ် ကြုံတွေ့ခဲ့ရသည့် သော့ဝိဇ္ဇာ၊ ဝိဇ္ဇာမောင်၏ အကြောင်းအား ဝတ္ထုဇာတ်လမ်း ရေးဖွဲ့နိုင်ရန်အတွက် စဉ်းစားနေလေသည်။

ဝိဇ္ဇာမောင် ခေါ် မြင့်စိန် ခေါ် စိန်မောင်နှင့် ဦးသိလတို့၏ ပုံရိပ်များ၊ အတွင်းရေးမှူးမလေးခင်လှကြည်၏ ရုပ်သွင်များသည် ကျွန်ုပ်၏ မျက်လုံးအိမ်တွင် အရိပ်ထင်ဟပ်၍ လာကြပေသည်။

ဦးစံထားနှင့်စုံထောက်ရန်ပိုင်တို့မှာ စားသောက်နေကြပြီ ဖြစ်၏။ ကျွန်ုပ်၏ ငူငူငိုင်ငိုင်ပုံစံကို ဦးစံထားကလှမ်းကြည့်လိုက်ပြီး...

"အိုင်ဆေးရ... ဘာတွေစဉ်းစားနေတာလဲဗျ။ စားလေဗျာ"

"ဟုတ်သားပဲ ဦးကလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကဦးစံထားအား ပြန်၍ကြည့်လိုက်ပြီးလျှင်...

"ဝတ္ထုရေးဖို့ စဉ်းစားနေမိတာဗျ"

"လုပ်ပြီ စာရေးဆရာကတော့"

"ဟုတ်တယ် ဦးစံထား။ ကျုပ်တော့ ဒီဇာတ်လမ်းရဲ့နာမည်ကို တောင် တွေးတာရပြီးပြီ"

"ဘာတဲ့လဲ ဦး"

စုံထောက်ရန်ပိုင် လှမ်းမေးသည်ကြောင့် ကျွန်ုပ်က...

"'စုံထောက်ကြီးဦးစံထားနှင့် မာစတာကီးဝိဇ္ဇာမောင် လို့လေ"

"ကောင်းတယ် ဦးရယ်"

"ကိုလှမောင်။ ခင်ဗျား စာရေးဆရာ ဖြစ်ပြီဗျ။ စာရေးဆရာဆိုတာ အဲဒီလိုကိုသွက်နေမှ တော်ကာကျတာဗျ"

ကျွန်ုပ်သည် စုံထောက်ကြီးဦးစံထား၏ ချီးကျူးစကားကို ကြားရသည်ကြောင့် စိတ်ဓာတ်တက်ကြွ၍သွားကာ ထမင်းစတင်သုံး ဆောင်နိုင်ရန်အတွက် ဇွန်းနှင့်ခက်ရင်းကို ကောက်ကိုင်လိုက်ပါတော့ သတည်း။ ။

* * *

# စုံထောက်ကြီးဦးစံထားနှင့် လေးလက်မသံတစ်ချောင်းအမှု

## အခန်း (၁)

ကျွန်ုပ်သည် ဘယ်ရှေးရေစက်ကြောင့်လောမသိ။ လူသေကောင် တွေနှင့် တွေ့ရကြုံရသည်မှာ အကြိမ်ကြိမ်အခါခါပင် ရှိခဲ့ချေ၏။

ဆေးကျောင်းတက်ရောက်စဉ် ဆေးကျောင်းသားဘဝတွင်လည်း လူသေကောင်တွေကို ကိုင်ရတွယ်ရ၊ ခွဲစိတ်ခဲ့ရသလို၊ ယခု ဆရာဝန်ဘဝ သို့ ရောက်ရှိလာခဲ့သည်တိုင် ကျွန်ုပ်၏ ဝါသနာအရ စုံထောက်ကြီးဦးစံထား ၏ အမှုကိစ္စများတွင် လိုက်ပါဆောင်ရွက်ခဲ့သည်တွင် လူသေကောင် များနှင့် ပြန်လည်၍ ရေစက်ဆုံနေရချေတော့သည်။

မည်သို့ပင်ဆိုစေ လူသေကောင်တို့မည်သည် တင့်တယ်စေမှု မရှိပါလေတော့။ အနိဋ္ဌာရုံဆန်လှသည့် မြင်ကွင်းများသာ ဖြစ်ပေသည်။

ကျွန်ုပ်သည် မည်သို့ပင် လူသေကောင်အလောင်းတွေနှင့် ရင်းနှီး ခဲ့သော်လည်း၊ စိတ်တွင် ရင့်ကျက်တည်ငြိမ်မှု မရှိခဲ့သေးပါချေ။ အသေ ကောင်အလောင်းများကိုမြင်တွေ့ရသည်နှင့် သည်းတုန်အူတုန်ဖြစ်နေဆဲ ပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ကျွန်ုပ်မှာ သေဆုံးလျက်ရှိသည့် အလောင်းကောင် တစ်ခုကို မြင်တွေ့နေရချေပြီ။ ကျွန်ုပ်သည် ထိုအလောင်းနှင့် ခပ်ခွာခွာ ရပ်လျက် စိတ်မကောင်းစွာဖြင့် ငေးကြည့်နေဖြစ်သည်။

အလောင်းမှာ ယောက်ျားတစ်ဦး၏ အလောင်းဖြစ်၏။ အသက် အရွယ်မှာ လေးဆယ်လောက်ဟု ခန့်မှန်းလို့ရ၏။ လူပုံစံမှာ ခပ်ဝဝ ပုပုဂင်တိုတို အနေအထားရှိသည်။

ပုဆိုးအကွက်ကျဲတစ်ထည်နှင့် ကာကီရောင် ရှပ်အင်္ကျီတစ်ထည် ကို ဝတ်ဆင်၍ထားသည်။ ထိုအလောင်းမှာ ရထားသံလမ်း၏ တစ်လံခန့် အကွာတွင် ပက်လက်အနေအထားဖြင့် လဲကျသေဆုံးနေခြင်း ဖြစ်သည်။

၎င်းနှင့် မလှမ်းမကမ်းနေရာလောက်တွင် အရက်ပုလင်းတစ်လုံး က လဲကျနေသည်။ ပုလင်းထဲတွင် အရက်များအပြည့်ရှိနေသည်ကို အတိုင်းသားပင် လှမ်းမြင်ရသည်။

အစိမ်းရောင် ရာဘာဖိနပ်တစ်ရန်သည် ထိုသေဆုံးသူ၏ ခြေ ထောက်တွင် ရှိမနေဘဲ ကျွတ်လျက်ရှိ၏။

ထိုသူ၏မျက်နှာသည် လွန်စွာနာကျင်ဟန်ဖြင့် ရှုံ့မဲ့လျက်ရှိသော် လည်း အလောင်းတွင် မည်သည့်ဒဏ်ရာမှ မတွေ့ရှိရဘဲ သွေးဟူ၍လည်း တစ်စက်ကလေးမျှ ကျနေခြင်းမရှိပါချေ။

ထိုအလောင်း၏ ပတ်ပတ်လည်တွင် လူတွေဝိုင်းအုံကာ ကြည့်ရှု ၍ နေကြလေသည်။ တစ်ယောက်တစ်ပေါက်ဖြင့်လည်း ထင်မြင်ချက် တွေ၊ ဝေဖန်ချက်တွေ ပေးနေကြ၏။

"မူးမူးနဲ့လျှောက်လာတုန်း ရထားအလာနဲ့ဆုံရာက လေဟပ် ပြီး လဲကျသွားတာဖြစ်မယ်"

"လဲတာနဲ့ သေမလားကွာ"

"မဟုတ်ဘူးလေကွာ။ မူးနေတာရယ်၊ ကြောက်တာရယ်ရော





သွားပြီး နှလုံးသွေးရပ်သွားတာ နေမှာပေါ့"

"မင်းဟာက မခိုင်လုံသေးဘူးကွ။ ငါကတော့ ဒီလိုထင်တယ်"

"ပြောစမ်းပါဦး"

"ဒီလူသေတာဟာ ရထားနဲ့ ဘာမှမပတ်သက်ဘူး။ သူ့ဘာသာ အမူးလွန်ပြီး ရထားလမ်းနံဘေးလျှောက်လာရာက လဲကျသွားတာ ဖြစ်မယ်။ တစ်ညလုံး နှင်းထဲမှာဆိုတော့ ရာသီဥတုဒဏ်ပိပြီး သေသွား တာဖြစ်မှာပေါ့"

"ဟာ ဒါလည်း သိပ်မဟုတ်သေးဘူးကွ။ နေဦး"

"ဟေး လူတွေ ဘေးကိုဖယ်၊ ဘေးကိုဖယ်။ ဌာနအုပ်မင်းလာ နေပြီ"

အသံနှင့်အတူ ပုလိပ်စာသင်လေးတစ်ဦးက လက်တွင်နံပါတ် တုတ်ကို ဝှေ့ယမ်းရင်း စုရုံးနေသည့် လူအုပ်အား လူစုကွဲသွားစေရန် ကြိုးပမ်း၍နေသည်ကို ကျွန်ုပ် လှမ်းမြင်တွေ့ရ၏။

စာသင်ပုလိပ်လေး၏ လုံ့လကြောင့် လူအုပ်မှာ ရှင်း၍သွားလေ သည်။ သို့ရာတွင် ကျွန်ုပ်တို့၏ ဇာတ်လိုက်ကျော်ကြီး ဦးစံထားမှာမူ ထိုအော်ဟစ်ဆူညံသံများကို အရေးမစိုက်သည့်အလား လဲကျသေဆုံးနေ သည့် အလောင်း၏နံဘေးတွင် ဒူးနှစ်ဖက်ထောက်၍ထိုင်ကာ လက် တွင် မှန်ဘီလူးတစ်လက်ကို ကိုင်ဆောင်ပြီး စိမ်ပြေနပြေ ကြည့်ရှုနေ လေ၏။

ပုလိပ်လေးမှာ ကျွန်ုပ်ရပ်နေသည်ကိုလည်းကောင်း၊ ဦးစံထား လုပ်ကိုင်နေသည်ကို လည်းကောင်း မြင်တွေ့နေသော်လည်း ကျွန်ုပ်တို့ အား မောင်းထုတ်ခြင်းမပြုဝံ့ဘဲ သည်အတိုင်းပင် ငေး၍ရပ်ကြည့်နေ လေသည်။

စင်စစ် ကျွန်ုပ်နှင့်ဦးစံထားတို့မှာ သည်အမှုနှင့်ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ပတ်သက်ခြင်း မရှိခဲ့ကြပါချေ။ သာယာဝတီသုံးဆယ်ဘက်မှ အပြန်တွင် 'ဖလုံ'ဟု ခေါ်ဆိုသည့် ဘူတာအနီးတွင် ရထားသံလမ်းနံဘေး၌ လူတစ်ယောက် လဲကျသေဆုံးလျက်ရှိသည်ကို မြင်တွေ့ရသည်ကြောင့် ရထားရပ်သည်တွင် ဆင်းကာလျှောက်လာကြခြင်း ဖြစ်၏။

"ဘာပဲဖြစ်ဖြစ် ကိုလှမောင်ရယ်။ ကျုပ်တို့အတွက် အတွေ့အကြုံတစ်ခု တိုးတာပေါ့ဗျာ။ အမှုတွေကို အနေအထားအမျိုးမျိုးနဲ့ တွေ့ကြုံဖူးထားရမယ်ဗျ"

"ဟုတ်ပါတယ် ဦးစံထား"

"ကျုပ်တို့အတွက် ခရီးတော့ဖင့်တာပေါ့ဗျာ၊ ဒါပေမဲ့ အတွေ့အကြုံဆိုတာ ယူထားရမယ်ဗျ"

ထိုသို့ဖြင့်ပင် ကျွန်ုပ်တို့မှာ ဖလုံရွာလေးနှင့် မလှမ်းမကမ်းရှိ ရထားသံလမ်းနံဘေးတွင် သောင်တင်ခဲ့ကြခြင်းဖြစ်တော့သည်။ ဦးစံထားသည် အလောင်းအား ပတ်ချာလှည့်၍ ကြည့်လို့မဆုံးနိုင်သေး။ ထိုစဉ်မှာပင် ဌာနာအုပ်ဝတ်စုံဝတ်ထားသည့် ပုလိပ်အရာရှိတစ်ယောက် ရောက်ရှိလာလေသည်။

စာသင်ပုလိပ်လေးက ဌာနာအုပ်အား အလေးပြုလိုက်ရင်း…

"ဆရာ… ဒီလူတွေက ဘယ်ကမှန်းမသိဘူး ဆရာ"

"ဟင်"

ဌာနာအုပ်သည် ကျွန်ုပ်နှင့်ဦးစံထားတို့အား လှမ်း၍ကြည့်လိုက်ပြီးလျှင် ဦးစံထားအနားသို့ လျှောက်သွားလိုက်ပြီး…

"မိတ်ဆွေတို့က စီအိုင်ဒီကထင်ပါရဲ့"

ဦးစံထားသည် ကုန်းကုန်းကွကွလုပ်နေရာမှ မတ်တတ်ထရပ်လိုက်ပြီးလျှင် ဆေးတံကို မီးညှိဖွာလိုက်ပြီး…

"အိုင်ဆေးတို့ကလည်းဗျာ၊ လှုပ်လှုပ်ရှိ စီအိုင်ဒီကချည့်လို့ပဲ





ထင်နေတော့တာပါလားဗျာ။ စီအိုင်ဒီက စုံထောက်တွေက အမှုဖြစ်ဖြစ်ချင်း ရောက်လာအောင်တော့ မစွမ်းဆောင်နိုင်ကြသေးဘူးဗျ"

"ခင်ဗျာ"

ထိုဌာနာအုပ်သည် ကုလားကပြားတစ်ဦး ဖြစ်၏။ သူသည် ဦးစံထားအား ခြေဆုံးခေါင်းဆုံး ကြည့်ကာ အကဲခတ်လျက်ရှိ၏။

စုံထောက်ကြီးဦးစံထားမှာ ဘောင်းဘီရှည်ကို ဝတ်ထားသည်။ ခေါင်းတွင်သူ့ဆောင်းနေကျ သံပရာခွံလျှာထိုးဦးထုပ် အပြာလေး ဆောင်းထား၏။ လည်တိုင်တွင် မာဖလာအကွက်တစ်ထည်ကို စည်းနှောင်၍ထားလေသည်။

ဌာနာအုပ်မှာ ဥပဓိရုပ်ရော၊ အဝတ်အဆင်ပါ သားနားလွန်းလှသည့် ဦးစံထားအားကြည့်ကာ ဝေခွဲရခက်သည့် မျက်နှာလေးဖြင့်…

"ဒါဖြင့် မိတ်ဆွေတို့က ဘယ်သူတွေပါလိမ့်"

"ကျုပ်က စုံထောက်ကြီးဦးစံထား"

"ခင်ဗျာ"

ဌာနာအုပ်၏ မျက်ခုံးတစ်ဖက်မြင့်တက်၍သွားကာ လူမှာလှုပ်လှုပ်ရှားရှား ဖြစ်၍သွား၏။

"သူက ကျုပ်ရဲ့ပါတနာ ဒေါက်တာလှမောင်ပါ"

ဌာနာအုပ်သည် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးလျှင်…

"နေရာကျလိုက်တာ ခင်ဗျာ။ စုံထောက်ကြီးဦးစံထား၊ ဦးစံထားဆိုပြီး နာမည်ကျော်နေတာတော့ သိပါရဲ့။ လူကို တစ်ခါမှ မမြင်တွေ့ခဲ့ဖူးဘူး။ ကျွန်တော် တိုက်ကြီးဂါတ်က ဌာနာအုပ် ကာဆင်ပါ ဦးစံထား"

ကာဆင်က လက်ကမ်း၍ပေးလိုက်သည်ကြောင့် ဦးစံထားက လှမ်းဆွဲကာ လှုပ်ယမ်းလိုက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာဝမ်းသာပါတယ် မောင်ကာဆင်"

"ဟုတ်ကဲ့ခင်ဗျ။ ဒီက ဒေါက်တာလှမောင်ကိုလည်း နှုတ်ဆက်ပါတယ်ခင်ဗျာ"

ကျွန်ုပ်တို့နှစ်ယောက် လက်ဆွဲ၍နှုတ်ဆက်လိုက်ကြ၏။ ဌာနာအုပ်ကာဆင်သည် ဦးစံထားအား တလေးတစားဖြင့် ကြည့်လိုက်ရာမှ...

"ဆရာကြီး ဦးစံထားခင်ဗျား။ ဒီအမှုကို ဘယ်လိုယူဆပါသလဲခင်ဗျ။ လူသတ်မှုလား၊ ရိုးရိုးသေမှုသေခင်းလား ဆိုတာပါ"

ထိုစကားကြောင့် ဦးစံထားက ပြုံးရယ်လိုက်ကာ...

"ကျုပ်လည်း လူစွမ်းကောင်းမဟုတ်ပါဘူး။ မောင်ကာဆင်ခုမှ လေ့လာစူးစမ်းနေဆဲပါပဲ။ မသေချာသေးဘဲနဲ့ ထင်မြင်ချက်ပေးတာတွေဟာ စုံထောက်ကောင်းတွေရဲ့ လုပ်ရပ်မဟုတ်ပါဘူး မောင်ကာဆင်"

"မှန်ပါတယ် ဆရာကြီးခင်ဗျာ"

"ဒါနဲ့ သေတဲ့သူ ဘယ်သူလဲဆိုတာကော သိရဲ့လား ဌာနအုပ်မင်းရဲ့"

"နို... နို အိုင်ဒုန့်နိုး။ ဟူး... ဟီး။ ကျွန်တော် ဆားပုလင်းတစ်ယောက်လွှတ်ပြီး ဖလုံက ရွာလူကြီးတွေကို ခေါ်ခိုင်းထားပါတယ်ခင်ဗျာ"

"ကောင်းပြီလေ။ ဒါဖြင့် စောင့်ရင်းနဲ့ပဲ ကျုပ်ပြောတော့မယ်။ အခုသေတဲ့လူဟာ ဒီနေရာကို သူကိုယ်တိုင်လာခဲ့တာ မဟုတ်ဘူး မောင်ကာဆင်"

"ခင်ဗျာ"

"ဟုတ်တယ်။ မြေပြင်မှာ သူ့ခြေရာကျုပ်မတွေ့ရဘူး။ ပြီးတော့ ဟောဒီရာဘာဖိနပ်ဟာလည်း သူ့ဖိနပ်မဟုတ်ဘူး"

"ဟင်"





"ဒီလူရဲ့ခြေထောက်က သေးသေးလေးပဲလေ။ ဖိနပ်က အကြီးကြီးဖြစ်နေတယ် မတွေ့ဘူးလား"

"တော်ပါပေတယ် ခင်ဗျာ"

"ကြည့်တတ်ရင်မြင်ပါတယ် မောင်ကာဆင်"

ကျွန်ုပ်သည် စုံထောက်ကြီးဦးစံထားနှင့် ပေါင်းသင်းနေသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း စူးစမ်းသည့်နေရာ၌ ညံ့ဖျင်းနေဆဲပင်ဖြစ်ပါ၏။

"ဟော... ရွာလူကြီးတွေ လာကြပြီ ဆရာကြီး"

"သြော်... သြော်"

ဖလုံရွာမှ ရွာလူကြီးလေးငါးယောက် အခင်းဖြစ်နေရာသို့ ရောက်ရှိလာကြကာ...

"ဟာ... ဒါ ဟိုဘက်ရွာက ရေချမ်းပဲ"

"ဒီကောင် အရက်သမား၊ ဖဲသမားပဲ။ ရွာစဉ်လှည့်ပြီး အရက်သောက်၊ ဖဲရိုက်လုပ်နေတဲ့ကောင်"

ရွာလူကြီးများအနားသို့ ဦးစံထား တိုးကပ်၍သွားလိုက်ပြီးလျှင်...

"အခုသေနေတဲ့သူဟာ ရေချမ်းဆိုတာ သေချာရဲ့နော်"

"သေချာပါတယ်။ ကျုပ်တို့ ကောင်းကောင်းသိပါတယ်"

"သူနေတဲ့ ရွာက"

"ကျုပ်တို့ ဖလုံရွာရဲ့ အနောက်ဘက်က 'ကြံတိုင်း'ဆိုတဲ့ ရွာလေးမှာပါ"

"သူ့မှာ အိမ်ထောင်ရှိလား"

"ရှိပါတယ်။ နာမည်က မခင်လှတဲ့။ မိန်းကလေးမှာလည်း လင်ဆိုးမယား တဖားဖားဆိုတာလိုပါပဲ နှောင်ကြိုးရယ်။ ကလေးနှစ်ယောက်နဲ့ ကိုယ့်ဝမ်းကိုယ်ကျောင်းနေရရှာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဌာနာအုပ်မင်း ကာဆင်သည် ဦးစံထား စစ်မေးနေသည့်ကြား ထဲတွင် တစ်လုံးမှ ဝင်မေးခြင်းမပြုဘဲနေသည်ကို ကျွန်ုပ်သတိထားမိလိုက် ၏။

"မနေ့ညက ဒီ အနီးတစ်ဝိုက်က ရွာတွေမှာ အသုဘတွေ၊ ဘာ တွေ ရှိထင်ပါရဲ့"

ဦးစံထား၏မေးခွန်းကြောင့် ကျွန်ုပ်အံ့အားသင့်၍ သွားရပေသည်။

"ကျုပ်တို့ရွာထဲမှာကို ရှိနေတာပါ မိတ်ဆွေကြီး"

"ကောင်းပါပြီ ခင်ဗျာ။ အားလုံး ပြန်နိုင်ကြပါပြီ။ ကျေးဇူးတင် ပါတယ်"

ရွာလူကြီးများမှာ တိုက်ကြီးဌာနာအုပ်မင်းက ငုတ်တုတ်ထိုင်၍ နေကာ မေးခွန်းတွေတရစပ် မေးမြန်းနေသည့်ဦးစံထားအား တအံ့တသြ ဖြင့် ကြည့်လိုက်ကြပြီးလျှင် အသီးသီး ထိုနေရာမှထွက်ခွာသွားကြတော့ သည်။

"ဆရာကြီး အမှုအခြေအနေ ထင်မြင်ချက်လေး ပြောပြပါဦး ခင်ဗျာ"

ဆေးတံဖွာလျက်ရှိသည့် စုံထောက်ကြီးဦးစံထားအား ဌာနာအုပ် ကာဆင်က လှမ်းမေးလိုက်သည်တွင်...

"မောင်ကာဆင်ရယ် မောင်ရင်လည်း ဌာနာအုပ်မင်းတောင်ဖြစ်နေ ပြီပဲကွာ"

"ဆရာကြီးတစ်ယောက်လုံး ရှိနေမှတော့ ကျွန်တော်နောက်ဆုတ် နေတာဟာ အကောင်းဆုံးပါခင်ဗျာ။ ကျွန်တော် ဆရာကြီးကိုတစ်ခု တောင်းပန်ချင်ပါတယ်"

"ဘာလဲ မောင်ကာဆင်"

"ဒီအမှုကို အပြီးသတ်တဲ့အထိ အကူအညီပေးသွားဖို့ပါ ခင်ဗျာ။





ဆရာကြီးတို့နှစ်ယောက် တိုက်ကြီးဂါတ်ကို လိုက်ခဲ့ကြပါခင်ဗျာ။ ကျွန်တော် ကောင်းကောင်းကြီး ပြုစုချင်ပါတယ်ခင်ဗျာ"

ဦးစံထားက ကျွန်ုပ်အား တစ်ချက်လှမ်းကြည့်လိုက်ပြီးလျှင်...

"ကဲ ကိုလှမောင်ရေ ခေါ်တဲ့သူက ခေါ်မှတော့ ကျုပ်တို့ လိုက် သွားကြစို့ရဲ့။ မောင်ကာဆင်ရဲ့ အထူးဧည့်သည်ပေါ့ဗျာ။ ဟဲ ... ဟဲ"

"ကျေးဇူးပါ ဆရာကြီး။ ကဲဟော့ မင်းတို့အလောင်းကို တိုက်ကြီး ဆေးရုံပို့လိုက်ကြတော့။ ဆေးစာပါ တစ်ပါတည်းစောင့်ယူလာခဲ့ကြ"

ဌာနာအုပ်မင်းသည် သူ၏လူများကို မှာကြားပြီးလျှင် ကျွန်ုပ်တို့ နှစ်ယောက်အား ခေါ်ဆောင်သွားပါတော့သတည်း။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အချိန်မှာ ညနေစောင်း၍နေပြီဖြစ်၏။

ကျွန်ုပ်နှင့်ဦးစံထားတို့မှာ တိုက်ကြီးဌာနာအတွင်းရှိ ဌာနာအုပ်ကာဆင်၏နေအိမ်တွင် ထမင်းစားသောက်ပြီးကြပြီ ဖြစ်သောကြောင့် နားနားနေနေ ထိုင်လျက်ရှိနေကြပေ၏။

ကာဆင်၏ဇနီးဖြစ်သူကလည်း ကျွန်ုပ်တို့အား [illegible]န်ဗွာမှပင် ညွှဲ့ဝတ်ကျေပွန်လျက်ရှိ၏။ ထမင်းစားသောက်၍အပြီးတွင် ရေနွေးကြမ်းနှင့် မြည်းရန်အတွက် လက်ဖက်သုပ်၊ ဆတ်သားခြောက်ဖုတ်၊ ငါးရံ့ခြောက်ဖုတ်တို့ဖြင့် တည်ခင်းထားပေသည်။

ကျွန်ုပ်တို့နှစ်ယောက်မှာ ရေနွေးကြမ်းသောက်လိုက်၊ ဆေးတံခဲလိုက်၊ ဆေးပြင်းလိပ်ဖွာလိုက်ဖြင့် ဇိမ်ကျနေပေတော့သည်။

ဦးစံထားသည် ဆေးတံကို ဘေးသို့အသာချကာ ဆတ်သားခြောက်ဖုတ်တစ်ဖတ်အား ဇွန်းဖြင့်ခပ်စားလိုက်ပြီး...

"ဘာပဲပြောပြော မောင်ကာဆင်က ဂါရဝေါစ၊ နံ့ဝါတောစဆိုတဲ့ မင်္ဂလာတရားတော်နဲ့တော့ ကိုက်ညီပေသဗျ။ ကိုလှမောင်"

"ဟုတ်ပါတယ်ဦးစံထား။ လူကပြား ရေလက်ကြားလို့ ဆိုထားပေမယ့်လည်း မောင်ကာဆင်ကတော့ မဆိုးရှာပေဘူးဗျ။ ဒါကလည်း ဦးစံထားရဲ့ နာမည်ဂုဏ်သတင်းလည်း ပါတာပေါ့လေ"





"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ ကျုပ်တို့ အသိအမှတ် ပြုကြရမှာပဲဗျ"

ကျွန်ုပ်တို့ ထိုသို့ရှိနေကြဆဲ ဌာနာအုပ်မင်း မောင်ကာဆင် အူယားဖားယားဖြင့် ရောက်ရှိ၍လာ၏။ သူ၏လက်ထဲတွင် စာရွက်တစ်ရွက်ကို ဆုပ်ကိုင်၍ထားသည်။

"ဆရာကြီး ဦးစံထား၊ လူသတ်မှုဗျ။ လူသတ်မှု"

"ဘာပြောတယ် မောင်ကာဆင်"

"ဟုတ်တယ်ဆရာကြီး။ လူသတ်သမားဟာ ရေချမ်းရဲ့နောက်စေ့တည့်တည့်ကို လေးလက်မသံနဲ့ အဆုံးထိရိုက်သွင်းထားခဲ့တာ"

"အလိုလေး ပက်စက်လွန်းလှပါလားကွယ်။ ဒီလောက်ထိအောင် ယုတ်ညံ့လွန်းလှပါလား"

ဦးစံထား၏မျက်လုံးအစုံသည် ဒေါသကြောင့် မီးဝင်းဝင်း တောက်သွားသည်ဟု မှတ်ထင်လိုက်ရ၏။

"ဆေးစာရတာနဲ့ ကျွန်တော် လိုက်ကြည့်ခဲ့ပါတယ် ဆရာကြီး။ ဟောဒါ လူသတ်သမား ရိုက်သွင်းသွားခဲ့တဲ့ လေးလက်မသံချောင်း"

ဌာနာအုပ်ကာဆင်က အထုပ်လေးတစ်ထုပ်ကို ဖြေ၍ပြလိုက်၏။ ဦးစံထားက မှန်ဘီလူးထုတ်ကာ အသေအချာကြည့်လျက်ရှိသည်။ ထို့နောက် အိတ်ထဲထည့်လိုက်သည်။

ကျွန်ုပ်မှာ မကြုံစဖူး ထူးထူးခြားခြား သတ်ဖြတ်သွားပုံကို သိရပြီး စိတ်ထဲ လှုပ်ခတ်ချောက်ချားသွားရပေသည်။

ဦးစံထားသည် ထိုင်ရာမှ ဆတ်ခနဲရပ်လိုက်ကာ...

"ကျုပ် ထင်တော့အထင်မှိုသား၊ လူသတ်သမားဟာ ရေချမ်းကိုသတ်ပြီးတော့မှ ထမ်းပိုးပြီး သံလမ်းဘေးလာချထားတာ။ ဖိနပ်ဟာလည်း လူသတ်သမား ကျန်ရစ်ခဲ့တာပဲဖြစ်မယ် မောင်ကာဆင်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"ကျုပ် ဒီအမှုကိုပေါ်အောင် ဖော်ထုတ်သွားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အားကိုးပါတယ် ဆရာကြီး ခင်ဗျား"

"ဒါဖြင့် ကျုပ်တို့သွားမယ်။ ကိုလှမောင် သွားကြမယ်"

ကျွန်ုပ်လည်းအဆင်သင့် ထရပ်လိုက်ရသည်။

"ဘယ်ကိုသွားမှာလဲ ဆရာကြီး"

"အခင်းဖြစ် နေရာတစ်ဝိုက်က ရွာတွေကိုပေါ့"

"မှောင်တော့မယ် ခင်ဗျ"

"ကျုပ်တို့အလုပ်က ဒါတွေ ရွေးနေလို့မဖြစ်ဘူး မောင်ကာဆင်။ အချိန်နဲ့ တစ်ပြေးညီဆောင်ရွက်နိုင်မှ အကျိုးရှိနိုင်တာ မဟုတ်လား"

"ဒါဖြင့် ကျွန်တော်ရဲ့ ဆားပုလင်းတစ်ယောက်ကို ထည့်ပေးလိုက်ပါရစေ ဆရာကြီး။ လက်တိုလက်တောင်း ခိုင်းစေရတာပေါ့"

"ကောင်းပါတယ် မောင်ကာဆင်"

ထို့နောက် ကျွန်ုပ်တို့သည် တိုက်ကြီးဂါတ်တဲမှ ထွက်ခွာလာခဲ့ကြတော့သည်။

* * *

အောက်လင်းဓာတ်မီးလေးငါးလုံး၏ အရှိန်ကြောင့် နေ့ခင်းအလား ထိန်လင်းလျက် ရှိနေပေသည်။ ဦးစံထားကဦးဆောင်ကာ ထိုနာရေးအိမ်ထဲသို့ ခွတ်ဝင်သွားလေသည်။

ထိုနာရေးအိမ်မှာ ဖလုံရွာလယ်ပိုင်းလောက်တွင် ရှိ၏။

"ဟော... ကြွပါခင်ဗျာ။ ကြွပါ"

တိုက်ကြီးဂါတ်မှ ဆားပုလင်းထွန်းမောင်ကိုတွေ့သွားပြီး လှမ်းဖိတ်ခေါ်လိုက်ခြင်းဖြစ်၏။

ကျွန်ုပ်တို့အား ဖျာခင်းပေးသည်ကြောင့် ဝင်ထိုင်လိုက်ကြ၏။ အိမ်၏အတွင်းတွင် ဖဲကစားနေကြသူများကို လှမ်းမြင်တွေ့ရသည်။

"ဆရာကြီး။ သူက ဒီရွာက လယ်သမားကြီးဦးဘဆောင်တဲ့။ အခုဆုံးသွားတာက သူ့ဇနီးဒေါ်မြရွှေတဲ့"



"ဩော်... ဟုတ်လား။ စိတ်မကောင်းစရာပေါ့ဗျာ"

ဆားပုလင်းထွန်းမောင်က ဦးစံထားနှင့် မိတ်ဆက်ပေးလိုက်ခြင်းဖြစ်သည်။

"အသက်တို့ရှာပါတယ် ခင်ဗျာ။ ငါးဆယ်တောင် ပြည့်သေးတာ မဟုတ်ဘူး"

"ကံရှိသလောက် နေကြရမှာပဲ။ ဦးဘဆောင်ရယ်။ တရားနဲ့ဖြေပေါ့"

"ဟုတ်ကဲ့ခင်ဗျာ။ ဟုတ်ကဲ့"

ကျွန်ုပ်မှာ ထိုစကားဝိုင်းထဲသို့ မဝင်နိုင်ဘဲ ရေနွေးကြမ်းတစ်ခွက်ကိုသာ ငုံ့သောက်နေလိုက်ပေ၏။

ဦးစံထားက အတွင်းဘက်သို့ လှမ်းကြည့်လိုက်ကာ...

"ဝိုင်းကရော ကောင်းလား ဦးဘဆောင်"

"ဒီနေ့တော့ ခပ်ဖြောက်ဖြောက်ပါဗျာ။ မနေ့ကတော့ ကောင်းရဲ့"

"ဟုတ်လား"

"ဟုတ်တယ်ဗျ။ ကြို့ဝိုင်းရွာကရေချမ်းနဲ့ သူ့အဖော်တစ်ယောက်တို့ ရောက်လာကြပြီး ဒိုင်ကိုင်ကြတယ်လေ။ သန်းခေါင်ကျော်လောက်မှာ ဝိုင်းပြတ်သွားတာပါပဲဗျာ။ ရေချမ်းရဲ့အဖော် အတော်နိုင်သွားသဗျ"

"နွှဲလိုက်ချင်တယ်ဗျာ။ သူကဘယ်သူတဲ့တုံး။ ဘယ်မှာနေတာတဲ့တုံး"

"အင်း ကျုပ်လည်း ခုမှမြင်ဖူးတာဗျ။ လူကတော့ ခပ်တောင့်တောင့်၊ ထွားထွားထဲကပဲ။ ရေချမ်းမေးရအောင်ကလည်း ရေချမ်းက သေသွားပြန်ပြီ"

"ရပါတယ် ဦးဘဆောင်ရယ်။ ကျုပ်တို့ဘာသာ စုံစမ်းလိုက်ပါ့မယ် ခွင့်ပြုလိုက်ပါဦး။ ဝိုင်းကောင်းရင် ဝင်ကစားချင်လို့ ကျုပ်လာခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ။ အားတောင်နာတယ်"

"ရပါတယ် ဦးဘဆောင်"

ကျွန်ုပ်တို့ ထိုနာရေးအိမ်မှ ထွက်လာခဲ့ကြ၏။ လမ်းတွင် ဦးစံထားက…

"မောင်ထွန်းမောင်"

"ဗျာ… ဆရာကြီး"

"ကြံ့တိုင်းရွာက အတော်ဝေးသေးလား"

"မဝေးပါဘူးခင်ဗျာ။ နာရီဝက်လောက်လျှောက်ရင် ရောက်ပါတယ်"

"ဒါဖြင့် ကျုပ်တို့သွားကြမယ်"

"ဟုတ်ကဲ့"

ညမှာ မှောင်နှင့်မည်းမည်းရှိ၏။ ဆားပုလင်းထွန်းမောင်က လက်နှိပ်ဓာတ်မီးကိုထိုးကာ ရှေ့မှသွားလျက်ရှိ၏။

ကျွန်ုပ်တို့က နောက်မှလိုက်လာကြရင်း စကားပြောလာခဲ့ကြသည်။

"ကိုလှမောင်ရေ၊ ညက ရေချမ်းအသုဘဝိုင်းမှာ လာသွားတယ်ဆိုတာတော့ သေချာသွားပြီ။ သူ ဘယ်သူနဲ့လာသွားတယ်ဆိုတာ သိရရင် အဖြေပေါ်ပါပြီဗျာ"

"ဟုတ်ကဲ့ ဦးစံထား"

"ကိုလှမောင် နည်းနည်းတော့ သည်းခံဗျာ။ တစ်ခါတလေ ဒီအလုပ်က၊ ဒီလိုပဲဗျ"

"ရပါတယ် ဦးစံထားရယ်"

မကြာမီမှာပင် ကျွန်ုပ်တို့သည် အိမ်ခြေအနည်းငယ်မျှသာရှိသည့် ကြံ့တိုင်းဆိုသော ရွာကလေးထဲသို့ ဝင်ရောက်လာခဲ့ကြပါသတည်း။

* * *

## အခန်း (၃)

"ကျုပ်တို့က ရေချမ်းရဲ့မိတ်ဆွေပါ။ သူ ဆုံးသွားတယ်လို့ကြားတာကြောင့် လာခဲ့ကြတာ"

"ကိုရေချမ်းရေ၊ ရှင့်မိတ်ဆွေတွေ လာတယ်လေ။ အမယ်လေး အဖြစ်ဆိုးလှချည်လား။ ကိုရေချမ်းရဲ့"

ရေချမ်း၏ဇနီးဖြစ်သူ မိန်းကလေးမှာ ရှိုက်ငိုနေပေတော့သည်။ ကလေးနှစ်ယောက်မှာ ငုတ်တုတ်လေးတွေထိုင်လျက် မျက်လုံးလေးတွေ ပြူးကြောင်လျက် ကြည့်နေကြ၏။

နာရေးအိမ်ဆိုသော်လည်း လူသူလည်းသိပ်မရှိလှ။ ခမျာများ အတော်လေး ဆင်းရဲရှာကြပေသကိုးဟု တွေးမိကာ ကျွန်ုပ်အတော်ပင် စိတ်မကောင်းဖြစ်သွားရသည်။

ဦးစံထားက အိတ်ထဲမှ ငွေတချို့ကိုနှိုက်ထုတ်ကာ ပေးလိုက်ရင်း…

"ဒါ ကျုပ်တို့ရဲ့ ကူမယ့်ငွေဆိုပါတော့ ယူပါ"

မိန်းကလေးမှာ တုန်တုန်ယင်ယင်ဖြင့် လှမ်းယူရှာသည်။

ဦးစံထားက ဆေးတံကိုမီးညှိလိုက်ကာ…

"ဒီကောင် ဘယ့်လိုဖြစ်သွားတာလဲ မသိဘူး။ ဟိုတစ်နေ့ကပဲ



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြီးဈေးထဲမှာ တွေ့လိုက်သေးတယ်"

"ကံကြမ္မာဝင်တာ နေမှာပါရှင်။ အဲဒီနေ့က ကိုရေချမ်း သူ့ဘာသာသူ အိမ်မှာနေနေတာပါ။ မှောင်ရိပ်ပျိုးလောက်မှ လူတစ်ယောက်လာခေါ်တာနဲ့ ပါသွားခဲ့တာ"

"ဟုတ်လား၊ ဘယ်သူလာခေါ်သွားတာလဲကွဲ့"

"ကိုဘဇံဆိုတဲ့ သူလေ"

"ဘယ် ကိုဘဇံလဲ"

"ရွှေမြယာက ကိုဘဇံပေါ့"

"သြော်"

ထို့နောက် ဦးစံထားသည် ရောက်တတ်ရာရာများကို ဆယ်မိနစ်ခန့်ပြောဆိုပြီး မိန်းကလေးအား နှုတ်ဆက်ကာ ထပြန်ခဲ့ကြလေသည်။

ကျွန်ုပ်တို့သည် ပြည်လမ်းမပေါ်သို့ဦးတည်ကာ လျှောက်လာခဲ့ကြ၏။

"ကဲ… မောင်ထွန်းမောင်ရေ။ ကျုပ်တို့ ရွှေမြယာရွာကို ဆက်ကြဦးရဲ့"

"ဟုတ်ကဲ့ဆရာကြီး"

ရွှေမြယာရွာမှာ ဖလုံရွာ၏ တောင်ဘက်ကျကာ မီးရထားလမ်းနှင့် နီးကပ်စွာတည်ရှိ၏။

မကြာမီမှာပင် ကျွန်ုပ်တို့ ရွှေမြယာသို့ရောက်ရှိလာခဲ့ကြ၏။ အချိန်မှာ ည ရှစ်နာရီခန့်ရှိပြီ ဖြစ်သည်။ ရွာလူကြီးကို ဝင်ရောက်ခေါ်ဆောင်ပြီး ကျွန်ုပ်တို့ ဘဇံအိမ်ဝိုင်းသို့ လျှောက်လာခဲ့ကြသည်။

"ဘဇံ… ဟေ့ ဘဇံ"

"ဘယ်သူတွေလဲ"

"တို့ပါ ရွာလူကြီးတွေ"

"သြော်… လာပြီ…လာပြီ။ အလျှူခံကိစ္စလားဗျ"





"ဆိုပါတော့ကွာ"

ဘဇံအား အိမ်ထဲမှထွန်းညှိထားသည့် မီးအလင်းရောင်ဖြင့် ပုံပန်းကို တွေ့မြင်ရလေရာ လွန်စွာထွားကျိုင်းလှသည်ကို တွေ့လိုက်ရသည်။

သူက ခြံဝင်းတံခါးကို ဖွင့်ပေးလိုက်ရင်း ကျွန်ုပ်တို့အား လှမ်းကြည့်ရာမှ…

"ဟင်… ဘယ်သူတွေလဲ မသိဘူး။ ဦးမောင်၊ သူတို့က ဘယ်သူတွေလဲဗျ"

"ဟေ့ကောင် ဘဇံ။ မင်းစကားရှည်မနေနဲ့။ ဒါက စုံထောက်ကြီးဦးစံထားပဲ"

"ဗျာ"

"ဟုတ်တယ်။ မင်းကို မေးမြန်းစရာလေးတွေရှိလို့ ရောက်လာခဲ့တာ"

ဘဇံမှာ မှုပျက်နေသည်ကို ကျွန်ုပ်ပင်ရိပ်စားမိပေသည်။

"ထိုင်ကြပါဗျာ။ ထိုင်ကြပါ"

ဘဇံ၏အိမ်အတွင်းသို့ ကျွန်ုပ်တို့ထိုင်မိလိုက်ကြ၏။

ဦးစံထားက ထိုင်လိုက်လိုက်ချင်းမှာပင် ဘဇံအား စူးစူးစိုက်စိုက်ကြည့်လိုက်ကာ…

"ဘဇံ"

"ဗျာ"

"မင်း မနေ့ညက ရေချမ်းကိုခေါ်ပြီး ဖလုံရွာက အသုဘဝိုင်းကို ရောက်တယ် မဟုတ်လား"

ဘဇံမျက်နှာ ကွက်ခနဲပျက်သွားသည်ကို မီးရောင်ဖြင့်မြင်တွေ့လိုက်ရ၏။

"ကျုပ်မေးတာကို ဖြေပါ။ ဘဇံ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်... ဟုတ်ကဲ့။ ရောက်ပါတယ်"

"မင်း တစ်ဝိုင်းလုံး သိမ်းသွားခဲ့တယ်ဆို"

ဘဇံသည် အံ့သြတကြီးဖြင့် စုံထောက်ကြီးဦးစံထားအား ပြူးကြောင်၍ ကြည့်နေ၏။

"ဟုတ်ပါတယ်"

"နောက်တော့ကော၊ မင်းနဲ့ရေချမ်း ဘယ်ရောက်သွားကြလဲကွ"

"ဗျာ"

ဘဇံသည် မျက်စိမျက်နှာပျက်၍နေကာ ချွေးသီးချွေးပေါက်တွေ ကျလာသည်ကို ဂျွန်ပ်လှမ်းမြင်ရ၏။

ဦးစံထားမှာ ကောက်ခါငင်ခါဖြင့်...

"ဘဇံ မင်းရဲ့ဖိနပ်ရောကွ"

"ဗျာ"

ဘဇံမှာ ဦးစံထားမေးသမျှအား မဖြေနိုင်ဘဲ တဗျာဗျာဖြင့် နှုတ်ဆွံ့လျက်ရှိသည်။

"ဟောဒီပစ္စည်းလေးကိုရော၊ တွေ့ဖူးရဲ့မဟုတ်လား၊ ကြည့်စမ်းပါဦးကွ"

စုံထောက်ကြီးဦးစံထားက အိတ်ထဲမှ နှိုက်ထုတ်၍ အထုပ်လေးတစ်ခုကို လှမ်းပေးလိုက်သည်။ ဘဇံတုန်တုန်ယင်ယင်ဖြင့် လှမ်းကြည့်လိုက်ပြီးလျှင် အထုပ်လေးကို ဖွင့်၍ကြည့်လိုက်၏။

"ဟင်"

ဘဇံ၏ မျက်လုံးနှစ်လုံးက ပြူးထွက်လာကြသလို၊ မျက်နှာမှာလည်း ရှုံ့တွန့်၍သွားသည်။ သူသည် ထိုပစ္စည်းလေးကို ကြောက်လန့်တကြား ဖြစ်နေပုံရလေ၏။

"ဘဇံရယ်၊ သံဆိုတာ သစ်သားကိုသာ ရိုက်ရတာပါကွယ်။ ခုတော့ မင်းဟာက..."





"မဟုတ်ဘူး... မဟုတ်ဘူး"

ဘဇံ ဖျတ်ခနဲထရပ်ကာ ထွက်ပြေးမည့်ပြုလိုက်သည်ကြောင့် ဦးစံထားက လျှပ်ပြက်လိုက်သလို၊ ညာဝိုက်လက်သီးတစ်ချက် ပစ်သွင်းလိုက်၏။

"ဝိုး"

"ခွပ်"

ဘဇံနောက်သို့ ယိုင်ကျ၍အသွား...

"မောင်ထွန်းမောင် သူ့ကိုလက်ထိတ်ခတ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဘဇံသည် ခွန်အားဗလကြီးသူ ဖြစ်သောကြောင့် ဖွတ်အတင်းပင် ရုန်းကန်နေ၏။ သို့ရာတွင် ဆားပုလင်းထွန်းမောင်က လက်ထိတ်ခတ်နိုင်လိုက်၏။

ဘဇံလည်း မာန်လျော့လိုက်သည်လားမသိ။ ဟင်းခနဲ သက်ပြင်းတစ်ချက်ချကာ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ဖြစ်၍သွားသည်။

ဦးစံထားက ဆေးတံကို မီးညှိ၍ဖွာလိုက်ပြီး...

"ကဲ... ဘဇံ၊ မင်းဝန်ခံတော့မယ် မဟုတ်လား"

"ကျုပ်က ဘာကိုဝန်ခံရမှာလဲဗျ"

"ဟေ့ကောင် တိတ်စမ်း။ ယောကျ်ားဆိုတာ ဝန်ခံရဲရတယ်ဘဇံ။ ထားပါလေ၊ မင်းလုပ်သမျှ ငါပြောပြပါ့မယ် နားထောင်ပေတော့"

ဘဇံမှာ သက်မဲ့ကျောက်ရုပ်နှယ် ငြိမ်သက်၍သွား၏။ ဦးစံထားကစတင်၍ ပြောလိုက်၏။

"မနေ့ညနေပိုင်းက မင်း ရေချမ်းအိမ်ကို ရောက်သွားပြီး ရေချမ်းနဲ့အတူ ဖလုံရွာက အသုဘဖဲဝိုင်းမှာ ဝိုင်းလုံးကျွတ် နိုင်လိုက်ကြတယ်။ ဒီအထိ ကျုပ်ပြောတာငြင်းလို့ မရသေးဘူးနော်။ နောက်ပိုင်းကို ဆက်ပါဦး ထောင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးစံထားက ဆေးတံကိုဖွာနေလိုက်သေး၏။ ပြီးမှ…

"ဖဲဝိုင်းကအပြန်မှာ မင်းတို့နှစ်ယောက် ဖလုံရွာထိပ်က ဆိုင်မှာဝင်သောက်ကြတယ်။ မင်းက ရေချမ်းကို ပေဘာဒီအိမ်ကို ခေါ်လာတယ်"

"ဗျာ"

"မဗျာနဲ့ ဘဖဲ။ ရေချမ်းဟာ မင်းထဲက ငွေစနွေတောင်းပါလိမ့်မယ်။ တကယ်တော့ မင်း ဖဲလိမ်ရိုက်ခဲ့တယ်ဆိုတာ ရေချမ်းသိတယ်။ အဲဒီဝိုင်းမှာလည်း ရေချမ်းကြောင့် မင်းဝင်လို့ရတာ မဟုတ်လား"

ကျွန်ုပ်မှာ ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရသည့်နှယ်၊ တိတိကျကျ ပြောဆိုနေသည့် ဦးစံထား၏ဉာဏ်ရည်အား စိတ်ထဲမှကျိတ်၍ ချီးကျူးနေမိလိုက်သည်။

ဆားပုလင်းထွန်းမောင်ကလည်း အံ့အားသင့်နေလေသည်။

"ဒါပေမဲ့ မင်းဟာ ရေချမ်းကို သူတောင်းသလောက် မပေးခဲ့ဘူး။ ရေချမ်းကလည်း ဇနဲ့လူဆိုတော့ ဘယ်ခံမလဲကွာ။ မင်းနဲ့ စကားများကြမှာပေါ့"

ဘဖဲမှာ မျက်လွှာချထားလျက် ရှိ၏။

"မင်းက အမူးလွန်နေတဲ့ ရေချမ်းကို ဆွဲထိုးလိုက်တယ်။ ဘာ့ကြောင့်လဲဆိုတော့ သူ့ရဲ့မေးစေ့အောက်မှာ ညိုမည်းနေတဲ့ ဒဏ်ရာကို ကျုပ် တွေ့ထားခဲ့ပြီးပြီလေ။ ရေချမ်း သတိမေ့နေတုန်းမှာ မင်းက ပေဘာဒီ လေးလက်မသံနဲ့ နောက်စေ့တည့်တည့်မှာ ရိုက်သွင်းပြီး ပိပိရိရိ သတ်ခဲ့တာပဲ ဘဖဲ"

ဘဖဲမှာ မျက်နှာကို လက်ဝါးဖြင့်အုပ်လိုက်သည်ကို မြင်တွေ့ရ၏။

"နောက်တော့ မင်းဟာ ရေချမ်းကို ထမ်းပိုးပြီး ရထားလမ်းဘေးကို ချထားခဲ့တာပဲ။ အဲဒီမှာ မင်းစီးတဲ့ ဖိနပ်အစိမ်းရောင်ဟာ ကျန်ရစ်ခဲ့တယ်။ ကျုပ်က ကြည့်ပြီးကတည်းက ရေချမ်းဖိနပ် မဖြစ်နိုင်ဘူးဆိုတာ သိ





ထားပြီးသား။ မင်းလို ထွားဖွားကျိုင်းကျိုင်းလူရဲ့ ခြေထောက်နဲ့မှ တော်မယ့် ဆိုက်လေကွာ"

"တော်ပါတော့ ဦးစံထား။ တော်ပါတော့"

"မတော်သေးဘူး ဘဖဲ။ မင်းဟာ အတော်လေး အကွက်စေ့စေ့နဲ့ ကြံခဲ့တာပါပဲ။ အရက်တစ်လုံးကိုလည်း ဘေးမှာချထားခဲ့သေးတယ်။ အမူးလွန်ပြီး သေသလိုလို ထင်အောင်ကြံတာ။ ဒါပေမဲ့ ဘဖဲ မင်းကံဆိုးသွားတယ် သိလား။ အဲဒါ မမျှော်လင့်ဘဲ ကျုပ်နဲ့ဆုံခဲ့ရလို့ပဲ"

နောက်ဆုံးတွင် ဘဖဲသည် ငိုသံပါကြီးဖြင့်…

"ဦးစံထားပြောတဲ့အတိုင်း ကွက်တိပါပဲဗျာ။ ကျုပ် အဲဒီအတိုင်းပဲ ရေချမ်းကိုလုပ်ကြံခဲ့တာ မှန်ပါတယ်"

"ထွီ… အတော်ကို မိုက်မဲလှတဲ့အကောင်… "

"လူ့အသက်တစ်ချောင်းကို ရက်ရက်စက်စက် မင်းမို့ကြံစည်ရက်တယ်ကွာ။ ထွန်းမောင်၊ ဒီကောင့်ကို မြန်မြန်ခေါ်သွားစမ်းကွာ၊ ကြာရင် ငါ လက်လွန်မိလိမ့်မယ်"

ဦးစံထားမှ လက်သီးတပြင်ပြင်ဖြင့် ရှိနေသည်ကြောင့် ကျွန်ုပ်က…

"တရားခံလည်း မိနေပြီပဲ ဦးစံထားရယ်။ ဒေါသတွေကြီးမနေပါနဲ့တော့"

"လူမဆန်အောင် ရက်စက်လွန်းလို့ပါ။ ကိုလှမောင်ရယ်"

ဆားပုလင်းထွန်းမောင်သည် တရားခံဘဖဲအား ခေါ်ဆောင်သွားပြီဖြစ်၏။

ကျွန်ုပ်နှင့်ဦးစံထားတို့မှာ ကားကြုံစောင့်၍ ရန်ကုန်ဘက်သို့ ပြန်ခဲ့ကြပါတော့သတည်း။ ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# စုံထောက်ကြီးဦးစံထားနှင့် ထင်မိယောင်များ

## အခန်း (၁)

'လေးအိမ်တန်း' ရွာကလေးကို ဆည်းဆာနေခြည်၏ အောက်ဝယ် မှိုင်းပျပျလေး မြင်တွေ့ရ၏။ ထိုရွာကလေး၏ ပတ်ပတ်လည်တွင် စိမ်းမြမြလယ်ခင်းပြင်များက လေအဝှေ့တွင် ယိမ်းနွဲ့၍နေကြပေသည်။

ရွာသားတစ်ချို့သည် လယ်တောများမှ ပြန်လာကြပြီဖြစ်သည်။ နွားကျောင်းသား၊ ကျွဲကျောင်းသားတို့သည်လည်း စားကျက်မြေများဆီမှ ရွာတွင်းသို့ သူတို့၏ နွားအုပ်၊ ကျွဲအုပ်များကို အလျှိုလျှိုမောင်းသွင်း၍ လာကြသည်မှာ ဆူညံလျက်ရှိနေပေတော့သည်။

မကြာမီမှာပင် ဆည်းဆာအချိန်ကွယ်ပျောက်၍ အမှောင်ယှက်သန်းလာပေတော့မည်။ ထို့ကြောင့်ပင် လူများ၊ တိရစ္ဆာန်များသည် မိမိတို့၏ သိုက်မြုံများရှိရာသို့ ပြန်လာနေကြခြင်းပင် ဖြစ်၏။

ကောင်းကင်ပြင်တွင်လည်း သိုက်မြုံများဆီသို့ တောင်ပံတဖျတ်ဖျတ်ရိုက်ခတ်ကာ ပျံသန်းလျက်ရှိကြသည့် ငှက်အုပ်များကို တစ်သုတ်ပြီးတစ်သုတ် တွေ့ရလေသည်။

အချိန်မှာ ညီအစ်ကိုမသိတသိ ဟုပြောနိုင်လောက်သည့် အချိန်ပါတည်း။ ထိုအချိန်တွင်မှ 'လေးအိမ်တန်း' ရွာထဲမှ မိန်းမပျိုလေးတစ်ဦး





သည် လယ်ကန်သင်းများကို ဖြတ်သန်းကာ ခပ်သွက်သွက်လျှောက်နေသည်ကို တွေ့ကြရလေသည်။

ဝင်လုလုလိမ္မော်ရောင်သွေး နေခြည်နု၏အောက်ဝယ် သူမ၏ အလှကောက်ကြောင်းကို မြင်တွေ့ရ၏။ သူမ၏အသားအရေက အဖြူဘက်သို့ လုနေသည့် ညိုဝါဝါအသား၊ အလုံးအဖန်မှာ တောသူတောင်သားများ ပီသစွာပင် မျှစ်ဆို့ပေါက်ကြီးသဖွယ် ထွားအိလွန်းလှ၏။

သို့ရာတွင် ခါးတုတ်တုတ် တင်ထွားထွားကြီးတော့မဟုတ်၊ သေးကျဉ်သောခါး၏ အလယ်မှ ဖြိုးဖြိုးရွှေရင်၊ ပြီးတော့ခါးသေးသေးလေးအောက်မှ ကားစွင့်သည့်တင်တို့မှာ အချိုးအစားကျနစွာဖြင့် ရှိနေကြခြင်းဖြစ်၏။

သူမသည် အဖော်မပါပဲနှင့် သွားနေသော်လည်း ကြည့်ရသည်မှာ စိုးစဉ်းမျှကြောက်လန့်နေဟန် မပေါ်လွင်ပါပေ၊ သွားနေကျလာနေကျလမ်းကို စိတ်ပေါ့ပါးစွာဖြင့် ဖြတ်သန်းနေခြင်းပင်ဖြစ်ပါ၏။

ခေါင်းထက်မှ ဆံထောက်ဖါးဖါးကြီးမှာ တစ်ခါတစ်ခါ တစ်လွင့်လွင့်ဖြင့်ရှိ၏။

ရွာနှင့်အတော် ခပ်လှမ်းလှမ်း မြောင်းငယ်တစ်ခုကို အဖြတ်၌ တစ်ဘက်မှလာသည့် ရွာသားတစ်ဦးနှင့် တွေ့ဆုံသည်။

"ဟဲ့…မကျေး နေဝင်ကာနီးပါမှ ဘယ်ကိုသွားမလို့လဲ"

"ဘကြီးခင်ရေ လယ်ထဲသွားပြီး ဟင်းရွက်ကန်စွန်းလေးခူးမလို့တော့"

"နင့်ဟာက အချိန်မရှိမှ "

"ဟုတ်တယ် ဘကြီးခင် ငပိရေနဲ့တို့စားဖို့အတွက် အတို့ အမြုပ်လေး လိုနေတာကြောင့်ပါ"

"ဒါများ အဖော်လေးဘာလေး ခေါ်ခဲ့ရောပေါ့"

"ရပါတယ် ဘကြီးခင်ရယ် ကျုပ်တို့က မွေးကထဲက လယ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲကြီးပြင်းလာကြတဲ့ သူတွေပဲဟာ အဆန်းမဟုတ်တော့ပါဘူး"

"ကဲ... သွားသွား ဟိုကောင်ထွန်းမြလဲ ပြောထားရဦးမယ် သမီးမိန်းမပျိုလေးကို ချိန်ခါမဲ့မှ လွှတ်ရတယ်လို့ကွာ"

ဘကြီးခင်သည် ဗျစ်တောက် ဗျစ်တောက် ပြောကာဖြင့် ရွာဆီသို့ ဆက်လျှောက်သွားလေသည်။ မကျေးက သူတို့ လယ်တောဆီသို့ဆက် လျှောက်လာသည်။

လယ်တောမှာ ရွာနှင့်ခရီးတစ်တိုင်နီးပါးခန့်ဝေး ဝေးကွာလှ၏။ မကျေးတို့လယ်တော၏ အလွန်ခပ်လှမ်းလှမ်းလောက်တွင် "ပိတောက် ကုန်း" ရွာရှိသည်။

ပြောရမည်ဆိုလျှင် ထိုရွာနှင့်က မကျေးတို့လယ်တောနှင့် ပို၍နီး ကပ်စွာရှိလေသည်။ ထို့ကြောင့်ပင် ထိုပိတောက်ကုန်းရွာတွင် နေထိုင်သည့် စစ်ပြန်ကြီးကိုဘခက်သည် မကျေးလယ်တောသို့ လာရောက်လေတိုင်း လူမျိုးလာလာလှည့်တတ်ပေသည်။

စစ်ပြန်ကြီးဘခက်သည် မကျေးလယ်တောသို့ ရောက်ရှိသည့်နှင့် မကြာမီအချိန်လေး အတွင်းမှာပင် လယ်ကန်သင်းများပေါ်တွင် သူ၏ စက်ဘီးကိုစီးရင်း ရောက်ရောက်လာခြင်းဖြစ်သည်။

သူသည် ရွာနီးချုပ်စပ်များသို့လည်း ထိုစက်ဘီးအိုကြီးကို စီးနင်း ၍သွားတတ်သူ ဖြစ်၏။ တစ်ခါတစ်ရံတွင်တော့ ပြောင်းရှည်သေနတ်တစ် လက်ကို ပိုက်ကာဖြင့် ရောက်ရောက်လာတတ်သည်။ သူတောပစ်၍ ရရှိလာသည့် သားကောင်များအားလည်း မကျေးကို ပေးကမ်းတတ် ပြန်သည်။

ယနေ့လည်း သူရောက်လာဦးမည်လားမသိ။

စင်စစ်တော့ မကျေးအရွယ်သည် ကျွန်မအသက် "သပြေခက်" ဟူသည့်အရွယ်ဆိုတော့ စိတ်ကစားတတ်လေသည် မဟုတ်ပါလား။

မကျေးသည် သူမထက် အသက်ဆယ်နှစ်ကျော်ကျော်ကြီးသည့်





စစ်ပြန်ကြီးဘခက် အပေါ်တွင် စိတ်ကစားလျှက် ရှိနေပြီလားမသိ။ မျှော်မိသည်ကတော့ အသေအချာပင်ဖြစ်လေသည်။

"မကျေး. ကျုပ် မကျေးကို မေတ္တာသက်ဝင် ချစ်ခင်နေပြီကွယ်၊ မကျေးရဲ့ သဘောထားကိုကျုပ်သိချင်ပါတယ်၊ ကျုပ်အပေါ်မှာ မကျေး ဘယ်လိုဆုံးဖြတ်ထားလဲ မကျေးဟင်"

သူမအား စစ်ပြန်ကြီးဘခက် မေးခဲ့သည့်စကားတွေကို ပြန်လည် ကြားယောင်လာ၏။ မကျေးသည် ထိုသို့တွေးမိရာက တစ်ယောက်တည်း ခစ်ခနဲပင် ရယ်မောမိလိုက်သေးသည်။

သူမသည် လျှောက်လာရင်းဖြင့် သူမတို့ လယ်တောအစပ်သို့ ရောက်ရှိလာ၏။ လယ်တော၏ ဘေးတစ်ဘက်သည် ခြုံနွယ်ပိတ်ပေါင်း များ ထူပြောလှသည့် ကျောက်စရစ်ကုန်းမြေဖြစ်သည်။

တစ်ချို့ကလည်း ဖုန်းဆိုးတောဟု ခေါ်သံကိုကြားဖူး၏။ ထိုအထဲမှ ယုန်ငယ်လေးများ၊ တောကြောင်များ၊ ကြောင်ဝံပိုက်များထွက်လာ တတ်သည်ကို မကျေးမကြာမကြာ တွေ့ရှိရတတ်သည်။

သည်နေ့ ညနေကော သူမ၏ စစ်ပြန်ကြီး တောပစ်ထွက်လာလေ မလားမသိ။ နေလုံးက လုံးဝ ပျောက်ကွယ်သွားပြီ ဖြစ်သောကြောင့် အမှောင်ထုသည် သိပ်သည်းစွာဖြင့် ဝင်ရောက်လာပြီဖြစ်၏။

မကျေးသည် လယ်ကန်သင်းပေါ် အသာရပ်ရင်း ဟိုသည်လှည့် ပတ်ကာ လှမ်းလို့ကြည့်ဆဲ "ဒိုင်း" ဟူသော သေနတ်သံတစ်ချက်ကိုကြား လိုက်ရပြီးလျှင် .....

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

တစ်နေ့သ၌ ကျွန်ုပ်သည် ဆူးလေဘုရားလမ်း ပထမထပ်ရှိ စုံထောက်ကြီး ဦးစံထားထံသို့ ရောက်ရှိလျက်နေစဉ်တွင် မှော်ဘီဘက်မှ ကိုင်းသမားကြီးတစ်ဦးရောက်ရှိ၍လာတာ ဦးစံထားအားအမှုတစ်ခုတွင် လိုက်ပါဆောင်ရွက်ပေးစေလိုကြောင်း အတင်းကောင်းပန်ပြောဆိုကာ ရွှေဒင်္ဂါးပြား ဆယ်ပြားတိတိကို အမှုလိုက်ခအဖြစ် ဖွတ်အတင်းထိုးပေးလေသည်။

ထိုအခါ နာမည်ကျော် စုံထောက်ကြီး ဦးစံထားက ခဲလျက်ရှိသည့် ဆေးတံကို ဘေးသို့ အသာချကာ-

"အမှုအပ်တာတော့ ဟုတ်ပါပြီခင်ဗျာ၊ အမှုအကြောင်းကိုလဲ ပြောပြဦးမှပေါ့ခင်ဗျာ"

ဟု ပြောလိုက်လေရာ

"ဟုတ်ပါရဲ့ စုံထောက်ကြီးရယ်၊ ကျုပ်လဲ စိတ်လောကြီးနေတာကြောင့် အရေးကြီးတာတွေ့ငင် မေ့သွားသဗျာ၊ ကျုပ်နာမည်က ဦးစံမောင်တဲ့ဗျ၊ မှော်ဘီဘက်က လေးအိမ်တန်းရွာမှာ နေထိုင်ပါတယ်၊ အမှုဖြစ်ခဲ့တာကတော့ ဒီလိုပါ စုံထောက်ကြီး"

ဦးစံမောင်သည် အမှုနှင့်ပတ်သက်သမျှတို့အား ခရေစေ့တွင်းကျ





ပြောပြနေလေသည်။ ဦးစံထားက မျက်လုံးများကို မှေးစင်းကာဖြင့် အာရုံစိုက်လျက်ရှိပြီး ကျွန်ုပ်က စာရေးဆရာတို့၏ ညာဉ်အတိုင်းပင် ဝတ္ထုဇာတ်သွားသဖွယ် ချရေးကြည့်နေမိပေသည်။

(ဤဇာတ်လမ်း၏ အစပိုင်းတွင် ရေးသားဖော်ပြထားပါသည်။ စာရေးသူ)

ဦးစံထားသည် အမှုဖြစ်စဉ်အား နားထောင်၍အပြီးတွင် မျက်လုံးပြန်၍ဖွင့်ကာ ဆေးတံကို မီးညှိ၍ ဖွာရှိုက်နေပေသည်။ အတန်ငယ်ခန့်ကြာတော့မှ မျက်မှောင်ကို ကျုံ့လိုက်ပြီးလျှင်-

"ဆက်ပြောပါ ဦးစံမောင်၊ မကျေးဆိုတဲ့ မိန်းကလေး သေဆုံးရမှုနဲ့ ဘယ်လို ပတ်သက်ခဲ့တာလဲ ဆိုတာကို"

"ဟုတ်ကဲ့ပါခင်ဗျာ၊ မကျေးသေဆုံးရတဲ့ အမှုရဲ့ တရားခံဆိုပြီး ကျုပ်ရဲ့သား ဘခက်ကို ပုလိပ်ဘက်က ဖမ်းဆီးခဲ့ကြပါတယ်"

"ခင်ဗျားသားဘခက် အဖမ်းခံရတယ် ဟုတ်စ"

"ဟုတ်ပါတယ် စုံထောက်ကြီးခင်ဗျာ၊ မကျေးရရှိခဲ့တဲ့ သေနတ်ဒဏ်ရာဟာ ဘခက်ရဲ့ သေနတ်ကထွက်တဲ့ ကျည်ဆံအမျိုးအစားနဲ့ အတူတူပဲလို့ ပြောပါတယ်"

"သြော်"

"ပြီးတော့လဲ အလောင်းရဲ့ ဘေးနားက လယ်ကန်သင်းပေါ်မှာ စက်ဘီးရာတွေ တွေ့ရတယ်လို့ ပြောပါတယ်။ ဘခက်ဟာ ပိတောက်ကုန်းရွာမှာ စက်ဘီးရှိသူဆိုလို့ သူတစ်ဦးတည်း ရှိတာကြောင့် ပုလိပ်ဘက်က သူကလွဲလို့ တစ်ခြားသူ မဖြစ်နိုင်ဘူးလို့ဆိုပြီး ဖမ်းဆီးခဲ့ကြတာပါ။ အဲဒီမှာ တစ်ချက်ရှိနေတာကလဲ ကျုပ်ရဲ့သား ဘခက်ဟာ မိန်းကလေးကို တန်းတန်းစွဲ ကြိုက်နေတာကြောင့်လဲ ပါပါတယ်ခင်ဗျာ"

"အင်း"

ကျွန်ုပ်က သားဖေအတွက် ဗျာများနေသည့် ဖခင်တစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



သောကပုံရိပ်ကို ကြည့်ကာ ကိုယ်ချင်းစာနာမိရလေသည်။

"သူတို့ ပြောကြတာကတော့ ကျုပ်ရဲ့သား ဘခက်ဟာ မကျေးရဲ့ မေတ္တာကို မရရှိတာကြောင့် ပစ်သတ်တာဖြစ်မယ်လို့ ဆိုကြပါတယ်။ မစားရတဲ့အမဲ သဲနဲ့ပက်တယ်ပေါ့ခင်ဗျာ"

"နို့ နေပါဦး ဘခက်ကကော ပုလိပ်တွေကို ဝန်ခံခဲ့လား ဦးစံမောင်"

"ဘယ်မှာဝန်ခံလိမ့်မလဲခင်ဗျာ၊ ဒါပေမဲ့ ပုလိပ်ဘက်က ခရိုင်ဝန်က ဘခက်ကို ရုံးတင်စွဲချက်တင်တဲ့အခါမှာ ဘခက်ဟာ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျသွားခဲ့တယ် စုံထောက်ကြီးရယ်၊ အခုဆိုရင် ကျုပ်သားလေးက ပို့ဘလဲယားကျွန်းမှာ ရောက်နေပြီပေါ့"

"အင်း ကျုပ် ကိုယ်ချင်းစာမိပါတယ် ခင်ဗျာ၊ ဘခက်ကကော ဦးစံမောင်ကို ဘာများပြောခဲ့သေးလဲခင်ဗျ"

"ကျုပ်တို့သားအဖချင်း ပြောခဲ့တဲ့စကားကတော့ဗျာ အင်မတန်စိတ်မကောင်းစရာပါ။ သူ မကျေးကို အသက်လောက်ချစ်တာပါတဲ့၊ ဒီလိုချစ်ရတဲ့ သူတစ်ယောက်ကို စိတ်ကူးထဲမှာတောင် မသတ်ရက်ပါဘူးတဲ့ခင်ဗျာ၊ သူချစ်ရတဲ့ မကျေး သေဆုံးခဲ့ရတဲ့အတွက် သူလဲ လောကကြီးထဲမှာ မနေချင်တော့ပါဘူးတဲ့ ခင်ဗျ"

ဦးစံမောင်၏ စကားကို နားထောင်ကာ စုံထောက်ကြီး ဦးစံထားမှာ ခေါင်းတညိတ်ညိတ် လုပ်လိုက်ရာမှ

"အင်း အချစ်အချစ် အတော့်ကို စွမ်းအားကြီးမားလှပါလား ကိုလှမောင်ရေ၊ ခင်ဗျားက စာရေးဆရာဆိုတော့ ဒီလို အချစ်မျိုးကိုလဲ စာတင်ထားသင့်တယ်ဗျ"

"ဟုတ်ပါတယ် ဦးစံထား"

ဦးစံထားသည် ဆေးတံကို ဖွာရင်းဖြင့် တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားနေပုံရလေသည်။ သူ၏ မျက်လုံးများက ရှုးရှတောက်ပြောင်





လျက်ရှိသည်။

လယ်သမားကြီး ဦးစံမောင်သည် စုံထောက်ကြီး ဦးစံထားအား လှမ်းကြည့်လိုက်ပြီးလျှင်

"အဲဒါ စုံထောက်ကြီးက ဒီအမှုကို အမှန်အတိုင်း ပြန်လည်ဖော်ထုတ်ပေးပါခင်ဗျာ၊ ကျုပ် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျာ"

ဦးစံထားက အားနာဟန်ဖြင့် လက်ကာပြလိုက်ကာ–

"အမှုဖြစ်စက ရောက်လာခဲ့ရင် သိပ်ကို သင့်တော်မဲ့ကိစ္စပဲ ဦးစံမောင်၊ အခုဟာက စီရင်ချက်တောင်ချပြီးလို့ ဘခက်က တစ်ကျွန်းတောင်ရောက်နေပြီဆိုတော့ လွယ်တော့ မလွယ်လှပေဘူးဗျာ"

ပြောအပြီးတွင် ဦးစံထားသည် ဆေးတံကို ဖွာ၍နေလေသည်။

"ဒါပေမဲ့ စုံထောက်ကြီး ကြိုးစားပေးပါခင်ဗျာ၊ ကျုပ်သားလေး ဘခက်ဟာ အမှန်တကယ်ကို လူမသတ်ခဲ့ပါဘူးခင်ဗျာ"

ဦးစံထားက လယ်သမားကြီး၏ မျက်နှာကို ဖျတ်ခနဲလှမ်းကြည့်လိုက်ရာမှ

"အင်းပေါ့လေ၊ ကြိုးတော့ ကြိုးစားကြည့်ကြသေးတာပေါ့ခင်ဗျာ၊ ဒါပေမဲ့ ကံသေကံမတော့ မမှတ်ယူထားလေနဲ့ဗျို့၊ ဒီအချက်တစ်ခုတော့ ကျုပ်ကြိုတင်ပြောထားပါရစေခင်ဗျာ"

"စုံထောက်ကြီး လိုက်ပါဆောင်ရွက်ပေးမယ်ဆိုတာနဲ့ပဲ ကျုပ်ကျေနပ်လှပါပြီခင်ဗျာ၊ ကျန်တာကတော့ အကြောင်းတရားပေါ့ ခင်ဗျာ"

ဦးစံမောင်၏ မျက်နှာမှာ သိသိသာသာကြီး ပြောင်းလဲသွားသည်ကို တွေ့ရှိရ၏။ ဝမ်းမြောက်ဝမ်းသာဟန်မျိုး ပေါ်လွင်၍သွား၏။ ကျွန်ုပ်ပင်လျှင် ဦးစံထား၏ ဆုံးဖြတ်မှုအပေါ်တွင် ကျေနပ်အားရ၍ သွားပေ၏။

"ကျုပ် ပြန်ပါဦးမယ် စုံထောက်ကြီးခင်ဗျာ"

"ကောင်းပါပြီ ဦးစံမောင် ကျုပ်တို့ နက်ဖြန်သဘက်ဆိုသလို



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခဲ့ကြပါမယ်”

“ဝမ်းသာလိုက်တာခင်ဗျာ ကျုပ်ရဲ့သားလေးဘခက် ကံကောင်းလိမ့်မယ်လို့ ထင်ပါတယ်ခင်ဗျာ၊ သွားပြီဗျို့”

မှော်ဘီဘက်မှ လယ်ယာသမားကြီး ဦးစံမောင်သည် စုံထောက်ကြီးဦးစံထား၏အခန်းမှ ပြန်လည်၍ ဆင်းသက်သွားလေသည်။

သူ၏ ခြေလှမ်းများ မြန်ဆန်သွက်လက်နေကြသည်ကို ကျွန်ုပ် သတိထားမိလိုက်၏။

“ဘယ်လိုလဲ အိုင်ဆေးရ မှော်ဘီဘက်ကို လိုက်မယ်မဟုတ်လား‌ဗျ”ဟု ဦးစံထားက မေးလိုက်သည်တွင် ကျွန်ုပ်က “ရထားဦးကရောက်နှင့် နေပါပြီ စုံထောက်ကြီးရယ်”ဟူ၍ ဖြေဆိုလိုက်ပါသတည်း။

* * *

## အခန်း (၃)

“ခုလိုမျိုးပဲဗျ၊ တစ်ခါတလေမှာ ကိုယ်မဟုတ်ပါပဲနဲ့ ခံကြရတာတွေရှိသဗျ၊ ဒါဟာ ဘာကို ဖော်ပြနေသလဲဆိုတော့ ကျုပ်တို့ရဲ့ တရားစီရင်ရေးမှာရော ပုလိပ်ဘက်မှာပါ မျက်နှာဖြူတွေကြီးစိုးနေတာပြနေတာပဲဗျ၊ ငွေများ တရားနိုင်ဆိုတဲ့ခေတ်ပေပဲပေါ့ဗျာ”

ဦးစံထားသည် ရထားပြတင်းပေါက်တွင် ကပ်၍ ထိုင်နေရာမှ ကျွန်ုပ်အား လှမ်းပြောလိုက်ခြင်းဖြစ်၏။ ကျွန်ုပ်တို့နှစ်ဦးသားမှာ ပြည်စာပို့ရထားဖြင့် မှော်ဘီသို့ လိုက်ပါလာခဲ့ကြခြင်းဖြစ်ပေသည်။

“ပုလိပ်ဘက်က အမှုစစ် ရာဇဝတ်အုပ်တို့ ဌာနပိုင်တို့ကလဲ အမှုတစ်ခုဖြစ်ပြီဆိုတာနဲ့ အလွယ်တကူပဲ သူတို့ထင်တဲ့သူ မသင်္ကာတဲ့သူကို တရားခံအဖြစ် ထိုးထည့်ပေးတတ်ကြတယ်ဗျ၊ အပင်ပမ်းခံပြီး တရားခံအစစ်ကို မဖော်ထုတ်ကြတော့ဘူး။ အလွယ်လမ်းကို လိုက်ကြတာပေါ့ ကိုလှမောင်ရာ”

“ဟုတ်တဲ့ ဦးစံထား တစ်ချို့ဆိုရင် ကိုယ်ဘာမှမကျူးလွန်ရပဲနဲ့ သေဒဏ်တောင် ကျခံသွားရတယ်လို့ ကျုပ်လဲ ကြားရဖူးသဗျ”

“ဟုတ်တာပေါ့ ကိုလှမောင်ရာ အခုဖြစ်တဲ့ မကျေးသေဆုံးမှုမှာ စစ်ပြန်ကြီး ဘခက်ဟာ တရားခံအစစ် မဖြစ်နိုင်ဘူးလို့ ကျုပ် တွေးထား



www.burmeseclassic.com

www.burmeseclassic.com



သဗျ"

"ကောင်းပါလေရဲ့ ဦးစံထားရယ်"

"ဟော...ကိုလှမောင်ရေ ဝါးနက်ချောင်း ကျော်လာပြီဗျို့ မော်ဘီကို ရောက်တော့မယ်ဗျ၊ အသင့်ပြင်ဆင်ထားပေတော့ဗျာ"

"ဟုတ်ကဲ့ ဦးစံထား"

စာပို့ရထားကြီးသည် ရထားလမ်း၏ ဘေးဝဲယာရှိ လယ်ကွင်းများကို တရိပ်ရိပ်ဖြင့် ဖြတ်သန်းခုတ်မောင်းနေပေသည်။ မကြာမီမှာပင် မော်ဘီသို့ ရောက်ရှိပေတော့မည်။

"ဦးစံမောင်တော့ လာကြိုနေမှာ သေချာသဗျ ကိုလှမောင်"

"ခမျာ တမျှော်မျှော်နဲ့ နေရှာမှာပေါ့ခင်ဗျာ"

"အင်း သားဓော သားဓော"

ပြည်စာပို့ရထားကြီးသည် မော်ဘီဘူတာရုံဆီသို့ ဝင်ရောက်လာပြီဖြစ်၏။ ကျွန်ုပ်တို့နှစ်ယောက် တွဲပေါ်မှ တိုးဝှေ့ကာ ဆင်းသက်လာကြ၏။

"ဟော...စုံထောက်ကြီးတို့ပါလာတယ်ဟေ့"

ဦးစံမောင်သည် အားရဝမ်းသာဖြင့် ပြေး၍လာကာ ကြိုဆိုလျက်ရှိ၏။

"ရွာကို သွားဖို့အတွက် လှည်းပါလာတယ်ခင်ဗျ"

"ခဏစောင့်ပါ ဦးစံမောင်၊ ကျုပ်တို့မော်ဘီဂါတ်ကို ဝင်လိုက်ပါဦးမယ်"

"ဟုတ်ကဲ့ ခင်ဗျာ"

"လာဗျို့ ကိုလှမောင် ကျုပ်တို့ မော်ဘီဂါတ်တဲကို အရင်သွားလိုက်ကြရအောင်"

ကျွန်ုပ်သည် ဦးစံထား၏နောက်မှ လိုက်ပါလာခဲ့၏။ မော်ဘီဂါတ်သည် ဘူတာရုံနှင့် သိပ်မဝေးလှပါပေ။ မကြာမီမှာပင် ရောက်ရှိ၍





သွားကြ၏။

"ဟော... စုံထောက်ကြီး ဦးစံထားတို့ပါလား ကြွပါခင်ဗျာ၊ ဘာအကူအညီပေးရမှာလဲ ပြောပါခင်ဗျာ"

မော်ဘီဂါတ်မှ ဌာနာအုပ်သည် စုံထောက်ကြီး ဦးစံထားအား တလေးတစားပင် ကြိုဆိုပြောဆိုနေ၏။

ဌာနာအုပ်သည် မြန်မာရေလည်နေသော ကုလားကပြားတစ်ဦးဖြစ်၏။

"ကျုပ်ဘခက်ရဲ့ ကေ့စ် (Case) ကို ပြန်ကြည့်ချင်တယ်"

"ဆရာကြီးရယ် ဒီအမှုက တရားရုံးကတောင် စီရင်ချက်ချလိုက်ပြီပဲခင်ဗျာ"

"ဒါဟာ မှားယွင်းမှုပဲ ဖြစ်ပါလိမ့်မယ်"

"ခင်ဗျာ"

ဦးစံထားက စူးရှစွာဖြင့် ဌာနာအုပ်၏ မျက်နှာကို လှည့်၍ကြည့်သည်။

"ဟုတ်ကဲ့ပါ ဆရာကြီးကြည့်ချင်တယ်ဆိုရင် ပေးရမှာပေါ့ခင်ဗျာ"

"ဒီ မကျေး သေဆုံးတဲ့အမှုမှာ အမှုစစ် ရာဇဝတ်အုပ်က ဘယ်သူလဲဗျ"

"ဘီရန်ဆင်း" ဆိုတဲ့ တပ်ကျောင်းဆင်းကာစ ရာဇဝတ်အုပ်လေးပါ ဆရာကြီး"

"ကျုပ် သူ့ကို တွေ့ချင်တယ်ဗျာ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဌာနာအုပ်သည် "ဘီရန်ဆင်း"အား ခေါ်ယူ၍ ပေးလိုက်၏။ ဘီရန်ဆင်းမှာလည်း ကပြားတစ်ဦးဖြစ်ကာ အရပ်မြင့်မြင့်ဆံပင်ကောက်ကွေးကွေးဖြင့် မာကျောမည့် ပုံစံမျိုးရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘိရန်ဆင်းန်"

ဦးစံထားက မျက်နှာကိုစေ့စေ့ကြည့်၍ ခေါ်လိုက်၏။ "ဘိရန်ဆင်း" က မျက်လွှာချထားရာမှ အသာမော့၍ ကြည့်သည်။

"ကျုပ်ဟာ စုံထောက်ကြီး ဦးစံထားပဲ၊ မင်းက မကျေးရဲ့သေမှုသေခင်းကို ကိုင်တွယ်ခဲ့တယ်နော်"

"မှန်ပါတယ်"

"စစ်ပြန်ကြီး ဘခက်ကို ဘာကြောင့် တရားခံလို့ သတ်မှတ်ပြီး ဖမ်းဆီးခဲ့တာလဲကွ"

ဦးစံထားသည် ဆေးတံကို မီးညှိ၍ ဖွာလိုက်သည်။

"မသင်္ကာစရာ အချက်တွေ တွေ့ရှိရလို့ပေါ့ခင်ဗျာ"

"ဘာတွေလဲကွဲ့"

"ပထမဆုံး အချက်ကတော့ မကျေးရဲ့ ရင်ညွန့်တည့်တည့်မှာ ရရှိခဲ့တဲ့ ဒဏ်ရာမှာ ပွိုင့်တူးတူးရိုင်ဖယ်ရဲ့ ကျည်ဆန်ကိုတွေ့ရှိခဲ့ရတယ်။ ကျည်ဆံဟာ အသည်းထဲမှာ စူးဝင်နေတာခင်ဗျာ၊ ဘခက်ကိုင်တွယ်အသုံးပြုတဲ့ သေနတ်ဟာလဲ အဲဒီအမျိုးအစားဖြစ်နေတာကို စစ်ဆေးတွေ့ရှိရပါတယ်"

"ဆက်ပြောပါ မောင်ရင်"

"နောက်တစ်ချက်ကတော့ မကျေးရဲ့အလောင်းအောက်မှာ စက်ဘီးတာယာတွေ တွေ့ရှိခဲ့ရပြန်တယ်၊ ဒါဟာ ဘခက်ရဲ့ စက်ဘီးရာပဲဖြစ်တယ်လို့ ကောက်ချက်ချရမှာ ဖြစ်ပါတယ်"

"ဩော်..."

"ဘာကြောင့်လဲဆိုတော့ ဒီနယ်တစ်ဝိုက်မှာက စက်ဘီးရှိတာဆိုလို့ ဘခက်တစ်ယောက်ပဲ ရှိနေလို့ပါ၊ ပြီးတော့လဲ ဘခက်ဟာ မကျေးကို အသေအလဲ ပိုးပမ်းနေတာကိုလဲ စုံစမ်းသိရှိခဲ့ရပါတယ်၊ ဒီအချက်တွေကို စုပေါင်းပြီးမှ ဘခက်ကို မကျေးသတ်တဲ့ တရားခံအဖြစ်





ဖမ်းဆီးခဲ့တာပါ၊ အဆိုးဆုံးကတော့ သက်သေခံပစ္စည်းတွေ ဖျောက်ဖျက်ပစ်လိုက်ခြင်းပါပဲ"

ဦးစံထားသည် မျက်လုံးကို မှေးစင်းကာဖြင့် နားထောင်လျက်ရှိ၏။

"ဘခက်ဟာ သူ မသတ်တဲ့ အကြောင်းကို သက်သေပြနိုင်ဖို့အတွက် သူ့ရဲ့ပစ္စည်းတွေကို ဖျောက်ဖျက်လိုက်တာလို့ ယူဆရမှာပါ၊ သူ့ကို စစ်ဆေးတဲ့အခါမှာ သေနတ်ကို ဖျက်ဆီးပစ်ပြီး ရေတွင်းပျက်ထဲ ချလိုက်တယ်တဲ့၊ စက်ဘီးကိုတော့ မော်ဘီဘာကီက လူတစ်ယောက်ကို ရောင်းပစ်လိုက်တယ်လို့ ဆိုပါတယ်။ ဒါတွေဟာ မရိုးသားတဲ့ အချက်တွေပဲ မဟုတ်ပါလားဗျာ"

"တိုက်ဆိုင်မှု တစ်ခုတော့ မဖြစ်နိုင်ဘူးလားကွဲ့"

ရာဇဝတ်အုပ်လေးသည် ခေါင်းကို ယမ်းခါလိုက်ရာက–

"ဒါဟာ တင်ကူးပြီး ကြံစည်ထားမှုပါခင်ဗျာ၊ ဒါကြောင့်လဲ ရုံးတော်က တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်ခဲ့တာပေါ့ခင်ဗျာ"

"ဟုတ်ပြီလေ လူဆိုတာကတော့ ကိုယ့်အထင် ကိုယ်မှန်တယ်လို့ ယူဆတတ်ကြတာပဲ၊ ကျုပ်ကတော့ ဒါဟာ မှားယွင်းမှုတစ်ခုလို့ထင်တယ်၊ ဒီအထင်မှန်ကန်ကြောင်းကိုလဲ ကျုပ်က သက်သေပြနိုင်ရမှာပေါ့ကွယ်၊ လာဗျို့ ကိုလှမောင် ဒီလောက်ဆို တော်လောက်ပါပြီ၊ သွားကြစို့ရဲ့"

ဦးစံထားသည် ဌာနာအုပ်အား နှုတ်ဆက်ကာ ဂါတ်တဲထဲမှ ပြန်လည် ထွက်ခွာလာခဲ့ပါသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ပိတောက်ကုန်းရွာကလေးမှာ လယ်ယာချောင်းမြောင်းများဖြင့် နေချင့်စဖွယ် ရွာကလေးပင်ဖြစ်သည်။ ဦးစံမောင်က သူ၏အိမ်တွင် ကျွန်ုပ်တို့အား လိုလေသေးမရှိအောင် ပြုစုဧည့်ခံလျက်ရှိ၏။ ရွာသူရွာသား တစ်ချို့မှာ အတော်အတန် ဗဟုသုတရှိရကား စုံထောက်ကြီး ဦးစံထားအား ကြားဖူးနား၀ ရှိခဲ့ကြသည်ကြောင့် လာရောက်ကြည့်ရှုကြသည်မှာ ပွဲတော် တမျှပင် စည်ကားနေပေတော့သည်။

ကျွန်ုပ်နှင့် ဦးစံထားတို့မှာ ညနေစာများ သုံးဆောင်ပြီးနောက် ဦးစံမောင်နှင့် စကားစမြည်ပြောဆိုကာ စောစီးစွာပင် အိပ်ရာဝင်ခဲ့ကြ၏။ တောသဘာ၀ဆိုတော့လည်း အိမ်တိုင်းလိုလိုပင် စောစောအိပ်ရာဝင်ကြသည်ကို တွေ့ရှိရ၏။

နောက်တစ်နေ့မနက် မိုးလင်းသည်တွင် ကျွန်ုပ်မှာ အိပ်ရာထက်မှ လူးလဲ၍ ထကာ ကိုယ်လက်သန့်စင်လိုက်၏။ မိတ်ဆွေကြီး ဦးစံထားကို မတွေ့ရသောကြောင့် တပိုတပါး သွားနေသည်ဟု ထင်မိလိုက်၏။ သို့ရာတွင် ဦးစံမောင်၏ စကားကြောင့် ကျွန်ုပ်အထင် မှားသွားသည်ကို သိရှိလိုက်ရ၏။

"ဆရာလေးရေ ဆရာကြီးတော့ စောစောစီးစီးထပြီး အခင်း





ဖြစ်နေရာဆီကို သွားကြည့်လေရဲ့ဗျာ"

"ဟုတ်လား ဦးစံမောင် ကျုပ်လူကတော့ ဝီရိယကြီးလှသဗျာ"

"လာ ဆရာလေး ရေနွေးကြမ်းသောက်ရင်း ကောက်ညင်းပေါင်း စားရင်း စောင့်ကြတာပေါ့"

"ဟုတ်ကဲ့ ဦးစံမောင်"

ကျွန်ုပ်မှာ ဦးစံမောင် တည်ခင်းသည့် ကောက်ညင်းပေါင်းနှင့် ငါးရံ့ခြောက်အား ရေနွေးကြမ်းနှင့် မြည်း၍နေလေသည်။ ရွာသူရွာသား တို့မှာ လယ်တောယာတောဆီသို့ ထွက်ခွာသွားနေကြသည်ကို ကျွန်ုပ် လှမ်းမြင်တွေ့ရ၏။

တောသူတောင်သားများထက်ပင် ဝီရိယကောင်းနေသော စုံ ထောက်ကြီး ဦးစံထားအား ကျွန်ုပ်က စိတ်ထဲမှကြိတ်၍ ချီးကျူးမိလိုက် ပေသည်။

ဦးစံထားမှာ ဆွမ်းခံဝင်ချိန်လောက်မှပင် ပြန်လည် ရောက်ရှိ လာပြီး -

"ကိုလှမောင်ရေ ကျုပ်တော့ မကျေးသေဆုံးခဲ့တဲ့ နေရာကို ရောက်လာခဲ့သဗျ၊ ပြီးတော့ လေးအိမ်တန်းရွာက မကျေးရဲ့ မိဘတွေနဲ့လဲ တွေ့ခဲ့ရသဗျ"

"ဟုတ်လား ဦးစံထား"

ဦးစံထား၏ မျက်နှာတွင် အမှုနှင့်ပတ်သက်ပြီး ထူးခြားမှုရှိလာ သည်ဟု ကျွန်ုပ်က တွက်ဆမိလိုက်ကာ-

"အိုင်ဆေး တစ်ခုခုထူးခဲ့ပြီထင်ရဲ့ ဟုတ်စ"

ဦးစံထားသည် ရေနွေးကြမ်းတစ်ခွက်ကို သောက်နေရာမှ ပြန်ချ ထားလိုက်ပြီးလျှင်

"ကိုယ့်လူလဲ အတော်လေး ဟုတ်လာပြီပဲဗျ၊ ခင်ဗျား တွေးတာ မှန်သဗျ၊ မေးပါများတော့ စကားရခဲ့တာပေါ့ဗျာ၊ ပြီးတော့လဲ သွားပါများပြီး



www.burmeseclassic.com

www.burmeseclassic.com



ခရီးလဲရောက်ခဲ့သဗျ ကိုလှမောင်"

"ပြောပါဦးခင်ဗျာ"

"ကျုပ်က ဒီအနားမှာရှိတဲ့ ရွာနီးချုပ်စပ်တွေ နံ့ခဲ့တယ်ဗျ၊ ဘန့်ဖွေးကုန်းတို့၊ ညောင်ပင်သာတို့၊ တရုတ်မှော်တို့ စုံလို့ပေါ့ဗျာ"

"ဟုတ်ကဲ့"

"အဲဒီမှာ ထူးခြားတဲ့ အချက်တစ်ခုအဖြစ်တွေ့ရတာက မကျေး သေနတ်မှန်ပြီး သေဆုံးရတဲ့ နေ့ရက်ဝန်းကျင်လောက်မှာ ဘန့်ဖွေးကုန်းရွာကို လက်သင်မှုဆိုးပေါက်စ ကိုပိုက်ဆိုတာ ရောက်လာခဲ့တယ်တဲ့ဗျ၊ သူလဲ အဲဒီနေ့က ဖုန်းဆိုးတောဘက်ကို သေနတ်တစ်လက် ပိုက်ပြီး ထွက်သွားခဲ့သတဲ့၊ သူ့သေနတ်ကလဲ ပွိုင့်တူးတူး အမျိုးအစားပဲဗျ ကိုလှမောင်"

"ဟုတ်ကဲ့ ဦးစံထား"

"ပြီးတော့ ညောင်ပင်သာက လူတစ်ယောက်ကလဲ အခင်းဖြစ်ပြီး နောက်တစ်နေ့မှာ ဖုန်းဆိုးတောရဲ့ ခြုံပုတ်တစ်ခုထဲမှာ ချေပေါက်တစ်ကောင်ကို သေနတ်ဒဏ်ရာရပြီး သေနေတာကို တွေ့ရတယ်လို့ဆိုတယ်ဗျ"

ပြောလက်စကို ဖြတ်ပြီး ဦးစံထားက ဆေးတံကို ဖွာလိုက်၏။ ကျွန်ုပ်က ဆေးပြင်းလိပ်ကို မီးညှိသည်။

"ကျုပ် အကြောင်းအချက်တွေတော့ အတော်လေး စုဆောင်းပြီးပါပြီဗျာ၊ ဒီ ပိတောက်ကုန်းက ဘခက်တဲနီးချင်းတွေကို ကျုပ်စုံစမ်းကြည့်တော့လဲ ဘခက်ဟာ မကျေးသေတဲ့နေ့ ညနေပိုင်းက အိမ်မှာ ရှိနေတယ်ဆိုတာ အခိုင်အမာပြောကြသဗျ၊ နောက်တစ်ချက်ကလဲ သေဆုံးသူမကျေးရဲ့ မိဘတွေဟာ ဘခက်အပေါ်မှာ ဘယ်လိုမှ မထင်မိပါဘူးတဲ့ဗျ၊ သနားပါတယ်တဲ့ဗျ"

ဦးစံထားရော ကျွန်ုပ်ပါ မီးခိုးတွေ ဒလဟော ထွက်လာသည်အထိ ဆေးတံနှင့် ဆေးပြင်းလိပ်များကို ဖွာရှိုက်လျက်ရှိ၏။ ဦးစံထားမှာ





မျက်မှောင်ကျုံ့၍ တစ်စုံတစ်ရာကို တွေးတောနေရာမှ–

"ကျုပ် ဆက်စပ်တွေးခေါ်ကြည့်တဲ့အခါမှာ မုဆိုးပေါက်စ ကိုပိုက်ပစ်လိုက်တဲ့ ကျည်ဆံဟာ ကျောက်စရစ်မြေဆိုတော့ မာကျောတယ် မဟုတ်လားဗျာ၊ ကျည်ဆံဟာ မြေထောက်ရာကတစ်ဆင့် မကျေးကို ဆက်မှန်သွားတာပဲ ဖြစ်မယ် လို့လှမောင်၊ ကျုပ်တို့ ဝါးနက်ချောင်းဘက်ကို လိုက်သွားကြမယ်"

"ဟုတ်ကဲ့ ဦးစံထား"

"အဲဒီမှာ မုဆိုးကိုပိုက်ကို တွေ့တာနဲ့ ပြဿနာက ရှင်းလင်းသွားပါလိမ့်မယ် ကိုလှမောင်"

"ကောင်းပါလေရဲ့ခင်ဗျာ"

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ကိုပိုက်၏အိမ်မှာ ရွာ၏အစွန်ဘက်တွင် ရှိလေသည်။ သူသည် လူရွယ်တစ်ဦးမျှသာဖြစ်ပြီး ရုပ်သွင်ဥပတိလည်း ကောင်းမွန်သူဖြစ်ပေသည်။

အသားအရေ ဖြူဖြူစင်စင်ဖြင့် ရှိ၏။ မှဆိုးအလုပ်ကို ဝါသနာအရ လုပ်ကိုင်နေသော်လည်း ကိုပိုက်မှာ ယူနီဗာစီတီကျောင်းထွက် တစ်ဦးပင်ဖြစ်ပါ၏။

ကျွန်ုပ်တို့အား ကိုပိုက်က ပြာပြာသလဲပင်

"ထိုင်ကြပါခင်ဗျာ၊ ထိုင်ကြပါ၊ ဧည့်သည်တွေ ထင်ပါရဲ့"

"ဟုတ်ပါတယ်ကိုပိုက်…. ကျုပ်က စုံထောက်ကြီးဦးစံထားပါ"

"ခင်ဗျာ"

ဖြူနုသည့်မျက်နှာမှာ မဲတက်၍သွားကာ ချက်ချင်းပင် မျက်နှာပျက်ယွင်းသွားရသည့် မုဆိုးလက်သစ် ကိုပိုက်ပါတည်း။

ဦးစံထားက ကိုပိုက်အား စေ့စေ့ကြည့်လျက်ဖြင့်

"ဒီမယ်ကိုပိုက် မိမိကြောင့် သူတထူး ဒုက္ခရောက်ရတယ်ဆိုတာ မကောင်းပါဘူးကွယ်၊ လောကပါလတရားနဲ့ ကြည့်ရှုရင်ပဲ မသင့်တော်တဲ့





ကိစ္စပါ တကယ်တော့ ယောကျ်ားကောင်းတို့မည်သည် ကိုယ့်ကိစ္စကိုယ်ရှင်း၊ ကိုယ့်တာဝန်ကိုယ်ယူရဲတာဟာ အကောင်းဆုံးနဲ့ အသင့်တော်ဆုံးပါပဲ"

ကိုပိုက် မျက်လုံးကို လှန်၍ ကြည့်လိုက်ကာ–

"ဘာကိုဆိုလိုတာလဲ ဦးခင်ဗျာ"

"မောင်ရင် တောပစ်ထွက်ရင်းနဲ့ ဖုန်းဆိုးတောစပ်မှာ လေးအိမ်တန်းရွာသူလေး မကျေးကို မတော်တဆသေနတ်ကျည်ဆံ ထိမှန်ခဲ့တဲ့ကိစ္စ၊ မကျေးသေဆုံးခဲ့ရတဲ့ကိစ္စပေါ့မောင်ရင်၊ စစ်ပြန်ကြီး ဘခက်ဟာ ကြားထဲက အချောင်ဝင်ခံနေရတယ်ဆိုတာ မကောင်းပါဘူး ကိုပိုက်ရယ်၊ မောင်ရင်လဲ ခေတ်ပညာတတ်တစ်ယောက်ပဲလေ၊ ကျုပ်ဒီလောက်ပဲ ပြောချင်တယ်ကွယ်"

ကိုပိုက်မှာ .တစ်ချက်တွေ၍ သွားရာမှ သက်ပြင်းတစ်ချက်ကို ချလိုက်ပြီးလျှင်

"ဟုတ်ပါတယ်ဦးရယ်၊ ကျွန်တော်ပစ်လိုက်တဲ့ ကျည်ဆန်ဟာ ချေပေါက်ကို ထိမှန်ပြီးတော့မှ ခြေထောက်ပြီး မကျေးကို သွားထိခဲ့တာပါ၊ ကျွန်တော်လဲ ချေပေါက်ကိုတောင် မကောက်ရဲတော့ပဲ ပြန်လစ်ခဲ့ပြီး ဟန်မပျက်နေခဲ့တာပါ၊ ဒါပေမဲ့ ဦးခင်ဗျား ကိုယ့်လိပ်ပြာတော့ ကိုယ်မလုံခဲ့တာ အမှန်ပါခင်ဗျ"

"မောင်ရင် တရားရုံးမှာ အမှန်အတိုင်း ပြည်လည်ထွက်ဆိုပေးပါ ကိုပိုက်၊ ကျုပ်ကလဲ မောင်ရင်ပြစ်ဒဏ်လျှော့ပေါ့ရအောင် ဥပဒေဘောင်အတွင်းက အကူအညီပေးပါ့မယ်၊ တကယ်တော့ ဒါကလဲ မတော်တဆမှုပါ ကိုပိုက်"

"စိတ်ချပါ ဆရာကြီးခင်ဗျာ၊ ကျွန်တော် အခုပဲ ဌာနာကိုလိုက်ပြီး ဖြောင့်ချက်ပေးပါ့မယ်ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်တယ် ကိုပိုက်"

ထိုသို့ဖြင့် မှုခိုးပေါက်စ ကိုပိုက်၏ ဖွင့်ဟဝန်ခံမှုကြောင့် ဘခက်သည် ပြစ်ဒဏ်မှ လွတ်မြောက်ခဲ့ရပြီး တရားခံ ကိုပိုက်မှာမူ ထောင်ဒဏ် ၇ နှစ်ကို သက်ညှာစွာဖြင့် ကျခံသွားရပါတော့သတည်း။

* * *

## စုံထောက်ကြီးဦးစံထားနှင့် တစ္ဆေသရဲများအမှု

### အခန်း (၁)

တစ်နေ့သ၌ ကျွန်ုပ်သည် ခပ်ပျင်းပျင်းရှိရကား ကျွန်ုပ်၏မိတ်ဆွေ စုံထောက်ကြီးဦးစံထားနေထိုင်လျက်ရှိသည့် ဆူးလေဘုရားလမ်း ပထမထပ်သို့ တက်ရောက်သွားလေသည်။ ဦးစံထား၏အခန်းတံခါးမှာ ခပ်ဟဟလေးဖွင့်ထားသောကြောင့် ဧည့်သည်စောင်သည် တစ်စုံတစ်ယောက်ရောက်ရှိနေခြင်းဖြစ်ပေမည်ဟု ကျွန်ုပ်ကတွေးမိကာ အခန်းထဲသို့ ဝင်ရောက်လာခဲ့သည်။

"ဟော ကိုလှမောင် လာဗျာ"

"ဟုတ်ကဲ့ ဦးစံထား"

ဦးစံထားမှာ ဧည့်သည်မိန်းကလေးတစ်ဦးနှင့်အတူ စကားပြောလျက်ရှိ၏။ ကျွန်ုပ်က ဦးစံထား၏ဆောင်တွင်ဝင်ထိုင်လိုက်ပြီး မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ထိုင်လျက်ရှိသည့်မိန်းကလေးအား တစ်ချက်အကဲခတ်ကြည့်ရှုမိလိုက်သည်။ မိန်းကလေးသည် ကျွန်ုပ်အား ပြန်အကြည့်လိုက်နှင့်မို့ မျက်လုံးချင်း ဆေတ္တာဆုံဆည်းသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစံထားက ဆေးတံကိုတစ်ဖွာနှစ်ဖွာ ရှိုက်လိုက်ပြီးမှ…

"အိုင်ဆေးရေ ကလေးမလေးက သုံးဆယ်ဘက်ကဗျ၊ နာမည်လေးက မခင်မှုတဲ့…"

"ဟုတ်ကဲ့ ဦးလေး"

"မခင်မှု သူက ဒေါက်တာလှမောင်လို့ခေါ်တယ်၊ ကျုပ်ရဲ့ တွဲဘက်ဆိုပါတော့"

"ဟုတ်ကဲ့ရှင်"

မိန်းကလေးမှာ ချစ်ခင်ဖွယ်ရာအပြုံးလေးဖြင့် ကျွန်ုပ်အားကြည့်ကာ ခေါင်းလေးကို အသာညိတ်ပြလိုက်သည်။

မခင်မှုမှာ အသက်အရွယ် နှစ်ဆယ်ခန့်ရှိသော အသားအရည်ဖြူဖြူစင်စင် ကိုယ်လုံးကိုယ်ပေါက် ပြည့်ပြည့်တင်းတင်းလေးနှင့် ဖြစ်သည်။ အထူးသဖြင့် သူမ၏မျက်နှာလေးက ရိုးသားသန့်စင်သူမှန်း သိသာ၍နေပေသည်။

သူမသည် သရက်ထည်ပွင့်ရိုက်ထမိအပြာနှင့် ရှန်သားအဖြူရောင် ရင်စေ့အင်္ကျီလေးကို ဝတ်ထား၏။ လက်ပွေ့အိတ်လေးကို စားပွဲပေါ်၌ တင်ထားသည်။

"ကျုပ်နဲ့တွေ့ချင်လွန်းလို့ သုံးဆယ်ကနေ တကူးတကလိုက်လာခဲ့တာတဲ့ ကိုလှမောင်"

"အိုင်ဆေးရေ အမှုကိစ္စတစ်ခုနဲ့ ပတ်သက်နေတယ်ထင်ပါရဲ့"

"ပြောရခပ်ခက်ခက်ပဲဗျ ကိုလှမောင် ဒီလိုဗျ…"

ဦးစံထားသည် ကျွန်ုပ်အား သုံးဆယ်သူလေးမခင်မှု ရောက်ရှိလာရသည့်အကြောင်းချင်းရာများကို ပြောပြနေလေသည်။

"ကလေးမလေးမှာ အမွေအဖြစ်ဆက်ခံရမယ့်အိမ်ကြီးတစ်လုံးရှိတယ် ကိုလှမောင်၊ သာယာဝတီမြို့ဘက်အထွက် ပြည်လမ်းမကြီးပေါ်မှာပဲ၊ ဒါပေမဲ့ သူလေးဟာ အိမ်ကြီးကိုရရှိခဲ့ပေမယ့်လဲ တက်ပြီးတော့လဲ





မနေရဲဘူး၊ တစ်ခါ ရောင်းချဖို့စပ်ဟပ်တော့လဲ ယူရဲဝယ်ရဲမယ့်သူမတွေ့နဲ့ ဖြစ်နေတယ်ဗျ"

ကျွန်ုပ်သည် ဦးစံထား၏ပြောစကားအပေါ်တွင် လိပ်ပတ်မလည်သေးသည့်ကြောင့်…

"နေပါဦးဗျ ဦးစံထားရဲ့၊ အဲဒီအိမ်ကြီးမှာ ဘာဖြစ်လို့မနေရဲရတာလဲ၊ ဘာဖြစ်လို့ ဝယ်သူမရှိ ဖြစ်နေရတာလဲဗျ"

"အဲဒါ အချက်ပေါ့ဗျာ"

ဦးစံထားမှာ ဆေးတံကို စားပွဲပေါ်သို့လှမ်းတင်လိုက်၏။ ထို့နောက် မိန်းကလေးဘက်သို့လှည့်လိုက်ပြီးလျှင်

"အဲဒီအိမ်ကြီးက သရဲသိပ်ခြောက်တယ်ဆိုပြီး ဟိုးလေးတကျော်ကျော်ဖြစ်နေသတဲ့ဗျ၊ ဟုတ်စ မခင်မှု"

"မှန်ပါတယ် စုံထောက်ကြီးရှင်"

စုံထောက်ကြီးဦးစံထားသည် ကျွန်ုပ်ဘက်သို့တစ်ဖန်လှည့်လိုက်ပြန်ကာ…

"အိုင်ဆေးကိုလှမောင် ခင်ဗျား တစ္ဆေတို့ သရဲတို့ဆိုတဲ့ ပရလောကကို အယုံအကြည်ရှိသလားဗျ"

ဦးစံထား၏အမေးစကားကို ကျွန်ုပ်ချက်ချင်းမဖြေနိုင်သေး၊ ကျွန်ုပ်ကိုယ်တိုင်လည်း ထိုကိစ္စအပေါ်တွင် ရှင်းလင်းပြတ်သားသည့်အဖြေကို သိရှိထားခြင်း မရှိသေးပါချေ။

"ဖြေလေဗျာ ကိုလှမောင်"

မခင်မှုသည် မျက်လုံးလေးအဝိုင်းသားဖြင့် ကျွန်ုပ်တို့နှစ်ဦးအား ကြည့်ရှုလျက်ရှိသည်။ ဦးစံထားက စားပွဲပေါ်တွင်ချထားသည့်ဆေးတံကို ဘယ်ဘက်လက်ဖြင့်လှမ်းယူကာ ရွှန်ဆင်အမျိုးအစား မီးခြစ်လေးကိုခြစ်၍ မီးညှိနေလေသည်။ ပြီးမှ

"ဒီလို ကိုလှမောင်ရဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ရယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ရှိကြတဲ့အထဲမှာ ပြိတ္တာတို့ အသူရကာယ်တို့တွေဟာ ပရလောက သားတွေဗျ သိလား၊ အသူရကာယ်တွေဟာ နေ့စံပြီး ညခံကြရတယ်"

"ဟုတ်ကဲ့ ဦးစံထား"

"ကျုပ်တို့လူတွေဟာ သေဆုံးပြီးတဲ့နောက်မှာ ဘဝသစ်တစ်ခုခုကို ခိုဝင်ကြရတယ်၊ အဲဒီလိုမခိုဝင်ခင်ကြားကာလမှာ ဝိညာဉ်ဟာ တစ္ဆေသရဲအဖြစ်နဲ့ အစွဲအလန်းတစ်ခုပေါ်မှာ အခြေတည်ပြီး ဖြစ်ပျက်ကြတာပဲ ကိုလှမောင်"

"ဟုတ်ကဲ့"

"အဲဒါကို ကျုပ်တို့တတွေက တိုက်ဆိုင်မှုတစ်ခုကြောင့် တွေ့ကြရတဲ့အခါ သူတို့ရဲ့လှုပ်ရှားမှုတွေကို ကြားကြရတဲ့အခါမှာ တစ္ဆေခြောက်တယ်၊ သရဲခြောက်တယ်ဆိုပြီး ပြောခဲ့ကြတာပဲ၊ ကျုပ်လေ့လာခဲ့ဖူးတာတွေအရတော့ ဒီနာနာဘာဝတို့ ဝိနာဘာဝတို့ဆိုတာတွေဟာ တကယ်ပဲရှိခဲ့တယ်ဗျ၊ ကျုပ်တို့ရဲ့မြတ်ဗုဒ္ဓကလဲ ဇာတ်၊ နိပါတ်တော်တွေထဲမှာထည့်ပြီး ဟောခဲ့သေးတာပဲဗျာ"

"အဲလိုဆိုရင် စုံထောက်ကြီးရယ်၊ အခု ဒိကလေးမလေးမခင်မှုရဲ့ အမွေရတဲ့အိမ်ကြီးဟာ တစ္ဆေသရဲခြောက်တယ်ဆိုတာ အမှန်တကယ် ဖြစ်နိုင်ပြီပေါ့ဗျာ"

ကျွန်ုပ်က ထိုသို့မှတ်ချက်ပြုလိုက်လေရာ ဦးစံထားက လက်ကာ၍ တားလိုက်ပြီး...

"နေဦးဗျ ကိုလှမောင်၊ ကိုယ်တိုင်ကိုယ်ကျ မကြုံဆုံရသေးပဲနဲ့တော့ အဲလိုကြီးတရားသေ ပြောလို့မရဘူးဗျ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့ ကလေးမလေးရဲ့အိမ်ကို လိုက်ကြည့်ပြီးရင်တော့ ခန့်မှန်းနိုင်ကောင်းပါရဲ့"

မခင်မှုသည် ကျွန်ုပ်တို့ပြောစကားတွေကို နားထောင်ရသည်ကြောင့် သူမအနေဖြင့် ဇဝေဇဝါဖြစ်သွားပုံရကာ မျက်လုံးလေး ကလည်ကလည်ဖြင့် စုံထောက်ကြီးအား ငေးကြည့်နေရှာသည်။





"ဦးကြီး ကျွန်မတို့ရဲ့အိမ်ကြီးကို လိုက်ကြည့်ပေးပါနော်၊ ကျွန်မ တောင်းပန်ပါတယ်ရှင်"

"မစိုးရိမ်ပါနဲ့ မခင်မှု၊ ကျုပ်တို့နှစ်ယောက် နောက်တစ်နေ့မှာ လိုက်လာခဲ့ကြမယ်"

"ဝမ်းသာလိုက်တာ ဦးကြီးရယ်"

သူမသည် ချက်ချင်းလက်ငင်းပင် မျက်နှာလေးဝင်းပသွားရာက လက်ပွေ့အိတ်ကိုဖွင့်ကာ ငွေစက္ကူတစ်ထပ်အား နှိုက်ထုတ်ယူလိုက်ပြီးနောက် ဦးစံထားအား ကျုံ့ကျုံ့ပုံ့ပုံ့လေးထိုင်၍ ရှိခိုးကန်တော့လိုက်လေသည်။

"ဒီငွေကိုတော့ လက်ခံပါ ဦးကြီးရယ်"

"ရပါတယ် မိန်းကလေးရယ်၊ ကျုပ် အကူအညီပေးမယ်ဆိုတာက ငွေကြောင့်မဟုတ်ပါဘူး၊ မိန်းကလေးရဲ့အခက်အခဲကို ဖြေရှင်းပေးချင်တာ သက်သက်ပါပဲကွယ်"

"ဦးကြီးရဲ့စိတ်သဘောထားကို ကျွန်မယုံကြည်ပါတယ်ရှင်"

"ကဲ... ကဲ ဒါဖြင့် ပြန်... ပြန်၊ နေတောင် နည်းနည်းစောင်းစပြုနေပြီ"

"ဟုတ်ကဲ့ ဦးကြီး ကျွန်မပြန်ပါဦးမယ်ရှင်၊ ဦး ကျွန်မပြန်မယ်ရှင့်"

မခင်မှုလေးက ကျွန်ုပ်တို့နှစ်ယောက်အား တရိုတသေဖြင့် နှုတ်ဆက်ကာ အခန်းထဲမှ ထွက်ခွာသွားလေသည်။ ဦးစံထားက ခေါင်းကို ရမ်းခါလိုက်ပြီးလျှင်...

"အေးဗျာ ကလေးမလေးအဖြစ်က ထိပေါက်ပြီး လက်မှတ်ပျောက်သလိုဖြစ်နေလေတော့ သနားစရာပေါ့ ကိုလှမောင်ရယ်" ဟူ၍ ပြောလိုက်ပါတော့သတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဦးကြီး"

"ဦးကြီး"

ပြည် စာပို့ရထား သုံးဆယ်ဘူတာရုံလေးသို့ ရထားထိုးဆိုက်သည်တွင် ဘူတာပလက်ဖေါင်းပေါ်မှရပ်ကာ မခင်မူလေးက ခရီးဦးကြို ပြု၍နေပေသည်။

ကျွန်ုပ်တို့နှစ်ယောက်မှာ အထုပ်အပိုးများ၊ ဝန်စည်စလယ်များကို ဆွဲကာ ရထားပေါ်မှ ဆင်းလာခဲ့ကြသည်။ သုံးဆယ်ဘူတာတွင် ဆင်းသူ တက်သူ ခရီးသည်များဖြင့် ရှုပ်ထွေးဆူညံလျက်ရှိ၏။

"ဦးကြီး ပေး... ပေး"

မခင်မူက ဦးစံထားလက်မှ သားရေသေတ္တာလေးကို လှမ်းယူလိုက်သည်။ ကျွန်ုပ်တို့မှာ ဘူတာရုံလေးထဲမှ အပြင်ဘက်လမ်းမပေါ်သို့ ထွက်လာခဲ့ကြ၏။

ကျွန်ုပ်သည် သုံးဆယ်မြို့ကလေးသို့ ယခုမှပင် ပထမဆုံးအဖြစ် ရောက်ဖူးသူဖြစ်လေရာ ဒေသန္တရဗဟုသုတအလို့ငှါ မြင်တွေ့သမျှတွေကို လေ့လာကြည့်ရှုနေမိလေသည်။

သုံးဆယ်မြို့လေးသည် အိုးအိမ်တိုက်တာ အဆောက်အဦးများဖြင့်





အတော်အတန်ပင် သပ်သပ်ရပ်ရပ်ရှိနေလေသည်။ မြို့လေးကို 'ချောင်း' တစ်ခုက ဖြတ်သန်းစီးဆင်း၍နေသည်။ ဝါးဖေါင်များ လှေသမ္ဗာန်များကိုလည်း မြင်တွေ့ရ၏။

"ဒါ ဖိုးခေါင်ချောင်းလို့ခေါ်တယ် ကိုလှမောင်"

"ဟုတ်ကဲ့ ဦးစံထား"

စုံထောက်ကြီးမှာ အရာရာတွင်နှံ့စပ်သူဖြစ်လေရာ ကျွန်ုပ်မသိသမျှကို ဒိုင်ခံ၍ဖြေနေရတော့သည်။

မြို့သူမြို့သားတွေဟာ ရိုးရိုးအေးအေးနေကြတာ များသဗျ၊ အဓိကလုပ်ငန်းက လယ်ယာချောင်းမြောင်းလုပ်ငန်းတွေပဲ"

"ဟုတ်ကဲ့"

ကျွန်ုပ်တို့မှာ လျှောက်လာကြရင်းဖြင့် ဈေးကြီးရှေ့သို့ ရောက်ရှိလာကြ၏။

ဈေးမှာ ရောင်းသူဝယ်သူများဖြင့် စည်ကားလျက်ရှိလေသည်။

"ကျွန်မတို့အိမ်က ဘုရားကြီးရပ်ကွက်ထဲမှာရှင့်၊ ရှေ့တစ်လမ်းဆိုရင် ရောက်တော့မှာပါ ဦးကြီးရဲ့၊ ဦးကြီးတို့ကို ခြေလျင်ကြီးခေါ်လာရတာ အားနာလိုက်တာရှင်"

"ရပါတယ် မိန်းကလေးရယ်၊ ကာလဲဒေသ အဂ္ဂုံခနဲ့ဆိုတဲ့စကားလဲ ရှိသားပဲ၊ ရောမရောက်ရင် ရောမလိုပဲနေတတ် ထိုင်တတ်ကြရမှာပေါ့"

မခင်မူလေး လှစ်ခနဲပြုံးလိုက်သည်ကိုတွေ့ရ၏။ ကျွန်ုပ်က ဖြူဖြူဖွေးဖွေးဖြင့် ရေဆေးငါးကြီးတွေလို လှပသည့်သုံးဆယ်သူများအား အမှတ်မထင် ငေးကြည့်နေဖြစ်သည်။

ကျွန်ုပ်၏အဖြစ်ကို ဦးစံထားက ပြုံးတေ့တေ့ဖြင့်ကြည့်လိုက်ကာ

"ကိုလှမောင်"

"ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"ဥက္ကံသုံးဆယ် အပျိုချောတွေပေါတယ် လှိုင်ဘောလယ်" ဆိုတဲ့ စာဆိုကို ကြားဖူးမှာပေါ့"

"ဘုရားစူးပါရစေရဲ့ အခု ဦးစံထားပြောမှပဲ ကြားဖူးတော့တယ်၊ အဲဒါက ဘာအဓိပ္ပာယ်လဲ ဦးစံထားရဲ့"

"သြော် ကိုလှမောင်ရယ် စာရေးဆရာလုပ်မဲ့သူဟာ နည်းနည်းတော့နှံ့စပ်ထားမှ တော်ကာကျမယ်ဗျ"

ကျွန်ုပ်မှာ အသာလေးငြိမ်သက်၍ နေလိုက်ရသည်။

"စာဆိုစကားက ရှင်းပါတယ်ဗျာ၊ အလွယ်လေးပဲဟာ၊ ဥက္ကံတို့ သုံးဆယ်တို့ ဘောလယ်ဆိုတဲ့ရွာတွေမှာ အပျိုချောချော အပြောချိုချိုလေးတွေ ပေါကြွယ်ဝတယ်လို့ ဆိုထားတာဗျ"

"တော်ပါပေတယ် စုံထောက်ကြီးရယ်"

"ဟား... ဟား... ဟား ခင်ဗျားကတော့ လုပ်ပြီ"

ပြုံးခဲရယ်ခဲသည့် ဦးစံထားမှာ တဟားဟားရယ်မောရှိနေသောကြောင့် ကျွန်ုပ်ပါ ရောယောင်၍ ရယ်မောဖြစ်မိလေသည်။ ဆားမှနေပြီး မခင်မှုလေးလည်း ပြုံးစေ့စေ့ဖြစ်၍နေသည်။

"ရောက်ပါပြီရှင် ဟောဟိုရှေ့က အိမ်ပါပဲ"

မခင်မှု၏အိမ်ကလေးမှာ ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုးဖြင့် သုံးခန်းပါတ်လည်ဆောက်လုပ်ထားသည့် တစ်ထပ်အိမ်ကလေး ဖြစ်သည်။

မြေပြင်မှ လေးငါးပေခန့်မြင့်ကာ တိုင်များတွင် အုတ်ဖိနပ်များခံ၍ထားသည်။ လှေခါးမှာ သုံးထစ်တပ်ဆင်ထား၏။ ထိုအိမ်ကလေးမှာ အတန်ပင်ကျယ်ဝန်းသည့် ဝင်းခြံထဲတွင်ရှိလေသည်။

"ကြွပါ ဦးကြီးတို့ရှင့်"

ခြံဝင်းတံခါးကိုဖွင့်ကာ မခင်မှုဦးဆောင်ပြီး ဝင်ရောက်သွား၏။

"အမေရေ... အမေ ဟောဒီမှာ စုံထောက်ကြီးတွေ ပါလာပြီ အမေရေ"





"ဟယ် ဟုတ်လား ခင်မှု"

အိမ်အတွင်းမှ အမျိုးသမီးကြီးတစ်ဦး အရှယားဖားယားဖြင့် ထွက်လာသည်။ ပိန်ပိန်သွယ်သွယ် ဖြူဖြူဖြစ်ကာ အသက်ငါးဆယ်ခန့်ဟု ခန့်မှန်းရပေသည်။ ရုပ်ရည်မှာ ကျွန်ုပ်တို့အား လာရောက်ကြိုဆိုသည့် မခင်မှုလေးနှင့် အတော်ပင်ဆင်လေသည်။

"ကြွကြပါ ဆရာကြီးတို့ရှင့်"

အပြုံးမျက်နှာဖြင့် ဆီးကြိုကာ ဝရံတာဘက်တွင် သင်ဖြူးဖျာများ ခင်းပေးသည်။

"ဦးကြီး ဒါ ကျွန်မရဲ့အမေလေ၊ နာမည်က ဒေါ်အုန်းမြတဲ့"

ကျွန်ုပ်တို့က ဒေါ်အုန်းမြအား ပြုံး၍ပြလိုက်ကြရသည်။

"ဟဲ့ ခင်မှု သမီး ဧည့်သည်တွေအတွက် အမေပြင်ဆင်ထားတဲ့ စားစရာတွေရှိတယ်၊ ရေနွေးလဲ ခပ်ထားပြီးသား၊ လင်ပန်းလေးနဲ့ထည့်ပြီး ယူလာခဲ့စမ်း"

"ဟုတ်ကဲ့ အမေ"

ကျွန်ုပ်နှင့် ဦးစံထားတို့မှာ ဖြူစင်ပွင့်လင်းသည့် သားအမိနှစ်ဦးအား အသာငေးကြည့်နေမိကြသည်။ မခင်မှုက ငွေလင်ပန်းလေးကို ကိုင်ကာ ထွက်လာသည်။

"ဆရာကြီးတို့ စားကြပါဦး၊ ညနေစာလဲ ပြင်ဆင်ပြီးသားပါ"

"ဟုတ်ကဲ့ ဒေါ်အုန်းမြ"

အုန်းသီးနိုင်းချင်းထည့်ထားသည့် ကောက်ညှင်းပေါင်းနံ့မှာ မွှေး၍နေ၏။ ငှက်ပျောသီးပျော့ပျော့ကို အခွံနွှာကာ ဆီနိုင်နိုင်ဖြင့်ကြော်ထားသည့် ငှက်ပျောကြော်များက အမြင်ဆန်း၍နေလေသည်။ ငါးပုတ်ပြားကို ဖုတ်ကာ မွနေအောင်ထုထောင်းပြီး နမ်းဆီရွှဲရွှဲလေး ဆမ်းထား၏။

ကျွန်ုပ်က မြန်မာဆန်လှသည့် အစားအစာများကို ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စားလေဗျာ ကိုလှမောင် ခင်ဗျားလဲ ဆာနေရောပေါ့"

ဦးစံထားက ကောက်ညှင်းပေါင်းနှင့် ငှက်ပျောကြော်ကိုယူ၍ စားရင်း ကျွန်ုပ်အား လှမ်းပြောသည်။

"ဟုတ်ကဲ့ ဦးစံထား"

ကျွန်ုပ်က ငါးပုတ်ပြားခြောက်ဆီဆမ်းကို မြည်းသည်။ ကောက်ညှင်းပေါင်းကိုလွေးသည်။

"ဩော် ဒါနဲ့ မခင်မှုတို့ရဲ့ဖခင်ကို မမြင်ပါလား ဒေါ်အုန်းမြ"

ဦးစံထားလှမ်း၍မေးလိုက်သံကို ကြားရသည်။ ဒေါ်အုန်းမြ၏ အနည်းငယ်မျက်နှာပျက်သွားရာမှ...

"သမီးတို့အဖေဆုံးခဲ့တာ သုံးနှစ်လောက်တောင်ရှိရောပေါ့ ဆရာကြီးတို့ရယ်"

"ဩော်..."

"အခု သမီးခင်မှု အမွေရတဲ့အိမ်ကြီးကလဲ သူ့အဖေကိုဘကျော်ရဲ့ဘက်က ရခဲ့တဲ့အမွေပါ"

"ကိုဘကျော်မှာ တခြားမောင်နှမသားချင်းတွေရော ရှိလား"

ဦးစံထားက ဆေးတံကိုမီးညှိ၍ ဖွာသည်။ ကျွန်ုပ်က ငါးပုတ်ပြားခြောက်ဖုတ်ကို လျှာလည်၍နေလေရာ ဖွန်းလေးနှင့်ခပ်၍ မြည်းရင်းနားထောင်နေလိုက်၏။

"ရှိတာပေါ့ ဆရာကြီးရယ်၊ အဲဒါ သူတို့တတွေကလဲ မခင်မှုတစ်ယောက်ထဲ အိမ်ကြီးကိုရသွားတာ ကျေနပ်ပုံမရကြဘူး၊ မပြောသာလို့သာ ကြည့်နေကြတာ ဖြစ်မှာပေါ့"

ဦးစံထားမှာ တစ်စုံတစ်ရာကိုတွေးနေဟန်ရှိသည်။ စကားတော့မပြောသေး။

"အရင်က အဲဒီအိမ်ကြီးမှာနေတာ ဘယ်သူလဲ"

"ကိုဘကျော်ရဲ့မိဘတွေ နေခဲ့ကြတာလေ၊ နောက်ဆုံးမှာ တစ်





ယောက်ထဲနေသွားတာက ကိုဘကျော်ရဲ့အဖေ ဦးလူမောင်၊ ဦးလူမောင်ကပဲ သူ့ရဲ့မြေးဖြစ်တဲ့ခင်မှုကို ပေးသွားခဲ့တာ"

"စာရွက်စာတမ်းအထောက်အထားတွေနဲ့လား"

"ဟုတ်ပါတယ် ဦးကြီးရှင့် ဒါတွေကို ကျွန်မ သိမ်းဆည်းထားပါတယ်"

"ဒီအိမ်ကြီးကိုရရှိခဲ့တာ ဘယ်လောက်ကြာပြီလဲ ကလေးမ"

ဦးစံထားမှာ ဆေးတံဖွာလိုက် စဉ်းစားလိုက် မေးမြန်းလိုက်ဖြင့်ရှိ၏။

"ဘာရှိဦးမှာလဲ ဦးကြီးရှင့် တစ်လကျော်ကျော်လေးလောက်ပဲရှိဦးမှာပေါ့"

"သရဲခြောက်တယ်ဆိုတဲ့သတင်းကရော"

"တပြိုင်နက်လိုလို ထွက်လာခဲ့တာရှင့်၊ ကျွန်မတို့ရဲ့အဘိုးကပဲ မကျွတ်လွတ်ပဲ ခြောက်လှန့်နေသလိုလို ခြံရဲ့ဘေးကဖြတ်သန်းသွားတဲ့သူတွေတောင် အခြောက်ခံရတယ်လို့ပြောကြတယ် ဦးကြီးရှင့်"

"အင်း"

ဦးစံထားသည် သူ၏အလေ့အကျင့်အတိုင်းပင် မျက်လုံးများကို မှေးစင်း၍နားထောင်နေလေသည်။

"ကျွန်မရဲ့အိမ်ကြီးကို ဝယ်ချင်တဲ့သူတွေက သွားကြည့်ကြတဲ့အချိန်လေးမှာတောင် အခြောက်ခံခဲ့ကြရတယ်တဲ့"

"ဘယ်လိုခြောက်တာတဲ့လဲ မခင်မှု"

"ခြေသံတဖျတ်ဖျတ်တွေ ကြားရတယ်တဲ့၊ ရယ်သံမောသံတွေကြားရတယ်တဲ့ ဦးကြီးရှင့်"

မခင်မှုက ဂဃဏန ရှင်းပြ ပြောဆိုနေလေသည်။ စုံထောက်ကြီးဦးစံထားကလဲ မေးခွန်းတွေ ဒလစပ်မေး၍ အဖြေရှာဖွေနေလေသည်။

"အဲဒီအိမ်ကြီးဟာ ဘယ်လောက်တန်နိုင်လဲ မခင်မှု"



www.burmeseclassic.com

www.burmeseclassic.com



"လေးငါးသိန်းလောက်တော့ မှန်းထားပါတယ် ဦးကြီး"

ကျွန်ုပ်မှာ ထိုမျှလောက်သောငွေကြေးကို များပြားလှသည်ဟု ထင်မိလိုက်သည်။ ရိုးသားဖြူစင်သည့်ကလေးမလေးအားလည်း ရရှိစေချင်ပါသည်။

"အဲဒါ ဦးကြီးတို့က ကျွန်မကိုငဲ့ညှာပြီး ဒီကိစ္စကို ရှင်းလင်းပေးပါရှင်၊ ကျွန်မ တောင်းပန်ပါတယ်"

ဦးစံထားမှာ အလေးအနက်ဟန်ဖြင့် ခေါင်းညိတ်လိုက်ကာ...

"စိတ်ချပါ မိန်းကလေးရယ်၊ ကျုပ် အစွမ်းကုန်ကြိုးစားပေးမှာပေါ့"

"ဝမ်းသာလိုက်တာ ဦးကြီးရှင်"

ထို့နောက်တော့ ရောက်တတ်ရာရာစကားများကို ပြောဆိုကြကာ ညနေစာ စားသောက်လိုက်ကြသည်။

စားသောက်၍အပြီးတွင် သုံးဆယ်မြို့အထွက်ရှိ အိမ်ကြီးဆီသို့ လာခဲ့ကြပါသတည်း။

* * *

## အခန်း (၃)

အိမ်ကြီးမှာ နှစ်ဆောင်ပြိုင်အိမ်ကြီးဖြစ်၏။

ဆင်ဝင်နှစ်လုံးတပ်ဆင်ထားကာ အဆောင်ဆောင်အခန်းခန်းဖြင့် ဖွဲ့စည်းထားလေသည်။ ဝင်းခြံကြီးမှာ တစ်ဧကကျော်ကျော်ခန့် ရှိသည်။ သစ်ကြီးဝါးကြီးများဖြင့် အုံ့အုံ့ဆိုင်းဆိုင်းရှိ၏။

အိမ်ကြီးကိုကြည့်ရသည်မှာ မှုန်မှုန်မှိုင်းမှိုင်းကြီး ရှိလေသည်။

"ကိုလှမောင်ရေ အိမ်ကြီးကတော့ ဟိန်းနေတာပဲဗျ"

"ဟုတ်ပါ့ 'စုံထောက်ကြီးရယ်"

ကျွန်ုပ်တို့ရောက်ရှိသွားသည့်အချိန်မှာ နေဝင်ရီတရောအချိန်ဖြစ်သည်။ လိမ္မော်ရောင်အလင်းတန်းဖျော့ဖျော့များက ထိုးကျလျက်ရှိ၏။

"ကျွန်မသွားတော့မယ် ဦးကြီးတို့"

"ကောင်းပြီ မိန်းကလေးရေ"

မခင်မှုမှာ သော့များကိုပေးအပ်ကာ စက်ဘီးလေးနင်း၍ ဝင်းခြံထဲမှ ပြန်ထွက်သွားသည်။

"ကဲ ကိုလှမောင်ရေ ကျုပ်တို့ အိမ်ထဲဝင်ကြစို့ရဲ့"

ပြောရင်းဖြင့် ဦးစံထားက အိမ်တံခါးမကြီး၏သော့ကို ဖွင့်လိုက်သည်။ အခန်းတွင်းမှ အောက်သိုးသိုးအနံ့များ ထောင်းခနဲထွက်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလှမောင်ရေ ပြတင်းပေါက်တွေဖွင့်ဗျာ၊ ကျုပ်တို့မီးခလုတ်တွေ ရှာဖွေကြည့်ကြဦးစို့ရဲ့"

ဦးစံထားက သူ၏အိတ်များသေတ္တာများ ဝန်စည်စလယ်များကို ဧည့်ခန်းဆီသို့သွားကာ နေရာချထားလိုက်သည်။ ကျွန်ုပ်က ပြတင်းပေါက်များအား လိုက်လံ၍ဖွင့်လိုက်၏။

"ဝုန်း ဖျတ် ဖျတ်"

"ဖလပ် ဖလပ်"

"အို..."

"ဟာ..."

ကျွန်ုပ်၏ခြေထောက်အောက်မှ တစ်စုံတစ်ခုက တိုးဝင်ဖြတ်ပြေးသွားသည်ကြောင့် ရုတ်တရက် ကျွန်ုပ်လန့်သွားခြင်းဖြစ်၏။

"ဘာဖြစ်တာလဲ ကိုလှမောင်"

"ကြွက်ဗျ ဦးစံထား၊ နည်းတဲ့မြေကြွက်ကြီးတွေ မဟုတ်ဘူး"

"ဟား... ဟား... ဟား သိပါဘူးဗျာ၊ ခင်ဗျား သရဲနဲ့များတွေ့နေ သလားလို့"

ကျွန်ုပ်က အောက်ထပ်တွင်တပ်ဆင်ထားသည့် မီးခလုတ်များအား လိုက်လံ၍ဖွင့်ကြည့်နေသည်။ တစ်အိမ်လုံးမှာ လင်းထိန်၍သွားသည်။ စုံထောက်ကြီးဦးစံထားမှာ သူ့တွင်ပါလာသည့်ပစ္စည်းများကို ထုတ်ကာ အလုပ်တွေရှုပ်လျက်ရှိ၏။

"ဘာတွေလဲဗျ ဦးစံထား"

"ရုပ်ရှင်ကင်မရာ အသေးစားလေးပါဗျာ၊ သရဲသရွှေတွေများရှိခဲ့ရင် မှတ်တမ်းတင်ရိုက်ထားချင်လို့"

ဦးစံထားသည် ကင်မရာလေးအား ဧည့်ခန်းဝမှနေ၍ အပြင်သို့လှည့်၍ထောင်ထားလိုက်သည်။ ထို့နောက် အသံဖမ်းစက်လေးများအား အခန်းနံရံများတွင် လိုက်၍တပ်ဆင်နေသည်။





"အသံဗလံတွေကြားချင်ရင် ကြားရအောင်လို့ စက်တွေဆင်ထားတာဗျ"

"ကိုယ့်ဆရာကြီးကတော့လေ အတော့်ကိုပြင်ဆင်လာပါလားဗျာ၊ ကင်မရာတွေ အသံဖမ်းစက်တွေနဲ့"

"တစ္ဆေသရဲကို သိပ္ပံနည်းကျလေ့လာလို့ရတယ်ဆိုတာ ကျုပ်က ခင်ဗျားကို လက်တွေ့ပြမလို့ဗျ"

"ကောင်းပါလေတယ် ဦးစံထားရယ်"

ကျွန်ုပ်တို့နှစ်ယောက်သည် ဧည့်ခန်းတွင်ထိုင်ကာ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြလေသည်။

သို့နှင့်ပင် ညကိုးနာရီဆိုသောအချိန်သို့ ရောက်ရှိလာ၏။

ကျွန်ုပ်တို့ရောက်ရှိနေသည့်အိမ်ကြီးမှာ ရပ်ကွက်၏အစွန်ဘက်တွင် ရှိသောကြောင့် ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။ ညဥ့်ငှက်တို့၏ တစ်ချက် တစ်ချက်ဟစ်အော်လိုက်သံများကို ကြားရသည်။

"ဘယ်လိုလဲဗျ ကိုလှမောင် အခုထိတော့ ဘာမှမထူးခြားသေးပါလားဗျ"

"ဟုတ်တယ် ဦးစံထား၊ ကျုပ်လဲ အဲဒါကို သတိထားနေတာ"

"ကဲပါဗျာ ကျုပ်တို့ အိပ်ကြစို့ရဲ့၊ ဟောဒီဧည့်ခန်းမှာပဲ အိပ်စက်ကြမယ်ဗျာ"

"ဟုတ်ကဲ့ ဦးစံထား"

ဦးစံထားမှာ အိပ်ရာလိပ်ကိုဖြည့်ကာ ခင်းလျက်ရှိသည်။ ကျွန်ုပ်က ပြတင်းပေါက်များကို ပြန်၍ပိတ်ကာ ဧည့်ခန်းဆီသို့ ပြန်လည်ဝင်ရောက်လာခဲ့၏။

"ကျုပ် မီးမှိတ်လိုက်တော့မယ် ကိုလှမောင်"

"ဟုတ်ကဲ့"

ဦးစံထားသည် မီးခလုတ်များကို လိုက်လံပိတ်လိုက်လေရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံးမှာ မှောင်အတိကျ၍သွားတော့သည်။

"ဒီဘက်တွေမှာ ခြင်တော့မကိုက်ဘူးဗျ အဲဒီအချက်က မဆိုးလှဘူး"

"ဟုတ်တယ်နော် ဦးစံထား"

ကျွန်ုပ်တို့နှစ်ယောက်မှာ စကားတပြောပြောနှင့် ရှိကြရာမှ စုံထောက်ကြီးဦးစံထားမှာ တခေါခေါဟောက်သံပေးကာ အိပ်ပျော်သွားတော့သည်။ ကျွန်ုပ်မှာမူ တော်တော်နှင့် အိပ်မပျော်နိုင်သေးပဲ မျက်လုံးတွေ ကြောင်လျက်ရှိနေလေသည်။ အဝေးဆီ ကင်းတဲမှ ဆယ့်နှစ်နာရီထိုးသွားသံကို တခေါင်ခေါင်ဖြင့် ကြားလိုက်ရလေသည်။ နောက်တော့ကျွန်ုပ် အိပ်ပျော်သွားခဲ့သည်။ မနက်မိုးလင်းသည်တွင် ဦးစံထားမှာ သူ၏ပစ္စည်းများဖြင့် အလုပ်ရှုပ်လျက်ရှိနေလေသည်။

ကိုယ်လက်သန့်စင်ပြီး၍ ကျွန်ုပ်ပြန်အလာတွင် စုံထောက်ကြီးဦးစံထားက ကျွန်ုပ်အား လှမ်း၍ပြောလိုက်၏။

"အိုင်ဆေးရေ ဖလင်ထဲမှာရော အသံဖမ်းစက်မှာပါ ဘာမှ မထူးခြားဘူးဗျ"

"ဟုတ်လား ဦးစံထား"

"လာဗျာ ကိုလှမောင် လမ်းထွက်လျှောက်ရင်း အာဟာရဖြည့်ကြရအောင်"

ကျွန်ုပ် အဝတ်အစားလဲသည်ကို ခေတ္တစောင့်ပြီးနောက် ဦးစံထားမှာ ရှေ့မှဦးဆောင်ကာ အပြင်ဘက်သို့ထွက်သွားလေသည်။ ကျွန်ုပ်က ဦးစံထားအား အမှီလိုက်လာခဲ့ရသည်။

"ကောင်းလိုက်တာ ကိုလှမောင်ရယ်၊ လေကောင်းလေသန့်တွေ ရှူရှိုက်ရတဲ့အရသာဟာ ကျုပ်တို့ရန်ကုန်မှာ ခုလို မရရှိနိုင်ဘူးဗျ သိလား"

ဦးစံထားမှာ ကားလမ်းမကြီးပေါ်ဝယ် လျှောက်နေရင်းဖြင့် တစ်နေရာတွင် ရပ်နားလိုက်ကာ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်နေလေ





သည်။ လမ်းမကြီးပေါ်တွင် အသွားအလာ ရှင်းလင်းလျက်ရှိ၏။

ကျွန်ုပ်တို့နှစ်ယောက်မှာ ဈေးဘက်သို့ခပ်သွက်သွက်လျှောက်လာခဲ့ကြပြီး သုံးဆယ်မုန့်ဟင်းခါးကို ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်၍စားသောက်လိုက်ကြသည်။ ကျွန်ုပ်က သုံးဆယ်မုန့်ဟင်းခါးကို ယခုမှ စားသုံးသူဖြစ်ပေရာ မုန့်ဟင်းခါး၏အရသာမှာ ရန်ကုန်ဘက်၊ မြစ်ဝကျွန်းပေါ်ဘက်နှင့်မတူပဲ တစ်မူထူးခြား၍နေလေသည်။

မုန့်ဟင်းရည်များကို မြေအိုးကြီးထဲတွင်ထည့်၍ထားကာ ဟင်းရည်များမအေးစေရန်အတွက် အဝတ်များဖြင့် အထပ်ထပ်ရစ်ပတ်ထားသည်ကို တွေ့ရှိရ၏။

"ဘယ့်နှယ်လဲ ကိုလှမောင် ကြိုက်ရဲ့မဟုတ်လား၊ သုံးဆယ်မုန့်ဟင်းခါးက ခပ်ပျစ်ပျစ်လေး ချက်ထားတာဗျ၊ ထူးခြားတာတစ်ခုကလဲ ငှက်ပျောအူပင်ကို မထည့်ကြဘူး၊ ကြက်သွန်ကြော်ရှရှလေး ကြော်ထားပြီး အပေါ်ကဖြူးပေးထားတာ၊ ပြည်ဘက်ကျတော့ 'တစ်ပင်တိုင်' ဆိုတာ ရှိသေးသဗျ"

ဦးစံထားမှာ မုန့်ဟင်းခါးစားရင်းဖြင့် တတွတ်တွတ်ပြောနေလေရာ ကျွန်ုပ်က ဗဟုသုတအဖြစ် မှတ်သားနေရလေသည်။

"ဟော ဦးကြီးတို့က ဒီမှာရောက်နေကြတာကိုး၊ ကျွန်မ အိမ်ရောက်ခဲ့ပြီးပြီ၊ မတွေ့တာကြောင့် လိုက်ရှာနေတာရှင့်"

မခင်မူမှာ စက်ဘီးကလေးဖြင့် ကျွန်ုပ်တို့၏နောက်မှ ရောက်ရှိလာကာ ပြောလိုက်ခြင်းဖြစ်၏။

"ဟုတ်တယ်ကွယ့် မခင်မူရဲ့၊ လမ်းလျှောက်ထွက်ကြရင်းနဲ့ သုံးဆယ်မုန့်ဟင်းခါး ဝင်စားနေကြတာ"

မခင်မူက မုန့်ဟင်းခါးဖိုးကို ဖွတ်ရှင်းပေးလိုက်၏။

"ဦးကြီးတို့အတွက် ကျွန်မ ထမင်းချိုင့် လာပို့ပေးမယ်နော်"

"ဒုက္ခရှာလို့ကွယ် ကလေးမရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ ဦးကြီးကလဲ ကျွန်မက အိမ်ရှင်ပါ၊ သြော် ဒါနဲ့ ညကထူးခြားမှုတွေ တွေ့ကြရသေးလားရှင့်"

"မတွေ့ဘူး မိန်းကလေးရဲ့၊ သရဲက ကျုပ်တို့ကိုများ ကြောက်သွားလေလား မသိဘူးကွဲ့"

ဦးစံထား၏စကားကြောင့် မခင်မူက မပွင့်တပွင့်လေး ရယ်မောလိုက်သည်။

"ကဲ ကဲ မခင်မူ၊ ကျုပ်တို့ လုပ်ဆောင်စရာလေးတွေရှိလို့ ပြန်နှင့်ကြတော့မယ်"

"ကောင်းပါပြီ ဦးကြီး"

ကျွန်ုပ်တို့နှစ်ဦးသားသည် ဈေးကိုတစ်ပတ်ပတ်ပြီးနောက် အိမ်ကြီးဆီသို့ ပြန်လှည့်ခဲ့ကြသည်။ စုံထောက်ကြီးဦးစံထားမှာ အိမ်သို့ရောက်ပြီးနောက် ရေမိုးချိုး အဝတ်အစားလဲကာ...

"အိုင်ဆေးရေ ကျုပ် အပြင်သွားလိုက်ဦးမယ်ဗျာ"

"ဟုတ်ကဲ့ပါ ဦးစံထား"

"ဆာရင် စားနှင့်ဗျာ၊ မနက်စာရော ညစာပါ ကျုပ်ကို စောင့်မနေနဲ့ ဟုတ်လား၊ ကျုပ် မိုးချုပ်ရင် ချုပ်လိမ့်မယ်"

"ကောင်းပါပြီ ဦးစံထား"

"ဒါဖြင့် ကျုပ်သွားပြီနော်"

"အိုကေ"

ဦးစံထားမှာ ဦးထုပ်ကြီးတစ်လုံးကို ခပ်ငိုက်ငိုက်ဖြင့်ဆောင်းကာ ထွက်သွားလေတော့သည်။

* * *

## အခန်း (၄)

"ဖျတ်... ဖျတ်... ဖျတ်"

"ဖလပ်... ဖလပ်"

ကျွန်ုပ်တို့နှစ်ယောက် ညစာစားသောက်ပြီးကြ၍ ဧည့်ခန်းတွင် ထိုင်ကာ စကားစမြည်ပြောနေကြစဉ် အိမ်ကြီး၏အပေါ်ထပ်ဆီမှ ခြေသံလိုလိုထွက်ပေါ်လာသည်ကို ကြားလိုက်ရခြင်းဖြစ်၏။

စုံထောက်ကြီးဦးစံထားက ကျွန်ုပ်အား တစ်ချက်လှမ်း၍ကြည့်ကာ အသာငြိမ်နေရန် လက်ကာပြလိုက်၏။ အပေါ်ထပ်မှ လူသုံးယောက်တို့ လမ်းလျှောက်နေကြသံများကို ကြားနေရဆဲပင်ဖြစ်သည်။ ခြေထောက်များနှင့် ကြမ်းပြင်တို့ ထိတွေ့သံမှာ မှန်မှန်ကြီးပေါ်ထွက်လျက်ရှိလေသည်။

ဦးစံထားက မျက်မှောင်ကျုံ့၍ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိသည်။ ထိုစဉ်...

"ဟင်း ဟင်း ဟင်း... ဟဲ ဟဲ ဟဲ... ဟာ ဟား ဟား... ဟား"

ခြောက်ကပ်ကပ်အသံများဖြင့် ရယ်မောလိုက်သံတွေသည် ခြောက်ခြားဖွယ်ရာကောင်းလွန်းလှသည်ဟု ကျွန်ုပ်ထင်မိရသည်။ ကျွန်ုပ်၏နှုတ်မှ တတ်သမျှ မှတ်သမျှဘုရားစာများကို ရွတ်ဖတ်နေဖြစ်သည်။

"ကဲ ကိုလှမောင်ရေ အိမ်ပေါ်ပြေးတက်ကြည့်ကြမယ်ဗျာ"

"ဗျာ ဦးစံထား"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားမှာ သေနတ်ပါရဲ့ မဟုတ်လား လိုရမယ်ရယူလာခဲ့ဗျာ"

"ဟုတ်ကဲ့"

ကျွန်ုပ်က ဟမ်းဘက်အိတ်ထဲတွင် ထိုးထည့်ထားသည့် ပစ္စတိုသေနတ်အား အပေါ်အင်္ကျီအိတ်ထဲသို့ ပြောင်းထည့်လိုက်သည်။

"လာဗျာ သွားကြစို့ရဲ့"

ကြီးမားခိုင်ခန့်သည့် လှေခါးကြီးမှတစ်ဆင့် ကျွန်ုပ်တို့နှစ်ယောက်သား ပြေးတက်၍လာကြသည်။ ကျွန်ုပ်တို့ အပေါ်ထပ်သို့ရောက်လာကြသည်နှင့် စောစောကအသံများ ပျောက်ကွယ်၍သွားကြလေသည်။

စုံထောက်ကြီးဦးစံထားက မီးခလုတ်တစ်ခုကို သွားဖွင့်လိုက်သည်။ လေးပေမီးချောင်းသည် ဖျတ်ခနဲလင်းလက်၍ လာသည်ကြောင့် အပေါ်ထပ်တစ်ခန်းလုံး ထင်းထင်းရှင်းရှင်း ဖြစ်၍သွား၏။

အပေါ်ထပ်တွင်လည်း အခန်းများစွာ ရှိနေလေသည်။

ဦးစံထားက ဟိုသည်လျှောက်၍ ကြည့်ရှုနေရာမှ...

"ကိုလှမောင်ရေ လာဗျို့၊ ဒီမှာ လာကြည့်စမ်းပါဦးဗျာ"

"ဘာလဲ ဦးစံထားရဲ့"

ကျွန်ုပ်က ထိုနေရာသို့ရောက်ရှိသွားသည်တွင် ဦးစံထားမှာ မှန်ဘီးလူးတစ်လက်ဖြင့် ကြမ်းပြင်တစ်လျှောက် တွား၍သွားကာ လိုက်လံကြည့်ရှုနေလေသည်။

"ဒီမှာဗျ တွေ့လား၊ ဖုန်မှုန့်ပေါ်မှာ ထင်ကျန်ရစ်တဲ့ခြေရာတွေ"

"ဟုတ်ပါရဲ့ဗျာ"

ကျွန်ုပ်သည် ခြေရာများကိုကြည့်ကာ တအံ့တဩဖြစ်သွားရာက

"နေပါဦး စုံထောက်ကြီးရဲ့ တစ္ဆေသရဲတွေက အဲလိုမျိုးခြေရာတွေ ထင်ကျန်ခဲ့တတ်လို့လား"

ဦးစံထားမှာ ကျွန်ုပ်၏အမေးစကားကိုမဖြေသေးပဲ ကျွန်ုပ်ကိုသာလျှင် ပြုံးစစဖြင့် ကြည့်၍နေလေသည်။ ဦးစံထားမှာ အိမ်ကြီး၏အစွန်ဆုံး





ရှိ ပြတင်းပေါက်တစ်ပေါက်၏ တံခါးတစ်ချပ် ခပ်ဟဟပွင့်နေသည်ကို အသေအချာကြည့်ရှု စစ်ဆေးလျက်ရှိသည်။ ကျွန်ုပ်ကိုလည်း လှမ်း၍ ခေါ်လိုက်သည်ကြောင့် ကျွန်ုပ် ထိုနေရာသို့ ရောက်ရှိသွားသည်တွင်–

"တွေ့လား ကိုလှမောင် သစ်ပင်ကြီးတစ်ပင်ရဲ့ အကိုင်းအခက်တွေနဲ့ ဒီပြတင်းပေါက်ဟာ ကပ်နေတာပဲ၊ ဒါကြောင့် ဟောဒီအိမ်ကြီးထဲ ဝင်ချင်တဲ့သူတစ်ယောက်ဟာ သစ်ပင်ပေါ်တက်လာပြီးတော့မှ ဒီပြတင်းပေါက်ကို ကူးလာလို့ရတယ်ဗျ၊ အဲဒါ ခင်ဗျားတွေးမိလား"

"မတွေးမိပေါင်ဗျာ၊ အခု ခင်ဗျားပြောမှပဲ တွေးမိတော့တာ"

"ကိုလှမောင်ကတော့လေ"

ဦးစံထားမှာ အရာရာတွင် ကျွန်ုပ်လိုက်၍မမီအောင်ပင် ထက်မြက်လွန်းလှသည် မဟုတ်ပါလား။ သူသည် လက်စွဲတော်ဆေးတံကို မီးညှိလိုက်ပြီးလျှင် ပြတင်းပေါက်ကိုကျောပေး၍ ရပ်လိုက်ရာမှ...

"ကိုလှမောင်"

"ဗျာ"

"မိန်းကလေးကို ကျုပ်တို့ ကယ်တင်နိုင်ပါလိမ့်မယ်ဗျာ"

"ဟုတ်ကဲ့ ဦးစံထား"

စုံထောက်ကြီးဦးစံထားမှာ အဖြေတစ်ခုကို ရရှိထားဟန်ရှိသည်။

"ဒီညတော့ အိပ်ကြစို့ရဲ့ဗျာ၊ မနက်ဖြန်ညတော့ ဒီသရဲကောင်တွေကို ကျုပ် ဖမ်းဆီးပြမယ် ကိုလှမောင်"

"ဗျာ"

"ဟုတ်တယ် ကိုလှမောင်၊ ကျုပ်က မှော်ဝိဇ္ဇာ၊ မှော်ဆရာ၊ အထက်လမ်းဆရာတစ်ယောက်မဟုတ်ပေမဲ့ ဒီလောက်သောင်းကျန်းခြောက်လှန့်လှတဲ့သရဲကို သည်းမခံနိုင်တော့ဘူးဗျာ၊ လက်ရဖမ်းဆီးပြီး ဆုံးမရတော့မယ် ကိုလှမောင်"

"ကောင်းပါလေရဲ့ စုံထောက်ကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်စောစောတွင် သုံးဆယ်သူအပျိုချောလေး မခင်မူ ရောက်ရှိလာပြီးလျှင် ကောက်ညှင်းပေါင်းနှင့် အကြော်စုံများ၊ လက်ဖက်ရည်များကို လာရောက်ကျွေးမွေးလေသည်။ ဦးစံထားက စားရင်းသောက်ရင်းဖြင့်...

"မခင်မူ"

"ရှင် ဦးကြီး"

"ဒီည ကျုပ် သရဲတွေကို ဖမ်းဆီးပေးမယ် မခင်မူ"

"ရှင်"

မိန်းကလေးက မျက်လုံးလေးအဝိုင်းသားဖြင့် တအံ့တသြပြန်၍ ကြည့်နေလေသည်။ ပြီးတော့မှ မရဲတရဲလေးဖြင့်...

"ဒါဆို ကျွန်မတို့အိမ်ကြီးမှာ သရဲတစ္ဆေတွေ တကယ်ရှိနေကြတာပေါ့နော်"

"အချိန်တန်တော့ နဝိန်ကန်ပါလိမ့်မယ်ကွယ်၊ ကဲ... ကဲ ကလေးမလဲ အလုပ်လေးတွေ လုပ်ရဦးမယ်မဟုတ်လား၊ ပြန်ပေတော့ကွယ်၊ ပြီးတော့ ဒီမနက်စာနဲ့ ညစာကို လာမပို့နဲ့တော့ ကလေးမ"

"ရှင်"

"ကျုပ်တို့အပြင်ထွက်ဖို့ ကိစ္စလေးတွေရှိတယ်ကွဲ့၊ ဒါကြောင့်"

"သြော်"

"မနက်ဖြန်မနက်ကျမှ မခင်မူ သုံးဆယ်ဂါတ်တဲကို လိုက်လာခဲ့ပေတော့ ဟုတ်လား"

"ရှင်"

မခင်မူမှာ တရှင်ရှင်ဖြင့်ထူး၍ မပြီးပါလေတော့၊ ကျွန်ုပ်လည်း စုံထောက်ကြီး၏ပယောဇ္ဇအား အဖြေသိရန် ဉာဏ်ပညာမမှီရကား အထွေအထူးမမေးမြန်းတော့ပဲ ရေငုံနှုတ်ပိတ်နေလိုက်ပေတော့သည်။

* * *

## အခန်း (၅)

"တစ်ခါတစ်လေကျတော့လဲ ကိုယ့်ကို လူမြင်အောင် လူလုံးသူလုံး ထွက်ပြရသေးတယ်ဗျ ကိုလှမောင်ရဲ့၊ အခုဟာက ကျုပ်တို့ လူမြင်ခံဖို့ လိုနေတယ်ဗျ"

ကျွန်ုပ်က အသာခေါင်းညိတ်၍ ပြလိုက်ရသော်လည်း ဆိုလိုရင်းကို ကောင်းစွာသိရှိနားလည်ခြင်း မရှိပါလေ။ ထိုနေ့တစ်နေ့လုံးတွင် ကျွန်ုပ်တို့နှစ်ယောက်မှာ သုံးဆယ်သာယာဝတီမြို့များသာမကပဲ လက်ပံတန်းတာဆုံအထိ ရောက်ရှိလည်ပတ်ကြလေသည်။

ဦးစံထားမှာ မြန်မာဆန်ဆန် ဝတ်ဆင်ထားလျက်ရှိပြီး ခရီးလမ်းတစ်လျှောက်လုံးတွင် သိန်းစွန်ငှက်ကဲ့သို့သောမျက်လုံးများဖြင့် လှစ်ခနဲ လှစ်ခနဲကြည့်ရှုနေသည်ကို ကျွန်ုပ်သတိထားမိရသည်။

သူသည် တစ်ခါတစ်ခါတွင် တစ်ယောက်ထဲ ပြုံးလိုက်ရယ်လိုက် တစ်ခါတစ်ခါတွင် မဲ့လိုက် အံကြိတ်လိုက်ဖြင့်ရှိသည်။

"အင်း ကျုပ်ရဲ့တောင်ချောက်ထဲကို ဝင်တော့ဝင်လာကြသားကိုလှမောင်ရဲ့၊ ဟင်း ဟင်း ဟင်း စုံထောက်ကြီးဦးစံထားကို ဒီလောက်နဲ့တော့ လာစမ်းလို့မရဘူးလေဗျာ၊ အပွဲပွဲနွှဲလာခဲ့တဲ့သူကိုး"

ကျွန်ုပ်တို့နှစ်ယောက်မှာ ညနေစာကို လက်ပံတန်းတာဆုံတွင် မြိန်ယှက်စွာဖြင့် စားသောက်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"စာကလေးကြော် ထည့်စား ကိုလှမောင်၊ ကျန်းမာရေးအတွက် အထောက်အကူဖြစ်သဗျ"

"ဟုတ်ကဲ့ စုံထောက်ကြီး"

လက်ပံတန်းတာဆုံတွင် ဟင်းအမယ်မျိုးစုံ ရရှိသည့်အပြင် ချက်ပြုတ်ထားသည့် လက်ရာမှာလည်း ကောင်းမွန်လှသည်ကြောင့် ဆိုင်တိုင်းလိုလိုပင် စားသောက်သူများဖြင့် စည်ကားနေလေသည်။

ကျွန်ုပ်တို့ ခေတ္တတည်းခိုနေထိုင်လျက်ရှိသော အိမ်ကြီးဆီသို့ ပြန်ရောက်ချိန်တွင် တစ်နေ့တာကာလ ကုန်ဆုံးခဲ့ပြီဖြစ်၏။ ဦးစံထားက သူတပ်ဆင်ထားသည့် ကင်မရာများ အသံဖမ်းစက်များကို သိမ်းဆည်းလျက်ရှိ၏။

"ဒါတွေ မလိုအပ်တော့ဘူးဗျ ကိုလှမောင်ရဲ့"

"ဟုတ်ကဲ့ ဦးစံထား"

ဦးစံထားသည် ဆေးတံကိုဖွာကာ မျက်လုံးမှေးစင်းထားရင်း စဉ်းစားခန်းဝင်၍နေလေသည်။ ကျွန်ုပ်က ဘာရယ်မဟုတ်ပဲ ရန်ကုန်တွင် ကျန်ရစ်ခဲ့သည့်ဇနီးဖြစ်သူ ခင်ခင်ကြီးအား စိတ်ဝယ်သတိရနေမိချေသည်။ ခင်ခင်ကြီး သူပြန်အလာကို မျှော်နေရှာရော့မည်။

ညသည် ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။ တစ်ခါတရံမှသာ လမ်းမကြီးပေါ် ဖြတ်သန်းမောင်းနှင်သွားသည့်ကားသံများကို ကြားရလေသည်။

ဦးစံထားမှာ တုတ်တုတ်မျှ မလှုပ်ပဲရှိ၏။ ကျွန်ုပ်မှာ တစ်နေကုန်သွားလာထားရသည်များကြောင့် ပင်ပန်းနွမ်းနယ်၍လာကာ မျက်လုံးများ စင်း၍လာသည်။ အိပ်ချင်စိတ်ကိုတားဆီးသော်လည်း မရတော့ပဲ ကျွန်ုပ် မှေးခနဲဖြစ်သွားတော့သည်။

ကျွန်ုပ်မှာ မည်မျှကြာအောင် အိပ်ပျော်သွားသည်လဲမသိ။ ဦးစံထားက ကျွန်ုပ်၏ပခုံးအားကိုင်ကာ လှုပ်နှိုးလိုက်တော့မှ နိုးလာတော့သည်။





"ကိုလှမောင်"

"ကိုလှမောင်"

"ဗျာ"

ဦးစံထားမှာ မီးပိတ်ထားသဖြင့် တစ်အိမ်လုံးမှောင်နှင့်မည်းမည်း ဖြစ်၍နေသည်ကို တွေ့ရ၏။ အိမ်၏အပေါ်ထပ်ဆီမှ ရယ်မောသံများ ခြေသံများကို ကျွန်ုပ်ကြားရသည်။

ဦးစံထားက ကျွန်ုပ်အား လေသံလေးဖြင့်...

"ကိုလှမောင် ခင်ဗျားက လှေကားပေါ်ကနေ ခြေသံတခုန်းခုန်း ပေးပြီး တက်သွားဗျာ၊ ဒါဆို ခင်ဗျား အပေါ်ရောက်တာနဲ့ အဲဒီခြောက်လှန့်နေကြတဲ့ တစ္ဆေ သရဲတွေ ပြတင်းပေါက်ကနေ သစ်ပင်ကိုကူးသွားကြလိမ့်မယ်၊ ကျုပ် သူတို့ကို သစ်ပင်အောက်ကစောင့်ပြီး ဖမ်းမယ်ဗျာ၊ ကြားလား ကိုလှမောင်"

"ဟုတ်ကဲ့ ဦးစံထား"

"ဟား ဟား ဟား... ဟီး ဟီး ဟီး"

ခြောက်ခြားဖွယ်ရာကောင်းသည့် ရယ်မောသံတို့ကို ကြားနေရဆဲပင်ဖြစ်သည်။

"ကဲ ကိုလှမောင်ရေ စပေတော့ဗျာ"

ဦးစံထားသည် ကျွန်ုပ်အား ထိုသို့ပြောကာ အိမ်အပြင်သို့ စေ့ထားသောတံခါးမကြီးကို ဖွင့်၍ထွက်သွားလေသည်။ ကျွန်ုပ်က ကျွန်ုပ်၏ မိတ်ဆွေကြီး ပြောကြားထားသည့်အတိုင်း လှေခါးပေါ်တွင် ခြေသံပြင်းပြင်းနင်းကာ အပေါ်သို့ပြေးတက်လာခဲ့သည်။

"ဟင်"

အိမ်အပေါ်ထပ်သို့ရောက်သည်တွင် ထိုအသံများ လုံးဝပျောက်ကွယ်သွားကြ၏။ အိမ်ကြီး၏အစွန်ဆုံးဘက်တွင်ရှိသော ပြတင်းပေါက်၏ တံခါးရွက်လေးများ လှုပ်ခါနေကြသည်ကို တွေ့ရှိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ထိုပြတင်းပေါက်ဆီသို့ လျှောက်သွားလိုက်ကာ အောက်ဘက်သို့အသာငုံ့၍ ကြည့်လိုက်၏။ လရေးရေးသာလျက်ရှိသောကြောင့် အတော်လေးပင် ထင်ထင်မြင်မြင်ရှိ၏။

ကျွန်ုပ်မှာ ထိုမြင်ကွင်းကိုကြည့်ကာ အံ့အားသင့်၍သွားရသည်။ ကျွန်ုပ်၏မိတ်ဆွေကြီး ဦးစံထားမှာ ဝတ်စုံနက်ဝတ်ဆင်ထားသူ သုံးယောက်နှင့် ပြင်းပြင်းထန်ထန်တိုက်ခိုက်လျက် ရှိနေပေသည်။

ဝတ်စုံနက်တစ်ယောက်၏လက်ထဲတွင် ဓားမြှောင်တစ်ချောင်းကို ကိုင်ဆောင်ထားသည်။ ထိုသူသည် စုံထောက်ကြီးဦးစံထားအား ဓားမြှောင်ဖြင့် ဒလစပ်လိုက်ထိုးလျက်ရှိ၏။

"ကိုယ့်ကိစ္စမဟုတ်ပဲ ဝင်ရှုပ်တဲ့လူကြီး သေပေတော့"

"ဗိုး... ဗိုး... ဝှစ်"

"ဟိတ်"

ဦးစံထားမှာ ဗန်တိုဗန်ရှည်နှင့် မြန်မာ့သိုင်းပညာအရာတွင် ကျွမ်းကျင်သူဖြစ်ပေရာ ထိုသူ၏ဓားချက်များအား ကိုယ်ကိုငုံ့ဝိုက်၍လည်းကောင်း၊ ခုန်ပျံလှုပ်ရှား၍လည်းကောင်း တိမ်းရှောင်နေလေသည်။ တစ်ခြားသောဝတ်စုံနက်နှစ်ယောက်ကလည်း ဝင်ရောက်တိုက်ခိုက်နေလေရာ ကျွန်ုပ်၏စိတ်ထဲတွင် သည်တစ်ကြိမ်တွင်တော့ စုံထောက်ကြီးကိုယ်ကျိုးနည်းတော့လေမည်လားဟု တွေးပူနေမိလိုက်သည်။

ထို့ကြောင့် အပေါ်မှနေ၍ သေနတ်ဖြင့်ပစ်ခတ်ရန် ကြံစည်သော်လည်း လူချင်းက ပူးကပ်လိုက် ခွာသွားလိုက်ဖြင့်ရှိကြလေသောကြောင့် ကျွန်ုပ်၏အကြံအစည်ကို လက်လျှော့လိုက်ရလေသည်။

"ကဲကွာ..."

"ဗိုး... ဝှစ်"

"ဖြောင်း..."

"အား..."





ဦးစံထား၏ညာဒူးတစ်ချက်အပင့်တွင် ဝတ်စုံနက်တစ်ယောက် ခွေခနဲ လဲကျ၍သွား၏။

"သေပေတော့ လူကြီး"

သူတို့လူတစ်ယောက် ထိခိုက်သွားသဖြင့် ဝတ်စုံနက်တစ်ယောက် ဒေါသအတင်းပြေးဝင်လာသည်။ ထိုသူ၏ရင်ဝအား ဦးစံထားက ခြေဖျားဖြင့် ဆီးကြို၍ ခတ်လိုက်လေရာ

"ဗိုး... ဗိုး"

"ဘုန်း"

"အင့်"

"အိ"

ခွေခွေလေးလဲကျ၍ သွားပြန်သည်။ ဓါးမြှောင်ကိုင်ဆောင်ထားသည့် ခေါင်းဆောင်မှာ သွေးသွေးသွေးတန်းဖြစ်သွားရာက ဒေါသစိတ်က ငယ်ထိပ်တက်ဆောင့်သွားပုံရပြီး

"သေပေတော့ စုံထောက်စုတ်ကြီး"

"ဟား ဟား ဟား... ဝင်လာခဲ့လေကွာ၊ ရာဇဝင်လူဆိုးငမိုးရဲ့ ဟား ဟား ဟား"

"ဩော် ကျုပ်ကိုတောင် သိနေပြီပေါ့ ဟုတ်လား"

"ဟုတ်တယ် ငမိုး ငါ မင်းကို ထောင်ထဲသွင်းပေးမလို့"

"စကားရှည်တယ်ဗျာ"

"ဝှစ်... ဝှစ်... ဝှစ်"

"ဗိုး... ဗိုး"

"ချွင်... ချလွမ်"

ကျွန်ုပ်မှာ အပေါ်မှနေ၍ အသည်းတယားယား ရင်တမိမိဖြင့် မြင်တွေ့နေရလေသည်။ တိုက်ခိုက်နေပုံမှာ လွန်စွာကြမ်းတမ်းလှသည်။ ငမိုးဆိုသူမှာလဲ အသတ်အပုတ်အရာတွင် ခေသူမဟုတ်ရကား ဦးစံထား



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဘတပြန်ကျားတပြန်ရှိနေလေသည်။

တစ်ကြိမ်တွင် မိုးသည် ဦးစံထား၏ရင်ဝဆီသို့ ဓါးနှင့်ထိုး၍ အစိုက် ကျွန်ုပ်မှ လွတ်ခနဲအော်မိလိုက်သည်။

"ဦးစံထား"

သို့ရာတွင် ကျွန်ုပ်၏စိုးရိမ်မှုမှာ အရာမရောက်ခဲ့ပါပေ။ အကြောင်းမူ ဦးစံထားက ထိုဓါးချက်အား ညာဘက်လက်ဖြင့် ပုတ်ထုတ်လိုက်သောကြောင့် မိုးလက်ထဲမှဓါးမှာ လွင့်စင်ထွက်သွားလေသည်။ ဦးစံထားက အရှိန်လွန်ကာ ရှေ့သို့ငိုက်ကျလာသည့် မိုး၏မျက်နှာအား ပင့်လက်သီးတစ်လုံး ပစ်သွင်းလိုက်၏။

"ဝုတ်"

"ခွပ်"

"အား"

ဦးစံထား၏လက်သီးမှာ လွန်စွာပြင်းလွန်းရကား ရာဇဝင်လူဆိုး မိုးမှာ နောက်သို့သုံးလေးပေခန့် လွင့်စင်ထွက်သွားကာ လဲကျသွားလေသည်။

ထိုစဉ် ခြံဝင်းထဲသို့ ကားတစ်စီးဝင်ရောက်လာသည်ကို တွေ့ရှိရပြီး လက်နှိပ်ဓါတ်မီးများဖြင့် တဝင်းဝင်းထိုးကာ ထိုနေရာသို့ရောက်ရှိလာကြသည်။

"ဆရာကြီးခင်ဗျာ ကျွန်တော်တို့ နည်းနည်းအချိန်နောက်ကျသွားတာကို ခွင့်လွှတ်ပါခင်ဗျာ၊ တခြားအရေးကြီးတဲ့ကိစ္စတစ်ခုပေါ်လာတာကြောင့် နည်းနည်းနောင့်နှေးသွားရတာပါခင်ဗျာ"

သုံးဆယ်ဂါတ်တဲမှ ဌာနာအုပ်သည် စုံထောက်ကြီးဦးစံထားအား တဖွဖွတောင်းပန်လျက်ရှိနေလေသည်။

"ရပါတယ် ကိုအောင်မင်းရာ ကျုပ်တစ်ယောက်ထဲနဲ့လဲ ဒီကောင်တွေကို လုံသိပ်နိုင်ပါတယ်ဗျာ"





"ဆရာကြီးရဲ့အရည်အချင်းကို ယုံထားပြီးသားပါဗျာ"

"ဟော့ ကိုလှမောင် အောက်ကိုဆင်းခဲ့တော့လေဗျာ၊ ဒီမှာ တစ္ဆေသရဲတွေကို လာကြည့်ပါဦးဗျ"

"ဟုတ်ကဲ့ ဦးစံထား"

ကျွန်ုပ် အောက်သို့ရောက်ရှိသွားစဉ်တွင် မိုးတို့သုံးယောက်အား ဂါတ်တဲသို့ ခေါ်ဆောင်သွားကြလေသည်။

"အိုင်ဆေးရာ ရှင်းစမ်းလင်းစမ်းပါဦးဗျာ၊ သူတို့က ဘယ်သူတွေလဲဆိုတာကို ကျုပ်တော့ ဘာမှ နားမလည်တော့ဘူး"

ဦးစံထားမှာ ဆေးတံကိုမီးညှိ၍ ဖွာလိုက်ပြီးလျှင်

"မိုးရဲ့နာမည်အရင်းက ဘမိုးတဲ့ဗျ၊ မခင်မူလေးရဲ့အဖေ ကိုဘကျော်နဲ့ ညီအစ်ကိုရင်းပေါ့၊ ဒါပေမဲ့ အစ်ကိုဖြစ်တဲ့ဘကျော်က ရိုးသလောက် ဘမိုးက လူရှုပ်လူပွေတစ်ယောက် ဖြစ်ခဲ့တယ်၊ အရွယ်ရောက်လာတဲ့အခါမှာ အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်စတဲ့ မကောင်းမှုမှန်သမျှ အကုန်လုပ်ခဲ့တယ်ဗျာ၊ အိမ်ကပစ္စည်းတွေ၊ ငွေတွေကိုလဲ အလီလီအခါခါ ခိုးဝှက်ယူခဲ့တယ်၊ ကြာတော့ ဖခင်ဖြစ်တဲ့ဦးလူမောင်ဟာ ဘမိုးကို အမွေပြတ်စွန့်လွှတ်ခဲ့တယ်ဗျ"

"ဟုတ်ကဲ့ ဦးစံထား"

"ဒီလိုနဲ့ ဘမိုးဟာ ပေပေတေတေနေထိုင်ရင်းနဲ့ပဲ ဒုစရိုက်လောကထဲရောက်သွားတော့တာပဲ၊ ထောင်အကြိမ်ကြိမ် အခါခါကျခဲ့တယ် ကိုလှမောင်၊ ရာဇဝင်လူဆိုးမိုးအဖြစ်နဲ့ နာမည်ကြီးခဲ့တယ်၊ အခုနောက်ဆုံးတစ်ခေါက် ထောင်ကလွတ်လာတော့ မခင်မူတစ်ဦးတည်း ဒီအိမ်ကြီးကိုရရှိသွားတယ်ဆိုတာလဲ သိရော ဉာဏ်နီဉာဏ်နက်တွေသုံးပြီး ကောင်မလေးကို အဆင်မပြေဖြစ်အောင် ကြံစည်ခဲ့တာပဲ ကိုလှမောင်"

"ဪ"

"မိုးက သူ့ရဲ့တပည့်တွေကို အသုံးချပြီး အိမ်ကြီးဟာ တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com



သရဲတွေရှိနေသယောင်ယောင် ဖန်တီးခဲ့တာ၊ သတင်းလွှင့်ခဲ့တာ ဖြစ်တယ်၊ သူက ဦးလှမောင်ရဲ့သားအရင်းဖြစ်ရက်နဲ့ အမွေဆက်ခံခွင့် မရခဲ့ပဲ မြေးဖြစ်တဲ့မခင်မှုလေးရခဲ့တာကို မနာလို မရှုစိမ့်ဖြစ်ခဲ့တာပဲ ကိုလှမောင်"

"မစားရတဲ့အမဲကို သဲနဲ့ပက်တာပေါ့ခင်ဗျာ"

"ဟုတ်လိုက်လေ ကိုလှမောင်ရယ်၊ မဆွေရိယစိတ်တွေ ကြီးထွားခဲ့တာပေါ့၊ ခုတော့ သူ့ရဲ့မကောင်းကံကို သူ ခံလိုက်ရပါပြီလေ၊ ကဲ ကဲ ကိုလှမောင်၊ ကျုပ်တို့လဲ ရသလောက်အချိန်လေး နည်းနည်းလောက်အိပ်လိုက်ကြဦးစို့ရဲ့"

"ဟုတ်ကဲ့ ဦးစံထား"

သို့ရာတွင် ကျွန်ုပ်မှာ ကောင်းစွာအိပ်ပျော်ခြင်းမရှိပဲ တလူးလူးတလွန့်လွန့်ဖြင့် မိုးစင်စင်လင်းခဲ့ရပါသတည်း။

* * *

## အခန်း (၆)

"ဦးကြီးတို့ကို ကျွန်မကန်တော့လိုက်ပါတယ်ရှင်၊ ယောဒိပစ္စည်းတွေက ဦးကြီးအတွက် လက်ဆောင်တွေပါ"

ဘုတာရုံလေး၏ပလက်ဖေါင်းပေါ်မှာပင် မခင်မှုသည် စုံထောက်ကြီးဦးစံထားအား ပုံ့ပုံ့လေးထိုင်၍ ကန်တော့နေပေသည်။

ဆီပုံးများ၊ ဆန်အိတ်များ၊ ပဲအိတ်များကို လက်ဆောင်ထည့်ပေးလိုက်သေးသည်။

"ဒုက္ခရှာလို့ ကလေးမရယ်"

"မဟုတ်တာရှင် ဦးကြီးရဲ့ကူညီမှုကြောင့် အခုဆိုရင် ကျွန်မရဲ့အိမ်ကြီးက သရဲတကယ်မခြောက်ဘူးဆိုတာ တစ်မြို့လုံးက သိသွားကြပြီလေ၊ ဒီနေ့မနက်ပဲ ဝယ်ချင်သူတစ်ယောက်က စရံလာပေးသွားပြီးပြီ ဦးကြီးရဲ့"

"မခင်မှုအတွက် ကျုပ်တို့ ဝမ်းသာပါတယ်ကွယ်"

"ဒါတွေက ဦးကြီးရဲ့ကျေးဇူးတွေကြောင့်ပါရှင်"

ထိုစဉ် စာပို့ရထားကြီးသည် ဥသြသံတတူတူပေး၍ ဘုတာရုံကလေးထဲသို့ ဝင်ရောက်လာပြီဖြစ်၏။ ကျွန်ုပ်တို့၏ပစ္စည်းများအား မခင်မှု၏လူများက ရထားတွဲပေါ်တင်ဆောင်ပေးလျက်ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ယောက် နေသားတကျဖြစ်သည်နှင့် ပြည် စာပို့ရထားကြီးမှာ ဘူတာရုံလေးထဲမှ စတင်ထွက်ခွာလေတော့သည်။

"သွားမယ် ကလေးမ"

"ဟုတ်ကဲ့ ဦးကြီးတို့ရှင့်"

မခင်မူလေးမှာ လက်လေးတပြပြဖြင့် ဘူတာပလက်ဖေါင်းပေါ်တွင် တဖြည်းဖြည်း သေး၍သေး၍ ကျန်ရစ်ခဲ့ပါသတည်း။

* * *

# စုံထောက်ကြီးဦးစံထားနှင့် ရွှေမင်းသမီးလေးကချေသည်

## အခန်း (၁)

တစ်နေ့သ၌ ဒေးဒရဲမြို့နှင့် မလှမ်းမကမ်းလောက်တွင် တည်ရှိသည့် ရွာကြီးတစ်ရွာတွင် အလှူပွဲကြီးတစ်ခု ကျင်းပပြုလုပ်လေရာ တစ်ရွာလုံး မီးနိုးတိတ်မျှ ကျွေးမွေးသည်ဖြစ်၍ ရွာသူရွာသားအပေါင်းတို့မှာ အလှူအိမ်တွင်စုရုံးကာ ရောက်ရှိ၍နေကြတော့သည်။

အလှူရှင်ဖြစ်သည့် ကိုဘမောင်နှင့်မသိန်းမြတို့ ဇနီးမောင်နှံမှာလည်း ဒါနအရာ၌ စေတနာကောင်းလှသည် ဖြစ်ပေရာ အလှူသို့ရောက်လာကြသည့် .ပရိသတ်အပေါင်းတို့အား ကိုယ်တိုင်ကိုယ်ကျ ဧည့်ခံကာ ကျွေးမွေး၍ မဆုံးနိုင်အောင်ပင် ရှိနေပေ၏။

အလှူမင်္ဂလာဧည့်ခံမဏ္ဍပ်အတွင်းဝယ် ဒေးဒရဲမှငှားလာသည့် 'စိန်တင်ဝင်း' မင်္ဂလာဆိုင်းအဖွဲ့က လက်စွမ်းပြတီးမှုတ် ဖျော်ဖြေလျက်ရှိပေသည်။

ထို့ကြောင့် မဏ္ဍပ်အတွင်းဝယ် နေရာလပ်မရှိအောင်ပင် ပရိသတ်များဖြင့် စည်ကားလျက်ရှိ၏။ ဆိုင်းနောက်ထနှစ်ဦး၏ ပြက်လုံးများကို ရယ်မောမဆုံး တသောသောပင် ရှိနေကြလေသည်။



www.burmeseclassic.com

အလှူမဏ္ဍပ်၏ အပြင်ဘက်တွင် ရွာခံကာလသားတို့ကလည်း လူလုံးပြ ဟန်ရေးကြွယ်လျက်ရှိနေကြ၏။ ကာလသားတို့မှာ ဘန်ကောက်ပုဆိုး၊ ပိုးပုဆိုးတရွမ်းရွမ်း၊ ဘိုကေကို ဆီတရွှဲရွှဲလူးကာ မဏ္ဍပ်အတွင်းရှိ အပျိုမလေးများအား ဂေါ်ရေးကြွယ်နေကြ၏။

မဏ္ဍပ်အတွင်းမှ အပျိုချောတို့ကလည်း မျက်လုံးလေးတွေ ဝင့်ကာဝင့်ကာဖြင့် ညိုမြလုပ်လျက် ရှိနေကြလေရာ လူပျို၊ အပျိုတို့၏ ဘာသာဘာဝ ရှုမငြီးအောင် ဖြစ်နေလေတော့သည်။

မဏ္ဍပ်ရှေ့မှ ကာလသားသိုက်ထဲတွင် အများနှင့်မတူဘဲ ထူးထူးခြားခြား ပေါ်ထွက်လျက်ရှိသည့် လူငယ်လေးတစ်ယောက်ကို မြင်တွေ့ရပေ၏။

ထိုလူငယ်လေးမှာ အသက်နှစ်ဆယ် ဝန်းကျင်လောက်ရှိကာ အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ လူပုံနွဲ့နွဲ့နှင့် ဖြစ်သည့်အပြင် ရုပ်ရည်မှာလည်း လွန်စွာ ချောမောလှပေသည်။

ထိုချောမောလှပသည့်ရုပ်မှာ ဇလင်တီနီ ဘိုဆံတောက်၊ မဟာနဖူးထောင့်များနှင့် လိုက်ဖက်လှ၏။ ဝတ်ဆင်ထားသည်မှာလည်း ရွှေတောင်ပိုးလုံချည်၊ အယ်ပါတ်ကားတိုက်ပုံ၊ လည်ကတုံးအင်္ကျီအဖြူနှင့် ပန်းရှူးတို့ကို စီးထားလေရာ အများနှင့်မတူဘဲ တစ်မူထူးခြားနေပေတော့သည်။

ကာလသားခေါင်းဖြစ်သည့် သာထွန်းအောင်က ထိုလူငယ်လေး၏ပခုံးအား လှမ်းပုတ်လိုက်ကာ...

"ဟေ့ကောင် မောင်မောင်ကျော်။ ငါတို့ကမ်းနားဆင်းပြီး အငြိမ့်အဖွဲ့ကို ကြိုဖို့ရှိတယ်နော်။ ဟော့...ပြောရင်းဆိုရင်းတောင် မော်တော်သံ ကြားသကွ"

အလှူပွဲအပြီးတွင် အောင်ပွဲအဖြစ် ရန်ကုန်မှ နာမည်ကြီး အငြိမ့်အဖွဲ့ကို ငှားထားလေရာ ရွာနီးချုပ်စပ်များမှပင် လာရောက်၍ ကြည့်ရှ



www.burmeseclassic.com



ကြမည်ဖြစ်၍ မဏ္ဍပ်ရှေ့ရှိကွက်လပ်တွင် ဇာတ်ခုံအခင်းအကျင်းကို ကျယ်ဝန်းစွာဖြင့် ပြင်ဆင်ထားသည်ကို မြင်တွေ့ရ၏။

ဇာတ်စင်ရှေ့တွင် ယခုကတည်းကပင် နေရာများ ဦးထားကြပြီး ဖြစ်ပေသည်။

"ကဲဟေ့... ကျော်မြတို့၊ ဝင်းမောင်တို့၊ ညွန့်သိမ်းတို့ လှည်းပြင်ကြတော့ဟေ့။ အငြိမ့်အဖွဲ့ သွားကြိုကြမယ်"

"ကောင်းပါပြီ ကိုသာထွန်းအောင်"

ကာလသားများ စုဝေးရာနေရာသို့ အလှူ့ဒကာ၊ အလှူ့အစ်မတို့ ရောက်ရှိလာကြကာ သွားကြိုကြဖို့ ဆော်ဩ၍နေလေရာ မကြာမီမှာပင် လှည်းလေးစီးဖြင့် သာထွန်းအောင်တို့အဖွဲ့ ထွက်ခွာသွားသည်ကို မြင်တွေ့ကြရသည်။

မောင်မောင်ကျော်က လှည်းယဉ်လေးကို မောင်းနှင်လာသည်။ လှည်းယဉ်လေးပေါ်တွင် သင်ဖြူးအချောကြီး တစ်ချပ်ကိုခင်းထား၏။ မင်းသမီးများထိုင်ရန်အတွက် ဖြစ်သည်။ မောင်မောင်ကျော်မှာ တစ်ရွာလုံးတွင် ရုပ်ရည်အစားဆုံးဖြစ်ခြင်းကြောင့် မင်းသမီးလေးများအား ကြိုဆိုခေါ်ဆောင်ဖို့ လူပျိုခေါင်းသာထွန်းအောင်က ရွေးချယ်ထားခြင်း ဖြစ်လေသည်။

မောင်မောင်ကျော်မှာ ရွာရှိကြေးရတတ်တစ်ဦး၏ သားဖြစ်ကာ ရန်ကုန်ယူနီဗာစီတီတွင် အိုင်အေအတန်းကို တက်ရောက်နေသူ ဖြစ်ပေ၏။ ထို့ကြောင့်လည်း ယခုကဲ့သို့ ပွဲထုတ်ခံရခြင်းပင် ဖြစ်သည်။

သူတို့ကြိုဆိုရေးအဖွဲ့ ကမ်းနားသို့ ရောက်ရှိသွားချိန်တွင် အငြိမ့်အဖွဲ့ကို တင်ဆောင်လာသည့် မော်တော်လေးမှာ ဆိုက်ကပ်နေပြီဖြစ်၏။

မောင်မောင်ကျော်က မော်တော်၏ဘေးတွင် ချိတ်ဆွဲထားသည့် အငြိမ့်အဖွဲ့၏ ဆိုင်းဘုတ်ကြော်ငြာအား ဖတ်၍ကြည့်လိုက်သည်။

**'မာယာလေးဆယ် မြကေသွယ် အငြိမ့်အဖွဲ့ကြီး'**



www.burmeseclassic.com

www.burmeseclassic.com



မော်တော်အလုပ်သမားလေးများက အငြိမ့်သေတ္တာများကို လှည်းများပေါ်သို့ တင်ဆောင်လျက်ရှိနေကြ၏။

ကာလခေါင်းသာထွန်းအောင်က အငြိမ့်မင်းသမီးလေးသုံးယောက်ကို မောင်မောင်ကျော်၏ လှည်းယဉ်ဆီသို့ ခေါ်ဆောင်လာကာ...

"ကဲ... မင်းသမီးတို့က ဟောဒီလှည်းယဉ်လေးပေါ် ငြိမ့်ငြိမ့်လေးစီးပြီး လိုက်ခဲ့ကြပေတော့။ မောင်မောင်ကျော်၊ မင်း မောင်းသွားနှင့်တော့ပေါ့"

"ဟုတ်ကဲ့ပါအစ်ကိုကြီး သာထွန်းအောင်"

"ကဲ... တက်ကြ... တက်ကြ"

မောင်မောင်ကျော်က မင်းသမီးလေးသုံးယောက်ကို နောက်ပြန်၍ လှည့်ကြည့်လိုက်၏။ သုံးယောက်စလုံးမှာ ဖြူဖြူနုနုချောချောလေးတွေဖြစ်၏။ မောင်မောင်ကျော် လှည့်ကြည့်လိုက်သည့် မိန်းကလေးမှာ ကြည်ပြာရောင်အင်္ကျီလက်ရှည်နှင့် ချိတ်ထဘီအပြာနုနုတို့ကို ဝတ်ဆင်ထား၏။ ဆံပင်မှာ တစ်ပတ်လျှိုဆံထုံးလေး ထုံးထား၏။

စင်ရော်တောင်မျက်ခုံး၊ သောက်ရှူးကြယ်မျက်လုံးတို့က ဆွဲဆောင်မှုရှိလှပေ၏။

"ဟဲ့... မြကေသွယ် တက်လေ အမယ်လေးဟဲ့။ ဘာတွေများဒီလောက် ကြည့်နေကြတယ်။ မသိဘူး"

"ချောတော့ အတော်ချောသားဟဲ့။ ကောင်မရဲ့"

"ဟီဟိ...နင်တို့ကလည်း ငါပြောဖို့များ ထားစမ်းပါဦးလားဟယ်"

မိန်းကလေးသုံးယောက် ရယ်ရယ်မောမောဖြင့် မောင်မောင်ကျော်အား မထိတထိစရင်း လှည်းပေါ်တက်လိုက်ကြ၏။ မောင်မောင်ကျော်က သို့နှင့်မျက်လုံးချင်း ဆုံတွေ့ကြသည့် မိန်းကလေးမှာ ခေါင်းဆောင်





မင်းသမီး 'မာယာလေးဆယ် မြကေသွယ်'ဆိုသည်ကို သိရှိ၍သွား၏။

သူသည် လှည်းယဉ်လေးကို မောင်း၍ထွက်ခဲ့တော့သည်။ လမ်းတွင် မြကေသွယ်တို့နှင့် စကားပြောဖြစ်ကြ၏။ လူငယ်ချင်းမို့လည်း ပွင့်ပွင့်လင်းလင်းရှိကာ ရင်းနှီးလွယ်သွားကြပုံရ၏။

"အစ်မ မြကေသွယ် နာမည်ကြီးတာတော့ ကျွန်တော်ကြားသိရပါတယ်။ ဒါပေမဲ့ တစ်ခါမှမကြည့်ဖူးခဲ့ဘူး။ အခုမှပဲ အားရအောင်ကြည့်ခွင့်ရတော့မှာ"

"ကြည့်ထား ငါ့မောင်ရေ။ မျက်လုံးထဲက မထွက်အောင်ကို တစ်ဝကြီး ကြည့်ထား"

"စိန်လှကြည်နော်... မကဲနဲ့ သိလား"

မြကေသွယ်က ရှေ့ထွက်မင်းသမီးလေးအား မျက်စောင်းခဲကာ လှမ်းပြောလိုက်သည်။

စိန်လှကြည်နှင့် ဒုတိယခေါင်းဆောင်မင်းသမီး မြနန်းနွယ်တို့နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ ရယ်မောလိုက်ကြပေသည်။

"မိန်းမတွေကိုက အပိုးကိုမကျိုးဘူး"

"မင်းသမီးတွေကို မြကေသွယ်ရဲ့"

"ပြောပါစေ အစ်မ မြကေသွယ်ရယ်။ ကျွန်တော့်ကိုလည်း မှတ်ထားဦးနော်၊ ရန်ကုန်ရောက်ရင် လာလည်မယ်"

"အောင်မယ်။ ငါ့မောင်က ရန်ကုန်တွေဘာတွေ ရောက်တယ်ပေါ့"

"ကျွန်တော် ရန်ကုန် ယူနီဗာစီတီမှာ ကျောင်းတက်နေတာပါ။ အခု ကျောင်းပိတ်ရက်မို့ ရွာပြန်ရောက်နေတာဗျ"

"ဪ... ဒါကြောင့်မင်းက အပြတ်သားနားနေတာကိုး ကဲ့"

စကားတပြောပြောဖြင့် အလှူမဏ္ဍပ်ရှေ့သို့ လှည်းယဉ်လေးရောက်ရှိလာ၏။ အလှူ့ဒကာမောင်နှံတို့က ထွက်၍ကြိုဆိုကာ မဏ္ဍပ်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ခေါ်ဆောင်သွားကြသည်။

"ဟယ်... မင်းသမီးလေးတွေက ချောလိုက်လှလိုက်တာ"

မြကေသွယ်တို့အနားတွင် ရွာသူရွာသားတွေ ဝိုင်းအုံ၍နေပေတော့သည်။

ထိုညက ကပြသည့် မြကေသွယ်၏ အငြိမ့်ပွဲမှာ ကြက်ပျံမကျ အောင်ပင် စည်ကားလွန်းလှပေသည်။

မြကေသွယ်တို့ထွင်ထားသည့် 'မာယာလေးဆယ်' အကကို လည်း တစ်ဝကြီး ကြည့်ရှုကြရလေရာ ပရိသတ်တို့ နှစ်ထောင်းအားရ ဖြစ်သွား ကြရပေ၏။

မြကေသွယ်အငြိမ့်အဖွဲ့ကလည်း မိုးလင်းလုအထိ ကပြသွားခဲ့ လေသည်။

သို့ရာတွင် နံနက်မိုးလင်းသည်တွင် သတင်းတစ်ခုက တောမီးပမာ ပျံ့နှံ့လာသည်။

ထိုသတင်းမှာ ညက မြကေသွယ်အငြိမ့်ပွဲကို လာရောက် ကြည့်ရှုကြသည့် တိုက်နယ်သူကြီး ဦးစိန်ပို၏ဇနီး ဒေါ်ရွှေအိ၏ စိန်ဘယက် ပျောက်ဆုံးသွားသည့် သတင်းပင်ဖြစ်ပေတော့သည်။

* * *

## အခန်း (၂)

တစ်နေ့သ၌ ကျွန်ုပ်သည် စုံထောက်ကြီးဦးစံထား၏ ဆူးလေ ဘုရားလမ်းရှိအခန်းသို့ ရောက်ရှိသွားသည်တွင် ကျွန်ုပ်၏မိတ်ဆွေကြီးမှာ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လျက်သားဖြင့် 'သူရိယ'သတင်းစာ ကို စိတ်ပါဝင်စားစွာဖြင့် ဖတ်ရှုလျက်ရှိနေလေသည်။

ကျွန်ုပ် ချောင်းတစ်ချက်ဟန့်လိုက်မှပင် ဦးစံထား သတိဝင်သွား ပုံရပြီး...

"ဟော... ကိုလှမောင်။ ကျုပ်ဖြင့် သတင်းထဲ စိတ်ရောက်နေတာ ကြောင့် ခင်ဗျားဝင်လာတာ သတိမပြုမိလိုက်ဘူးဗျာ။ ကိုလှမောင်ရေ သတင်းထူးသဗျ။ ရော့...ဖတ်ကြည့်စမ်းပါဦးဗျာ"

"ဟုတ်ကဲ့ ဦးစံထား"

ကျွန်ုပ်က သတင်းစာ၏ ရှေ့ဘက်အဖုံးတွင် ခြောက်လိုင်းမည်း စာလုံးကြီးများဖြင့် ခေါင်းစီးဖော်ပြထားသည့် ထိုသတင်းအား ဖတ်ရှုဖြစ် လိုက်သည်။

**"မြကေသွယ်အငြိမ့်ပွဲတွင် မင်းကတော်တစ်ဦး၏ ပတ္တမြားလည်ဆွဲ ပျောက်ပုံထူး"**

'သူရိယ သတင်းထောက်ထံမှ'

www.burmeseclassic.com

www.burmeseclassic.com



ယမန်နေ့ညက အင်းလျားကန်လမ်း ခြံအမှတ်( )တွင် မင်္ဂလာအောင်ပွဲအဖြစ် 'မာယာလေးဆယ် မြကေသွယ်' အငြိမ့်အဖွဲ့ ကပြဖျော်ဖြေခဲ့၏။

ပွဲကြည့်ပရိသတ်များကိုလည်း သီးသီးသန့်သန့် ဖိတ်ကြားထားခဲ့သည်ကြောင့် မင်းစိုးရာဇာ အရာရှိကြီးများ၊ လူကုံထံများ၊ မင်းကတော်များလာရောက်ကာ မြကေသွယ် အငြိမ့်ကပြသည်ကို ကြည့်ရှုခဲ့ကြ၏။ မြကေသွယ် အငြိမ့်ပြီးချိန်တွင် ရှေ့ဆုံးတန်းမှထိုင်ကာ ကြည့်ရှုလျက်ရှိသော မင်းကတော်ကြီးဒေါ်စိန်ရွှေ ဝတ်ဆင်ထားသည့် ပတ္တမြားလည်ဆွဲမှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရှိရတော့သည်ဟု ဆို၏။

ထိုပတ္တမြားလည်ဆွဲမှာ ကာလတန်ကြေး တစ်သိန်းခန့်ရှိသည်ဖြစ်ခြင်းကြောင့် မင်းကတော်ကြီးမှာ လွန်စွာနှမြောတမ်းတလျက် ရှိနေပေ၏။

ကျွန်ုပ်တို့သတင်းထောက်မှာ မင်းကတော်ကြီးအားတွေ့၍ မေးမြန်းကြည့်ရာတွင် သူမ၏ ပတ္တမြားလည်ဆွဲမှာ မည်သည့်အချိန်က ပျောက်ဆုံးသွားခဲ့မှန်းကိုပင် သတိမထားခဲ့မိကြောင်း ပြောဆိုခဲ့လေသည်။

ထူးခြားမှုတစ်ရပ်လော၊ တိုက်ဆိုင်နေမှုလော၊ ဃဂနဏ မပြောနိုင်သော်လည်း ထို 'မြကေသွယ်' အငြိမ့်ကပြခဲ့သည့် ပုဇွန်တောင်ပန်းခြံတွင်လည်းကောင်း၊ တာမွေ၊ ဗျိုင်းရေအိုးစင်ဘက်တွင်လည်းကောင်း၊ ကျောက်တံတားမြို့နယ်တွင်လည်းကောင်း အထက်ပါကဲ့သို့ အဖိုးတန်ပစ္စည်းများ ပျောက်ဆုံးခဲ့ဖူးသည်ကိုလည်း စုံစမ်းသိရှိခဲ့ရပါသည်။

အဆိုပါ အမှုအခင်းနှင့်ပတ်သက်၍ အမှုမှန်ဖော်ထုတ်နိုင်ရန်အတွက် ရန်ကုန်ပုလိပ်အဖွဲ့ကြီးနှင့် အင်းစိန်စီအိုင်ဒီ စုံထောက်အဖွဲ့ကြီးတို့ပူးပေါင်းကာ အပူတပြင်း လိုက်လံစုံစမ်း ရှာဖွေလျက်ရှိကြောင်း သိရှိခဲ့ရသည်။





ကျွန်ုပ်သည် ဖတ်၍အပြီးတွင် သတင်းစာကို စားပွဲပေါ် လှမ်းတင်လိုက်ပြီး…

"ဟုတ်တယ်ဗျ၊ အိုင်ဆေးရ။ ကျုပ် ဆေးခန်းမှာလည်း ဒီသတင်းကို ပြောနေကြတာ ကြားခဲ့ရသဗျ"

စုံထောက်ကြီးဦးစံထားမှာ ဆေးတံကိုဖွာနေရာမှ လက်တစ်ဖက်ဖြင့် ဖြုတ်လိုက်ပြီးလျှင်…

"ကိုလှမောင် မြကေသွယ်အငြိမ့်ကို ကြည့်ဖူးလားဗျ"

"ဝေးစွခြောက်ပါးပါပဲ ဦးစံထားရယ်။ ကျုပ် ဇာတ်တို့၊ အငြိမ့်တို့ 'ဝါသနာမပါဘူးဗျ"

"ဘာဖြစ်လို့လဲ ကိုလှမောင်၊ ဒါတွေဟာ ဖက်ခွက်စား သဘင်သည်လို့ ဆိုခဲ့တာကြောင့်လား၊ အဆင့်နိမ့်တယ်လို့ ဆန္ဒစွဲရှိနေတာကြောင့်လား ကိုလှမောင်"

ကျွန်ုပ်က ကပျာကယာဖြင့် လက်ကာပြလိုက်ကာ…

"နိုး… နိုး၊ အဲဒီလို မဟုတ်ဘူး ဦးစံထား။ ကျုပ်ပြောတာ ရိုးရိုးသားသားပါဗျာ။ ဇာတ်တို့၊ အငြိမ့်တို့ကြည့်ရတာ အချိန်အလွန်ပေးရသဗျ။ နောက်တစ်နေ့မှာလည်း အိပ်ရေးပျက်တဲ့ဒဏ်ကို လိုမ့်နေအောင်ကို ခံရတာ မဟုတ်လား။ ကျုပ် အဲဒီဒဏ်တွေကို မခံနိုင်ဘူး ဦးစံထားရဲ့။ ဒါကြောင့်ပါ"

ဦးစံထားမှာ ပြုံးစစဖြင့် ကျွန်ုပ်ကိုကြည့်လိုက်ရင်း…

"ဒါဆိုလည်း ပြီးတာပါပဲ ကိုလှမောင်ရယ်။ ကျုပ်ကတော့ မြန်မာယဉ်ကျေးမှုတစ်ရပ်အနေနဲ့ ဇာတ်တို့ အငြိမ့်တို့ ရုပ်သေးတို့ ကြည့်တာ ဝါသနာထုံသဗျ။ ကြုံကြိုက်တိုင်းလည်း ကြည့်ခဲ့တာပါပဲလေ။ ဒါပေမဲ့ အခု နာမည်ကျော်နေတဲ့ 'မြကေသွယ်'ကိုတော့ မကြည့်ဖူးသေးဘူးဗျ၊ ကြုံရင်တော့ လေ့လာရဦးမယ်ဗျာ"

ကျွန်ုပ်အား ထိုသို့ပြောလိုက်ပြီးနောက် ဆေးတံကို ပြန်ဖွာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားရတော့မှ ဆေးတံကိုချွတ်ကာ ဦးစံထားကစကားဆက်သည်။

"နေဦး ကိုလှမောင်၊ တစ်လက်စတည်းနဲ့ပြောရဦးမယ်။ မအိပ်မနေ အသက်ရှည်ဆိုတဲ့ စကားကြားဖူးမှာပေါ့"

"ဟုတ်ကဲ့ ဦးစံထား"

"ခင်ဗျားတို့ ဆရာဝန်တွေကတော့ လူတစ်ယောက်ဟာ တစ်နေ့ကို အနည်းဆုံးရှစ်နာရီ အိပ်စက်ရမယ်တို့၊ ဘာတို့ပြောနေခဲ့ကြတာပေါ့လေ"

"ကျန်းမာရေးအရပါ ဦးစံထား"

"ဟုတ်ပြီ ကိုလှမောင်။ ဒါဆိုရင် လူတစ်ယောက်ဟာ တစ်နေ့ရဲ့ သုံးပုံတစ်ပုံ အိပ်နေရတော့တာပေါ့။ ဥပမာဗျာ။ အသက်ခြောက်ဆယ်ရှိတဲ့ လူတစ်ယောက်ဟာ ခင်ဗျားတို့ အဆိုအရဆိုရင် အနှစ်နှစ်ဆယ် အိပ်ခဲ့ရမှာပေါ့"

"ဟုတ်တယ် ဦးစံထား"

"ပျင်းစရာကြီးပါလားဗျာ။ ဘဝသက်တမ်းရဲ့ သုံးပုံတစ်ပုံကို အိပ်ခြင်းနဲ့တော့ အချိန်မဖြုန်းသင့်ဘူးလို့ ကျုပ်ကယူဆသဗျ။ ကျုပ်တို့ရဲ့ မြန်မာဘုရင်တွေဟာ ညဥ့်သုံးယံမှာ တစ်ယံပဲ အိပ်သဗျ။ ကျုပ်တော့ဗျာ တန်ဖိုးရှိတဲ့အချိန်တွေကို အလဟဿ အိပ်ပစ်လိုက်ရမှာကို နှမြောသဗျာ။ ဒီမယ် ကိုလှမောင်ရဲ့။ ခင်ဗျား ကျုပ်ကို တစ်နေ့ဘယ်နှနာရီလောက် အိပ်တယ်ထင်လဲမသိဘူး။ လူဆိုတာ အလေ့အကျင့်ပါဗျာ။ ကျုပ် တစ်နေ့ကို သုံးလေးနာရီထက် ပိုမအိပ်ခဲ့ဘူးဗျာ"

ကျွန်ုပ်က ဦးစံထား၏ပြောစကားကို နားထောင်ပြီး အံ့အားသင့်၍ သွားရချေသည်။ ဦးစံထား အအိပ်အနေနည်းသည်ကို သိရှိသော်လည်း သည်မျှထိတော့ တွက်ဆမထားဖြစ်ခဲ့။

"ကဲပါဗျာ။ ကျုပ်တို့စကားတွေလည်း တောရောက်တောင်ရောက် ဖြစ်ကုန်ပြီလား မသိပါဘူး။ ကျုပ်ပြောချင်တာက စောစောလေးက သတင်းဗျ။ ဘာ့ကြောင့် ဒီမြကေသွယ်အငြိမ့် ကပြတဲ့နေရာတွေမှာ လူကုံ





ထံ ပွဲကြည့်ပရိသတ်ရဲ့ပစ္စည်းတွေက ပျောက်ပျောက်နေရတာလဲဆိုတာ စဉ်းစားရမယ့် အချက်ပဲဗျ"

"ဟုတ်တယ်နော် ဦးစံထား"

"ကျုပ် အဲဒါကို စိတ်ဝင်စားနေတာဗျ။ ဒီတစ်ခါ မြကေသွယ်ရဲ့ အငြိမ့်ပွဲကပြမယ့် သတင်းကြားရင်တော့ ကျုပ် မလွတ်တမ်း သွားကြည့်တော့မယ် ကိုလှမောင်။ ဘယ်နှယ့်လဲ ခင်ဗျား လိုက်မယ်မဟုတ်လား"

"ကျုပ်က ခင်ဗျားရဲ့ပါရမီဖြည့်ဖက်ပဲဗျာ။ လိုက်ရမှာပေါ့ ဦးစံထားရယ်"

"ဟား... ဟား... ဟား... ဟား ကိုလှမောင်ကလည်း ဒီလိုဆိုတော့လည်း အလာကြီးပါလားဗျနော်။ ဟား... ဟား... ဟား"

ဦးစံထားမှာ အားရပါးရပင် ရယ်မော၍နေပေတော့သည်။ အတော်လေးအားရသွားတော့မှ...

"အေးဗျာ။ အခုတလော အမှုအခင်းကလဲ ပါးနေလေတော့ ပျင်းခြောက်ခြောက်တောင်ဖြစ်လာတယ် ကိုလှမောင်။ အခု ခင်ဗျား ရောက်လာတော့ စကားပြောဖော်ရတာပေါ့ဗျာ။ ခင်ခင်ကြီးကော နေကောင်းရဲ့လားဗျ"

"ဟုတ်ကဲ့ ဦးစံထား"

"လုပ်ဗျာ။ ကျုပ်တို့ တရုတ်တန်းဘက်ထွက်ပြီး ဘဲပေါင်းဆီချက်လေး၊ ကြက်ဆီဖုံးသုပ်လေး၊ နံကင်လေး သွားစားကြရအောင်လား"

"ကောင်းသားပဲ ဦးစံထား"

ကျွန်ုပ်တို့နှစ်ယောက်မှာ လန်ချားတစ်စီးခေါ်၍ တရုတ်တန်းဘက်သို့ ထွက်လာဖြစ်ခဲ့ကြ၏။ လန်ချားစီးရင်းဖြင့်လည်း ဦးစံထားမှ ဓာတ်သဘင်နှင့်ပတ်သက်သည်များကို ပြောဆို၍လာလေသည်။

'မြခြေချင်း မငွေမြိုင်'တို့၊ 'မထွေးလေး'တို့၊ 'လေဘာတ်မြရင်'



www.burmeseclassic.com

www.burmeseclassic.com



တို့ဆိုတဲ့ မင်းသမီးတွေဟာ နာမည်ကျော်တွေပေါ့ဗျ။ ဒီဘက်ခေတ်ရောက်တော့ ယုတ်စီမြသန်းကြည်တို့၊ ကောလိပ်မြိုင်တို့ပေါ့"

ဦးစံထားမှာ မည်သည့်ကိစ္စတွင်မဆို နှံ့နှံ့စပ်စပ် ရှိလှသူ ဖြစ်ပေရာ ဇာတ်သဘင်ကိစ္စအရာ၌လည်း ရေပက်မဝင်အောင် ပြောဆိုနိုင်ပေ၏။

ကျွန်ုပ်တို့သည် တရုတ်တန်းရှိ 'ကောင်းအွန်' စားသောက်ဆိုင်တွင် မြိန်ရှက်စွာဖြင့် စားသုံးကြပြီးနောက် ပြန်လာခဲ့ကြတော့သည်။

* * *

## အခန်း (၃)

ကျွန်ုပ်ကိုယ်တိုင်ပင် စုံထောက်ကြီးဦးစံထား စိတ်ဝင်စားနေသည့် 'မာယာလေးဆယ် မြကေသွယ်' အား ကြည့်ရှုချင်နေမိတော့သည်။ ထို့ကြောင့်လည်း မည်သည့်နေရာတွင် ကပြမည်ကိုပင် စနည်းနာလျက် ရှိနေမိပေ၏။

သို့နှင့် တစ်နေ့တွင် ကျွန်ုပ်၏ဆေးခန်းသို့ လာရောက်ကုသကြသည့် မိန်းကလေးနှစ်ဦး ပြောဆိုသံကို ကျွန်ုပ် အမှတ်မထင်ကြားလိုက်ရသည်မှာ...

"ဟဲ့ ရွှေရီ၊ နင် ကြားပြီးပြီလား"

"ဘာလဲ ခင်တင့်"

"ဟိုဟာလေဟာ၊ မြကေသွယ်အငြိမ့်ကမယ့် သတင်းဟာ"

"အေး ကြားတယ်ဟ။ ဆွမ်းသိမ်းအောင်ပွဲအဖြစ် မြို့တော်ခန်းမရှေ့မှာ ကမယ်ဆိုလား ပဲ"

"သန်ဘက်ခါ ညဟဲ့"

"အတော်ပဲဟာ၊ မြကေသွယ် နာမည်သိပ်ကြီးနေတာ ကြည့်ချင်နေတာနဲ့"

ကျွန်ုပ်မှာလည်း သူမတို့၏ (MESSAGE)မက်ဆေ့ချ်ကြောင့် ဝမ်းသာသွားရပေ၏။ ထိုသတင်းကိုလည်း နေ့လယ်ဆေးခန်းပိတ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



၍ ဦးစံထားအားသွားပြောဖို့ စိတ်ကူးလိုက်မိသည်။

ကျွန်ုပ်မှာ ဆေးခန်းပိတ်၍ ထမင်းစားချိန်တွင် ကပျာကယာ နိုင်လှသည်ကို ခင်ခင်ကြီးက သတိပြုမိသွားကာ...

"ကိုကိုလှ ဘာတွေလောနေတာလဲ။ ဖြည်းဖြည်းစားလေ"

"ဩော်... ဦးစံထားဆီ သွားစရာလေးရှိလို့ပါ ခင်ရဲ့"

"ထင်သားပဲ"

ဇနီးသည်၏ ချစ်မျက်စောင်းလေးကို ကျွန်ုပ်တွေ့လိုက်ရသော်လည်း မသိကျိုးကျွန်ပြုကာ ထမင်းစားပြီးသည်နှင့် ကသုတ်ကရက်ထွက်လာခဲ့တော့သည်။

ကျွန်ုပ်သည် လန်ချားတစ်စီးခေါ်ကာ ဆူးလေဘုရားလမ်းသို့ ရောက်ရှိသွား၏။ ထို့နောက် ဦးစံထား၏အခန်းသို့ တက်ရောက်လာကာ...

"ဒေါက်... ဒေါက်... ဒေါက်"

"ဝင်ခဲ့လေ ကိုလှမောင်။ တံခါးစေ့ထားတာပါ"

ကျွန်ုပ် တံခါးကိုတွန်းဖွင့်၍ ဝင်လာလိုက်၏။

ဦးစံထားမှာ ကုလားထိုင်တစ်လုံးတွင်ထိုင်ကာ အင်္ဂလိပ်စုံထောက်ဝတ္ထုတစ်အုပ်ကို ဖတ်လျက်ရှိနေရာမှ ကျွန်ုပ်ဘက်သို့လှည့်ကာ...

"ကိုလှမောင်ကြည့်ရတာ အူယားဖားယားနဲ့ဆိုတော့ ကေန္ဒ 'ရွှေမင်းသမီးလေးကချေသည်'ရဲ့ သတင်းကို ရခဲ့ပုံရရဲ့။ ဟုတ်စ"

ကျွန်ုပ်က ခေါင်းညိတ်လိုက်ပြီးလျှင်...

"ဟုတ်တယ် ဦးစံထား၊ သန်ဘက်ခါညမှာ မြို့တော်ခန်းမရှေ့မှာ ကပြမယ့် သတင်းထူးရလာလို့"

"ဟား... ဟား... ဟား၊ ကိုလှမောင်ရဲ့ မနက်တိုင်း သတင်းစာဖတ်ပါလို့ ဆိုတာ။ ဒီသတင်း ဒီနေ့ထုတ် သူရိယရော၊ မြန်မာ့အလင်းမှာရော ပါလာတယ်လေဗျာ"





"သိပါဘူး စုံထောက်ကြီးရယ်"

ကျွန်ုပ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရတော့သည်။

"ကဲပါဗျာ၊ ထားလိုက်ပါ။ ကျုပ် ခင်ဗျားကို လစ်ပတန်တီးနဲ့ ဧည့်ခံပါ့မယ်။ တွဲဖက်ကတော့ ကြက်ဥပေါင်မုန့်ကြော်လေးနဲ့"

"သိပ်သင့်မြတ်တာပေါ့ စုံထောက်ကြီးရယ်"

"အိုကေ၊ ယူဝိတ်မိ ဖစ်တင်းနဲ့ မိနစ်(စ်)"

"ရက်စ် အိုင်ဆေး"

ဦးစံထားမှာ နောက်ဘက်သို့ ဝင်ရောက်သွားလေ၏။ ကျွန်ုပ်က သတင်းစာကို စိတ်မပါဘဲ ဟိုလှန်သည်လှန်လျှောက်ကြည့်ရင်း စောင့်နေလိုက်၏။

လေအလှည့်သင့်သည်ကြောင့် ဆူးလေစေတီတော်မြတ်ဆီမှ ဆည်းလည်းသံ လွင်လွင်လေးကို တစ်ချက်တစ်ချက် ကြားနေရ၏။

အပြင်ဘက်တွင် နေသာလျက်ရှိသည်ကို တွေ့ရ၏။ ကျွန်ုပ်က အောက်ဘက်သို့ ငုံ့ကြည့်လိုက်ရာ ရောင်စုံလူတွေ ဥဒဟို သွားလာလှုပ်ရှားနေကြသည်ကို လှမ်းမြင်တွေ့ရလေသည်။

"ဘယ်လိုလဲ ကိုလှမောင်၊ ပျင်းနေပြီလားဗျ"

"ဟိုကြည့်ဒီကြည့်နဲ့ဆိုတော့ ပျင်းဖို့တောင် သတိမရပါဘူး။ ဦးစံထားရယ်"

"လာဗျာ။ စားရင်းသောက်ရင်း စကားပြောကြတာပေါ့"

"ဟုတ်ကဲ့ ဦးစံထား"

လစ်ပတန်တီးနံ့မှာ သင်းသင်းမွှေးပျံ့လှ၏။ ပေါင်မုန့်ကြက်ဥကြော်ကလည်း အရသာကောင်းမွန်လှသည်။

ကျွန်ုပ်မှာ လက်ဖက်ရည်ကို ခိမ်ခံသောက်လျက်ရှိပေ၏။ ဦးစံထားမှာ ခပ်သွက်သွက်ပင် စားသောက်၍ပြီးသွားကာ ဆေးတံကိုမီးညှိ၍ နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလှမောင် စားဗျာ။ တယ်နေ့သကိုး"

"အကျင့်ပေါ့ ဦးစံထားရယ်"

ကျွန်ုပ်မှာ အစားအစာကို စိမ်ခံ၍ စားသောက်တတ်သူဖြစ်ပေ၏။

"ဟိုတစ်နေ့ကအကြောင်း စကားဆက်ကြရအောင်ဗျာ"

"ဘာများလဲ ဦးစံထားရဲ့"

"ဓာတ်သဘင် ပညာအကြောင်းတွေလေ"

"ဟုတ်ကဲ့ ဦးစံထား၊ ပြောပါဗျာ။ ကျုပ်လည်း ဗဟုသုတတိုးပေတာပေါ့"

ဦးစံထားက ဆေးတံကို သုံးလေးကြိမ်ဆက်တိုက် ဖွာလိုက်ပြီးမှ…

"တကယ်တော့ လူတွေဟာ သဘင်သည်တွေကို အထင်သေး၊ အမြင်သေးနဲ့ ဆက်ဆံကြပေမယ့် သူတို့တစ်တွေရဲ့ အလုပ်ကလည်း လွယ်လှတာ မဟုတ်ပေဘူးဗျ"

"မှန်ပါတယ် ဦးစံထား"

"ကျုပ် ပြောမယ်ဗျာ။ မင်းသမီးတို့ မလွဲမသွေတတ်အပ်တဲ့ အဌာရသ ဆယ့်နှစ်ရပ်ရှိသဗျ။ ဒီပညာရပ်တွေကို ထိပ်တန်းအဆင့် မင်းသမီးတွေ တတ်မြောက်ကြတယ်ဗျ။ အရပ်စကားနဲ့ ပြောရရင်တော့ သဘင်ရည်ပြည့်ဝကြတယ် ဆိုပါတော့ဗျာ"

ကျွန်ုပ်မှာ သဘင်ဗဟုသုတအရာ၌ ခုံးဝေးလှသူဖြစ်ပေရာ မင်းသမီးအတတ် တစ်ဆယ့်နှစ်ရပ်ဟူသည်ကို သိချင်သွားမိရပေ၏။ ထို့ကြောင့် စုံထောက်ကြီးဦးစံထားအား…

"အဲဒီပညာရပ်တွေက ဘာတွေလဲဆိုတာ ပြောပြပါဦး။ စုံထောက်ကြီးရယ်"

"စိတ်ချ ကိုလှမောင်။ ကျုပ်က ပြောကိုပြောချင်နေတာ"

ဦးစံထားသူ့စကားသူ သဘောကျသွားပြီး ရယ်သည်။ ပြီးမှ…





"မင်းသမီးတွေတတ်အပ်တဲ့ ပညာရပ်ဆယ့်နှစ်ရပ်ကို အတိုကောက်အနေနဲ့ 'ပိုး၊ မွေး၊ မျှော၊ ခေါ်၊ အောင်၊ ဖော်၊ လု၊ ဘာ၊ ရှူး၊ အ၊ သေ၊ ပစ်'လို့ ခေါ်ကြတယ် ကိုလှမောင်"

ကျွန်ုပ်မှာ ဘာမျှနားမလည်လိုက်။ ထို့ကြောင့် ထပ်၍မေးမိရချေသည်။ ဦးစံထားက နောက်တစ်ခေါက် ပြန်ပြောသည်။

"ပိုး၊ မွေး၊ မျှော်၊ ခေါ်၊ အောင်၊ ဖော်၊ လု၊ ဘာ၊ ရှူး၊ အ၊ သေ၊ ပစ်လေဗျာ"

"အဓိပ္ပာယ်ကိုပါပြောပြမှ သိမယ့်လူနော်။ ဦးစံထား"

"ဒီလိုဗျ၊ ပိုးဆိုတာက နောက်ပိုးရတဲ့ ကိစ္စတွေမှာ ပိုင်နိုင်စွာ၊ သရုပ်တူလုပ်ဆောင်ရမယ်ပေါ့ဗျာ၊ မိန်းမနောက်ပိုးအဖြစ် တစ်ဖက်သတ်ချစ်နေတဲ့သူ အဖြစ်ပေါ့ဗျာ"

"ဟုတ်ပြီ ဦးစံထား။ သဘောပေါက်ပါပြီ"

"မွေး… ဆိုတာက ကိုယ်ဝန်ကိုမွေးဖွားရတာ၊ မျှော်ကရည်းစားမျှော်၊ လင်မျှော်ပေါ့ဗျာ။ ခေါ်က လင်ခေါ်သားခေါ်။ အောင်ဆိုတာက အောင်ပြုဓာတ်ထုပ်ကို နိုင်ရမယ်တဲ့ဗျ"

"ဟုတ်ကဲ့ ဦးစံထား"

"ဖော်… ကတော့ ဖော်ကကတတ်ရမယ်။ လုက ရည်းစားလုတတ်၊ လင်လုတတ်၊ သားလုတတ်ရမယ်လို့ဆိုတယ်။ ဘာက ဘီလူးအဖြစ်လည်း ကတတ်မှ။ ရှူးကတော့ ရှင်းပါတယ်ဗျာ။ အရူးမအဖြစ် သရုပ် ဆောင်နိုင်ရမယ်ပေါ့။ နောက်ဆုံး 'ပစ်'က လင်သေပစ်တတ်ရမယ်၊ သားသေပစ်တတ်ရမယ်။ အဲဒီပညာရပ်တွေပဲဗျ ကိုလှမောင်"

"ဟာ… တကယ်ကိုမလွယ်ပါလား ဦးစံထားရယ်"

"ဒါကြောင့်လည်း မင်းသမီးကောင်းတစ်လက် ဖြစ်ဖို့ရာ ခက်ခဲတာပေါ့ဗျာ"

"အင်း ဒီလိုဆိုတော့လည်း သဘင်သည်၊ သဘင်သည်နဲ့ လွယ်



www.burmeseclassic.com

www.burmeseclassic.com



လွယ်လေး သတ်မှတ်နေကြတာ မှားတာပေါ့ ဦးစံထားရယ်”

ဦးစံထားက ကျွန်ုပ်အား ခေါင်းညိတ်၍ပြလိုက်ကာ...

“ဟုတ်တာပေါ့ ကိုလှမောင်ရာ”

“ဒါနဲ့ ‘မာယာလေးဆယ်ဆိုတာ’ ကို မင်းသမီးလေးမြကေသွယ်က ဘာလို့ ရှေ့ကထည့်ထားတာလဲ ဦးစံထား။ အဲဒါ ဘာသဘောနဲ့လဲဗျ။ ဟင်... ”

“ကျုပ် ကြားသိရတာကတော့ ‘မြကေသွယ်’ဟာ ‘မာယာလေးဆယ်’ အကကို သူ့နည်းသူ့ဟန်နှင့် တီထွင်ပြီးကပြနေတယ်လို့ ဆိုတယ်ဗျ”

“နေဦး ဦးစံထားရဲ့။ ‘မာယာလေးဆယ်’ဆိုတာ ဘာကိုပြောတာလဲ”

“ဟား... ဟား... ခက်တော့တာပဲ၊ ကိုလှမောင်ရယ်။ မာယာလေးဆယ်ဆိုတာ မိန်းမတွေမှာ မသင်ကြားရဘဲနဲ့ သူ့အလိုလို မွေးကတည်းက တတ်မြောက်လာကြတဲ့ မိန်းမမာယာတွေပေါ့ဗျာ”

“ဩော်”

“မိန်းမမာယာ သဲကိုးဖြာမဟုတ်ဘူး ကိုလှမောင်ရဲ့။ မိန်းမမာယာက အမျိုးလေးဆယ်ရှိတယ်”

“ဦးစံထားရယ်။ ခင်ဗျားမသိတာ ဘာမှမရှိတော့ပါလားဗျာ”

ကျွန်ုပ်က ချီးကျူးစကားဆိုလိုက်လေရာ ဦးစံထားက...

“ဗဟုသုတဆိုတာ ရှာမှီးလို့ မကုန်နိုင်ဘူးလေဗျာ။ ဆောဆောက စကားဆက်ရရင် မိန်းမတွေ မျက်လုံးဖွေကြည့်တာ၊ ကလေးကို မြူချော့တာ၊ ထဘီပြင်ဝတ်တာ၊ လက်ခုပ်လက်ဝါးတီးတာ၊ အသံစာစာနဲ့ ရယ်မောတာ အများကြီးပေါ့ ကိုလှမောင်။ အဲဒါတွေက မာယာတွေပဲပေါ့ဗျာ။ အခု မင်းသမီးလေး ‘မြကေသွယ်’က အဲဒီ မိန်းမမာယာတွေကို ‘က’ကွက်ထွင်ပြီး ကပြနေတယ်ဆိုတော့ ကျုပ် စိတ်ဝင်စားပြီး ကြည့်ချင်





နေမိတာ။ နောက်တစ်ကြောင်းကလည်း သူ့ကလေးရာမှာ အဖိုးတန်ပစ္စည်းတွေ ပျောက်ပျောက်နေလေတော့ အင်း”

“သန်ဘက်ခါည တွေ့ကြပြီပေါ့။ စုံထောက်ကြီးရယ်”

“ဟုတ်ပြီ ကိုလှမောင်၊ သန်ဘက်ခါည ဆက်ဆက်”

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

'မာယာလေးဆယ် မြကေသွယ်' ကပြမည့်နေ့ နံနက်တွင် ကျွန်ုပ် စုံထောက်ကြီးဦးစံထားထံသို့ ရောက်ရှိသွားလေသည်။ ဦးစံထားက ကျွန်ုပ်အားမြင်လိုက်သည်နှင့်...

"ကြားပြီးပြီလား ကိုလှမောင်"

"ဘာများလဲ ဦးစံထား"

"မင်းသမီး မြကေသွယ် အဆိပ်ခတ်ခံရလို့တဲ့ဗျ။ အခုရန်ကုန် ဆေးရုံကြီးမှာ"

"ဗျာ"

"ဟုတ်တယ် သူရိယမှာ ပါလာတယ်ဗျ။ မနေ့ညနေ ၄င်းက ဖြစ်ဆိုပဲ"

"အခြေအနေ စိုးရိမ်ရလား ဦးစံထား"

"ကျုပ်လည်း မသိဘူး ကိုလှမောင်။ စိတ်ထဲမှာတော့ ဆေးရုံကို သွားကြည့်မလားလို့ စဉ်းစားနေမိသား။ မသင့်တော်ဘူးထင်လို့ ငြိမ်နေတာ"

"ဖြစ်မှ ဖြစ်ရလေတယ်ဗျာ။ ကျုပ်က ဒီညတော့ ကြည့်ရတော့မှာလို့ အပိုင်တွက်ထားခဲ့တာ"





"ကဲ့ပေါ့ဗျာ။ ဘယ်တတ်နိုင်မှာလဲ"

ကျွန်ုပ်တို့ စကားပြောဆိုနေကြစဉ် လှေကားပေါ်သို့ တက်လာသံ၊ တံခါးခေါက်သံများကို ကြားလိုက်ရ၏။ ဦးစံထားက...

"ဝင်လာခဲ့ပါ မောင်ရန်ပိုင်"

လူရွယ်တစ်ယောက် ဝင်ရောက်၍လာသည်ကို တွေ့ရ၏။ ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီတို့ကို စမတ်ကျကျ ဝတ်ဆင်ထား၏။ အရပ်မြင့်မြင့်၊ ဥပဓိရုပ်ကောင်းကောင်း။

ထိုလူရွယ်မှာ စီအိုင်ဒီမှ စုံထောက်လေးမောင်ရန်ပိုင်ပင် ဖြစ်ပါသတည်း။ ခြေသံနှင့်တံခါးခေါက်သံကို ကြားရုံဖြင့် စုံထောက်ရန်ပိုင် မှန်း အတပ်ပြောနိုင်သည့် ဦးစံထားအား ကျွန်ုပ် ကျိတ်၍ချီးကျူးမိလိုက်ပေသည်။

"နေကောင်းတယ်နော် ဆရာကြီး။ မတွေ့ဆုံရတာတောင် ကြာရောပေါ့"

"ဟုတ်တယ် မောင်ရန်ပိုင်။ မင်းနဲ့က အမှုပြီးကတည်းက မတွေ့ကြတော့ဘူး"

"ဟော... အန်ကယ် ဦးလှမောင်။ နေကောင်းတယ်နော်"

"ကောင်းပါတယ် မောင်ရန်ပိုင်"

စုံထောက်ရန်ပိုင်သည် ဂလေစီယာစီးကရက်ကိုထုတ်၍ မီးညှိဖွာလိုက်ရင်း ကုလားထိုင်မှာ ဝင်၍ထိုင်ကာ ဦးစံထားအား တရိုတသေဖြင့်...

"ဆရာကြီးရဲ့ အကူအညီလိုလို့ ကျွန်တော် ရောက်လာတာပါ ခင်ဗျာ။ အရင်တစ်ခါ တွေ့တုန်းကလို ကူညီပါဦး။ မင်းကြီးကလည်း ဆရာကြီးကို မေတ္တာရပ်ခံလိုက်ပါတယ်"

"ဘာလဲ မောင်ရန်ပိုင်။ အငြိမ့်မင်းသမီးမြကေသွယ်နဲ့ ပတ်သက်နေတယ်ထင်ရဲ့"

"ဟုတ်ပါတယ် ဆရာကြီး ဦးစံထား။ ကျွန်တော်တို့ စီအိုင်ဒီက



www.burmeseclassic.com

www.burmeseclassic.com



လည်း မြကေသွယ်ကပြလေရာ နေရာတိုင်းမှာ လူကုံထံကတော်တွေ မင်းကတော်တွေ၊ အရာရှိကတော်တွေရဲ့ အဖိုးတန်ပစ္စည်းတွေမှ ရွေးရွေးပျောက်နေတာကြောင့် စိတ်ဝင်စားနေတုန်း ခုလို ဗြုန်းခနဲ မြကေသွယ် အဆိပ်ခတ်ခံလိုက်ရတယ်ဆိုတော့ မစဉ်းစားတတ်အောင် ဖြစ်သွားကြရပါတယ်။ ဒါ့ကြောင့် ကျွန်တော်ရောက်လာခဲ့တာပါ ဆရာကြီး"

"ကောင်းပြီလေ။ ကျုပ်ရော ဟောဒီကိုလှမောင်ရောပါ မြကေသွယ်နဲ့ ပတ်သက်ပြီး စိတ်ဝင်စားနေကြတာ မောင်ရန်ပိုင်။ ဒီကြားထဲ မင်းက အခုလို တရားဝင်ပြောလာတော့လည်း ငြင်းလို့မရပေဘူးပေါ့လေ။ အရင်ကလည်း လက်တွဲခဲ့ကြတာမဟုတ်လား"

"အားကိုးပါတယ် ဆရာကြီးခင်ဗျာ"

"ခဏစောင့်ကွာ။ အမှုဆိုတာ တစ်ခါတည်းနဲ့ အချိန်နဲ့ တစ်ပြေးညီ ဆောင်ရွက်တာ အကောင်းဆုံးပဲ။ ကျုပ် အဝတ်အစားလဲလိုက်ဦးမယ်"

"ကောင်းပါပြီ ဆရာကြီး"

ငါးမိနစ်ခန့်အကြာတွင် ဦးစံထားမှာ မီးခိုးရင့်ရောင် အနောက်တိုင်းဝတ်စုံကို သေသပ်စွာဝတ်၍ ထွက်လာခဲ့ပြီး...

"ကိုလှမောင် လိုက်မယ်မဟုတ်လား"

"နီး နီတူဆေးပါ ဦးစံထား"

ကျွန်ုပ်တို့အား စုံထောက်ရန်ပိုင်က သူ၏ အော်စတင်ကားအနက်လေးဖြင့် တင်ဆောင်၍ မောင်းနှင်လာ၏။

"ဆေးရုံကြီး အရင်မောင်းကွာ။ မင်းသမီးလေး ဝင်ကြည့်ကြရအောင်။ ဘေးမသိရန်မခပါစေနဲ့လို့တော့ ဆုတောင်းပါတယ် မောင်ရန်ပိုင်ရေ။ ဘာကြောင့်လဲဆိုတော့ ကျုပ်က မာယာလေးဆယ်အကကို သိပ်ကြည့်ချင်နေမိလို့"

"ဟုတ်တယ် ဆရာကြီး။ ကျွန်တော်လည်း ဆန္ဒဖြစ်မိပါတယ်"

မကြာမီမှာပင် ကျွန်ုပ်တို့သည် ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရှိလာ





ကြကာ၊ အငြိမ့်မင်းသမီးမြကေသွယ်အား ကြည့်ရှုခွင့် ရခဲ့ကြပေ၏။

မြကေသွယ်မှာ သတိမရရှိသေးသော်လည်း အခြေအနေစိုးရိမ်ဖို့ မရှိတော့ကြောင်းကို ဆရာဝန်ကြီးမှ ပြောပြလိုက်ပေသည်။

"ဘယ်ဆက်သွားမလဲ ဆရာကြီး"

"မြကေသွယ်ရဲ့အငြိမ့်ထောင်အိမ်ကိုမောင်း စုံထောက်လေး"

"ဟုတ်ကဲ့ ကျွန်တော် စုံစမ်းခဲ့ပြီးပါပြီ။ မြကေသွယ်ရဲ့ အငြိမ့်ထောင်ဆရာကကိုဘပွားတဲ့။ ကြည့်မြင်တိုင်ဘက်မှာ"

"ကောင်းတယ် မောင်ရန်ပိုင်။ စုံထောက်ဆိုတာ အဲဒီလိုအကွက်မြင်မှပေါ့"

ကျွန်ုပ်တို့ကားလေးသည် တရိပ်ရိပ်ဖြင့် မောင်းနှင်လျက်ရှိ၏။ မကြာခင်မှာပင် ကြည့်မြင်တိုင်ဘက်သို့ ရောက်ရှိလာကြ၏။

ကမ်းနားလမ်းတစ်နေရာတွင် မြကေသွယ် အငြိမ့်အဖွဲ့တည်နေရာကို တွေ့ရှိရသည်ကြောင့် ကားထိုးရပ်ကာ ဝင်ရောက်လာခဲ့ကြ၏။

ခြံဝင်းမှာသိပ်မကျယ်လှ။ အိမ်မှာနှစ်ထပ်အိမ်ဖြစ်သည်။ အောက်ထပ်တွင် ဇာတ်ပစ္စည်းများစုပြုံ၍ ပုံထားသည်ကိုတွေ့ရှိ၏။

"ကိုဘပွားဗျို့... ကိုဘပွား"

စုံထောက်ရန်ပိုင်က လှမ်း၍အော်လိုက်သည်တွင်...

"ဘယ်သူတွေပါလိမ့်"

အသံ၏နောက်တွင် အပေါ်ထပ်မှ လူတစ်ယောက်ဘွားခနဲ ပေါ်လာသည်။ ထိုလူမှာ အသက်လေးဆယ်ကျော်၊ အသားမည်းမည်း၊ ဂင်တိုတို၊ မျက်နှာမှာလည်း ကျောက်ပေါက်ရာများက အထင်သား။

ကျွန်ုပ်တို့ကိုကြည့်၍ ပြုံးလိုက်သည်တွင် ရွှေသွားကလက်ခနဲ ပေါ်လာပေသေးသည်။

သားနားသည့် ကျွန်ုပ်တို့သုံးယောက်ကို ထိုသူကလှမ်းကြည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"အပေါ်ကြွခဲ့ကြပါ ခင်ဗျာ"

တရိုတသေ ဖိတ်ခေါ်လိုက်သည်ကြောင့် ကျွန်ုပ်တို့အိမ်ပေါ်သို့ တက်လာကြကာ ဧည့်ခန်းတွင်ထိုင်မိကြလေသည်။

"ပွဲငှားတွေ ထင်ပါရဲ့။ စိတ်မကောင်းစရာဘဲဗျာ။ ကျွန်တော့် မင်းသမီး အဆိပ်ခတ်ခံလိုက်ရလို့ ဆေးရုံတင်ထားရသဗျ"

"အဆိပ်ခတ်ခံရတာလို့ ဘာ့ကြောင့်ပြောနိုင်တာလဲ ကိုဘပွား"

စုံထောက်ကြီးဦးစံထားက လှမ်းမေးလိုက်သည်တွင်…

"ကျွန်တော်ကိုယ်တိုင် မြကေသွယ်အိမ်ကို အသွား၊ ခေါက်ဆွဲကြော်တစ်ထုပ် ဖြေစားနေရင်း ပါးစပ်က အမြှုပ်တစီစီထွက်ပြီး ကြမ်းပြင်ပေါ်မှာ လူးလိမ့်နေတာတွေ့ရတာပါ"

"ဪ"

"ဒါနဲ့ ကျွန်တော်ကိုယ်တိုင် ဆေးရုံကို ကားငှားပြီးပို့ပေးခဲ့တာပါ"

စုံထောက်ရန်ပိုင်သည် ဂလေစီယာစီးကရက်ကိုခဲကာ ဦးစံထားလုပ်သမျှအား အကဲခတ်ကြည့်ရှုနေလေသည်။

"ဘယ်သူ အဆိပ်ခတ်သွားတယ်လို့ ထင်သလဲဗျ"

"ဗျာ"

အငြိမ့်ထောင်ဆရာ အံ့အားသင့်သွားပုံရ၏။ သူ ပြူးပြူးပျာပျာဖြင့်…

"ခင်ဗျားတို့ ဘယ်သူတွေလဲဗျ။ ဘာလာလုပ်ကြတာလဲ"

ဘပွား ထိုင်နေရာမှ ဆတ်ခနဲထရပ်သည်။

"ငြိမ်ငြိမ်လေး ပြန်ထိုင်နေစမ်း ကိုဘပွား"

ထိုစကားကို ပြောလိုက်သူမှာ စုံထောက်ရန်ပိုင် ဖြစ်၏။ သူ၏ ညာဘက်လက်တွင် 'ဘရက်တာ' ပစ္စတိုတစ်လက်ကို ကိုင်ဆောင်ထား၏။

"ကျုပ်တို့က အင်းစိန်စီအိုင်ဒီက စုံထောက်တွေပဲ ကိုဘပွား၊





မြကေသွယ်အမှုနဲ့ပတ်သက်ပြီး ကျုပ်တို့ရောက်လာခဲ့ကြတာ"

"ခင်ဗျာ၊ ဟုတ်ကဲ့… ဟုတ်ကဲ့ စုံထောက်မင်းတို့ရယ်။ မသိလို့ ပြောမိတာကို ခွင့်လွှတ်ပါခင်ဗျာ"

ကျွန်ုပ်သည် ဘပွား၏ပုံဟန်ကို ကြည့်ပြီး ရယ်ချင်သွားမိရချေ၏။ ကျားလိုလို၊ ကြောင်လိုလို အငြိမ့်ထောင်ဆရာဘပွားဟု ကျွန်ုပ် မှည့်ခေါ်လိုက်ချင်၏။

စုံထောက်ရန်ပိုင်က မေးခွန်းတွေ ဆက်တိုက်မေးလိုက်သည်။

"မြကေသွယ် ခင်ဗျားဆီမှာရောက်တာ ဘယ်လောက်ကြာပြီလဲ"

"ဒီနှစ် တစ်ရာသီပဲ ရှိသေးတယ်ဆရာ"

"ခင်ဗျားကကော အိမ်ထောင်တွေ၊ ဘာတွေရှိလား"

"ကျုပ်က တစ်ခုလပ်ပါ"

"ဪ"

"မြကေသွယ် ဘယ်သူနဲ့နေလဲ ကိုဘပွား"

"သူ့အဒေါ်ဝမ်းကွဲ တစ်ယောက်နဲ့ပါ။ အဲဒီနေ့ကတော့ သူ့အဒေါ် ခဏရွာပြန်သွားတာကြောင့် သူတစ်ယောက်တည်း ရှိတဲ့နေ့ပါ"

ဦးစံထားက ဆေးတံဖွာရင်း စဉ်းစားခန်းဝင်နေပုံရ၏။

"အဲဒီ အဆိပ်ခတ်ထားတဲ့ ခေါက်ဆွဲကြော်ထုပ်ကို ဘယ်သူ လာပေးတယ်လို့ထင်လဲ ကိုဘပွား"

"ဗျာ… ဒါတော့"

ဘပွားသည် စကားကို ပြတ်တောင်းပြတ်တောင်း လုပ်လိုက်ရာမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်…

"ဪ… သိပြီဆရာ၊ သိပြီ။ ဒီကောင်လေးပဲ ဖြစ်ရမယ်"

"ဘာလဲ ကိုဘပွားရဲ့"

"ဒီလိုဆရာ မြကေသွယ်ကို တစ်ဖက်သတ်ကြိုက်ပြီး မြကေသွယ် ကလေရာတိုင်း လိုက်လိုက်လာတဲ့ ကောလိပ်ကျောင်းသားလေး တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပါဆရာ။ သူ့နာမည်က မောင်မောင်ကျော်တဲ့ ဆရာ"

"ဟုတ်ပြီ ဆက်ပါဦး"

"အဲ ဒီနေ့က မြကေသွယ် အဆိပ်မိလို့ ငါးရံ့ပြာလူးဖြစ်နေတုန်းမှာ ဒီကောင်လေး ရောက်လာတယ်ဗျ။ ဆေးရုံပို့ဖို့လုပ်တော့ ကားသွားငှားလာတာသူပဲ"

စုံထောက်ကြီးဦးစံထားမှာ ငြိမ်သက်နေရာမှ ကိုယ်ကို မတ်လိုက်ပြီးလျှင်...

"နေပါဦး ဘပွားရဲ့။ မောင်မောင်ကျော်က မြကေသွယ်ဆီမှာ အရင်ကရော အဝင်အထွက်ရှိလား"

"ရှိပုံရပါတယ် ဆရာကြီး"

ဘပွားသည် ကိုယ်ကိုရှေ့သို့ အနည်းငယ်ကိုင်းလိုက်ပြီး...

"မဟုတ်မှလွဲရော ဆရာကြီး။ ကျွန်တော်ထင်တာကတော့ ဒီကောင်လေးဟာ မြကေသွယ်ဆီကို ရောက်လာပြီး အဆိပ်ခတ်ထားတဲ့ ခေါက်ဆွဲကြော်ထုပ်ကို ပေးခဲ့ပါလိမ့်မယ်။ နောက်တစ်ခါ ပြန်ဝင်လာတာကတော့ မြကေသွယ် သေမသေလာကြည့်ရင်း ကျွန်တော်နဲ့တွေ့သွားတာကြောင့် ဟန်မပျက်ကားထွက်ငှားတာ ဖြစ်မယ်လို့ထင်တယ်"

ဘပွား၏စကားအဆုံးတွင် အိမ်အပေါ်အပေါက်ဝမှ ဟစ်အော်ပြောလိုက်သံကို ကျွန်ုပ်တို့ ကြားလိုက်ကြရ၏။

"ခင်ဗျားကြီး မဟုတ်တာ မစွပ်စွဲနဲ့"

အသံနှင့်အတူ ဒေါသဖြင့် ပြေးဝင်လာသည့် လူငယ်လေးတစ်ယောက်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့်လူချောလေး။

"ဆရာတို့ သူပဲ။ မောင်မောင်ကျော်ဆိုတာ"

စုံထောက်ကြီးဦးစံထားနှင့် စုံထောက်ရန်ပိုင်တို့က ကောင်လေးအား အကဲခတ်ကြည့်ရှုနေကြ၏။

"ဆရာတို့၊ မြကေသွယ်ကို တကယ်သေကြောင်းကြံခဲ့သူဟာ





သူပဲဖြစ်ပါလိမ့်မယ်။ ကိုဘပွား ခင်ဗျား မစားရတဲ့အမဲကို သဲနဲ့ပက်တာမဟုတ်လား။ ခင်ဗျားဗျာ။ ကျုပ် မမသွယ် တစ်ခုခုဖြစ်လို့ကတော့အရှင်မထားဘူး"

မောင်မောင်ကျော်၏အသားများက ဒေါသကြောင့် တဆတ်ဆတ်တုန်ခါနေကြလေ၏။

"ဟေ့ကောင် မင်းမဟုတ်တာ မပြောနဲ့"

"ဒါဆို ခင်ဗျားလည်း ပါးစပ်ပိတ်"

"ကဲ... နှစ်ယောက်စလုံး တော်ပြီကွာ၊ ဘပွား ခုရက်ပိုင်းအတွင်းမှာ မင်း ဘယ်မှခရီးမထွက်ပါနဲ့။ မောင်မောင်ကျော် မင်းက ငါတို့နဲ့လိုက်ခဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

"ဩော်... မင်းရဲ့အဖွဲ့သားတွေအားလုံး မနက်ဖြန်စုထား၊ ကျုပ်လာကြည့်မယ်"

ထို့နောက် ကျွန်ုပ်တို့သည် ကောလိပ်ကျောင်းသားလေး မောင်မောင်ကျော်အားခေါ်ဆောင်ကာ အငြိမ့်ထောင်ဆရာအိမ်မှ ပြန်ခဲ့ကြပါသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"တကယ်တော့ တရားခံဟာ ဘပွားလည်း မဟုတ်သလို၊ မောင်မောင်ကျော်လဲ မဟုတ်ပါဘူး။ ဘပွားက မြကေသွယ်ကိုမုန်းနေပေမယ့် မြကေသွယ်က မောင်မောင်ကျော်နဲ့ ရည်ငံနေတယ်ဆိုတာ ဟိုနေ့က ကျုပ် ကောင်လေးကို မေးကြည့်လို့သိခဲ့ပြီးပြီ"

ကျွန်ုပ်၊ ဦးစံထားနှင့် စုံထောက်ရန်ပိုင်တို့သည် မအူကုန်းထိပ်ရှိ တိုရှည်ဆိုင်တွင် ရောက်ရှိနေကြခြင်း ဖြစ်၏။

"ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ တရားခံဖြစ်နိုင်တဲ့ သူတစ်ယောက်ကို တွေ့ထားပြီးပြီ"

"ခင်ဗျာ ဆရာကြီး"

"ဟုတ်တယ် မောင်ရန်ပိုင်။ ကျုပ်တစ်နေ့က ဘပွားကို သူ့အဖွဲ့သားတွေ စုထားခိုင်းခဲ့တယ်မဟုတ်လား။ အဲဒါ ကျုပ်မနေ့ကရောက်သွားပြီး ကြည့်တော့ မသင်္ကာစရာတစ်ယောက်ကို တွေ့ခဲ့ရတာပဲ။ ဒီကောင်က တစ်ချိန်တုန်းက 'ကတ်ကြေးကိုက် ဝိဇ္ဇာ'"

"ဟုတ်လား ဆရာကြီး"

"ကျုပ်ထင်တာတွေ မှန်ခဲ့ရင်တော့ ပွဲကပြတ်တော့မှာပါ မောင်ရန်ပိုင်"

"အားကိုးပါတယ် ဆရာကြီးခင်ဗျာ"





ဦးစံထားနှင့်စုံထောက်ရန်ပိုင်တို့ ပြောစကားတွေကို ကျွန်ုပ် နားလည်နိုင်ခြင်း မရှိပါချေ။

"ကိုလှမောင်"

"ခင်ဗျာ"

"ခင်ဗျားဆန္ဒ ပြည့်ဝတော့မယ်ဗျ"

"ဗျာ"

" နို့ ခင်ဗျားပဲ မြကေသွယ်အငြိမ့် ကြည့်ချင်တယ်ဆို"

"ဟုတ်တယ်လေ"

"အဲဒါ ရွှေ့အပတ်ထဲမှာ မြို့တော်ခန်းမရှေ့မှာ ကမယ်ဗျ။ မြကေသွယ်လည်း ကျန်းမာရေး ပြန်ကောင်းသွားပါပြီ။ ဝမ်းသာစရာပေါ့ဗျာ။ လူ့အသက်တစ်ချောင်း မဟုတ်လား"

"ဟုတ်ပါတယ် ဦးစံထား"

"ကဲ... မောင်ရန်ပိုင် လာမယ့် ဆန်းဒေးညမှာ တွေ့ကြတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ထို့နောက် ကျွန်ုပ်တို့မှာ တိုရှည်ဆိုင်မှ ထလာခဲ့ကြ၏။ စုံထောက်ရန်ပိုင်က လိုက်ပို့ပေးကာ နှုတ်ဆက်ပြီးပြန်သွား၏။

ကျွန်ုပ်မှာ မြကေသွယ်ကပြမည့်ညကို ရင်မောစွာဖြင့် စောင့်ဆိုင်းရင်း ထိုနေ့သို့ရောက်ရှိလာခဲ့ပြီ ဖြစ်၏။

ညနေခြောက်နာရီခန့်တွင် ဦးစံထား ကျွန်ုပ်ထံသို့ ရောက်ရှိလာ၏။ ဦးစံထားမှာ အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

"သွားကြမယ် ကိုလှမောင်"

"ဟုတ်ကဲ့ ဦးစံထား"

ကျွန်ုပ်တို့မှာ ဦးစံထားငှားလာသည့် တက္ကစီကားဖြင့် မြို့တော်ခန်းမဘက်သို့ ရောက်ရှိလာကြ၏။ ကားပေါ်မှဆင်းကာ ဆိုးရိုးရင့်ကလပ်တွင် ညစာ ဝင်ရောက်စားသောက်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးစံထား"

"ဘာလဲ ကိုလှမောင်"

"ဒီည တရားခံကို မိပြီပေါ့နော်"

"ကျုပ် တွက်ကိန်းမှန်ပါလိမ့်မယ် ကိုလှမောင်"

"မောင်ရန်ပိုင် ရောဗျ"

"သူ ပွဲခင်းထဲမှာ ရှိနေမှာပါ"

ဦးစံထား၏ ဟန်အမူအရာမှာ လွန်စွာအေးဆေးလွန်းလှပေ၏။ တရားခံဖမ်းမည့်ဟန်ဟူ၍ မတွေ့ရှိရဘဲ အေးအေးဆေးဆေး အနားယူမည့်ပုံမျိုး ပေါက်၍နေတော့သည်။

"သွားကြမယ် ကိုလှမောင်။ ပွဲထွက်တော့မယ်။ ကရောင်းရိုက်သံကြားသဗျ"

"ဟုတ်ကဲ့"

ကျွန်ုပ်တို့ ပွဲခင်းအတွင်းသို့ ဝင်ရောက်လာသည်တွင် လူများပြည့်ကျပ်လျက်ရှိသည်ကို မြင်တွေ့လိုက်ရသည်။

'မာယာလေးဆယ် မြကေသွယ်'၏ အငြိမ့်သဘင်စတင်၍ ထွက်ပြီဖြစ်သည်။

ရှေ့ထွက်မင်းသမီးလေးအား လက်ခုပ်အားပေးသံတွေ ကြားရသည်။ လူပြက်တွေ၏ ပြက်လုံးကိုလည်း တအုန်းအုန်းဖြင့် ရယ်မောလို့မဆုံးကြ။

ဒုတိယထွက် မင်းသမီးကိုလည်း အားပေးကြပြန်သည်။ ညဆယ့်နှစ်နာရီခန့်တွင် ခေါင်းဆောင်မင်းသမီးမြကေသွယ် ထွက်ပေါ်လာတော့သည်။

လက်ခေါက်မှုတ်သံတွေ၊ လက်ခုပ်သံတွေ တဖြောင်းဖြောင်း။ ရှေ့ဆုံးတန်းမှ ကြည့်ရှုနေကြသည့် မျက်နှာကြီးအသိုက်အဝန်းများထံသို့ ဦးစံထားလျှောက်သွားသည်ကို တွေ့လိုက်ရ၏။





"ကိုလှမောင်ဒီမှာ နေခဲ့နော်"

"ဟုတ်ကဲ့ ဦးစံထား"

ကျွန်ုပ်မှာ မြကေသွယ်အား ငေးမောနေမိပေ၏။

"ပရိသတ်များ မြှောက်စားလို့ တောက်ကြွားလာရတဲ့ သမီးလေးပါလားဗျာ"

"ဟုတ်ပါ့... ဟုတ်ပါ့"

မြကေသွယ်သည် ဆိုလိုက်၊ ကလိုက်ဖြင့် မမောမပန်း ကန်တော့ပန်း ဆင်နေလေသည်။

ထို့နောက်...

အများစောင့်စားမျှော်လင့်လျက်ရှိကြသည့် မာယာလေးဆယ် ကကွက်ဆန်း။

မီးများမှောင်အတိကျသွားပြီး မြကေသွယ်ကပြသည့် နေရာကွက်ကွက်ကလေးကိုသာ စပေါ့လိုက်ဖြင့် ပုံသေထိုးထားလေသည်။

မြကေသွယ်မှာ မှုဟန်သွယ်သွယ်ဖြင့် သရုပ်ဆောင်ကပြလျက်ရှိသည်မှာ ကျွန်ုပ် ချီးကျူးလို့မဆုံးနိုင်တော့။

မိန်းမတို့မာယာကို အပီအပြင် သရုပ်ဆောင်နေချေ၏။

ထိုစဉ် ပွဲခင်း၏ရှေ့တွင် ရုတ်ရုတ်သဲသဲ၊ ဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကြောင့် ကျွန်ုပ်လှမ်းကြည့်လိုက်သည်တွင် လူနှစ်ယောက်မှာ သဲသဲမဲမဲ တိုက်ခိုက်လျက်ရှိသည်ကို တွေ့မြင်လိုက်ရ၏။

လူတွေက ရုတ်ရုတ်သဲသဲ ရှိနေကြလေသည်။

"မင်းလားကွ၊ ကတ်ကြေးကိုက်ဝိဇ္ဇာ"

"ဗိုး... ဗိုး"

"ဝုစ်"

"အင့်"

"အွပ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရန်ပိုင် လက်ထိတ်ခတ်၊ လက်ထိတ်ခတ်"

ဦးစံထားအသံမှန်း ကျွန်ုပ်သိလိုက်သည်တွင် မီးများဖျတ်ခနဲ ပြန်၍လင်းလက်လာလေသည်။

ကျွန်ုပ်ရှေ့သို့ အပြေးကလေးတိုးသွားကာ ကြည့်လိုက်၏။ စုံထောက်ရန်ပိုင်က ခပ်ထွားထွားလူရွယ်တစ်ယောက်ကို လက်ထိတ်ခတ် ဖမ်းဆီးထားသည်ကို မြင်တွေ့ရ၏။ ထိုလူရွယ်၏မျက်နှာတွင် သွေးသံရဲရဲ။

ဦးစံထားသည် ထိုလူရွယ်အား လက်ညှိုးငေါက်ငေါက် ထိုးလိုက်ပြီး...

"ဒါတွေအားလုံးရဲ့ တရားခံဟာ ဒီကောင်ပဲ။ ဒီကောင်က တစ်ချိန်တုန်းက ကတ်ကြေးကိုက်ဝိဇ္ဇာ၊ နာမည်ကသိန်းထိုက်တဲ့။ထွီ... အခု ဒီအငြိမ့်ထဲမှာ မီးသမားအဖြစ်လိုက်လာရင်း မြကေသွယ်ရဲ့ မာယာလေးဆယ်အကမှာ လူတွေနစ်မျောနေတဲ့အချိန်မှာ သူက မီးကို အသေချိန်ထားပြီး အမှောင်အားကိုးနဲ့ လူကုံထံတွေရဲ့ အဖိုးတန်ပစ္စည်းတွေကို ကတ်ကြေးကိုက်ခဲ့တာပဲ"

သိန်းထိုက်ထံမှ စကားသံ ထွက်ပေါ်မလာ။

"မြကေသွယ်ကို အဆိပ်ခတ်သတ်တာကကော"

"ဒီကောင်ပဲ။ ဒီကောင်ဟာ မြကေသွယ်ကို ချစ်ရေးဆိုခဲ့ဖူးတယ်လို့ မြကေသွယ်ကိုယ်တိုင် ကျုပ်ကိုပြောခဲ့တယ်။ မြကေသွယ်က မောင်မောင်ကျော်ကို မေတ္တာပုံအပ်လိုက်တော့ ဒီကောင် အသည်းကွဲခတ်ပြီး မြကေသွယ်ကို ခေါက်ဆွဲကြော်ထဲ အာဆင်းနစ် အဆိပ်ခတ်လိုက်တာ။ ကံသီပေလို့ မြကေသွယ်မသေခဲ့တာ"

"ဟေ့ကောင် သိန်းထိုက်။ မင်းယောကျ်ားမဟုတ်ဘူးလား။ ဟုတ်ရင်ဝန်ခံလိုက်လေကွာ"

စုံထောက်ရန်ပိုင်က ဝင်ပြောလိုက်လေရာ သိန်းထိုက်က မျက်နှာ





အောက်ချရင်း...

"စုံထောက်ကြီးပြောတာတွေ အားလုံးအမှန်တွေချည်းပါပဲ။ ကျွန်တော်ဝန်ခံပါတယ်"

"မောင်ရန်ပိုင် သူ့ကိုခေါ်သွားတော့"

"ဟုတ်ကဲ့ ဆရာကြီး"

ကျွန်ုပ်တို့ ပြန်မည်အလုပ် မောင်မောင်ကျော် ဝမ်းသာအားရဖြင့် ရောက်ရှိလာကာ စုံထောက်ကြီးဦးစံထားအား ထိုင်၍ကန်တော့နေပါတော့သတည်း။ ။

တိုးထက်

www.burmeseclassic.com